၇ ရက် သတင်းဂျာနယ်
7 DAY NEWS JOURNAL
http://www.7daynewsjournal.com

အတွဲ(၉)၊ အမှတ်(၄၇) | ၂၀၀၂ မတ် ၇ တွင် စတင်ထုတ်ဝေသည် | ၁၃၇၂ ခုနှစ်၊ တပို့တွဲလဆန်း ၁၄ ရက် ၊ ကြာသပတေး၊ (ဖေဖော်ဝါရီ ၁၇ ၊ ၂၀၁၁)

TRI
MEN'S AND LADIES' WEARS

# ရက်ပိုင်းအတွင်း ရွှေဈေးနှင့်နိုင်ငံခြားငွေလဲနှုန်း မြင့်တက်မှုမြန်ဆန်

**ရွှေအပိုင်းဝယ်ယူမှု မြင့်တက်လာကာ ငွေလက်ဝယ်ရှိသူများ ရွှေကို ခိုင်မာသည့်ပစ္စည်းအဖြစ် ဝယ်ယူစုဆောင်းလာမှုက ရွှေဈေးမြင့်တက်လာခြင်းအကြောင်းဖြစ်**

ငြိမ်းငြိမ်းနိုင်

ရန်ကုန်၊ ဖေဖော်ဝါရီ - ၁၄

နိုင်ငံခြားငွေလဲလှယ်မှုနှုန်း ရက်ပိုင်းအတွင်း ပြောင်းလဲလာခြင်းနှင့်အတူ ပြည်တွင်းရွှေဈေးပါ မြင့်တက်လာကာ ရွှေဝယ်လိုအားလည်း သိသာစွာ မြင့်တက်လာနေကြောင်း ရွှေဈေးကွက်အတွင်းမှ စုံစမ်းသိရသည်။

စာ(၃)သို့



ဓာတ်ပုံ - ဂျေမောင်မောင်(အမရပူရ)



# ဂီရိလေဘေးသင့်ဒေသတွင် မိသားစု တစ်သောင်းငါးထောင်ခန့် နေအိမ်လိုအပ်နေဆဲ

မေဝင်းမွန်

ရန်ကုန်၊ ဖေဖော်ဝါရီ - ၇

၂၀၁၀ပြည့်နှစ် အောက်တိုဘာလ ၂၂-၂၃ရက်များက မြန်မာနိုင်ငံအနောက်ဘက်ခြမ်း ရခိုင်ပြည်နယ်တွင် ဝင်ရောက်တိုက်ခတ်ခဲ့သည့် ဂီရိဆိုင်ကလုန်းမုန်တိုင်းကြောင့် ယင်းဒေသ၌ မိသားစု ၁၅,၀၀၀(လူဦးရေ၁၀၄,၀၀၀ခန့်)အတွက် နေအိမ်လိုအပ်ချက်ရှိနေဆဲဖြစ်ကြောင်း သိရသည်။

ဂီရိမုန်တိုင်းကြောင့် မြေပုံ၊ ပေါက်တော၊ ကျောက်ဖြူနှင့် မင်းပြားမြို့နယ်များရှိ ဒေသခံများမှာ အိုးမဲ့အိမ်မဲ့ဖြစ်ခဲ့ပြီး မြေပုံမြို့နယ်မှာ အဆိုးရွားဆုံးထိခိုက်ခဲ့ကာ အိမ်ပေါင်းများစွာပျက်စီးသွားခဲ့သည်။

စာ(၁၂)သို့



သမိုင်းဝင်အထင်ကရအဆောက်အအုံဖြစ်သည့် သိမ်ဖြူလမ်းရှိ ဝန်ကြီးများရုံးဟောင်း အဆောက်အအုံအား ဖေဖော်ဝါရီ ၁၀ရက်က တွေ့ရစဉ်

ဓာတ်ပုံ - ဂျေမောင်မောင်(အမရပူရ)

# ဝန်ကြီးများရုံးဟောင်းအပါအဝင် ဝန်ကြီးရုံးအဆောက်အအုံငါးခုအား ပုဂ္ဂလိကပေး၍ ရှေးမူမပျက် ထိန်းသိမ်းမည်

ကျော်သီဟ

ရန်ကုန်၊ ဖေဖော်ဝါရီ - ၁၀

ရန်ကုန်မြို့ သိမ်ဖြူလမ်းရှိ ဝန်ကြီးများရုံးဟောင်းအဆောက်အအုံအပါအဝင် ဝန်ကြီးရုံးအဆောက်အအုံငါးခုအား ပုဂ္ဂလိကသို့ပေးပြီးဖြစ်ကာ ရှေးမူမပျက် ထိန်းသိမ်းပြုပြင်မှုလုပ်ငန်းများ ဆောင်ရွက်လျက်ရှိကြောင်း မြို့ရွာနှင့်အိုးအိမ် ဖွံ့ဖြိုးမှုဦးစီးဌာနမှသိရသည်။

စာ(၁၂)သို့

စီးပွားရေး **လေလံ**

# မြေ၊ အဆောက်အအုံနှင့် တိုက်ခန်းအရေအတွက် အများဆုံးပါဝင်သောလေလံ စိတ်ဝင်စားသူ များပြား

အားမာန်၊ အောင်သူရ

ရန်ကုန်၊ ဖေဖော်ဝါရီ - ၁၄

**အစိုးရက ရောင်းချရန် ကြေညာလိုက်သည့် မြေ၊ အဆောက်အအုံနှင့် တိုက်ခန်းများအား စီးပွားရေးလုပ်ငန်းရှင်များက လေလံဆွဲဝယ်ယူရန် အထူးစိတ်ဝင်စားလျက်ရှိကြောင်း သတင်းရရှိသည်။**

နိုင်ငံတော်ပိုင်အဆောက်အအုံများ ရောင်းချရေးကော်မတီနှင့် နိုင်ငံတော်ပိုင်သိမ်းဆည်းထားသောပစ္စည်းများ စီမံခန့်ခွဲမှုကော်မတီတို့က ဖေဖော်ဝါရီ ၁၃ရက်တွင် မြေကွက်၊ အဆောက်အအုံ တိုက်ခန်းပေါင်း ၂၆၈ခုပါဝင်သော စီးပွားရေးလုပ်ငန်းများကို ပုဂ္ဂလိကသို့ လွှဲပြောင်းရောင်းချရန် တရားဝင်ထုတ်ပြန်ကြေညာလိုက်သည်။ ထိုမြေကွက်နှင့်အဆောက်အအုံများတွင် စီးပွားရေးအချက်အချာကျသည့် နေရာများစွာနှင့် အဆောက်အအုံများစွာပါဝင်နေ၍ စီးပွားရေးလုပ်ငန်းရှင်များက စိတ်ဝင်စားနေခြင်းဖြစ်သည်။

"ဒီနေရာမျိုး ထပ်မရနိုင်တာရယ်၊ အိမ်ခြံမြေက ခိုင်မာနေတာရယ်၊ လေလံပွဲက နောက်ဆုံးဖြစ်နေတာရယ်ကြောင့် ဒီလေလံပွဲကို လုပ်ငန်းရှင်တွေ အပြိုင်ဆွဲကြဦးမှာပဲ"ဟု လုပ်ငန်းရှင်တစ်ဦးကလည်း သူ၏အမြင်ကိုပြောသည်။

စာ(၁၂)သို့



7 DAY NEWS JOURNAL
Vol.9, No.47 • FEBRUARY 17, 2011

# ရန်ကုန်-နေပြည်တော် အမြန်လမ်းမောင်းယာဉ်များ ကြံ့ခိုင်မှုစစ်ဆေးရန် ကားဂိတ်များသို့ အကြောင်းကြားစာပို့

**အမြန်လမ်းမကြီးတွင် ယာဉ်မတော်မဆမှုများ မကြာခဏ ဖြစ်ပွားလျက်ရှိခြင်းကြောင့် ထိုကဲ့သို့ သတိပေးရခြင်းဖြစ်သည်။**



ဓာတ်ပုံ - ဂျေမောင်မောင်(အမရပူရ)

**သိမ့်သိမ့်စိုး**

**ရန်ကုန်၊ ဖေဖော်ဝါရီ - ၁၀**

**ရန်ကုန် - နေပြည်တော် အမြန်လမ်းမကြီးတွင် မကြာခဏယာဉ်မတော်တဆမှုများ ဖြစ်ပွားလျက်ရှိသဖြင့် မော်တော်ယာဉ်ကြံ့ခိုင် ကောင်းမွန်အောင်လုပ်ဆောင်ရန် အချက် ၄ချက်ကို ကားဂိတ်များသို့ အကြောင်းကြားစာများ ပေးဝေထားကြောင်း မော်တော်ယာဉ် လိုင်းပေါင်းစုံ ထိန်းသိမ်းရေးကော် မတီ(အဝေးပြေး)မှ တာဝန်ရှိသူ တစ်ဦးကပြောသည်။**

အဆိုပါ အချက် ၄ ချက်မှာ မော်တော်ယာဉ်ကိုယ်ထည်ကြံ့ခိုင် ကောင်းမွန်ရမည်၊ ဘရိတ်များနှင့် ယာဉ်အောက်ပိုင်းများကောင်း မွန်ရမည်၊ တာယာများ ကောင်း မွန်ရမည်၊ မီးလုံးများကောင်းမွန်ရ မည်စသည့်တို့ဖြစ်ကြောင်း သိရ သည်။

၎င်းစာတွင် ခရီးသည်တင် မော်တော်ယာဉ်များနှင့် ကိုယ်ပိုင် ယာဉ်များသည် အဆိုပါ အမြန် လမ်းမကြီးမှ မောင်းနှင်ကြလျက် ရှိရာ မော်တော်ယာဉ်များကြံ့ခိုင် မှုမကောင်း၍ ယာဉ်မတော်တဆ မှုများ ဖြစ်ပွားလျက်ရှိသဖြင့် ယခု ကဲ့သို့အကြောင်းကြားစာ ပေးပို့ ထားခြင်းဖြစ်သည်ဟု သိရသည်။

ရန်ကုန်-နေပြည်တော် အ မြန်လမ်းမကြီးမှာ ၂၀၀၉ ခုနှစ် မတ်လ ၃ ရက်တွင် ဖွင့်လှစ်ခဲ့ သည်။

"အမြန်လမ်းမှာ ယာဉ်တိုက် မှုဖြစ်တာက ယာဉ်ကြံ့ခိုင်မှုနည်း တာထက် လမ်းတွေရဲ့ လမ်းသား တွေ၊ အကွေ့အနေအထားတွေ ကြောင့် ဖြစ်တာက များမယ်ထင် တယ်" ဟု လမ်းဖောက်လုပ်မှုအ ပိုင်းတွင် အတွေ့အကြုံရှိသူတစ် ဦးက သုံးသပ်ပြောသည်။

၂၀၀၉ ခုနှစ်တွင် မြန်မာ နိုင်ငံ၌ ယာဉ်တိုက်မှုပေါင်း ၈၄၆၁ ရှိပြီး ၂၁၇၃ ဦးသေဆုံး၍ ၁၂၇၀၃ ဦး ဒဏ်ရာရရှိခဲ့ကြောင်း သိရ သည်။

ယခု နောက်ပိုင်းတွင် အမြန် လမ်းမကြီးများပါရှိလာပြီဖြစ်၍ ယာဉ်တိုက်မှုများ တိုးလာနိုင်သည် ကို သတိပြုရမည်ဖြစ်ကြောင်း လေ့လာစောင့်ကြည့်သူများက ပြောသည်။

## သယ်န်းကျွန်းမီးဘေးဒုက္ခသည်များအတွက် ဓမာ္မ ုတွင် ကယ်ဆယ်ရေးစခန်းဖွင့်

**ကျော်သီဟ**

ရန်ကုန်၊ ဖေဖော်ဝါရီ-၁၀

သယ်န်းကျွန်းမြို့နယ်တွင် နေအိမ်များ မီးလောင်ကျွမ်းခဲ့မှုကြောင့် မီးဘေးဒုက္ခသည် ၁၀၀ကျော်အား ဗုဒ္ဓသာသနဝေယျာဝစ္စအဖွဲ့ ဓမ္မာရုံတွင် ယာယီကယ်ဆယ်ရေးစခန်း ဖွင့်လှစ်ထားကြောင်းသိရသည်။

ဖြစ်စဉ်မှာ ဖေဖော်ဝါရီ ၈ရက် နေ့လယ် ၂နာရီတွင် သယ်န်းကျွန်းမြို့နယ် ၁၆/၄ရပ်ကွက်၊ သီတာလမ်း၊ အမှတ် ၆၀၃ နေအိမ်၌ မီးသွေးမီးဖိုဖြင့် မီးမွှေးပြီး ဟင်းနွှေးထားခဲ့ရာမှ အပူရှိန်လွန်ကဲပြီး လောင်ကျွမ်းခဲ့ရာ အိမ်ခြေ ၁၅လုံး၊ မိသားစု ၂၈စု၊ လူဦးရေ ကျား၄၆ဦး၊ မ ၆၆ဦး စုစုပေါင်း မီးဘေးဒုက္ခသည် ၁၁၂ ဦးတို့အား ယာယီကယ်ဆယ်ရေးစခန်း၌ ထားရှိထားသည်ဟုသိရသည်။

မီးလောင်ကျွမ်းမှုကြောင့် ဆုံးရှုံးမှုတန်ဖိုးမှာ ကျပ်သိန်း ၄၀ရှိပြီး မီးသတ်ဦးစီးဌာနမှ အုပ်ချုပ်မှုယာဉ် ၆စီး၊ မီးသတ်ယာဉ် ၄၃ စီးဖြင့် ၄၅ မိနစ်အတွင်း ငြိမ်းသတ်နိုင်ခဲ့သည်။ မီးငြိမ်းသတ်စဉ် မီးသတ်ဦးစီးဌာနမှ အရန်မီးသတ်တပ်ဖွဲ့ဝင်တပ်ကြပ်ကြီး စိုးစိုး(ခ)ကျီးကန်းမှာ ဒဏ်ရာအနည်းငယ်ရရှိခဲ့သည်။ မီးလောင်မှုနှင့်ပတ်သက်သူများကို သယ်န်းကျွန်းမြို့နယ် ရဲစခန်းက ပ ၇၉/ ၂၀၁၁၊ ပုဒ်မ ၂၈၅ ဖြင့် အမှုဖွင့် အရေးယူလျက်ရှိသည်။

## ပုဂ္ဂလိကစက်သုံးဆီဆိုင်များ အခြားကဏ္ဍများကိုပါ စက်သုံးဆီတိုးချဲ့ရောင်းချရန် ညွှန်ကြား

**အားမာန်**

ရန်ကုန်၊ ဖေဖော်ဝါရီ - ၁၀

ပုဂ္ဂလိကစက်သုံးဆီဆိုင်များအနေဖြင့် ကားနှင့်ဆိုင်ကယ်တို့သာမက စက်သုံးဆီအသုံးပြုသောကဏ္ဍများကိုပါ စက်သုံးဆီရောင်းချပေးသွားရန် သက်ဆိုင်ရာတာဝန်ရှိသူများက ညွှန်ကြားထားကြောင်း ပုဂ္ဂလိကစက်သုံးဆီဆိုင်ဖွင့်လှစ်ထားသော လုပ်ငန်းရှင်အချို့ကပြောသည်။

နေပြည်တော်ရှိ စွမ်းအင်ဝန်ကြီးဌာနရုံး၌ ဖေဖော်ဝါရီ ၇ ရက် မွန်းလွဲပိုင်းက ပြုလုပ်ခဲ့သော အစည်းအဝေးတွင် ပုဂ္ဂလိကစက်သုံးဆီဆိုင်များက မော်တော်ယာဉ်နှင့်ဆိုင်ကယ်များကိုသာ အဓိကရောင်းချပေးနေသည်ကိုတွေ့ရပြီး၊ စက်သုံးဆီအသုံးပြုသော မီးစက်၊ ရေစုပ်စက်၊ စက်လှေ၊ မော်တော်၊ လယ်ယာလုပ်ငန်းသုံးစက်၊ ယာဉ်ယန္တရားများ၊ စက်မှုလုပ်ငန်းသုံး စက်နှင့် အင်ဂျင်စသည့်ကဏ္ဍများအတွက်ပါ စက်သုံးဆီရောင်းချပေးသွားရန် တာဝန်ရှိသူက မှာကြားခဲ့ကြောင်း ဇန်နဝါရီ ၉ရက်ထုတ် နိုင်ငံပိုင်သတင်းစာတွင်လည်း ဖော်ပြထားသည်။

"ကားနဲ့ ဆိုင်ကယ်တင်မဟုတ်ဘူး။ မီးစက်၊ ရေစုပ်စက်၊ စက်လှေ စတဲ့အခြားကဏ္ဍတွေအတွက်ပါ တိုးချဲ့ပြီး ရောင်းပေးဖို့ ပြောတာပါ။ ဒ့ါကြောင့် ပုဂ္ဂလိကစက်သုံးဆီဆိုင်တွေမှာ အပြင်က အလွတ်လာ ဝယ်တဲ့သူတွေအတွက် ရောင်းပေးဖို့စီစဉ်နေကြပါပြီ။ ဒါပေမဲ့ ပုံးနဲ့ဝယ်ထည့်ရင် ပန့်ခ်က ဟိုက်စပိဒ်နဲ့ထည့်ရင် မီးဘေးအန္တရာယ်ရှိနိုင်တဲ့အတွက် Safetyလည်းဖြစ်အောင် လက်ကိုင်ပန့်ခ်ထိုင်ပြီး ရောင်းဖို့စီစဉ်ရမှာပေ့ါ"ဟု အထက်ပါအစည်းအဝေးသို့ တက်ရောက်ခဲ့သော စက်သုံးဆီဆိုင်လုပ်ငန်းရှင်ကြီးတစ်ဦးက ပြောသည်။

ယခင်က ပုဂ္ဂလိကစက်သုံးဆီဆိုင်များသို့ ပုံးဖြင့် အလွတ်လာရောက်ဝယ်ယူသူမရှိခဲ့ဖူးကြောင်း စက်သုံးဆီဆိုင်များမှ သိရသည်။အများစုက ထိုသို့ဝယ်ယူရသည်ကို မသိရှိကြ၍ဖြစ်သည်။

ပုဂ္ဂလိကစက်သုံးဆီဆိုင်များတွင် ကားနှင့် ဆိုင်ကယ်များမှာ အချိန်ပြည့်တန်းစီနေကြသည်ဖြစ်၍ အပြင်မှ ပုံးဖြင့် အလွတ်လာရောက်ဝယ်သူများကို ရောင်းချရန် နေရာသီးသန့်စီစဉ်၍ ရောင်းချသင့်ကြောင်း ပုဂ္ဂလိကစက်သုံးဆီဆိုင်ဖွင့်လှစ်ထားသော လုပ်ငန်းရှင်တစ်ဦးက အကြံပြုသည်။

ယခုနှစ်အတွင်း ပထမဆုံးအကြိမ် ပြုလုပ်သည့် အထက်ပါအစည်းအဝေး၌ စက်သုံးဆီဆိုင်များတွင် မီးဘေးအန္တရာယ်နှင့် လုပ်ငန်းခွင်အန္တရာယ် အထူးသတိပြုဆောင်ရွက်ကြရန် တာဝန်ရှိသူများက မှာကြားခဲ့သည်။

နိုင်ငံတော်က ကာလရှည်လုပ်ကိုင်ခဲ့သော စက်သုံးဆီရောင်းဝယ်ခြင်းလုပ်ငန်းကို ပုဂ္ဂလိကသို့ ၂၀၁၀ ဇွန် ၁၁ရက်တွင် တရားဝင်လွှဲပြောင်းလုပ်ကိုင်ခွင့်ပြုခဲ့ခြင်းဖြစ်သည်။

လက်ရှိတွင် ပုဂ္ဂလိကစက်သုံးဆီဆိုင်များမှာ ဝယ်လိုအားနှင့် ရောင်းလိုအား မမျှတ၍ ကားနှင့် ဆိုင်ကယ်များကိုပင် အကန့်အသတ်ဖြင့်ရောင်းချပေးနေသည်။

## ဓာတ်ငွေ့အိုးနှင့် ပိုက်များ မိမိသဘောဖြင့် ဖြုတ်တပ်ခြင်း မပြုသင့်

**မေဝင်းမွန်**

**ရန်ကုန်၊ ဖေဖော်ဝါရီ - ၁၀**

စွမ်းအင်ဝန်ကြီးဌာန၊ စီအင်န်ဂျီစစ်ဆေးရေးဌာန၏ ခွင့်ပြုချက်မရှိဘဲ ဓာတ်ငွေ့အိုးများနှင့် အိုးလိုင်းအကူးများ ဖြုတ်ခြင်း၊ တပ်ခြင်းပြုလုပ်ခြင်းကြောင့် မလိုလားအပ်သည့် မတော်တဆမှုများဖြစ်ကာ အသက်အန္တရာယ်အထိပါပေးနိုင်သောကြောင့် ပိုမိုအလေးထားလိုက်နာသင့်ကြောင်း စီအင်န်ဂျီဌာနမှတာဝန်ရှိသူတစ်ဦးက သတိပေးပြောကြားသည်။

ပြီးခဲ့သည့်ဇန်နဝါရီ ၂၄ ရက် ညနေ ၃နာရီ ၁၅ မိနစ်အချိန်က ရန်ကုန်- လက်ပံတန်းပြေးဆွဲလျက်ရှိသော သဘာဝဓာတ်ငွေ့သုံးခရီးသည်တင် ဒိုင်နာအမျိုးအစားယာဉ်သည် အင်းစိန်ရှိ စီအင်န်ဂျီအရောင်းဆိုင် ၀၀၂တွင် ဓာတ်ငွေ့ဖြည့်ရန်စောင့်ဆိုင်းနေစဉ် မီးလောင်မှု ဖြစ်ပွားခဲ့သည်။

စောင့်ဆိုင်းနေချိန်တွင် ဓာတ်ငွေ့အိုးလိုင်းအကူး ပိုက်တစ်ချောင်း၏ ခေါင်းတစ်ခုပြုတ် ထွက်၍ ဓာတ်ငွေ့ပန်းထွက်ပြီး အမာခံသံထည်ပစ္စည်းနှင့် ရိုက်ခတ်မှုကြောင့်မီးပွားထွက်ကာ ယာဉ်မီးလောင်ခြင်းဖြစ်ကြောင်း သက်ဆိုင်ရာဌာနမှ စစ်ဆေးတွေ့ရှိခဲ့သည်။

မီးသတ်ယာဉ်များဖြင့် ၁၀ မိနစ်အတွင်း မီးငြိမ်းသတ်နိုင်ခဲ့ပြီး စီအင်န်ဂျီအရောင်းဆိုင်ထိခိုက်ပျက်စီးမှုမရှိခဲ့ကြောင်းသိရသည်။

ဆိုင်အတွင်း မီးလောင်မှုမဖြစ်စေရန် စီအင်န်ဂျီအရောင်းဆိုင်ဝန်ထမ်းနှစ်ဦးနှင့် ယာဉ်အကူနှစ်ဦးတို့က ယာဉ်ပေါ်ရှိဓာတ်ငွေ့အိုးများအားပိတ်စဉ် မီးဟပ်ထိခိုက်ဒဏ်ရာရ၍ အင်းစိန်ဆေးရုံကြီးတွင် ကုသမှုခံယူခဲ့ရပြီး ယာဉ်မောင်းမှာ ထွက်ပြေးတိမ်းရှောင်လျက်ရှိကြောင်း သိရသည်။

ရန်ကုန်မြို့တွင်း၌ သဘာဝဓာတ်ငွေ့(စီအင်န်ဂျီ) သုံးယာဉ်မှာ စီးရေ ၂၇၀၀၀ ကျော်ရှိပြီး စီအင်န်ဂျီသုံးစွဲမှုကာလ ကြာမြင့်လာသည့်နည်းတူ လုံခြုံစိတ်ချအန္တရာယ်ကင်းစေရေးအတွက် သတိမလျော့သင့်ကြောင်း စီအင်န်ဂျီဌာနမှ တာဝန်ရှိသူက အကြံပြုပြောကြားသည်။



## ဒို့တာဝန်အရေးသုံးပါး

- ပြည်ထောင်စုမပြိုကွဲရေး — ဒို့အရေး
- တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး — ဒို့အရေး
- အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး — ဒို့အရေး

## ပြည်သူ့သဘောထား

- ပြည်ပအားကိုးပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
- ပြည်တွင်းပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

## နိုင်ငံရေး ဦးတည်ချက် (၄) ရပ်

- နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့်တရားဥပဒေစိုးမိုးရေး။
- အမျိုးသားပြန်လည်စည်းလုံးညီညွတ်ရေး။
- ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်ဖြစ်ပေါ်လာရေး။
- ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သောနိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး။

## စီးပွားရေး ဦးတည်ချက် (၄) ရပ်

- စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။
- ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး။
- ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။
- နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး။

## လူမှုရေး ဦးတည်ချက် (၄) ရပ်

- တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး။
- အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး။
- မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေး။
- တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည် မြင့်မားရေး။

# လွှတ်တော်နှစ်ရပ်တွင် နေရာလွတ်များ ပေါ်ထွက်

အားမာန်၊ အေးမြကျော်၊ အောင်သူရ

ရန်ကုန်၊ ဖေဖော်ဝါရီ – ၁၀


ပြည်ထောင်စုဝန်ကြီးများအဖြစ် ခန့်အပ်တာဝန်ပေးခြင်းခံရသော ပုဂ္ဂိုလ်များ အမည်စာရင်းတွင် ပြည်သူ့လွှတ်တော်နှင့် အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များပါဝင်နေသည်။

ဝန်ကြီးဌာန၃၄ခုနှင့် ဝန်ကြီးအဖြစ် ခန့်အပ်ပေးခြင်းခံရသော ပုဂ္ဂိုလ်၃၀ဦးတွင် လက်ရှိဝန်ကြီး ၉ဦး၊ တပ်မတော်အရာရှိ ၃ ဦးအပါအဝင် ဒုတိယဝန်ကြီးများနှင့် လွှတ်တော်အမတ်များ ပါဝင်နေကြောင်း လွှတ်တော်ကိုယ်စားလှယ်အချို့ကပြောသည်။

စာ(၁၂)သို့

## မျက်နှာဖုံး-ရက်ပိုင်းအတွင်း ရွှေဈေးနှင့်နိုင်ငံခြားငွေလဲနှုန်း မြင့်တက်မှုမြန်ဆန် မှ

"ရွှေဈေးတက်တာက နည်းနည်းမြန်တယ်။ ရက်ပိုင်းအတွင်းမှာပဲတက်သွားတာ။ အခု ဒေါ်လာလဲနှုန်းကလည်း ၈၈၀ ဖြစ်သွားတယ်။ ကမ္ဘာ့ရွှေဈေးကလည်း တက်လာတာကိုး။ ပြီးတော့ တခြားအကြောင်းလေးတွေရှိတယ်လေ။ ရွှေရောင်းအားကတော့ ၅၀ ရာခိုင်နှုန်းလောက်ကိုတက်လာတယ်"ဟု မြန်မာနိုင်ငံရွှေလုပ်ငန်းရှင်အသင်း အလုပ်အမှုဆောင် ဦးဌေးကပြောသည်။



ကမ္ဘာ့ရွှေဈေး၊ ပြည်တွင်းရွှေဈေး၊ ကန်ဒေါ်လာလဲလှယ်နှုန်း မြင့်တက်မှုပြဂရပ်ဖ်

နှစ်စက အခေါက်ရွှေဈေးမှာ တစ်ကျပ်သားလျှင်ကျပ် ၆၂၀,၀၀၀ ခန့်ရှိခဲ့ပြီး ထိုဈေးနှုန်းပတ်လည်ဝန်းကျင်၌သာ ထောင်ဂဏန်းခန့် အပြောင်းအလဲရှိခဲ့သည်။ ယနေ့အခေါက် ရွှေပေါက်ဈေးမှာ တစ်ကျပ်သားလျှင်ကျပ် ၆၄၅,၀၀၀ဖြစ်ပြီး၊ ကမ္ဘာ့ရွှေဈေးမှာ တစ်အောင်စလျှင် ၁,၃၅၇ ဒေါ်လာဖြစ်သည်။

ရွှေဈေးမှန်းဆကြိုတွက်ချက်မှုအား ဝါရင့်ရွှေလုပ်ငန်းရှင် တစ်ဦးက ယခုကဲ့သို့ပြောကြားသည်။

"ရွှေဈေးက သတင်းတချို့ထွက်လာတာကြောင့် တက်တာဖြစ်ပေမယ့် အဲလိုမျိုးကြောင့်တက်ရင်ခဏပဲ။ ကြာကြာမတက်ဘူး။ ကမ္ဘာ့ဈေးနဲ့ ဒေါ်လာဈေးကို မြှောက်ပြီး တွက်တာဆိုတော့ ဈေးက တက်ရမယ့်အခြေအနေလည်း ဖြစ်တော့ဖြစ်နေတယ်။ ပြီးတော့ သကြ္ကန်ပြီးအထိ ရွှေကကျဖို့မရှိဘူး။ ဆက်တော့ တက်လိမ့်မယ်။ နောက်ဆုံး အမြင့်ဆုံးဖြစ်ခဲ့တဲ့ဈေး ကျပ်၆၆၀,၀၀၀ ကျော်ပြန်ရောက် မရောက်တော့ မပြောနိုင်ဘူး။ ရောက်ရင်လည်း ရောက်သွားနိုင်တယ်"

နှစ်သစ်သို့ အကျဈေးဖြင့်ဝင်ရောက်လာသော ပြည်တွင်းရွှေဈေးကို နှစ်ဆန်းပိုင်းက လုပ်ငန်းရှင်များက ခန့်မှန်းရာတွင် မြင့်တက်လာနိုင်ခြေမရှိသေးဘဲ မြန်မာ့နှစ်သစ်ကူး သကြ္ကန်ကိုသာ စောင့်ကြည့်ရမည်ဖြစ်ကြောင်း ခန့်မှန်းပြောဆိုခဲ့ကြသော်လည်း ယခုမြန်မာ့နှစ်သစ်ကူးကာလ မရောက်မီ တစ်လကျော်အလိုတွင် ယခုကဲ့သို့ ဈေးပြန်လည်ဦးမော့လာခြင်းဖြစ်သည်။

"ရွှေအဝယ်က သိသိသာသာလိုက်လာတယ်။ ဝယ်အားကောင်းလာသလို ဈေးကလည်း နည်းနည်းမြင့်လာတယ်။ လူတွေက အပိုင်းဝယ်တာကို ပိုအားသန်လာတယ်။ လက်ကြီးသမားတွေ ဝယ်လာတဲ့သဘောပေါ့"ဟု ရွှေအပိုင်းဈေးကွက်ကျွမ်းကျင်သူတစ်ဦးက သုံးသပ်ပြောကြားသည်။

နှစ်စဉ်ရွှေဈေးနှုန်းမှတ်တမ်းများအရ ဇန်နဝါရီ၊ ဖေဖော်ဝါရီနှင့် မတ်လများတွင် ရွှေဈေးတက်လေ့မရှိဘဲ ဧပြီ၊ မေ၊ ဇွန်လများလောက်တွင် ဈေးနှုန်းမြင့်လေ့ရှိသည်။

ယခုနှစ်ဆန်းပိုင်းတွင် နိုင်ငံတော်အစိုးရက ရွှေထုတ်ရောင်းမှု စတင်ခဲ့ကာ အစိုးရနှုန်းသတ်မှတ်ရွှေဈေးမှာလည်း ပုဂ္ဂလိကဈေးကွက်နှင့်ကွာဟမှုသိပ်မရှိကြောင်း သိရသည်။

ဒေါ်လာတစ်ယူနစ်လဲလှယ်နှုန်းသည် ၈၀၀ကျပ်စွန်းစွန်းအထိ ကျဆင်းသွားခဲ့ပြီးမှ ကျပ် ၈၂၀နှင့် ၈၃၀ကြားတွင် အချိန်အတော်ကြာ ရှိနေခဲ့ကာ ယခု ကျပ်၈၈၀ သို့ ရက်ပိုင်းအတွင်း ပြောင်းလဲမြင့်တက်သွားခြင်းဖြစ်သည်။ FEC တစ်ယူနစ်တန်ဖိုးမှာ ယနေ့ကျပ် ၈၇၀ဖြစ်ကာ ရှစ်လခန့်ကြာ ကန်ဒေါ်လာအောက် ကျပ်ငါးဆယ်ခန့် လဲလှယ်နှုန်းကွာဟခဲ့ပြီး ယခုအဆိုပါငွေကြေးနှစ်ခုကြား တန်ဖိုးကွာဟမှုမှာ ကျပ်တစ်ဆယ် ခန့်သာ ရှိတော့သည်။



7 DAY NEWS JOURNAL
Vol.9, No.47 • FEBRUARY 17, 2011

CRIME CORNER

## ဘီအမ်ကားက ခရီးသည်တင်ယာဉ်ကို ဝင်တိုက်မိ တစ်ဦးသေဆုံးပြီး သုံးဦးဒဏ်ရာရ

သားကျော်

ရန်ကုန်၊ ဖေဖော်ဝါရီ - ၅

သာကေတမြို့နယ်၊ ရောဝဏ်လမ်းမပေါ်တွင် ခရီးသည်တင် ဟိုင်းလပ်ယာဉ်တစ်စီးအား ဘီအမ်တစ်စီးက နောက်မှဝင်တိုက်မိမှုကြောင့် လူတစ်ဦးသေဆုံးပြီး သုံးဦးထိခိုက်ဒဏ်ရာရရှိခဲ့ကြောင်း သတင်းရရှိသည်။

ဇန်နဝါရီ ၂၉ရက် ည၇နာရီအချိန်က ရောဝဏ်လမ်းအတိုင်း အနောက်မှ အရှေ့သို့မောင်းနှင်လာသော အရှေ့ပိုင်းခရိုင်ကြို/ပို့ ဘီအမ်ယာဉ်သည် ရွှေပုဇွန်မုန့်တိုက်အနီးအရောက်တွင် ၎င်းယာဉ်ရှေ့မှ မောင်းနှင်နေသော တောင်ပိုင်းခရိုင် မထသခရီးသည်တင် ဟိုင်းလပ်ယာဉ်အား နောက်မှဝင်တိုက်မိသွားကြောင်း သိရသည်။ အဆိုပါယာဉ်တိုက်မှုကြောင့် ယာဉ်နှစ်စီးလုံး ပျက်စီးကာ ခရီးသည်တင်ဟိုင်းလပ်ယာဉ်ပေါ်ပါသူများ ထိခိုက်ပွန်းပဲ့ဒဏ်ရာများရရှိကာ သင်္ဃန်းကျွန်းစံပြဆေးရုံကြီးသို့ တင်ပို့စဉ်အမျိုးသားတစ်ဦးမှာ သေဆုံးသွားပြီး ကျန်ခရီးသည် အမျိုးသား၃ ဦးမှာ အတွင်း/ပြင် လူနာများအဖြစ်တင်ပို့ကုသလျက်ရှိကြောင်း သိရသည်။ ယာဉ်တိုက်မှုဖြစ်ပွားသော ဘီအမ်ယာဉ်မောင်းမှာ အခင်းဖြစ်နေရာတွင် ယာဉ်ကိုထား၍ ထွက်ပြေးတိမ်းရှောင်သွားကြောင်း သတင်းရရှိသည်။

ယာဉ်မှုစစ်ရဲစခန်းက (ပ) ၈၀/၁၁၊ ပြစ်မှုဆိုင်ရာ ဥပဒေပုဒ်မ ၃၀၄-က/၃၃၈/၂၇၉/၂၀၂ အရဘီအမ်ယာဉ်မောင်း (စုံစမ်းဆဲ)အားအမှုဖွင့်၍ ဖမ်းဆီးအရေးယူနိုင်ရန် စုံစမ်းစစ်ဆေးလျက်ရှိကြောင်း သတင်းရရှိသည်။

## ဆိုင်ကယ်စည်းကမ်းမဲ့စီး နှစ်ဦးသေဆုံး

စိုင်းသာအောင်

မန္တလေး၊ ဖေဖော်ဝါရီ - ၃

မန္တလေးချမ်းမြသာစည်မြို့နယ် ကန်တော်ကြီးလမ်းတွင် ဇန်နဝါရီ စတုတ္ထပတ်အတွင်းက ဆိုင်ကယ်တိမ်းမှောက်မှုဖြစ်ပြီး လူ၂ဦးသေဆုံးသွားကြောင်း မန္တလေးတိုင်းဒေသကြီးယာဉ်ထိန်းတပ်ဖွဲ့ ယာဉ်မှုစစ်ဌာနမှ တာဝန်ရှိသူတစ်ဦးကပြောသည်။

အမှုဖြစ်စဉ်မှာ ဇန်နဝါရီ ၂၉ ရက်ည ၁၁နာရီ၃၀မိနစ်က ကန်တော်ကြီးလမ်း၊ ဒေါ်မြလေးဘုရားအနီးကွေ့တွင် ကန်တော်ကြီးပတ်လမ်းအတိုင်းတောင်မှမြောက်သို့ ဝင်းလှိုင်ဦး(၂၅နှစ်)စီးပြီးနောက်မှ အမည်မသိ အမျိုးသားတစ်ဦးလိုက်လာသော ဖြူနီကြား DT ၁ယ/၈၀၇၁၅ သည် အရှိန်မထိန်းနိုင်ဘဲ လမ်းဘေးရှိကုက္ကိုပင်ကိုဝင်တိုက်မိခဲ့သည်။

ယာဉ်မောင်းသူဝင်းလှိုင်ဦးနှင့် နောက်မှလိုက်လာသော အမည်မသိအမျိုးသား ၂ ဦးစလုံး နေရာတွင်ပင် သေဆုံးသွားကြသည်။ မန္တလေးတိုင်းဒေသကြီးယာဉ်ထိန်း တပ်ဖွဲ့ယာဉ်မှုစစ်ဌာနက(ပ)၂၆/၂၀၁၁ ပုဒ်မ၃၀၄(က)အရအမှုဖွင့်အရေးယူထားသည်။

မန္တလေးမြို့တွင် ဆိုင်ကယ်များစည်းကမ်းစီးနင်းမှုကြောင့် နေ့စဉ်ယာဉ်တိုက်မှုများဖြစ်ပွားနေပြီး ဆိုင်ကယ်တိုက်မှုကြောင့် ဒဏ်ရာရမှုဒဏ်ရာပြင်းထန်စွာရရှိမှု လူသေဆုံးမှုများဖြစ်ပေါ်နေသဖြင့် စည်းကမ်းမဲ့ဆိုင်ကယ်စီးသူများကို တာဝန်ရှိသူများမှ နေ့စဉ်စစ်ဆေး အရေးယူလျက်ရှိကြောင်း သိရသည်။

## စီဒီအမ်အေ ၇၀၀ ဖုန်းကတ် ပျောက်ဆုံး ပျက်စီးပါက ကျပ်တစ်သိန်းသွင်း ကတ်အသစ်ထုတ်နိုင်

ရန်ကုန်၊ ဖေဖော်ဝါရီ - ၉

ကျပ်ငါးသိန်းတန် စီဒီအမ်အေ ၈၀၀ဖုန်းကတ်များ ပျောက်ဆုံးခြင်းနှင့် ပျက်စီးခြင်းကြောင့် ကတ်အသစ်ထုတ်ယူသူအရေအတွက် မြင့်မားလျက်ရှိကြောင်းသိရသည်။ နေ့စဉ် ဖုန်းကတ်ပျက်စီးခြင်းနှင့် ပျောက်ဆုံးခြင်းကြောင့် ကတ်အသစ်လဲလှယ်သောအရေအတွက်မှာ ၂၀ ဝန်းကျင်ရှိပြီး ကတ်အရေအတွက် ၃၀ကျော် ထုတ်ယူခြင်းများရှိကြောင်း အလုံမြို့နယ်ရှိ ဆက်သွယ်ရေးရုံးမှ ဝန်ထမ်းတစ်ဦးကပြောသည်။

"ကတ်ပျောက်၊ ကတ်ပျက်အရေအတွက်က များတယ်။ တချို့ရက်တွေဆို ၃၇ကတ်လောက်ထိ လဲပေးရတာရှိတယ်။ ပုံမှန်တော့မရှိပါဘူး"ဟုရင်းကပြောသည်။ စီဒီအမ်အေ ၈၀၀ဖုန်းကတ်များ ပျက်စီး၊ ပျောက်ဆုံးပါက ကျပ်တစ်သိန်းထပ်မံပေးသွင်း၍ ကတ်အသစ်ထုတ်ယူရပြီး လေးရက်ခန့် ကြာမြင့်တတ်ကြောင်းသိရသည်။

## မြန်မာ နိုင်ငံသားများအား ဆိုက်ရောက်ဗီဇာ အိန္ဒိယပေးပြီ

မေဝင်းမွန်

ရန်ကုန်၊ ဖေဖော်ဝါရီ-၉

မြန်မာနိုင်ငံသားများအတွက် လုပ်ထုံးလုပ်နည်းဆိုင်ရာနှင့်အခြားသော စီစဉ်ဆွေးနွေးမှုများကြောင့် မစတင်နိုင်ခဲ့သည့် ဆိုက်ရောက်ဗီဇာ (Tourist Visa On Arrival-TVOA) စနစ်ကို ဇန်နဝါရီလ ၂၈ မှစတင်၍ လုပ်ဆောင်ပေးလျက်ရှိကြောင်း မြန်မာနိုင်ငံဆိုင်ရာ အိန္ဒိယသံရုံးမှသိရသည်။



အိန္ဒိယနိုင်ငံ လေဆိပ်တစ်ခုရှိ လူဝင်မှုကြီးကြပ်ရေးကောင်တာ။

ဆိုက်ရောက်ဗီဇာများကို ကမ္ဘောဒီးယား၊ လာအို၊ ဖိလစ်ပိုင်နှင့် ဗီယက်နမ်နိုင်ငံသားများအတွက် ဇန်နဝါရီ ၁ ရက်ကတည်းက စတင်ထုတ်ပေးခဲ့ပြီး ယခုအခါတွင် မြန်မာနိုင်ငံသားများအတွက် စတင်ထုတ်ပေးသည့်အပြင် အင်ဒိုနီးရှားနိုင်ငံသားများကိုလည်း ထုတ်ပေးလျက်ရှိကြောင်း သိရသည်။ အိန္ဒိယနိုင်ငံသို့ အလည်အပတ်သွားရောက်သူများနှင့် ရက် ၃၀ ခန့်ကာလတိုနေထိုင်မည့်သူများကို ဆိုက်ရောက်ဗီဇာထုတ်ပေးလျက်ရှိပြီး၊ ခရီးသည်တစ်ဦးလျှင် ဗီဇာကြေးအဖြစ် အမေရိကန်ဒေါ်လာ ၆၀နှင့်ညီမျှသော အိန္ဒိယငွေကြေးရူပီးများကို ပေးဆောင်ရမည်ဖြစ်ကာ ကလေးများလည်း ယင်းနှုန်းထားအတိုင်း ပေးဆောင်ရမည်ဖြစ်သည်ဟုဆိုသည်။ **စာ(၁၂)သို့**

## ဘုရင့်နောင်ပွဲရုံဝင်းအတွင်း စက်သုံးဆီဂါလန် ၃၅၀ ကျော်အား ဖမ်းမိ

သိမ့်သိမ့်စိုး

ရန်ကုန်၊ ဖေဖော်ဝါရီ - ၅

ဘုရင့်နောင်ပွဲရုံဝင်းအတွင်း၌ စက်သုံးဆီ သယ်ဆောင်ဖြန့်ဖြူးရောင်းချမှု ပိတ်ပင်ထားသော်လည်း ဇန်နဝါရီ ၁၈ ရက်တွင် ဂါလန် ၃၅၀ ကျော် ဖမ်းမိခဲ့ကြောင်း အဆိုပါစစ်ဆေးရေးအဖွဲ့တွင် ပါဝင်သူတစ်ဦးကပြောသည်။

"ဖမ်းမိထားတဲ့ ဆီတိုင်ကီတွေကို လတ်တလောသိမ်းထားတယ်။ ဒါပေမဲ့ အဲဒီ့ကိစ္စကို ပြတ် အောင်မလုပ်ရသေးဘူး"ဟု အထက်ပါပုဂ္ဂိုလ်ကပြောသည်။

အဆိုပါ စက်သုံးဆီဆိုင်မှာ ကမ္ဘောဇဘဏ်နှင့် မွေးမြူရေးနှင့် ရေလုပ်ငန်းဘဏ်အနီးရှိ ကားပျက်တစ်စီးအား အမှီပြု၍ ရောင်းချနေကြောင်းသိရသည်။

"ဒီဆီဆိုင်က ရောင်းတာ တော်တော်ကြာပြီ။ ခိုးရောင်းပေမယ့် ဆိုင်ကြီးလို့တောင် ပြောလို့ရတယ်။ အလုံးရေလည်းများတယ်။ ဘဏ်တွေနဲ့လည်းနီးတော့ မီးလောင်မှုဖြစ်မှာ စိုးရိမ်နေကြတယ်"ဟု အဆိုပါဆီဆိုင်အနီးတွင် နေထိုင်သူတစ်ဦးကပြောသည်။

အဆိုပါ စက်သုံးဆီဆိုင်မှ ခာတ်ဆီတိုင်ကီငါးလုံး၊ ပုံးလေးပုံးနှင့် ဂါလန် ၂၈၀ ဆံ့ ဒီဇယ်တိုင်ကီခြောက်လုံး သိမ်းဆည်းရမိခဲ့ကြောင်း သိရသည်။

ဘုရင့်နောင်ပွဲရုံဝင်းအတွင်း၌ နိုဝင်ဘာ ၂၀ရက်တွင်လည်း ဆီမှောင်ခိုအရောင်းဆိုင်မှ မီးလောင်၍ သားအမိနှစ်ဦး သေဆုံးခဲ့ဖူးကြောင်းသိရသည်။




Let's together with Feel Freely
TRI
LIVES BRILLIANTLY


Giorenzo
COLLECTION
၂၀၀၉ ခုနှစ်
မြန်မာ့ရုပ်ရှင်ထူးချွန်ဆု (အကယ်ဒမီ) ပေးပွဲတွင်
အကောင်းဆုံးအမျိုးသားဇာတ်ဆောင်ဆုရွှေစင်ရုပ်အား
ထိုက်ထိုက်တန်တန်ရရှိသွားသော
နှင့်အတူ
ထပ်တူထပ်မျှ ဝမ်းမြောက်ဂုဏ်ယူမိပါကြောင်းနှင့်
မှ ထပ်ဆင့် ထပ်ဆင့် အကယ်ဒမီများ
ဆွတ်ခူးနိုင်ပါစေကြောင်း ဆုမွန်ကောင်းတောင်းအပ်ပါသည်။
မိသားစု
( အထည်ဆိုင်)

# ငါးသလောက် ငါးမျိုးစိတ်ထိန်းသိမ်းရေးကို ဥပဒေတစ်ရပ်အဖြစ် ထုတ်ပြန်ဖွယ်ရှိ

**သန်းဌေး**

**ရန်ကုန်၊ ဖေဖော်ဝါရီ – ၉**

**ငါးသလောက်ငါးမျိုးစိတ် သယံဇာတထိန်းသိမ်းရေးကို ဥပဒေတစ်ရပ်ပြဋ္ဌာန်းကာ ထုတ်ပြန်နိုင်ရေး စီစဉ်နေပြီဖြစ်ကြောင်း ငါးလုပ်ငန်း ဦးစီးဌာနမှ အဆင့်မြင့်အရာရှိကြီးတစ်ဦးကပြောသည်။**

“ငါးသလောက်မျိုး ထိန်းသိမ်းရေးနဲ့ ဆောင်ရွက်မယ့်အသေးစိတ်အစီအမံတွေကို ဥပဒေကဲ့သို့တည်အောင် ဝန်ကြီးဌာနကို တင်ပြပြီး ဆောင်ရွက်သွားပါ့မယ်” ဟု မြန်မာနိုင်ငံ ငါးလုပ်ငန်းအဖွဲ့ချုပ်၌ အဆိုပါပုဂ္ဂိုလ်ကပြောသည်။

ငါးသလောက်များသည် ရေငန်တွင် ရှင်သန်ကြပြီး ရေချိုတွင် လာရောက်ဥချလေ့ရှိသည်။ ထိုအချိန်တွင် စက်ရုံများမှ ရေဆိုးများ မြစ်အတွင်း သွန်ချမှုကြောင့် ငါးသလောက်များ မွေးဖွားရှင်သန်ရာ ရေထုပျက်စီးကုန်ရကြောင်း မြန်မာနိုင်ငံ ငါးလုပ်ငန်းအဖွဲ့ချုပ်မှ အမှုဆောင်ဦးဟန်ထွန်းကပြောသည်။

“မြစ်ဝမှာ ရေထုပါးသွားတာ၊ ငါးအလွန်အကျူးဖမ်းဆီးတာ၊ သောင်ထွန်းလာတာနဲ့ မြစ်ညာမှာရှိတဲ့ ဆည်တွေ၊ ရေထိန်းတမံတွေကြောင့် နုန်းပို့ချတာများလာလို့လည်းဖြစ်ရတာ”ဟု ၎င်းကပြောသည်။

ထို့ကြောင့် သဘာဝပတ်ဝန်းကျင်များ ပျက်စီးစေအောင် ပြုလုပ်သူများအား အသိပညာပေးရုံမက ဝန်ကြီးဌာနကပါ ဥပဒေပြဋ္ဌာန်းစေမည်ဖြစ်ကြောင်း ငါးလုပ်ငန်းဦးစီးဌာနမှ တာဝန်ရှိသူတစ်ဦးကလည်းပြောသည်။

မြန်မာနိုင်ငံ ပင်လယ်ငါးဖမ်းလုပ်ငန်းရှင်များအသင်းဥက္ကဋ္ဌဦးမောင်မောင်စိုးကိုယ်တိုင် ငါးသလောက် မဖမ်းဆီးရရာသီနှင့် နေရာပါ သတ်မှတ်ပြဋ္ဌာန်းရေးကို ထုတ်ပြောလာပြီဖြစ်ကြောင်း ၎င်းကပြောသည်။

“ပင်လယ်ပြင်နဲ့ မြစ်ချောင်းတွေမှာ အဖမ်းအဆီးများတာ၊ ငါးဖမ်းပိုက်ကွက်အသေးသုံးတာ၊ ရာသီဥတုအပြောင်းအလဲကြောင့် ရေစီးရေလာမကောင်းတော့ဘဲ မြစ်ထဲမှာ သဲနုန်းတွေဖို့လာပြီး ရေတိမ်လာတာတွေကြောင့် ငါးသလောက်မျိုးမပြုန်းဖို့ ဆောင်ရွက်ရတာပါ”ဟု မြန်မာနိုင်ငံ စိုက်ပျိုးရေး၊ သစ်တော၊ မွေးမြူရေးနှင့် ရေလုပ်ငန်းပညာရှင်အဖွဲ့ တွဲဖက်အတွင်းရေးမှူး ဒေါက်တာစန်းအောင်ကပြောသည်။

ထို့ကြောင့် ငါးသလောက်ငါးဖမ်းပိုက် ပိုက်ကွက်သတ်မှတ်ရေး၊ မြစ်အတွင်း၌ ငါးမဖမ်းရရာသီ(လ)နှင့် နေရာသတ်မှတ်ရေးတို့ကို ငါးသလောက်မျိုး ထိန်းသိမ်းရေးကော်မတီဖွဲ့ကာ ဆောင်ရွက်ချိန်တန်ပြီဖြစ်ကြောင်း ၎င်းကပြောသည်။

“ဒီလိုမျိုး လူထုကို ပညာပေးတာ၊ သုတေသနလုပ်တာတွေအပြင် ဥပဒေလမ်းကြောင်းက ကိုင်တွယ်ဆောင်ရွက်ရင်တော့ အောင်မြင်မှုရနိုင်ပါတယ်”ဟု ၎င်းကဆက်ပြောသည်။

အထက်ပါအကြံပြုချက်များကို လွန်ခဲ့သော ၁၀ နှစ်ကတည်းက မြန်မာနိုင်ငံ ငါးလုပ်ငန်းအဖွဲ့ချုပ်၏ တတိယအကြိမ်မြောက်နှစ်ပတ်လည်အစည်းအဝေးတွင် ‘အပူပိုင်းအာရှတိုင်းပြည်များ၏ ငါးသလောက်သယံဇာတအခြေအနေ’ ခေါင်းစဉ်ဖြင့် ငါးလုပ်ငန်းဖွံ့ဖြိုးရေးများကို ဆွေးနွေးတင်ပြခဲ့ဖူးကြောင်း သတင်းရရှိသည်။



# ဆန်ဈေးနှုန်းများပြောင်းလဲလာကာ အချောဈေးပိုတက်

**အောင်သူရ၊ ပြည့်သိမ်း**

**ရန်ကုန်၊ ဖေဖော်ဝါရီ – ၁၀**

**ရန်ကုန် ဆန်လက်လီဈေးကွက်တွင် ယခုရက်ပိုင်းမှစ၍ ဆန်အမျိုးအစားအလိုက် ဈေးနှုန်းများ စတင်ပြောင်းလဲလာကြောင်း သတင်းရရှိသည်။**

“ဆန်ကြမ်းလည်း တက်တယ်။ တစ်ပြည်ကိုတစ်ရာလောက် ဆန်ချောတွေကပိုတက်တယ်။ ဖျာပုံတို့ ရွှေဘိုပေါ်ဆန်းတို့ဆို တစ်ပြည်တစ်ရာလောက်တက်သွားတယ်”ဟု ကမာရွတ် လှည်းတန်းဈေးအတွင်း ရောင်းချနေသော ဆန်ကုန်သည်တစ်ဦးကပြောသည်။ ဘုရင့်နောင်ဆန်ဈေးကွက်တွင်လည်း ပြီးခဲ့သည့်လက တစ်အိတ်လျှင် ၂၂,၀၀၀ကျပ်နှင့် ၂၃,၀၀၀ကျပ်ကြားရှိခဲ့သော ဆန်ချောဈေးမှာ ယခုလဆန်းမှစ၍ တစ်အိတ်လျှင် ၃၀,၀၀၀ကျပ် ဈေးပေါက်ခဲ့သည်။

ထို့အတူ ဆန်ကြမ်းဈေးမှာလည်း ဆန်အမျိုးအစားကိုလိုက်၍ ပြီးခဲ့သည့်လက တစ်အိတ်လျှင် ၁၅,၀၀၀ ကျပ်ရှိခဲ့ရာမှ ယခုလဆန်းတွင် ၁၆,၀၀၀ ကျပ်ဈေးသို့ ပြောင်းလဲလာခဲ့သည်ဟု ဘုရင့်နောင်ဈေးကွက်မှသိရသည်။ ယင်းသို့ ဆန်ဈေးတက်ရခြင်းသည် စပါးဈေးတက်ခြင်းကြောင့် မဟုတ်ဘဲ သယ်ယူပို့ဆောင်ခကြောင့် အဓိကဈေးတက်ရခြင်းဖြစ်ကြောင်း သယ်ယူပို့ဆောင်စရိတ်သည် လက်ရှိအချိန်တွင် နှစ်ဆကျော် ဈေးတက်လာကြောင်း ကုန်သည်များကဆိုသည်။

ဆန်ချောအများစုအား ယခုရက်ပိုင်းမှစ၍ ပြည်ပအဝယ်လိုက်လာသဖြင့် ဈေးတက်လာခြင်းဖြစ်ပြီး ၂၅မတ်ဆန် အိတ်စပို့ဈေးကွက်မှာ အရောင်းအဝယ်အေးနေကြောင်းသိရသည်။

ယခုနှစ် ပြည်ပသို့ ဆန်တင်ပို့မှုသည် ယခင်နှစ်နှင့် နှိုင်းယှဉ်ပါက ထက်ဝက်နီးပါးသာ တင်ပို့နိုင်သေးသည်။ ၂၀၀၉-၂၀၁၀ ဘဏ္ဍာနှစ်က ဆန်ပြည်ပတင်ပို့မှုသည် တန်ချိန်ရှစ်သိန်းကျော်ရှိသော်လည်း ၂၀၁၀-၁၁ ဘဏ္ဍာနှစ်က ယခုချိန်ထိ တန်ချိန်သုံးသိန်းကျော်သာ တင်ပို့နိုင်သေးသည်။

လက်ရှိချိန်၌ ရန်ကုန်ဈေးကွက်တွင် ဆန်ဈေးများ အနည်းငယ်ပြောင်းလဲသော်လည်း နယ်ဈေးကွက်တွင် စပါးဈေးမှာ တည်ငြိမ်နေသည်။ ဆန်ချောစပါးဈေးမှာ နယ်ဈေးကွက်တွင် ၆၀၀,၀၀၀ ကျပ်မှ ၆၅၀,၀၀၀ ကျပ်ကြားရှိပြီး၊ ဆန်ကြမ်းဧည့်မထစပါးဈေးမှာ တင်းတစ်ရာလျှင် ၃၅၀,၀၀၀ ကျပ်မှ ၃၆၀,၀၀၀ ကျပ်ကြားတွင်ရှိကြောင်းသိရသည်။

# ဘုရားဖူးယာဉ်တစ်စီး တိမ်းမှောက် ငါးဦးသေဆုံး

**ဝတ်ရည်**

**ရန်ကုန်၊ ဖေဖော်ဝါရီ – ၅**

ယခုလ ၃ ရက်နေ့က ပြင်ဦးလွင်မြို့နယ် ရေသလောက်ကုန်းရွာအနီးတွင် ဘုရားဖူးယာဉ်တစ်စီး တိမ်းမှောက်မှုဖြစ်ရာမှ အမျိုးသားသုံးဦး၊ အမျိုးသမီးနှစ်ဦး သေဆုံးခဲ့ကြောင်း ပြင်ဦးလွင်ရဲစခန်းမှသိရသည်။

ရန်ကုန်မြို့မှ ထွက်ခွာလာသော အဆိုပါဘုရားဖူးယာဉ်သည် နံနက် ၇နာရီခန့်တွင် မန္တလေး-လားရှိုးကားလမ်း မိုင်တိုင်အမှတ် (၅၁/၁)တွင် အရှိန်လွန်ပြီး တိမ်းမှောက်ခဲ့ခြင်းဖြစ်ပြီး ယာဉ်မောင်းမှာ ထွက်ပြေးတိမ်းရှောင်သွားကြောင်းသိရသည်။

ယခုရက်ပိုင်းအတွင်း အဝေးပြေးယာဉ်များ တိမ်းမှောက်မှုများ ပြားနေပြီး ပြီးခဲ့သည့်လပိုင်းအတွင်းကလည်း ရန်ကုန်-နေပြည်တော် အမြန်လမ်းမတွင် ယာဉ်တိမ်းမှောက်မှုများကြောင့် လူအများအပြား သေဆုံးခဲ့ကြောင်းသိရသည်။ ယာဉ်မောင်းများသည် လမ်းစည်းကမ်း ယာဉ်စည်းကမ်းလိုက်နာမှုအားနည်းကြပြီး အတင်းကျော်တက်၊ အတင်းလုမောင်းခြင်းများ ပြားပြီး ယာဉ်တိုက်မှု၊ တိမ်းမှောက်မှုဖြစ်ပွားလျှင်လည်း ခရီးသည်များအား ကူညီစောင့်ရှောက်မှု၊ ဝိညာဉ်စိတ်လုံးဝမရှိဘဲ ထွက်ပြေးကြကြောင်း အဆိုပါဖြစ်စဉ်ကို မြင်တွေ့ခဲ့သည့် မျက်မြင်သက်သေတစ်ဦး၏ ပြောကြားချက်ကို နိုင်ငံပိုင်သတင်းစာတွင် ဖော်ပြထားသည်။

တိမ်းမှောက်မှုတွင် ခရီးသည် ၂၂ဦးအနက် ၅ဦးသေဆုံးပြီး ဒဏ်ရာရသူ ၅ဦးအား ပြင်ဦးလွင်ဆေးရုံကြီးတွင် ဆေးကုသမှုခံယူနေကြောင်း ပြင်ဦးလွင်ရဲစခန်းမှ သိရသည်။

အဆိုပါ ယာဉ်တိမ်းမှောက်မှုအား ပြင်ဦးလွင်ရဲစခန်းမှ (ပ) ၁၂/၂၀၁၁၊ ပုဒ်မ ၃၀၄(က)/၃၃၇/၃၃၈ ဖြင့် အရေးယူထားကြောင်းသိရသည်။

# ကမ်းခြေ မင်္ဂလာဆောင်ပွဲ အပါအဝင် ငွေဆောင်ကမ်းခြေတွင် ပွဲတော်များပြုလုပ်မည်

**အောင်သူရ**

**ရန်ကုန်၊ ဖေဖော်ဝါရီ – ၁၁**

ငွေဆောင်ဇုန်ဟိုတယ် လုပ်ငန်းရှင်အသင်းက ငွေဆောင်ကမ်းခြေတွင်ပြုလုပ်မည့် ပွဲတော်များ အပါအဝင် ရှေ့ဆောင်ရွက်မည့်လုပ်ငန်းများနှင့် ပတ်သက်၍သတင်းစာရှင်းလင်းပွဲအား ဖေဖော်ဝါရီ ၁၁ ရက်နေ့လယ် ၂ နာရီတွင် ယု ဇနဟိုတယ်၌ ကျင်းပခဲ့သည်။

မတ်လ ၁၉ နှင့် ၂၀ရက်များတွင်ငွေဆောင်ကမ်းခြေ၌ Beach Fashion and Music Festival ပွဲ ပြုလုပ်ရန် စီစဉ်ထားပြီး အဆိုပါပွဲတွင် Beach Wedding Show ပွဲပါ ထည့်သွင်းထားကြောင်းအဆိုပါဟိုတယ်ဇုန် ဒုတိယဥက္ကဋ္ဌဦးကျော်ထွန်းက သတင်းထောက်များအား ပြောသည်။

နှစ်စဉ် မတ်လ၌ ကျင်းပလေ့ရှိသည့် ဘာလင်ခရီးသွားပြပွဲတွင်လည်း မြန်မာနိုင်ငံ ဟိုတယ်လုပ်ငန်းရှင်အသင်းနှင့် ပူးပေါင်း၍ ယခုနှစ်၌ သွားရောက်ပြသရန် စီစဉ်ထားကြောင်း အတွင်းရေးမှူး ဒေါ်ကေသီခိုင်က ပြောသည်။

“၂၀၁၃ မှာကျင်းပမယ့် ဆီးဂိမ်းပြိုင်ပွဲမှာ ရွက်လှေပြိုင်ပွဲ ငွေဆောင်မှာ လုပ်ဖို့ရှိတယ်။ ထိုင်းကတော့ တရားဝင်အကြောင်း မကြားသေးဘူး” ဟု Emera Sea ဟိုတယ် ဒါရိုက်တာ ဒေါက်တာ ဒေါ်နွေးအေးအေးဝေက သတင်းထောက်များအား ပြောသည်။

ငွေဆောင်ဇုန်ဖွင့်လှစ်ပြီး ၁၅ နှစ်မြောက်သည့် ၂၀၁၅ ခုနှစ် သင်္ကြန်ကာလတွင် Visit Ngwe Saung Year 2015 ကျင်းပရန် စီစဉ်ထားကြောင်းလည်း သိရသည်။

ယခုနှစ် ခရီးသွားရာသီတွင် ငွေဆောင်ကမ်းခြေသို့ ဧည့်သည်လာရောက်မှု မြင့်တက်လျက်ရှိပြီး နှစ်စဉ် ကျင်းပလေ့ရှိသော ကရင် ဒုံးယိမ်းနှင့် ထမင်းပုံပွဲတို့အား ကျင်းပခဲ့သည်ဟု သိရှိရသည်။




7 DAY NEWS JOURNAL
Vol.9, No.47 • FEBRUARY 17, 2011

# အင်းလေးကန်အတွင်းရှိ ဇကားဒေသသို့သွားသောလမ်း ဒိုက်များဖြင့်ကျပ်နေ

**အောင်သူရ**

**ရန်ကုန်၊ ဖေဖော်ဝါရီ - ၉**



အီတလီနိုင်ငံရှိ ရေမြုပ်နေသော မြို့ကြီးနှင့်တင်စားကာ 'Venice of the East'ခေါ်ဝေါ်ကြသော အင်းလေးကန်အတွင်းရှိ ဇကားဒေသသို့ သွားရောက်သောလမ်းတွင် ဒိုက်ပင်များဖြင့် ကျပ်နေသဖြင့် လှေများ ဆင်းတွန်း၍သွားနေရကြောင်း သတင်းရရှိသည်။

"မှော်ဘီတံတားအကျော်မှာ ရေကလည်း တိမ်နေတဲ့အချိန်ဆို ဗေဒါတွေက ကျပ်နေတော့ သွားတဲ့လှေတွေအကုန်ဆင်းတွန်းနေရတယ်"ဟု ယခုရက်ပိုင်းမှ အဆိုပါဒေသသို့ သွားရောက်ခဲ့သူခရီးသွားလုပ်ငန်းရှင်တစ်ဦးကပြောသည်။

ယခုလပိုင်းတွင် အင်းလေးကန်အတွင်းသို့ ကမ္ဘာလှည့်ခရီးသွားများစွာ လာရောက်လည်ပတ်နေသော အချိန်ဖြစ်ပြီး လာရောက်သော ဧည့်သည် ၁၀ ဖွဲ့တွင် ၈ ဖွဲ့ခန့်မှာ အဆိုပါဒေသသို့ သွားရောက်လည်ပတ်ကြကြောင်း သိရသည်။

ထိုဒေသတွင် ရှေးဟောင်းရှမ်းရွာကြီးများနှင့် ထိုင်းနိုင်ငံရှိ ဆင်းတုတော်များနှင့် တူသော ရှေးဟောင်းဆင်းတုတော်များရှိကာ နိုင်ငံခြားသားတစ်ဦးလျှင် ငါးဒေါ်လာပေးဆောင်ပြီးမှ သွားရောက်လည်ပတ်နိုင်သည်။

ပြီးခဲ့သည့်နှစ်ကလည်း အင်းလေးကန်မှာ စံချိန်တင် ရေကျခဲ့ပြီး ယခုနှစ် မိုးတွင်းကာလတွင်လည်း မိုးရွာသွန်းမှုလျော့နည်းခြင်း အပါအဝင် ပျက်စီးလာသော သဘာဝအရင်းအမြစ်များကြောင့် အင်းလေးကန်ရေမှတ်မှာ ပုံမှန်နှစ်များထက် လျော့ကျလျက်ရှိနေသည်ဟုသိရသည်။

## အမြန်ရထားအား မြေသယ်ကား ဝင်တိုက်မိ ၃ ဦးသေ၊ ၁၇ ဦး ဒဏ်ရာရ

**အိဖြူမွန်၊ မင်းဒင်**

**ရန်ကုန်၊**

**ဖေဖော်ဝါရီ - ၁**

မန္တလေးမှ ပုဂံ-ညောင်ဦးသို့ ပြေးဆွဲသော အမှတ် ၁၂၀ အထူးအမြန်ရထားသည် ဇန်နဝါရီ ၃၀ ရက်တွင် တံတားဦးမြို့အနီး၌ မြေသယ်ကားနှင့် မတော်တဆယာဉ်တိုက်မှုကြောင့် လူသုံးဦး သေဆုံးပြီး၊ ၁၇ ဦး ဒဏ်ရာရရှိခဲ့ကြောင်း တံတားဦးရဲစခန်းမှ သတင်းရရှိသည်။

ကျောက်ဆည်ခရိုင် တံတားဦးမြို့အနီး ဇန်နဝါရီ ၃၀ ရက် ည ၁၀ နာရီတွင်ဖြစ်ပွားခဲ့ခြင်းဖြစ်ပြီး ယာဉ်တိုက်မှုကြောင့် ယာဉ်မောင်းသူတစ်ဦး၊ ခရီးသည်နှစ်ဦး သေဆုံးသွားကြောင်း ယင်းရဲစခန်းမှ စုံစမ်းသိရှိရခြင်းဖြစ်သည်။

အဆိုပါရထားတွဲတွင် နိုင်ငံခြားသားခရီးသည် တစ်ဦးပါဝင်ပြီး ရိုးရိုးတန်းမှ လိုက်ပါလာကြောင်း၊ အဆိုပါနိုင်ငံခြားသားခရီးသည်တွင် ကြီးကြီးမားမား ထိခိုက်ဒဏ်ရာ မရရှိသော်လည်း ၎င်း၏ ပတ်စ်ပို့စာအုပ် ပျောက်ဆုံးလျက်ရှိကြောင်း မီးရထားတပ်ဖွဲ့မှသိရသည်။

မန္တလေး-ပုဂံ-ညောင်ဦး ရထားသည် ရထားလမ်းမိုင်အမှတ် ၄၃၇/၂၀ နှင့် ၂၁ မိုင်လမ်းဆုံတွင် ဖြတ်သန်းမောင်းနှင်စဉ် အရှိန်မထိန်းနိုင်သော မြေသယ်ကားက ဝင်တိုက်မိခြင်းဖြစ်ကြောင်း၊ ယင်းမတော်တဆမှုကြောင့် ရထားတွဲသည် လမ်းချော်သွားခဲ့ပြီး ကားမှာ မီးလောင်ခဲ့ကြောင်းသိရှိရသည်။

ရထားနှင့် ကားလမ်းဆုံသည် အသစ်ဖောက်လုပ်နေသော အမြန်ကားလမ်းမကြီးဖြစ်ပြီး ဂိတ်စောင့်များမရှိကြောင်း၊ ၎င်းအပြင် ယင်းနေရာတွင် ကားလမ်းမဖွင့်လှစ်ရသေးသောကြောင့် မည်သည့်ယာဉ်မှ ဖြတ်သန်းသွားလာခွင့်မရှိကြောင်းသိရသည်။

"ရထားဖြတ်မယ့် ဂိတ်တွေမှာ ဂိတ်စောင့်သုံးဦးလောက် အမြဲတမ်းထားတယ်။ အဲဒီကားလမ်းက လမ်းသစ်ဖောက်လုပ်စဖြစ်တဲ့အတွက် ကားတစ်စီးမှ မဖြတ်ဖူးဘူး။ ဖြတ်ခွင့်ရတဲ့ကားတွေက လမ်းဖောက်လုပ်နေတဲ့ မြေသယ်ကားတွေပဲ။ ရထားကို အရှိန်မထိန်းနိုင်ဘဲ ဝင်ကြုံးတာလို့ကြားတယ်" ဟု ကျောက်ဆည်မြို့ ဘူတာရုံမှ တာဝန်ကျဝန်ထမ်းတစ်ဦးက ပြောသည်။

မန္တလေး-နေပြည်တော် အမြန်လမ်းမကြီးဖောက်လုပ်ရေး စီမံကိန်း၊ နေပြည်တော်-ရန်ကုန် အမြန်လမ်းမကြီး ဖောက်လုပ်ရေး စီမံကိန်းတွင် ဤလုပ်ငန်းခွင်သုံး UD NISSAN ဆယ်ဘီးကား လုပ်ငန်းသုံးယာဉ်နှင့် မီးရထား တိုက်မိခြင်းဖြစ်သည်။ ပထမဦးဆုံးသောဖြစ်စဉ်ဖြစ်ပြီး လူသေမှု၊ ထိခိုက်ဒဏ်ရာရရှိမှုဖြစ်မည်ဖြစ်ကြောင်း မြန်မာ့မီးရထားတိုင်း(၁) မန္တလေးဘူတာကြီးမှ ဝန်ထမ်းတစ်ဦးက 7Day News သို့ပြောသည်။

ယင်းမတော်တဆ တိုက်မှုကြောင့် တံတားဦးရဲစခန်းတွင် (ပ)နံပါတ် ပ၉/၂၀၁၁ မီးရထားပုဒ်မ ၁၂၈ နှင့် အရေးယူအမှုဖွင့်ထားကြောင်းသိရှိရသည်။



7 DAY NEWS JOURNAL
Vol.9, No.47 • FEBRUARY 17, 2011

## ၂၀၁၁ ခုနှစ် ဖေဖော်ဝါရီ ၁၇ မှ ၂၃ ရက်ထိ

## မိုးလေဝသနှင့်ဇလဗေဒခန့်မှန်းချက်



**ဘင်္ဂလားပင်လယ်အော်အခြေအနေ**

ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တောင်ပိုင်းတို့တွင် တိမ်အသင့်အတင့်မှ တိမ်ထူထပ်နိုင်ပြီး ကျန်ဘင်္ဂလားပင်လယ်အော်တွင် အများအားဖြင့်သာယာမည်။

**မိုးအခြေအနေ**

တနင်္သာရီတိုင်းဒေသကြီးနှင့် ကချင်ပြည်နယ်တို့တွင် ၂ရက်ခန့် နေရာကွက်ကျား မိုးအနည်းငယ်ရွာနိုင်ပြီး စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း ရန်ကုန်တိုင်းဒေသကြီး၊ ချင်းပြည်နယ်၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းကာ ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် အများအားဖြင့် သာယာမည်။

**ညအပူချိန်**

စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ချင်းပြည်နယ်နှင့် ရှမ်းပြည်နယ်တို့တွင် ဖေဖော်ဝါရီလ၏ ပျမ်းမျှအပူချိန်တို့အောက် အနည်းငယ်လျော့နည်းတာ ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် ဖေဖော်ဝါရီလ၏ ပျမ်းမျှအပူချိန်ခန့်သာရှိမည်။

**မြူအခြေအနေ**

စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ မန္တလေးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ချင်းပြည်နယ်၊ ရှမ်းပြည်နယ်၊ ကယားပြည်နယ်နှင့် ကရင်ပြည်နယ်တို့တွင် ၂ ရက်ခန့် နံနက်ပိုင်းတွင် မြူထူများဆိုင်းနိုင်ပါသည်။

**မြစ်ရေအခြေအနေ**

ဧရာဝတီမြစ်ရေသည် မြစ်ကြီးနားမြို့၊ ဗန်းမော်မြို့၊ ကသာမြို့၊ မန္တလေးမြို့၊ စစ်ကိုင်းမြို့၊ ပခုက္ကူမြို့၊ ညောင်ဦးမြို့၊ ချောက်မြို့၊ မင်းဘူးမြို့၊ မကွေးမြို့၊ အောင်လံမြို့၊ ပြည်မြို့၊ ဆိပ်သာမြို့၊ ဟင်္သာတမြို့နှင့် ဇလွန်မြို့တို့တွင် ၁၅စင်တီမီတာ(ပေဝက်ခန့်)လက်ရှိရေမှတ်များအောက် ကျဆင်းနိုင်ပါသည်။

ချင်းတွင်းမြစ်ရေသည် ခန္တီးမြို့၊ ဟုမ္မလင်းမြို့၊ မော်လိုက်မြို့၊ ကလေးဝမြို့နှင့် မုံရွာမြို့တို့တွင် ၁၅စင်တီမီတာ(ပေဝက်ခန့်)လက်ရှိရေမှတ်များအောက် ကျဆင်းနိုင်ပါသည်။

**မိုးလေဝသနှင့်ဇလဗေဒညွှန်ကြားမှုဦးစီးဌာန**

# စင်ကာပူလေကြောင်းလိုင်း၏လက်မှတ်များသာမန်ဈေးထက်ဒေါ်လာ၇၀ခန့်လျှော့ရောင်းမည်

အောင်သူရ

ရန်ကုန်၊ ဖေဖော်ဝါရီ - ၁၁

**သာမန်ပေါက်ဈေးထက် ဒေါ်လာ ၇၀ ခန့် သက်သာသော ဈေးနှုန်းဖြင့် စင်ကာပူလေကြောင်းလိုင်း၏ ခရီးစဉ်လက်မှတ်များအား ရောင်းချမည့် ဈေးရောင်းပွဲတော်အား ဖေဖော်ဝါရီ ၂၃၊ ၂၄ နှင့် ၂၅ရက်တို့တွင် ပါ့ခ်ရွိုင်ရယ်ဟိုတယ်၌ နံနက် ၉ နာရီမှ ညနေ ၅ နာရီအထိ ကျင်းပမည်ဖြစ်ကြောင်း သတင်းရရှိသည်။**

အဆိုပါ ဈေးရောင်းပွဲတော်တွင် ရန်ကုန်-စင်ကာပူအသွား အပြန် တစ်လလက်မှတ်တစ်စောင်အား ၂၃၀ ဒေါ်လာ (Airport Tax မပါ)ဖြင့် ရောင်းချပေးမည်ဟု အဆိုပါ လေကြောင်းလိုင်းမှ တာဝန်ရှိသူကပြောသည်။

အဆိုပါ ခရီးစဉ်အတွက် ပုံမှန်ရောင်းချသော လက်မှတ်ဈေးနှုန်းမှာ ၃၇၁ ဒေါ်လာရှိကြောင်း လေယာဉ်လက်မှတ်ရောင်း ကိုယ်စားလှယ်များထံမှ သိရသည်။

အဆိုပါ ဈေးရောင်းပွဲတော်တွင် ဖေဖော်ဝါရီလ ၂၃ ရက်မှ စက်တင်ဘာ ၃၀ ရက်အတွင်း သွားရောက်မည့် လက်မှတ်များ ဝယ်ယူနိုင်ပြီး ဧပြီ ၆ ရက်မှ ၁၇ ရက်ထိ လက်မှတ်များပြည့်နေသဖြင့် ထိုကာလအတွက် ဝယ်ယူ၍ မရနိုင်ကြောင်း အဆိုပါ လေကြောင်းလိုင်းမှ တာဝန်ရှိသူက ပြောသည်။ စင်ကာပူအခြေစိုက် Silk Air လေကြောင်းလိုင်းသည် ရန်ကုန်-စင်ကာပူခရီးစဉ်အား ရှစ်ပတ်လျှင် ၁၇ ကြိမ် ပျံသန်းပေးလျက်ရှိပြီး ၁၉၉၂ ဖေဖော်ဝါရီလမှစ၍ စတင်ပျံသန်းပြေးဆွဲသည်။

# မြစ်ဝကျွန်းပေါ်သို့ ကုန်စည်သယ်ယူမှု ဟင်္သာတလမ်းကြောင်းကို ပိုရွေးလာ

သိမ့်သိမ့်စိုး

ရန်ကုန်၊ ဖေဖော်ဝါရီ - ၉



မြစ်ဝကျွန်းပေါ်ဒေသသွား ကုန်တင်ယာဉ်အများစုမှာ ကုန်ကျစရိတ်သက်သာကာ အမြတ်ပိုကျန်နိုင်သော ဟင်္သာတလမ်းကြောင်းကိုသာ ပိုရွေးချယ်လာကြကြောင်း ကုန်စည်ပို့ဆောင်ရေးလုပ်ငန်းရှင်များကပြောသည်။

ရန်ကုန်မှ မြစ်ဝကျွန်းပေါ်ဒေသသို့ ရန်ကုန်-ပုသိမ်နှင့် ရန်ကုန်-ဟင်္သာတလမ်းကြောင်း နှစ်ခုရှိသည်။

ရန်ကုန်-ပုသိမ်လမ်းကြောင်းမှာ ၁၁၃ မိုင်ကွာဝေးပြီး ရန်ကုန်အဆင်းကုန်တန်ဆာခမှာ ၉၀၀ ကျပ်ရှိ၍ ပုသိမ်မှ ရန်ကုန်အလာတန်ဆာခမှာ ၇၀၀ ကျပ်ရှိ၍ အသွားအပြန် တန်ဆာခမှ တစ်တန်လျှင် ၁,၆၀၀ ကျပ်ရရှိကြောင်း သိရသည်။

ထို့အတူ ရန်ကုန်-ဟင်္သာတ ၉၆ မိုင် ခရီးစဉ်တွင်လည်း ရန်ကုန်မှ ဟင်္သာတတန်ဆာခမှာ တစ်အိတ်လျှင် ၆၅၀ ကျပ်၊ ဟင်္သာတမှ ရန်ကုန်သို့ တန်ဆာခမှာလည်း ၉၅၀ ကျပ်ဖြစ်၍ အသွားအပြန် တန်ဆာခမှာ ၁,၆၀၀ ကျပ်သာရရှိသည်။

၎င်းခရီးစဉ် နှစ်ခုလုံးမှာ တန်ဆာခအသွားအပြန်နှုန်းထားတူသော်လည်း ဟင်္သာတခရီးစဉ်တွင် မြို့တွင်းကုန်ချိန်းစရိတ်မရှိဘဲ ပုသိမ်ခရီးစဉ်တွင်မူ ခေါက်တိုးကားကုန်ချိန်းခ ၂၀,၀၀၀ ကျပ်ကျော်၊ ကုန်ချိန်လုပ်သားခမှာ ၁ ပေ ၄၀၀ ကျပ်နှုန်းဖြင့် ၈,၀၀၀ ကျပ်နှင့် ကားကွင်းကြေးစသည်ဖြင့် ၃၀,၀၀၀ ကျပ်ကျော် ပိုကုန်ကျသည့်အပြင် ဟင်္သာတခရီးစဉ်ထက် လမ်းကြေး ၁၇ မိုင်အတွက် ၁,၅၀၀ကျပ်ခန့်၊ တံတားကြေး ၂,၀၀၀ကျပ်နှင့်ဆိုလျှင် ၃၅,၀၀၀ ကျပ် ပိုကုန်ကြောင်း ကားဂိတ်လုပ်ငန်းရှင်တစ်ဦးက တွက်ချက်ရှင်းပြသည်။

ထိုကြောင့် မြစ်ဝကျွန်းပေါ်ဒေသသွားကားများမှာ ပုသိမ်လမ်းကြောင်းထက် ကုန်ကျစရိတ်သက်သာသော ဟင်္သာတလမ်းကြောင်း ပြောင်းလဲပြေးဆွဲလာကြောင်း သိရသည်။

ထို့အပြင် ပဲထွက်ရာသီ၌လည်း ဟင်္သာတတွင် ရေလမ်းခရီးစဉ်အသုံးပြုမှုနည်း၍ ကားလမ်းကို အဓိကထား အသုံးပြုသဖြင့် ဟင်္သာတမှ ကုန်တင်ပြီး ရန်ကုန်မှ အလွတ်ပြန်လျှင်ပင် ၆ ဘီးတစ်စီးလျှင် ယခင်နှစ်များ ၁၀၀,၀၀၀ ကျပ်ထိ ဝင်ငွေရရှိခဲ့ကြောင်း သိရသည်။




## ဖေဖော်ဝါရီ ၄ ရက်က လှုပ်ခတ်ခဲ့သည့် ငလျင်ကို ရခိုင်ကမ်းိုးတန်းဒေသတွင်လည်း သိသာစွာခံစားခဲ့ရ

မောင်ကံ

မောင်တော၊ ဖေဖော်ဝါရီ - ၁၂

ဖေဖော်ဝါရီ ၄ ရက်က လှုပ်ခတ်ခဲ့သည့် အင်အားပြင်းငလျင်ကို ရခိုင်ကမ်းရိုးတန်းဒေသခံများလည်း သိသာစွာ ခံစားခဲ့ရကြောင်း ဒေသခံအများစုက ပြောကြားသည်။

"ငလျင်လှုပ်တာက ဖေဖော်ဝါရီ ၄ ရက် ညနေ ၈ နာရီမိနစ် ၂၀ မှာဖြစ်ပါတယ်။ ကြာချိန်ကတော့ ၃ မိနစ်လောက်ကြာခဲ့ပါတယ်။ မိုးဇလက ထုတ်ပြန်တဲ့ သတင်းအရဆိုရင် စစ်ကိုင်းတိုင်းဒေသကြီး၊ တမူးဖက်မှာ လှုပ်ခဲ့တာထက် နာရီအတော်ကွာသွားပါတယ်။ တမူးဖက်မှာ လှုပ်ခဲ့တာထက် နာရီအတော်ကွာသွားပါတယ်။ တမူးဖက်မှ လှုပ်တာက မနက်ပိုင်း ဒီမှာ လှုပ်တာက ည ပိုင်းဖြစ်နေပါတယ်"ဟု မောင်တောမြို့မှ အသက် ၆၀ ကျော်အဘိုးတစ်ဦးက ပြောပြသည်။

ငလျင်လှုပ်ခြင်းနှင့်ပတ်သက်၍ ရခိုင်ဒေသမှ လူကြီးအများစုမှာ နိုင်ငံအတွင်းအကြီးအကဲများ၏ အပြောင်းအလဲကြောင့်ဖြစ်ကြောင်း ယခင်ရှေးဟောင်းအယူအဆအတိုင်း ယူဆပြောဆိုမှုများရှိနေပြီး ငလျင်လှုပ်ခတ်လျှင် ဆူနာမီရေလှိုင်းဖြစ်ပေါ်မည်ဟုလည်း စိုးရိမ်နေကြကြောင်း သိရသည်။

Life
7 DAY NEWS JOURNAL
Vol.9, No.47 • FEBRUARY 17, 2011



ထားဝယ်ရေနက်ဆိပ်ကမ်း တည်ဆောက်မည့်နေရာကို ဖေဖော်ဝါရီလ ၇ရက်က တွေ့ရစဉ်။
ဓာတ်ပုံ - ယုဇနကိုကို

# မျိုးဆက်များအတွက် မျှော်လင့်နေသည့် ထားဝယ်ဒေသခံများ

ယုဇနကိုကို

ပြာလဲ့ စိမ်းစိုနေပြီးမျက်စိတစ်ဆုံး လှပနေသည့်ကပ္ပလီပင်လယ်ပြင်ကြီးထဲတွင် တွေ့မြင်နေရသည့် ငါးဖမ်းလှေငယ်လေးများအား မကြာလွန်းတော့သည့်ကာလတစ်ခုအတွင်းတွင် လုံးဝတွေ့မြင်ရတော့မည်မဟုတ်ဟုထင်မြင်နေသူတစ်ဦးက အသက် ၃၆နှစ်ရှိပြီဖြစ်သည့် ထားဝယ်ဒေသ၏ ထိန်ကြီးရွာ သားငါးဖမ်းလုပ်သား ဦးတင်သိန်းဖြစ်သည်။

ဦးတင်သိန်း၏မွေးရပ်မြေဖြစ်သည့် ကပ္ပလီပင်လယ်၏ အစိတ်အပိုင်းထားဝယ်ဒေသချာအန်းကမ်းခြေတစ်လျှောက်တွင် မကြာတော့မည့်ကာလတစ်ခုအတွင်း ငါးဖမ်းလှေများအားလုံးပျောက်ကွယ်သွားမည်ဟူသော ပြောဆိုချက်အား ခိုင်မာစေနိုင်မည့်အကြောင်းအရာများက ဖြူလွလွသဲသောင်ပြင်၏ အထက်နားနေရာများတွင် တွေ့မြင်နေရသည့် ကြီးမားလေး လံလှသော သံမဏိနှင့် သံထည်ပစ္စည်းများပင်ဖြစ်သည်။

ထားဝယ်ဒေသ၏ ချာအန်းကမ်းခြေတည်ရှိရာနေရာနှင့် အနီးနားတလျှောက် နေရာများတွင် ထားဝယ်ရေနက်ဆိပ်ကမ်းကြီး တည်ဆောက်တော့မည်ဆိုခြင်း၊ ထိုကဲ့သို့တည်ဆောက်ပါက ထိုစီမံကိန်း၏ အနားတစ်ဝိုက်ကျေးရွာများအနေဖြင့် အခြားနေရာများသို့ ပြောင်းရွှေ့ရန်အတွက် ဒေသတွင်းတာဝန်ရှိသူများမှ ကျေးရွာအိမ်ထောင်စုနှင့် အိမ်ခြေ၊မြေယာ စာရင်းများလိုက်လံကောက်ယူနေခြင်း၊ ထိုင်းနိုင်ငံမှ ထိုင်းလူမျိုးများ ထိုနေရာများအနီးတွင် ရုံးခန်းများဖွင့်ကာ လာရောက်နေထိုင်နေကြခြင်း စသည့်အချက်များက ငါးဖမ်းလှေများအားလုံး ပျောက်ကွယ်သွားနိုင်သည်ဆိုသည့် ဦးတင်သိန်း၏ အသိကို ပိုမိုခိုင်မာစေလာသော အချက်များပင်ဖြစ်သည်။

မြန်မာနိုင်ငံ၏တောင်ဘက်ပိုင်း ကပ္ပလီပင်လယ်ပြင်၏ အစိတ်အပိုင်းနေရာတစ်ခုဖြစ်သည့် ထားဝယ်ဒေသ၏ ချာအန်းဟူသောကမ်းခြေတစ်နေရာတွင် များမကြာမီကာလတစ်ခုအတွင်း ထားဝယ်ရေနက်ဆိပ်ကမ်းဆိုသည့် အထူးစီးပွားရေးဇုန်ကြီးတစ်ခု တည်ဆောက်တော့မည်ဖြစ်သည်။

ထားဝယ်ရိုးရာစကားများဖြင့် နေထိုင်လာကြသည့် အဆိုပါဒေသခံများသည် လွန်ခဲ့သည့်ကာလများမှစတင်ကာ ပင်လယ်ပြင်တွင်ငါးဖမ်းခြင်း၊ သီးနှံပင်များစိုက်ပျိုးသည့် ဥယျာဉ်ခြံလုပ်ငန်းများ လုပ်ကိုင်ခြင်းဖြင့် နေထိုင်လာခဲ့ကြသည်မှာ ယခုလက်ရှိအချိန်ထိဖြစ်သည်။

ထိုကဲ့သို့မိရိုးဖလာ အသက်မွေးဝမ်းကျောင်းလုပ်ငန်းများဖြင့် ရှင်သန်နေထိုင်လာခဲ့ကြသည့် ထားဝယ်ဒေသ၏ ချာအန်းကမ်းခြေနေရာသည် အရှေ့တောင်အာရှမှတစ်ဆင့် အိန္ဒိယ၊ အရှေ့အလယ်ပိုင်းဒေသ၊ ဥရောပနှင့်အာဖရိကဒေသများသို့ ပင်လယ်ရေကြောင်းမှတစ်ဆင့် စီးပွားရေးလုပ်ငန်းများ ဆောင်ရွက်နိုင်ရန် အချက်အခြာအကျဆုံးသော နေရာတစ်ခုဟု မြန်မာအစိုးရမှသိရှိပြီးနောက်ပိုင်း အိမ်နီးချင်း ထိုင်းနိုင်ငံ၏ ပုဂ္ဂလိကစီးပွားရေးလုပ်ငန်းစုကြီးတစ်ခုနှင့်နှစ်နိုင်ငံသဘောတူ ရေနက်ဆိပ်ကမ်းနှင့် အထူးစီးပွားရေးဇုန်ကြီးတစ်ခုတည်ဆောက်ရန် အပြန်အလှန်သဘောတူညီမှုများပြုလုပ်ခဲ့ကြသည်။

မြန်မာနိုင်ငံအစိုးရနှင့် ထိုင်းအစိုးရတို့အကြား ထားဝယ်ရေနက်ဆိပ်ကမ်းနှင့် အထူးစီးပွားရေးဇုန်၊ နယ်စပ်ဖြတ်ကျော်ကားလမ်းနှင့် မီးရထား လမ်းများဆောက်လုပ်ရန်အတွက် နားလည်မှုစာချွန်လွှာကို ၂၀၀၈ခုနှစ်၊ မေလ ၁၉ရက်က စင်ကာပူနိုင်ငံတွင် လက်မှတ်ရေးထိုးခဲ့ကြသည်။

အဆိုပါစီမံကိန်းကို တာဝန်ယူတည်ဆောက်၊ အကောင်အထည်ဖော်မည့် ထိုင်းနိုင်ငံ၏ နာမည်ကြီး စီးပွားရေးလုပ်ငန်းစုဖြစ်သည့် အီတာလျံထိုင်းကုမ္ပဏီ (Italian- Thai Development Public Co.,Ltd-ITD) နှင့် နားလည်မှုစာချွန်လွှာကိုလည်း ယင်းနှစ်ဇွန်လ ၁၂ရက်တွင် နေပြည်တော်ခရိုင်အတွင်းလက်မှတ်ရေးထိုးသဘောတူညီခဲ့ကြသည်။

ထိုကဲ့သို့နှစ်နိုင်ငံ သဘောတူညီချက်များသည် ထိုရေနက်ဆိပ်ကမ်းနှင့် အထူးစီးပွားရေးဇုန်စီမံကိန်းကြီးများကို ဆယ်နှစ်တာကာလ စီမံကိန်းဖြင့် ယခုနှစ်မှစတင်ကာ အကောင်အထည်ဖော်နေပြီဖြစ်သည်။

ထို့အတွက် မိရိုးဖလာရေလုပ်ငန်းများ၊ ဥယျာဉ်ခြံစိုက်ပျိုးခြင်းများဖြင့် နှစ်ပေါင်းများစွာနေထိုင်လာကြသည့် ထားဝယ်ဒေသသည် များမကြာမီကာလတစ်ခုအတွင်း ရေနံချက်စက်ရုံ၊ကျောက်မီးသွေးနှင့် သဘာဝဓာတ်ငွေ့စက်ရုံများ၊ ပလတ်စတစ်စက်ရုံများ၊ သံမဏိစက်ရုံများ၊ ဓာတုဗေဒစက်မှုလုပ်ငန်းစက်ရုံများဖြင့် ဖွဲ့စည်းတည်ဆောက်ထားသည့် စက်မှုမြို့တစ်မြို့သို့ကူးပြောင်းလာတော့မည်ဟု ယင်းဒေသခံများက ကြိုတင်သိမြင်နေကြပြီဖြစ်သည်။

ရေလုပ်ငန်းနှင့် ဥယျာဉ်ခြံမြေစိုက်ပျိုးခြင်းအစရှိသည့် စီးပွားရေးလုပ်ငန်းများမှ စက်မှုမြို့တစ်မြို့သို့ကူးပြောင်းလာမည်ဆိုပါက ၎င်းတို့၏ သဘာဝအလှများနှင့် မိရိုးဖလာလုပ်ငန်းများ ကွယ်ပျောက်မည်ကိုစိုးရိမ်နေကြသည့် ဒေသခံများရှိသကဲ့သို့ ဖြစ်လာသည့်အခြေအနေများပေါ်တွင်သာ အကောင်းဆုံးပြောင်းလဲနေထိုင်သွားမည်ဆိုသော ဒေသခံများလည်းရှိနေသည်။

ယင်းကဲ့သို့ စီးပွားရေးလုပ်ငန်းမတူကြသည့် ဒေသခံများအနေဖြင့် အဆိုပါစီမံကိန်းအတွက် ထားဝယ်ဒေသတွင်း လာရောက်လုပ်ကိုင် နေကြပြီဖြစ်သည့် ထိုင်းလူမျိုးများ၏ ၎င်းတို့အပေါ်ပြုမူသည့် လုပ်ရပ်များကို ပုံစံအမျိုးမျိုးဖြင့် ကြုံတွေ့နေရသော်လည်း လက်ရှိအချိန်တွင်မူ ထားဝယ်ခရိုင်အေးချမ်းသာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ(ခ. ယ. က)မှ တာဝန်ရှိသူများနှင့် ဒေသခံများဘက်မှရပ်တည်ပေးမှုများရှိနေသည်။

“ကျွန်တော်တို့ဒေသခံတွေရဲ့ လယ်တွေယာတွေကို ထိုင်းတွေက လျော်ကြေးမပေးပဲ သူတို့သဘောနဲ့သူတို့လုပ်ခွင့်မရှိဘူး။

**စာ(၁၁)သို့**




## အမျိုးသားတွေအတွက် စတိုင်မိုက်တဲ့ အဝတ်အစားတွေရှိတဲ့နေရာ

**အိမြူလွင်**

အမျိုးသမီးတွေသာမက စတိုင်ကျချင်တဲ့ အမျိုးသားတွေပါ ဈေးဝယ်ထွက်ဖို့ လိုလာတဲ့ ဒီခေတ်ကြီးမှာ သူ့နေရာနဲ့သူ ဝတ်နိုင်မယ့် အဝတ်အစားတွေကို တစ်နေရာတည်း အဆင်ပြေပြေရနိုင်မယ့် နေရာတစ်ခုကို ဒီတစ်ပတ်ရဲ့ ဈေးဝယ်ထွက်မယ့်ကဏ္ဍလေးကနေ လမ်းညွှန်ပေးချင်ပါသေးတယ်။

အခု လတ်တလောမှာ ရာသီဥတုက အအေးဓာတ်ရှိနေသေးလို့ ရှားရှားပါးပါး အချိန်လေးတွေပဲ အနွေးထည်ဝတ်ရတဲ့ ရန်ကုန်သားတွေအတွက် ဝယ်ထားတဲ့ အနွေး ထည်တွေနဲ့ လက်ရှည်တွေကိုဝတ်လို့ ရှိုးထုတ်လို့ အကောင်းဆုံးအချိန်လို့လည်း ပြောနိုင်နေပါသေးတယ်။





ဓာတ်ပုံ - ဂျေမောင်မောင်(အမရပူရ)



တစ်ခါတစ်ရံမှ အင်္ကျီအနွေးထည်လိုလို့ မဝယ်ထားမိသူတွေရော၊ အေးတဲ့ရက်တွေ ဆက်တိုက်ဖြစ်နေလို့ လက်ရှည်နဲ့ အနွေးထည်တွေ လိုချင်တဲ့အမျိုးသားတွေအတွက်တော့ ဒီမှာရနိုင်တဲ့ အင်္ကျီတွေက အဆင်ပြေနိုင်မယ်ထင်ပါတယ်။

နောက်ဆုံးထွက် ဒီဇိုင်းဆန်းတွေနဲ့ အမြင်လည်း မရိုင်းတဲ့ရှပ်အင်္ကျီနဲ့ အနွေးထည်အပါးတွေက နှစ်သက်ရာဂိတအမျိုးအစားကိုလိုက်ပြီး အဝတ်အစားပုံစံကို ရွေးချယ်တတ်တဲ့ အမျိုးသားတွေအားလုံးအတွက် စိတ်ကြိုက်တွေ့နိုင်မှာပါ။

လူငယ်၊ လူလတ်အမျိုးသားတွေ အားလုံးအတွက် အဆင်ပြေနိုင်စေမယ့် အဝတ်အစားလေးတွေကို ပုံစံဆိုရနိုင်တဲ့ ဒီဆိုင်မှာ အဝတ်အစားတွေက ဟောင်ကောင်၊ ထိုင်ဝမ်နဲ့ ထိုင်းနိုင်ငံတို့က တင်သွင်းဖြစ်တယ်လို့ သိရပါတယ်။ ဈေးနှုန်းအနေနဲ့တော့ ၁၃၀၀၀ကျပ်ကနေ ၁၈၀၀၀ ကျပ်လောက်ထိ ရှပ်လက်ရှည်နဲ့ အနွေးထည်အပါးတွေရဲ့ ဈေးနှုန်းက အမျိုးစုံရှိတယ်လို့ သိရပါတယ်။


ရွေးချယ်စရာ ဒီဇိုင်းနဲ့ အရောင်တွေစုံတဲ့ ဒီဆိုင်မှာနေရာဒေသရာသီဥတုနဲ့ လိုက်တဲ့ အဝတ်အစားလေးတွေကို ရွေးချယ်ဝယ်ယူရင်း အမျိုးသားတွေလည်း စတိုင်တွေ ပိုလန်းလာမယ်လို့ မျှော်လင့်ပါတယ်။

ဆိုင်နေရာက ပြည်လမ်းမကြီးပေါ်မှာ အသစ်ဖွင့်လှစ်ထားတဲ့ တော်ဝင်စင်တာ ပထမထပ်ဆိုင်အမှတ် ၂၀၀၁ မှာ ရှိတဲ့ Dream Fashion ဆိုင်လေးပဲဖြစ်ပါတယ်။

7 DAY NEWS JOURNAL
Vol.9, No.47 • FEBRUARY 17, 2011

# ပုပ်ရှင်သီးသန့်ကြည့်လိုသူများအတွက် ငှားဝန်ဆောင်မှုကို တော်ဝင်စင်တာက ပြုလုပ်မည်ဟုဆို

အေးသူစံ



ဂျန်းရှင်းစင်တာ(မော်တင်)ရှိ Mini Theatre ကို တွေ့ရစဉ်။

**ရန်ကုန်၊ ဖေဖော်ဝါရီ - ၈**

ရုပ်ရှင်ဇာတ်ကားများကို မိမိ၏ မိသားစု၊ သူငယ်ချင်းမိတ်ဆွေ၊ လုပ်ဖော်ကိုင်ဖက် စသဖြင့် မိမိနှစ်သက်သူများနှင့်သာသီးသန့်ကြည့်ရှုလိုသူများအတွက် ဒီဗီဒီရုံငှားရမ်းခြင်းဝန်ဆောင်မှုကို မကြာမီတွင်စတင်တော့မည်ဖြစ်ကြောင်း ဒီဗီဒီရုံ (mini theatre)များ၏ တာဝန်ရှိသူတစ်ဦးကပြောသည်။

"ကိုယ့် အဖွဲ့လိုက်၊ သူငယ်ချင်းတွေအုပ်စုလိုက်။ ကုမ္ပဏီအဖွဲ့အစည်းအလိုက် သီးသန့်ကြည့်ချင်ရင်တော့ ရုပ်ရှင်ချိန်တွေကတော့ ဆယ်ခွဲ၊ တစ်ခွဲ၊ လေးခွဲ၊ ရှစ်ခွဲပါပဲ။ ဒါပေမဲ့ ကျွန်တော်တို့ လူနှစ်ဆယ်ပဲသီးသန့်ကြည့်ချင်တယ်လို့လာငှားရင်လည်း လက်ခံပေးဖို့စဉ်းစားထားပါတယ်။ ဥပမာ နက်ဖြန်နေ့လယ်တစ်နာရီပွဲကို မိသားစုတစ်စုကကြည့်မယ်၊ သူငယ်ချင်းတစ်ဖွဲ့ကကြည့်မယ်ဆိုတာမျိုး ပရိုက်ဗေစီဖြစ်အောင်လုပ်ပေးဖို့ စီစဉ်ထားပါတယ်။ ဈေးနှုန်းတွေကတော့ အားလုံးညှိနှိုင်းနေပါတယ်။ ဆက်သွယ်ရမယ့် Hot Line ဖုန်းကိုလည်း ကျွန်တော်တို့ announce လုပ်မှာပါ" ဟု အထက်ပါတာဝန်ရှိသူက ပြောကြားသည်။ ယင်းအပြင် တော်ဝင်စင်တာတွင် ရှိုးပွဲများ၊ ညှိခံပွဲများကျင်းပနိုင်ရန် လူတစ်ထောင့်ငါးရာနှင့် နှစ်ထောင်ခန့်ဆံ့သည့် Convention Centre တစ်ခုကို တည်ဆောက်နေပြီဖြစ်ပြီး စင်တာမျက်နှာစာရှေ့တွင် LEDဘုတ်တစ်ခုကို စတင်တည်ဆောက်နေပြီဖြစ်ကြောင်းသိရသည်။ ဖေဖော်ဝါရီလကုန်လောက် ပြသနိုင်ရန်စီစဉ်ထားပြီး ဒီဗီဒီရုံငှားရမ်းခြင်းဝန် ဆောင်မှုကိုလည်းမကြာမီ မိတ်ဆက်ကြေညာသွားမည်ဖြစ်ကြောင်းသိရသည်။ ယခုလက်ရှိတွင် ပြီးစီးသွားသော ရုံတစ်ရုံတွင်မြန်မာဒီဗီဒီဇာတ်ကားသစ်များကို ရုံတင်ပြသနေပြီး ရုံတင်ရက်ကို တစ်ပတ်၊အများဆုံးနှစ်ပတ်ပြသနေကြောင်းသိရသည်။













7 ရက် သတင်းဂျာနယ်
7DAY NEWS JOURNAL
Vol.9, No.47 • FEBRUARY 17, 2011

## ဘုန်းတော်ကြီးသင်ကျောင်းအတွက် ဂျပန်အစိုးရက ကန်ဒေါ်လာ တစ်သိန်းကျော်လှူ

သီဟ

ရန်ကုန်၊ဖေဖော်ဝါရီ-၈

ဂျပန်အစိုးရ၏ အသေးစားစီမံကိန်းများအကောင်အထည်ဖော်ရေး အစီအစဉ်အရ ပဲခူးတိုင်းဒေသကြီး ပဲခူးမြို့ရှိ မင်္ဂလာရာမ ဘုန်းတော်ကြီးသင်အလယ်တန်းကျောင်း ဆောက်လုပ်ရန်အတွက် အမေရိကန်ဒေါ်လာ ၁၀၆,၂၅၈ ထောက်ပံ့ကူညီမည်ဖြစ်ကြောင်း သိရသည်။

ထိုသို့ကူညီရန်အတွက် မြန်မာနိုင်ငံဆိုင်ရာ ဂျပန်သံရုံး သံမှူးကြီး မစ္စတာ ကာဇုယုကိ တကဲအုချိ နှင့် မင်္ဂလာရာမ ဘုန်းတော်ကြီးသင်အလယ်တန်းကျောင်းဆောက်လုပ်ရေးကော်မတီယာယီ ဥက္ကဋ္ဌတို့က ယခုလ ၈ ရက်နေ့တွင် သဘောတူလက်မှတ်ရေးထိုးခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

ဂျပန်အစိုးရမှ ထောက်ပံ့လှူဒါန်းငွေဖြင့် ကျောင်းဆောင်အား စာသင်ခန်း ခြောက်ခန်းပါရှိသည့် နှစ်ထပ်ကျောင်းဆောင်အဖြစ် ဆောက် လုပ်မည်ဖြစ်ကြောင်း သိရသည်။

မင်္ဂလာရာမ ဘုန်းတော်ကြီးသင် အလယ်တန်းကျောင်းသည် နှစ်စဉ်ကျောင်းသား ဦးရေတိုးတက်လျက်ရှိပြီး ယခုအခါ ကျောင်းသားဦးရေ ၈၀၀ ကျော်အထိတိုးတက်လာခဲ့သဖြင့် စာသင်ကြားရန်နေရာအခက်အခဲနှင့် ရင်ဆိုင်နေရကြောင်း သိရသည်။



## ကံကိုအထောက်အပံ့ပြုတာ ဉာဏ်နဲ့ဝီရိယ ။ ။ ။

ဓမ္မ

အသိတစ်လုံး အမြတ်ဆုံး တစ်လုံးသိ အကျိုးရှိ၏

လောကီ၊ လောကုတ္တရာနှစ်ဖြာသော အကျိုးစီးပွားဖြစ်ထွန်းဖို့ ကံကိုအထောက်အပံ့ပြုတဲ့ဉာဏ်နဲ့ ဝီရိယမပါဘဲ မဖြစ်နိုင်ပါဘူး။ လူတစ်ယောက်ဟာ ရောဂါတစ်ခုဖြစ်ပွားခံစားနေရတဲ့အခါ ဒီရောဂါသက်သာပျောက်ကင်းအောင် ကြိုးစားပြီး မကုသဘူးဆိုရင်၊ အခက်အခဲတစ်ခုကြုံတဲ့အခါ အဲဒီအခက်အခဲက လွတ်မြောက်အောင် မကြိုးစားဘူးဆိုရင် သို့မဟုတ် မိမိဘဝကြီးပွားတိုးတက်ရေးအတွက် သတိဝီရိယနဲ့မလုပ်ဘဲနေမယ်ဆိုရင် သူ့ရဲ့မကောင်းသဖြင့် ပြုသောကံသည် သူနဲ့သင့်တော်ရာအကုသိုလ် အကျိုး၊ မကောင်းကျိုးကိုပေးမှာပဲဖြစ်ပါတယ်။

ကံသတ္တိဖြစ်ပေါ်ရာမှာ လူတွေ ကောင်းမှု၊ မကောင်းမှုကြုံတွေ့ကြတဲ့အခါ၊ ကာလဆိုတဲ့အချက်ကလည်း အရေးပါတဲ့အချက်တစ်ခုဖြစ်ပါတယ်။ တချို့လူတွေက သူပြုတဲ့ကံရဲ့အကျိုးဝိပါကကို ဒုတိယ နောင်တမလွန်ကျမှ ပေးဆပ်ရတာမျိုးလည်း ရှိတတ်ကြပါတယ်။ ဒီလိုကံအကျိုးပေး ကွာခြားရတာရဲ့ အဓိကအကြောင်းကတော့ ကောင်းမှု၊ မကောင်းမှုကံပြုစဉ်အခါက ပါခဲ့တဲ့ဇောစိတ်ကြောင့်ဖြစ်ရတယ်လို့ မြတ်ဗုဒ္ဓ ဟောကြားတော်မူပါတယ်။ လက်တွေ့ကျကျဆိုရရင် ကံဆိုတာ လေလို မီးလိုပါပဲ။ ဒီကမ္ဘာထဲမှာ မီးတွေ၊ လေတွေကို သိုလှောင်ထားတာမဟုတ်ပါဘူး။ အကြောင်းတိုက်ဆိုင်ညီညွတ်တဲ့အခါကျမှ ဖြစ်ပေါ်လာတာမျိုးဆိုတာကို ဉာဏ်အမြင်နဲ့မြင်တတ်ဖို့ လိုပါတယ်။

ရည်ညွှန်း- "ဗုဒ္ဓဘာသာဝင်တွေ ယုံကြည်ကြတာက" ဆန်းလွင် (ရှင်အာဒိစ္စရံသီ)

## သင်္ဃန်းကျွန်းမီးကြောင့် နေအိမ် ၁၅ လုံးဆုံးရှုံး

အောင်သူရ၊ သန်းဌေး

ရန်ကုန်၊ ဖေဖော်ဝါရီ- ၈

သင်္ဃန်းကျွန်းမြို့နယ်၁၆/၄ ရပ်ကွက် သီတာရေစင်လမ်းတွင် ယနေ့မွန်းလွဲနှစ်နာရီက မီးလောင်ကျွမ်းမှုတစ်ခုဖြစ်ပွားခဲ့ရာ အိမ် ၁၅ လုံး မီးလောင်ကျွမ်းခဲ့သည်။

မီးသွေးမီးဖိုနှင့် ဟင်းနွှေးခဲ့ရာမှစတင်လောင်ကျွမ်းခြင်းဖြစ်ကြောင်း အဆိုပါမီးလောင်ကျွမ်းမှုနေရာတွင် ရောက်ရှိနေသောတာဝန်ရှိသူများကဆိုသည်။

"အစ်ကိုက ဈေးရောင်းနေတာ။ မီးများလို့အပေါ်ရောက်မှသိရတာ။ အုတ်ကကာထားတော့ (အုတ်နံရံ ကာထားသည်ကို ပြောခြင်းဖြစ်သည်) မသိရဘူး။ ရွှေနဲ့ပိုက်ဆံပဲယူနိုင်တယ်။ ကျန်တာအားလုံးထားခဲ့ရတယ်"ဟု မီးလောင်ကျွမ်းခြင်းခံရသော ကုန်စုံဆိုင်ပိုင်ရှင်ကပြောသည်။

အဆိုပါ မီးလောင်ကျွမ်းမှုကြောင့် အိမ်ထောင်စု ၂၂ စု နှင့် လူဦးရေ ၈၃ ဦး အိုးမဲ့အိမ်မဲ့ဖြစ်ခဲ့ရာထိုလူများအား ၁၆/၄ ရပ်ကွက်ရှိ ဗုဒ္ဓသာသနာ့ဝေယျာဝစ္စ ဓမ္မာရုံတွင် ယာယီကယ်ဆယ်ရေးစခန်းဖွင့်လှစ်ထားကြောင်း မီးလောင်ကျွမ်းရာ၌ အိမ်ပါသွားသူ အဆိုပါလမ်းနေရာအိမ်မှူးဦးအောင်သန်းကပြောသည်။

ဖေဖော်ဝါရီ ၈ ရက် မွန်းလွဲ ၂ နာရီမှ စတင်လောင်ကျွမ်းခဲ့သောမီးမှာ မိနစ် ၃၀ ဝန်းကျင်လောင်ကျွမ်းပြီးနောက် မီးညွန့်ကျိုးသွားသည်။ ထိုမီးကို မီးသတ်ယာဉ် ၄၃ စီးနှင့် အုပ်ချုပ်မှုယာဉ် ၇ စီးတို့ဖြင့် ငြိမ်းသတ်ခဲ့ကြောင်းသိရသည်။

အဆိုပါ မီးမှာ အိမ်အမှတ် ၆၀၃မှစတင်လောင်ကျွမ်းခဲ့ခြင်းဖြစ်ပြီး ထိုအိမ်မှာ ပြီးခဲ့သည့်တစ်လမှ စ၍အသစ်ဆောက်လုပ်ထားခြင်းဖြစ်သည်။





## ဗုဒ္ဓဓမ္မယဉ်ကျေးမှုနှင့် အင်္ဂလိပ်စာသင်တန်းပညာဒါနဖွင့်မည်

ဥက္ကာကိုကို

ရန်ကုန်၊ဖေဖော်ဝါရီ-၉

ဓမ္မာစရိယ ဆရာတော်ငါးပါးဦးဆောင်၍ ပန်းပျိုးလက်အမည်ရှိ ဗုဒ္ဓဓမ္မယဉ်ကျေးမှုနှင့် အင်္ဂလိပ်စာသင်တန်းကို ဧရာဝတီတိုင်းဒေသကြီး ဟင်္သာတခရိုင်၊ ဇလွန်မြို့နယ် ကျုံကျိုက်ကျေးရွာတွင် လာမည့် မတ် ၂၇ ရက်မှ ဧပြီ ၁၁ ရက်အထိ ၁၅ ရက်တိုင်တိုင် ပညာဒါန ဖွင့်လှစ်ပို့ချသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

ဦးဆောင်ပို့ချမည့် သံဃာတော်များမှာ ရန်ကုန်ဗုဒ္ဓတက္ကသိုလ်မှ ဘာသန္တရဆေက ဓမ္မာစရိယအရှင်စိန္တိတ၊ ပဲခူးမြို့သာသနာ့လင်းရောင်ကြည်စာသင်တိုက်မှ စာချဓမ္မာစရိယအရှင်ဝဏ္ဏိတ၊ ပုဇွန်တောင်မြို့နယ် စင်ကာပူပရိယတ္တိစာသင်တိုက်မှ စာချဓမ္မာစရိယအရှင်ခေမာစာရ၊ ဝေါမြို့နယ်ကျောင်းကြီးကျောင်းတိုက်မှ အရှင်ပညာနန္ဒ၊ စမ်းချောင်းမြို့နယ် လင်းလွန်းပင်ပရိယတ္တိစာသင်တိုက်မှ ဓမ္မာစရိယအရှင် ဉာဏိသရတို့ဖြစ်ကြောင်း သိရသည်။

ပန်းပျိုးလက်(ရင်သွေးရတနာ) ဗုဒ္ဓဓမ္မယဉ်ကျေးမှုနှင့် အင်္ဂလိပ်စာသင်တန်းအား ဇလွန်မြို့နယ် ကျုံကျိုက်ကျေးရွာ၊ ကျုံကျိုက်ကျောင်းတိုက်တွင် ဖွင့်လှစ်မည်ဖြစ်သောကြောင့် ပညာဒါနပွဲအတွက် လိုအပ်မည့် စာအုပ်၊ခဲတံ၊ ဘောလ်ပင်၊ သင်တန်းပြဋ္ဌာန်းစာအုပ်တို့အား အရှင်စိန္တိတ-ဖုန်း- ၀၁-၂၀၁၄၄၇၊ ၀၁ ၂၉၀၄၇၀၊ ၀၉ ၈၀၂၀၂၇၉၊ အရှင်ဝဏ္ဏိတ-ဖုန်း - ၀၅၂ ၂၂၄၀၂၊ ၀၅၂ ၂၃၅၇၀ နှင့် အရှင်ဉာဏိသရ၊ လင်းလွန်းပင် ကျောင်းတိုက်၊ စမ်းချောင်းမြို့နယ်တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။

## စာ - ၉၊ နောက်မျိုးဆက်များအတွက် မျှော်လင့်နေသည့် ထားဝယ်ဒေသခံများ မှ

ပြီးတော့ လယ်ပိုင်ရှင်၊ ခြံပိုင်ရှင်ကိုအရင် လျော်ကြေးပေးပြီးမှ ပိုင်ရှင်ကသဘောတူညီမှသာ ဆောင်ရွက်ဖို့ ကျွန်တော်ထိုင်းကုမ္ပဏီကတာဝန်ရှိသူတွေနဲ့ပြောဆိုထားပါတယ်"ဟုဆိုလာသူက အထက်ပါဖွံ့ဖြိုးရေးကောင်စီမှတာဝန်ရှိသူတစ်ဦးဖြစ်သည်။

စက်မှုမြို့အဖြစ်သို့ ပြောင်းလဲမည့် အဆိုပါစီမံကိန်းနှင့်ပတ်သက်ပြီး သဘာဝသယံဇာတများနှင့် မိရိုးဖလာစီးပွားရေးလုပ်ငန်းများ ကွယ်ပျောက်သွားမည်ကို စိုးရိမ်နေသော ဒေသခံများထဲတွင် ခြံစိုက်သက်အနှစ်နှစ်ဆယ်ကျော်ရှိပြီဖြစ်ပြီး အသက်၄၈နှစ်ရှိ သီဟိုဠ်ခြံပိုင်ရှင် ဦးစံမြင့်ဖြစ်သည်။

အချိန်ကြာမြင့်စွာလုပ်ကိုင်လာခဲ့ကြသည့် ရိုးရာစီးပွားရေးလုပ်ငန်းများပေါ်တွင် စိုးရိမ်နေကြသည့် ဒေသခံများရှိသကဲ့သို့ ယင်းစီမံကိန်းကြောင့် ပိုမိုတိုးတက်ဖွံ့ဖြိုးလာသည့် စက်မှုဒေသတစ်ခု ဖြစ်လာရန်ဆန္ဒရှိနေသည့် ဒေသခံများလည်းရှိနေသေးသည်။

"ကျွန်မကတော့ ဒီရေနက်ဆိပ်ကမ်းစီမံကိန်းကို ကြိုက်တယ်။ ဒီဒေသ ပိုပြီးခေတ်မီလာမယ်လို့ထင်တယ်။ ကောင်းတာတွေ တော့များလာမယ်လို့လည်းထင်တယ်။ ဒါပေမဲ့ စက်မှုမြို့ဆိုရင်တော့ သဘာဝပတ်ဝန်းကျင်ကို တော်တော်ဂရုစိုက်ဖို့လိုတယ်။ ဘေးထွက်ဆိုးကျိုးကတော့ သဘာဝတ်ပတ်ဝန်းကျင်ပဲရှိနိုင်လို့ အဲ့ဒါကိုပါဂရုစိုက်ပေးရင် ကောင်းပါတယ်" ဟုဆိုလာသူက အသက်၂၄နှစ်ရှိပြီဖြစ်သည့် မောင်းမကန် ကမ်းခြေအနီးကျေးရွာမှ ဥယျာဉ်ခြံလုပ်ငန်းလုပ်ကိုင်သူ မဟေဇင်မွန်ဖြစ်သည်။

ဒေသခံများအနေဖြင့် ၄င်းတို့ဒေသ၏ သဘာဝများဖြင့် တည်ရှိနေသည့် နေရာဒေသများအပေါ်တွင် စိုးရိမ်မှုများရှိနေသည်နှင့် တစ်ပြိုင်နက်တည်းမှာပင် အီတာလျံထိုင်းကုမ္ပဏီမှတာဝန်ရှိသူများကမူ အဆိုပါစီမံကိန်းသည် ဒေသခံမြန်မာလုပ်သားများကို အလုပ်အကိုင်အခွင့်အလမ်း အများအပြားပေးနိုင်မည့် စီမံကိန်းဖြစ်သည့်အပြင် နှစ်နိုင်ငံပူးပေါင်းပြီး စီးပွားရေးလုပ်ငန်းများကို ပိုမိုဆောင်ရွက်နိုင်ရန်နှင့်နှစ်နိုင်ငံ တိုးတက်ရေးကိုသာဦးတည်ဆောင်ရွက်နေခြင်းဖြစ်ကြောင်း ယင်းဒေသအတွင်းရုံးခန်းလာရောက်ဖွင့် လှစ်ကာဆောင်ရွက်နေပြီဖြစ်သည့် အဆိုပါကုမ္ပဏီမှ ပရောဂျက်မန်နေဂျာမစ္စတာ ဆူရင်ဗီချီအန် (Surin Vichian)က ဆိုသည်။ ဒေသခံအချို့ စိုးရိမ်နေကြသည့် စက်မှုမြို့တည်ထောင်ခြင်း၏ နောက်ဆက်တွဲအနေဖြင့် တစ်ပါတည်းဖြစ်ပေါ်လာမည့် လေထုညစ်ညမ်းမှုများနှင့် ပင်လယ်အတွင်းမှ ရေများညစ်ညမ်းလာနိုင်မှုတို့နှင့်ပတ်သတ်ပြီး မစတာဆူရင်တို့ အီတာလျံထိုင်းကုမ္ပဏီဘက်မှ ပြောရေးဆိုခွင့်ရှိသူများကမူ ၄င်းတို့အနေဖြင့် ထိုင်းနိုင်ငံ၏အကြီးမားဆုံးသော မပ်တာပွတ်စက်မှုဇုန်တွင်ဖြစ်ပေါ်နေသည့် သဘာဝ ပတ်ဝန်းကျင်ဆိုင်ရာ ညစ်ညမ်းမှုများကိုအတုယူပြီး ထားဝယ်ရေနက်ဆိပ်ကမ်းစီမံကိန်းကြောင့် ဖြစ်ပေါ်လာနိုင်သည့် သဘာဝပတ်ဝန်းကျင်ဆိုင်ရာ ညစ်ညမ်းမှုများကို အထူးဂရုပြုဆောင်ရွက်သွားရန်ရှိကြောင်းဆိုကြသည်။

အီတာလျံထိုင်းကုမ္ပဏီအနေဖြင့်မူ လက်ရှိတွင်အစိုးရနှင့် ပူးပေါင်းအကောင်အထည်ဖော်မည့် ယင်းရေနက်ဆိပ်ကမ်းစီမံကိန်းနှင့်ပတ်သတ်ပြီး ထားဝယ်မှ ထိုင်းနိုင်ငံဘက်သို့ ၁၆၀ မိုင်ရှည်လျားသည့်ရှစ်လမ်းသွားတိုက်ရိုက် လမ်းများဖောက်လုပ်ရန်အတွက် ပထမဆုံးလမ်းမတစ်ခုကို စတင်ဖောက်လုပ်နေပြီဖြစ်သည်။ ၄င်းတို့၏ ထားဝယ်မှ ဘန်ကောက်သို့ ရှစ်လမ်းသွားလမ်းမကြီးဖောက်လုပ်ပြီးမှ ယင်းရေနက်ဆိပ်ကမ်းစီမံကိန်းတွင်ရင်းနှီးမြှုပ်နှံလိုသူများနှင့် စိတ်ဝင်စားသည့် စီးပွားရေးလုပ်ငန်းရှင်များကို ဖိတ်ခေါ်မည်ဖြစ်သည်။

ရင်းနှီးမြှုပ်နှံငွေများ လုံလောက်စွာရှိခြင်းမရှိခြင်းနှင့်ပတ်သတ်ပြီး မစ္စတာဆူရင်၏ အဆိုက "ကျွန်တော်တို့မှာ ပိုက်ဆံတစ်ပြားမှမရှိဘဲ အခုလုပ်နေတာတွေကို ဘယ်လိုလုပ်ပြီးလုပ်နေနိုင်မှာလဲ"ဟုဖြေဆိုသည်။

နှစ်နိုင်ငံအကျိုးတူပူးပေါင်းဆောင်ရွက်သည့် အဆိုပါစီမံကိန်းသည် ဒေသခံမြန်မာအလုပ်သမားများကို အလုပ်အကိုင်အခွင့်အလမ်းများစွာ ပေးနိုင်မည်ဟု အီတာလျံထိုင်းကုမ္ပဏီဘက်မှဆိုနေသော်လည်း လက်ရှိကာလတွင် ထိုင်းအလုပ်သမားများနှင့် လုပ်ခလစာ မညီမျှမှုများရှိနေသဖြင့် ထားဝယ်ဒေသ၏ ခရိုင်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီမှတာဝန်ရှိသူများက ဒေသခံများဘက်မှ ရပ်တည်ပေးနေရမှုများရှိနေကြောင်း ဒေသခံများက တညီတညွတ်တည်းဆိုသည်။

ယင်းကဲ့သို့ ဆယ်နှစ်တာစီမံကိန်းအနေဖြင့် အကောင်အထည်ဖော်မည့် ထားဝယ်ရေနက်ဆိပ်ကမ်းနှင့် အထူးစီးပွားရေးဇုန်စီမံကိန်းကြီး ယင်းဒေသတွင်စတင်အခြေစိုက်ဆောင်ရွက်နေသည်နှင့် တစ်ချိန်တည်းမှာပင် ဒေသ၏ အိမ်ခြံမြေဈေးကွက်များသည် အဆတစ်ရာနီးပါး ထိုးတက်နေပြီဖြစ်သည်။ ငါးဖမ်းလှေငယ်လေးများ ဟိုတစ်ကွက်၊ဒီတစ်ကွက်စီရှိနေသည့် မောင်းမကန်ကမ်းခြေ၏ သောင်ပြင်ပေါ်တွင်ဖက်ကြမ်းဆေးလိပ်တိုကို ညာဘက်နားရွက်ကြား ထဲညှပ်ထားသည့် အသက် ၃၀နှစ်အရွယ်ရှိတံငါလုပ်ငန်းလုပ်ကိုင်သူကိုမြင့်လှိုင်ဆိုသူပြောလာသည်မှာ "ဒီစီမံကိန်းကြောင့် ကျွန်တော်တို့ဒေသ ပိုပြီးတိုးတက်လာမယ် ဆိုရင်ကောင်းတာပေါ့။ ဝမ်းလည်းသာပါတယ်။ ဝမ်းလည်းနည်းတယ်။ ဂုဏ်လည်းယူရမယ်ထင်တယ်။ ဘာပဲဖြစ်ဖြစ် ဖြစ်လာတဲ့အပေါ် အကောင်းဆုံး ဖြစ်အောင်တော့ ကြိုးစားသွားဖို့ပဲရှိပါတယ်"ဟုပြောသည်။

မည်သူနှင့်စကားပြောပြောဗမာစကားလို "ဟုတ်ကဲ့၊ဟုတ်ကဲ့" နှင့် အဓိပ္ပာယ်တူညီသည့် "ခင်ဗျ၊ခင်ဗျ" ဟူပြီး ပြောတတ်သည့် ထားဝယ်ဒေသခံများအနေဖြင့် ၄င်းတို့၏စီးပွားရေးလုပ်ငန်းများနှင့် အိမ်ရာများ ပြောင်းရွှေ့ကြရမည် ဖြစ်သော်လည်း ၄င်းတို့အားလုံး၏ စိတ်ခံစားမှုမှာ ထိုစီမံကိန်းကြီး မှတစ်ဆင့် ဒေသခံများ၏ သား သမီးမြေးမြစ်များအတွက် အလုပ်အကိုင်အခွင့်အလမ်းများစွာနှင့် ပညာတတ်လူတန်းစားဒေသခံများပေါ်ပေါက်လာရန်ကို မျှော်လင့်နေကြခြင်းဖြစ်သည်။

# Home

7 ရက် သတင်းဂျာနယ်
7DAY NEWS JOURNAL
Vol.9, No.47 • FEBRUARY 17, 2011

## မျက်နှာဖုံး-ဂီရိလေဘေးသင့်ဒေသတွင် မိသားစုတစ်သောင်း ငါးထောင်ခန့် နေအိမ်လိုအပ်နေဆဲဖြစ် မှ

မုန်တိုင်းကြောင့် ပြိုပျက်သွားသော နေအိမ်ပေါင်း ၂၀,၀၀၀ကို နေရာပြန်လည်ချထားရေး ဆောင်ရွက်ရာတွင် အမေရိကန် ဒေါ်လာ ၁၂သန်း ကုန်ကျမည်ဖြစ်ပြီး ပျက်စီးသွားခဲ့သော နေအိမ် ၁၄,၅၀၀မှာ လာမည့်မိုးရာသီပြီးသည့်တိုင်အောင် အပြီးပြင်ဆင်နိုင်ဖွယ်မရှိဘဲ ပြီးစီးသွားချိန်တွင် အမေရိကန်ဒေါ်လာ ၂ ဒသမ ၅ သန်းကုန်ကျမည်ဖြစ်ကြောင်းဖြင့် UN-HABITATက ခန့်မှန်းတွက်ချက်သည်။

UN-HABITATက အိမ်နံရံများ၊ ခေါင်မိုးများ၊ ကြမ်းခင်းများကို ၂နှစ်ခန့်အသုံးခံနိုင်မည့်ဒီဇိုင်းများဖြင့် တည်ဆောက်ပေးလျက်ရှိပြီး အိမ်တစ်လုံး လျှင် အမေရိကန်ဒေါ်လာ ၂၅၀ကျော်တန်ဖိုးရှိသည်ဟုသိရသည်။

မုန်တိုင်းဒဏ်ခံဒေသတွင်း ပြန်လည်ထူထောင်နိုင်ရေးအတွက် နိုင်ငံတကာမှ ကူညီထောက်ပံ့ငွေ အမေရိကန်ဒေါ်လာ ၂၂သန်းရရှိခဲ့ပြီး ၁ ဒသမ ၅သန်းကို အရေးပေါ်တာပေါ်လင်၊ ဝါး၊ ကြိုးနှင့် ဆောက်လုပ်ရေးကိရိယာများဝယ် ယူရာတွင်သုံးစွဲခဲ့ပြီး၊ လူဦးရေနှင့် အခြားသောအကျပ်အတည်းများကြောင့် ကူညီမှုများလိုအပ်လျက်ရှိနေဆဲဖြစ်သည်။

လာမည့်ဇွန်လတွင် မိုးရာသီစတင်တော့မည်ဖြစ်သဖြင့် လက်ရှိအရေးပေါ်တည်ဆောက်နေထိုင်နေသည့်တာပေါ်လင်သုံးနေအိမ်များမှာ ရာသီဥတု ဒဏ်ခံနိုင်ခြင်းမရှိကြောင်း UN-HABITAT မှ တာဝန်ရှိသူတစ်ဦး၏ ပြောကြားချက်အရသိရသည်။ ကုလသမဂ္ဂအဖွဲ့အစည်းသည် ဂီရိမုန်တိုင်း အလွန် ပြန်လည်ထူထောင်ရေးလုပ်ငန်းအတွက် အမေရိကန်ဒေါ်လာ ၅၇သန်းခန့်လိုအပ်ကြောင်း ခန့်မှန်းထားခဲ့သည်။ Source:IRIN

## မျက်နှာဖုံး-မြေ၊ အဆောက်အအုံနှင့် တိုက်ခန်းအရေအတွက် အများဆုံးပါဝင်သော လေလံအား စိတ်ဝင်စားသူများမှ

“ဒီတစ်ကြိမ်က အရေအတွက်လည်းများတယ်။ လုပ်ငန်းရှင်တွေ အကြိုက်တွေ့မယ့်နေရာတွေလည်းအများကြီးပဲ။ ဒီလေလံကဒီအစိုးရလက်ထပ်မှာနောက်ဆုံးလေလံလည်းဖြစ်လို့ ဒီလေလံပွဲပြီးရင် အိမ်၊ ခြံ၊ မြေဈေးတွေ ပိုကောင်းလာမယ်ဆိုပြီး လူတွေက စိတ်ဝင်စားနေကြတယ်” ဟု လေလံစီးပွားရေးလုပ်ငန်းများ လုပ်ကိုင်သောစီးပွားရေးလုပ်ငန်းရှင်တစ်ဦးက ပြောသည်။စီးပွားရေးလုပ်ငန်းရှင်များက ယခုလေလံမှာယခုဘဏ္ဍာရေး နှစ်အတွင်း နောက်ဆုံးကျင်းပသည့် လေလံဖြစ်လိမ့်မည်ဟု ယူဆနေကြသည်။

ယခုနှစ်အတွင်း ပထမဆုံး လေလံကို ဇန်နဝါရီလ ၂၈ရက် ပုဂ္ဂလိကပိုင်ပြုလုပ်ရေးကော်မရှင်က စီးပွားရေးလုပ်ငန်း ၇၆ ခုကို ပုဂ္ဂလိကသို့ ရောင်းချခဲ့သည်။ ထိုလေလံပွဲအပြီး ရက်ပိုင်းအကြာတွင် အဆောက်အအုံ၊ မြေနှင့် တိုက်ခန်းအရေအတွက် အများဆုံးပါဝင်သော လေလံပွဲကို ထပ်မံကျင်းပခြင်းဖြစ်သည်။

လေလံစာရင်းတွင် ရန်ကုန်မြို့လယ်ရှိ ဗိုလ်ချုပ်လမ်းနှင့် ရွှေဘုံသာလမ်းထောင့်မှ လက်ရှိစူပါဝမ်းကုန်တိုက်ဖွင့်လှစ်ထားသော ရွှေဘုံသာ ရဲရိပ်သာ မြေညီထပ်၊ ဒဂုံမြို့နယ်ရှိ လပြည့်ဝန်းပလာဇာ


ရွှေဘုံသာလမ်းနှင့်ဗိုလ်ချုပ်လမ်းထောင့်ရှိ စူပါဝမ်းဖွင့်လှစ်ထားသော ရွှေဘုံသာရဲရိပ်သာအဆောက်အအုံ

ကိုးထပ်အဆောက်အအုံမှ ၃လွှာမှ ၉လွှာအထိ၊ ရန်ကင်းမြို့နယ်၊ စိမ်းလဲ့မေရိပ်သာလမ်းသွယ်နှင့် ကမ္ဘာအေး ဘုရားလမ်းရှိ မြေ (အကျယ် ၆ ဒသမ ၆၅၆ ဧက)အပါအဝင် အဆောက်အအုံ ငါးလုံး၊ ရွှေတောင်ကြားနှင့် တက္ကသိုလ်ရိပ်သာလမ်းတို့ရှိ မြေကွက်နှင့်အဆောက်အအုံများ၊ ဘုရင့်နောင်လမ်းမကြီးရှိ မြေအသုံးချရေးဌာနခွဲရုံးချုပ်၏ မြေကွက်ကျယ်ကြီးစသော စီးပွားရေးလုပ်ငန်းရှင်ကြီးများအကြိုက်တွေ့နိုင်သည့် မြေနှင့် အဆောက်အအုံများစွာပါဝင်နေခြင်းကြောင့် ယခင်လေလံပွဲများထက်လေလံဆွဲသူပိုများနိုင်ကြောင်းလည်း အထက်ပါလုပ်ငန်းရှင်များက ပြောသည်။

ထို့အပြင် ယခုလေလံပွဲ၌ လူလတ်တန်းစားများ ဝယ်ယူနိုင်သည့် တိုက်ခန်းများစွာ ပါဝင်နေခြင်းကြောင့်လည်း လေလံပွဲကို စိတ်ဝင်စားသူ များနေခြင်းဖြစ်ကြောင်းလည်း အိမ်ခြံမြေအကျိုးဆောင် လုပ်ငန်းရှင်တစ်ဦးက ပြောသည်။

“ဒီလေလံက အရေအတွက်လည်းများတယ်။ စီးပွားရေးလုပ်ငန်းရှင်ကြီးတွေ ကြိုက်လောက်တဲ့ မြေနဲ့ အဆောက်အအုံတွေပါသလို လူလတ်တန်းစားတွေဝယ်နိုင်လောက်တဲ့ တိုက်ခန်းတွေလည်း ပါတာတွေ့ရတယ်”ဟု အိမ်၊ ခြံ၊ မြေအကျိုးဆောင်လုပ်ငန်းရှင်တစ်ဦးက ပြောသည်။

အဆိုပါ လေလံကြောင့် အိမ်၊ ခြံ၊ မြေဈေးကွက်မှာ လအနည်းငယ် အေးစက်သွားနိုင်ကြောင်းလည်း အထက်ပါပုဂ္ဂိုလ်က ခန့်မှန်းသည်။

“အိမ်၊ ခြံ၊ မြေဈေးကွက်ကို ဘယ်လောက် သက်ရောက်နိုင်မလဲဆိုရင် မနေ့က (ဖေဖော်ဝါရီ ၁၃)သုံးဦးနဲ့ ချိန်းထားတာ မြေနဲ့တိုက်ခန်းတွေ လိုက်ကြည့်ဖို့။ လေလံစာရင်းတွေလည်း ထွက်လာရော တစ်ဦးကပဲ ဆက်သွယ်တော့တယ်။ ကျန်တဲ့သူတွေက လေလံစာရင်းတွေ ထွက်လာလို့ ဒီထဲမှာ သူတို့တတ်နိုင်တဲ့ ပမာဏနဲ့ ရမယ့် တိုက်ခန်းနဲ့မြေတွေပါတာတွေ့ရတော့ လေလံကို ဝင်ဆွဲမယ်ပြောတယ်။ ဒါကိုပဲကြည့်။ ဒီလေလံကြောင့် တစ်လ၊ နှစ်လအတွင်းမှာတော့ ပုဂ္ဂလိက အိမ်၊ ခြံ၊ မြေအရောင်းအဝယ်က သုံးချိုး နှစ်ချိုး လောက်အေးသွားမယ်”ဟု ဝါရင့် အိမ်၊ ခြံ၊ မြေအကျိုးဆောင်လုပ်ငန်းရှင်တစ်ဦးကပြောသည်။ ယခုလေလံတွင် နိုင်ငံတော်ပိုင် အဆောက်အအုံများ ရောင်းချရေးကော်မတီက ရောင်းချသည့် မြေ အဆောက်အအုံနှင့် တိုက်ခန်းပေါင်း ၁၅၇ ခုနှင့် နိုင်ငံပိုင်သိမ်းဆည်းထားသော ပစ္စည်းများ စီမံခန့်ခွဲမှု ကော်မတီက ရောင်းချမည့် မြေနှင့် အဆောက်အအုံ ၁၁၁ ခု ပါဝင်သည်။

လေလံဆွဲမည့်သူများမှာ အဆိုပြုလွှာများကို ဖေဖော်ဝါရီ ၁၆ ရက်မှ ၂၄ ရက်အတွင်း ရုံးချိန်အတွင်း နေပြည်တော်ရှိ ရုံးအမှတ် (၃၂)ရှိ သက်ဆိုင်ရာ ကော်မတီတွင်ဝယ်ယူရမည်ဖြစ်ပြီး ဖေဖော်ဝါရီ ၂၄ ရက် နံနက် ၉ နာရီမှ ၄ နာရီအတွင်း အဆိုပြုလွှာများတင်သွင်းရမည်ဖြစ်သည်။

## မျက်နှာဖုံး – ဝန်ကြီးများရုံးဟောင်း အပါအဝင် ဝန်ကြီးရုံးအဆောက်အအုံငါးခုအား ပုဂ္ဂလိကပေး၍ ရှေးမူမပျက် ထိန်းသိမ်းမည်မှ

ကျန်ဝန်ကြီးရုံးလေးခုမှာ ကုန်သည်လမ်းရှိ ယခင်မြန်မာ့ရေနံနှင့်သဘာဝဓာတ်ငွေ့လုပ်ငန်းရုံး၊ ဆူးလေဘုရားလမ်းရှိ ယခင်ဟိုတယ်နှင့်ခရီးသွားဝန်ကြီးဌာနရုံး၊ မဟာဗန္ဓုလပန်းခြံလမ်းရှိ ယခင်လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဦးစီးဌာနရုံးနှင့် ဗိုလ်ဆွန်ပက်လမ်းရှိ ယခင်စီးပွား/ ကူးသန်းဝန်ကြီးဌာနရုံးတို့ဖြစ်သည်။

“လက်ရှိအဆောက်အအုံတွေကို ပြန်လည်ပြုပြင်တာက ရှေးမူမပျက် ပြုပြင်မှုတွေလုပ်ဖို့ပါ။ နောင်လူတွေသမိုင်းအမွေအနှစ်ဖြစ်တဲ့လက်ရာတွေ တန်ဖိုးထားတတ်ဖို့လည်း ပါပါတယ်”ဟု အထက်ပါဦးစီးဌာနမှ တာဝန်ရှိသူတစ်ဦးက 7Day News သို့ပြောသည်။

ထို့အပြင် ရန်ကုန်မြို့တော်အတွင်း၌ အစိုးရဌာနပိုင်အဆောက်အအုံပေါင်းနှစ်ရာကျော်မှာ နှစ်ပေါင်းတစ်ရာကျော်သည့် သမိုင်းဝင်အဆောက်အအုံများအဖြစ် သတ်မှတ်ထားကြောင်း မြို့ရွာနှင့် အိုးအိမ်ဖွံ့ဖြိုး ရေးဦးစီးဌာနမှ စာရင်းများအရသိရသည်။

“ရှေးဟောင်းအဆောက်အအုံနှစ်ရာကျော်ရှိတယ်။ နှစ်တစ်ရာအထက် အဆောက်အအုံတွေလို့ သတ်မှတ်ထားတယ်”ဟု အဆိုပါဌာနမှ တာဝန်ရှိသူတစ်ဦးက 7Day News သို့ပြောကြားသည်။

ရန်ကုန်မြို့တော်အတွင်း သက်တမ်းနှစ်တစ်ရာကျော်အဆောက်အအုံအများစုမှာ အစိုးရပိုင်ဌာနဆိုင်ရာရုံးများ၊ အထက်တန်းကျောင်းများ စသည်ဖြင့်တည်ရှိလျက်ရှိနေပြီး၊ အများစုမှာ အင်္ဂလိပ်ခေတ်လက်ရာပေါ်လွင်အောင် ဆောက်လုပ်ခဲ့သော အဆောက်အအုံများဖြစ်သည်။

ယင်းတို့မှာ ဝန်ကြီးများရုံး၊ ရေနံနှင့်သဘာဝဓာတ်ငွေ့ရုံး၊ မြို့ရွာနှင့် အိုးအိမ်ဖွံ့ဖြိုးရေးဌာနရုံး၊ ကမ်းနားလမ်းရှိ တရားရုံးချုပ်(ရန်ကုန်တိုင်းရုံးဟောင်း)၊ အမှတ်(၆) ဗိုလ်တထောင်အထက်တန်းကျောင်း (ယခင်-စိန့်ပေါ)၊ လသာ(၁)အထက်တန်းကျောင်း၊ အမှတ် (၄) ဗိုလ်တထောင် အထက်တန်းကျောင်း၊ ပုံနှိပ်ရေးနှင့် စာအုပ်ထုတ်ဝေရေးလုပ်ငန်း(ပြန်ကြားရေးရုံး) စသည့် အဆောက်အအုံများဖြစ်သည်။

## မျက်နှာဖုံး-လွှတ်တော်နှစ်ရပ်တွင် နေရာလွတ်များ ပေါ်ထွက်မှ

အစိုးရသစ်တွင်ဝန်ကြီးအဖြစ် ခန့်အပ်တာဝန်ပေးခြင်းခံရသူများမှာ ဖွဲ့စည်းပုံအခြေခံဥပဒေ အခန်း (၅)၊ ပုဒ်မ-၂၃၂၊ ပုဒ်မခွဲ(ဈ) အရ ဝန်ကြီးအဖြစ်တာဝန်ပေးခံရသည့်နေ့မှစ၍ လွှတ်တော်ကိုယ်စားလှယ်အဖြစ်မှ နုတ်ထွက်ရမည်ဖြစ်သည်။

ထို့အပြင် ဖွဲ့စည်းပုံအခြေခံ ဥပဒေအခန်း(၃)၊ ပုဒ်မ-၆၂ နှင့် ပုဒ်မ-၆၃အရ နိုင်ငံတော်သမ္မတနှင့် ဒုတိယသမ္မတများသည် မည်သည့်လွှတ်တော်ကိုယ်စားလှယ်မဖြစ်စေရဘဲ သမ္မတနှင့် ဒုတိယသမ္မတတာဝန် ထမ်းဆောင်သည့်နေ့မှစ၍ လွှတ်တော်ကိုယ်စားလှယ်အဖြစ်မှ နုတ်ထွက်ပြီးဖြစ်သည်ဟုမှတ်ယူရမည်ဟု ပြဋ္ဌာန်းထားသည်။

သမ္မတအဖြစ် ရွေးချယ်တင်မြှောက်ခံထားရသော ဦးသိန်းစိန်၊ ဒုတိယသမ္မတများအဖြစ် ရွေးချယ်တင်မြှောက်ခံထားရသော သီဟသူရဦးတင်အောင်မြင့်ဦးနှင့် ဒေါက်တာစိုင်းမောက်ခမ်းတို့မှာ လွှတ်တော်ကိုယ်စားလှယ်များဖြစ်နေသည်။ ထို့အပြင် ဝန်ကြီးအဖြစ် ခန့်အပ်ရန် အဆိုပြုသည့်စာရင်းမှ ဦးအောင်ကြည်၊ သူရဦးမြင့်မောင်၊ ဦးအုန်းမြင့်၊ ဦးကျော်ဆန်း၊ ဝဏ္ဏကျော်ထင်ဦးဝင်းမြင့်၊ ဦးခင်မောင်မြင့်၊ ဦးအောင်မင်း၊ ဦးဇော်မင်း၊ ဦးတင့်ဆန်းစသော ပုဂ္ဂိုလ်တို့မှာ လွှတ်တော်ကိုယ်စားလှယ်များဖြစ်နေသည်ကိုတွေ့ရသည်။ ထို့ကြောင့် အဆိုပါပုဂ္ဂိုလ်များမှာ အစိုးရသစ်တွင် တာဝန်ထမ်းဆောင်သည့်နေ့မှစ၍ လွှတ်တော်ကိုယ်စားလှယ်အဖြစ်မှ နုတ်ထွက်ကြရမည်ဖြစ်သည်။

ပြည်ထောင်စု ဒုတိယဝန်ကြီးများကိုလည်း ထပ်မံရွေးချယ်ခန့်အပ်ရဦးမည်ဖြစ်ပြီး၊ လွှတ်တော်အမတ်များထဲမှ ရွေးချယ်ခံရသူများရှိလာဦးမည်ဖြစ်ကြောင်း လွှတ်တော်ကိုယ်စားလှယ်များကပြောသည်။ ထို့ကြောင့် ဝန်ကြီးနှင့် ဒုတိယဝန်ကြီးအတွက် လွှတ်တော်နှစ်ရပ်အတွင်း နေရာ၅၀ခန့် လစ်လပ်လာနိုင်ကြောင်း အမျိုးသားလွှတ်တော်ကိုယ်စားလှယ်ဦးမြတ်ဉာဏစိုးကပြောသည်။

ထို့အပြင် ပြည်ထောင်စုဝန်ကြီးအဖြစ် ခန့်အပ်ခံရသူများမှာ ခံအပ်ခံရသည့်နေ့မှစ၍ နိုင်ငံတော်ဝန်ထမ်းဖြစ်ပါက အငြိမ်းစားယူပြီးဖြစ်သည်ဟု မှတ်ယူရမည်ဖြစ်ပြီး၊ နိုင်ငံရေးပါတီတစ်ခုခု၏ အဖွဲ့ဝင်ဖြစ်ပါက ပါတီလုပ်ငန်းများမှ ပါဝင်ဆောင်ရွက်ခြင်းမပြုရဟု အခြေခံဥပဒေတွင် ပြဋ္ဌာန်းထားသည်။ အစိုးရဖွဲ့သည့် ဝန်ကြီး ၃၀ဦးအတွက် တင်ပြသည့်စာရင်း တွင် တပ်မတော်အရာရှိ ၃ ဦးလည်း ပါဝင်ပြီး၊ ၎င်းတို့မှာ ဖွဲ့စည်းပုံအခြေခံဥပဒေအရ တပ်မတော်သားများအဖြစ် ဆက်ရှိမည်ဖြစ်သည်။

ဖေဖော်ဝါရီ ၉ ရက်နေ့က ပြုလုပ်သော ပြည်ထောင်စုလွှတ်တော်အစည်းအဝေးတွင် အစိုးရဝန်ကြီးဌာန ၃၄ ဌာနသတ်မှတ်ရန် လွှတ်တော်ကိုယ်စားလှယ်များက သဘောတူခဲ့သည်။ ဝန်ကြီးဌာန ၃၄ ခုတွင် နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ လက်ထက်က ဝန်ကြီးဌာန ၃၂ခုအပြင် ဌာနသစ် ၂ ခုတိုးလာသည်။ သမ္မတရုံးဝန်ကြီးဌာနနှင့် မြန်မာ့စက်မှု ဖွံ့ဖြိုးရေးဝန်ကြီးဌာနတို့ဖြစ်သည်။

ပြည်ထောင်စုဝန်ကြီးများအဖြစ် ခန့်အပ်တာဝန်ပေးခံရသူများစာရင်း-

| | |
|---|---|
| (၁) ဒုတိယဗိုလ်ချုပ်ကြီးကိုကို | (၂) ဗိုလ်ချုပ်လှမင်း |
| (၃) ဗိုလ်ချုပ်သိန်းဌေး | (၄) ဦးဝဏ္ဏမောင်လွင် |
| (၅) ဦးမြင့်လှိုင် | (၆) ဦးကျော်ဆန်း |
| (၇) ဝဏ္ဏကျော်ထင်ဦးဝင်းမြင့် | (၈) ဦးတင့်ဆန်း |
| (၉) ဦးခင်မောင်မြင့် | (၁၀) ဦးသိန်းထွန်း |
| (၁၁) ဦးလှထွန်း | (၁၂) ဦးသိန်းထိုက် |
| (၁၃) ဦးဉာဏ်ထွန်းအောင် | (၁၄) ဦးတင်နိုင်သိန်း |
| (၁၅) ဦးဝင်းထွန်း | (၁၆) ဦးအောင်ကြည် |
| (၁၇) ဦးအုန်းမြင့် | (၁၈) ဦးကျော်စွာခိုင် |
| (၁၉) ဦးစိုးသိန်း | (၂၀) ဦးသန်းဌေး |
| (၂၁) ဦးအောင်မင်း | (၂၂) ဒေါက်တာမြအေး |
| (၂၃) ဒေါက်တာဖေသက်ခင် | (၂၄) ဦးအေးမြင့် |
| (၂၅) သူရဦးမြင့်မောင် | (၂၆) ဦးခင်ရီ |
| (၂၇) ဦးဇော်မင်း | (၂၈) ဦးခင်မောင်စိုး |
| (၂၉) ဦးသိန်းညွန့် | (၃၀) ဦးစိုးမောင် |

## စာ-၄၊ မြန်မာနိုင်ငံသားများအတွက် ဆိုက်ရောက်ဗီဇာအိန္ဒိယသို့ပေးပြီ မှ

ဆိုက်ရောက်ဗီဇာစနစ်ကို တစ်နှစ်အတွင်း အနည်းဆုံး ၂လခြားကာအိန္ဒိယ သွားရောက်သူများကို နှစ်ကြိမ်ခွင့်ပြုပေးမည်ဖြစ်ကြောင်းသိရသည်။ ဆေးကုသမှုခံယူခြင်း၊ အလုပ်ကိစ္စအစည်းဝေးများတက်ရောက်ခြင်း၊ အလည်အပတ်သွားရောက်သူများအတွက် ဆိုက်ရောက်ဗီဇာစနစ်မှာ အဆင်ပြေလွယ်သည့်စနစ်တစ်ခုဖြစ်ပြီး၊ အိန္ဒိယနိုင်ငံတွင်အမြဲတမ်းနေထိုင်သူ(သို့မဟုတ်)အလုပ်လုပ်ကိုင်နေသူများမှာမူ မူရင်းဗီဇာစနစ်ဖြင့်သာ နိုင်ငံတွင်းဝင်ရမည်ဖြစ်သည်။ သံတမန် (သို့မဟုတ်)အစိုးရနိုင်ငံကူးလက်မှတ်ကိုင်ဆောင်သူများမှာ ဆိုက်ရောက်ဗီဇာစနစ်နှင့် မသက်ဆိုင်ကြောင်း သိရသည်။ ဆိုက်ရောက် ဗီဇာများကို နယူးဒေလီ၊ မွန်ဘိုင်း၊ ချန်နိုင်းနှင့် ကိုးလ်ကတ္တားလေဆိပ်များတွင် ထုတ်ပေးလျက်ရှိသည်။

Health
7 ရက် သတင်းဂျာနယ်
7 DAY NEWS JOURNAL
Vol.9, No.47 • FEBRUARY 17, 2011



## နာတာရှည်အသည်းရောဂါ ဖြစ်ပွားရန် လွယ်ကူသည့် အသည်းရောင်အသားဝါ–စီ

သီဟ

အသည်းရောင် အသားဝါရောဂါပိုးများအား A, B, C, D, E, G ဟူ၍ ခြောက်မျိုးခွဲခြား သတ်မှတ် နိုင်ကြောင်း ပညာရှင်များ၏ အဆိုအရ သိရသည်။

ထိုရောဂါပိုးများထဲတွင် A နှင့် E သည် အစားအသောက်နှင့် ရေတို့မှ ကူးစက်ပြန့်ပွားနိုင်ပြီး B, C, D နှင့် G အမျိုးအစားများသည် သွေးမှတစ်ဆင့်ကူးစက်နိုင်သည်ဟုသိရသည်။

သွေးမှကူးစက်နိုင်သည့် အမျိုးအစားများထဲတွင်မှ ဘီနှင့်စီတို့သည် နာတာရှည်အသည်းရောဂါအဖြစ် ဖြစ်ပွားနိုင်ပြီး အသည်းခြောက်ခြင်း၊ အသည်းကင်ဆာဖြစ်ခြင်းတို့အထိ ဖြစ်ပွားသည့် ကြောက်မက်ဖွယ်ကောင်းသော ရောဂါပိုးများဖြစ်ကြသည်။ D အမျိုးအစားရောဂါပိုးသည် မြန်မာနိုင်ငံတွင်မရှိသော ရောဂါပိုးတစ်မျိုးဖြစ်ဖြစ်ပြီး၊ G အမျိုးအစားသည် ရှားပါးသော အမျိုးအစားများဖြစ်ကြောင်း အသည်းအထူးကုဆရာဝန်ကြီး ပါမောက္ခဒေါက်တာ ခင်မောင်ဝင်းကပြောကြားသည်။

နာတာရှည် အသည်းရောဂါ၊ အသည်းခြောက်ခြင်း၊ အသည်းကင်ဆာ အစရှိသည့် ရောဂါများဖြစ်နိုင်သောအသည်းရောင်အသားဝါပိုးများဖြစ်ကြသည့် Bနှင့် C ပိုးများတွင် စီပိုးဝင်ရောက်ခြင်းခံရသူများ၏ ၅၀ ရာခိုင်နှုန်းမှ ၈၀ရာခိုင်နှုန်းသည် နာတာရှည်အသည်းရောဂါသည်များအဖြစ် ရောက်ရှိသွားလေ့ရှိကြောင်း သိရသည်။

အသည်းရောင် အသားဝါ B ဝင်ရောက်ခြင်းခံရသူများထဲတွင် ၁၅ခိုင်နှုန်းမှ ၂၀ ရာ ခိုင်နှုန်းသာ နာတာရှည်အသည်းရောဂါသည်များအဖြစ် ရောက်ရှိလေ့ရှိကြောင်း သိရသည်။

သို့သော် အသည်းရောင်အသားဝါ C သည် အသည်းအား တဖြည်းဖြည်းချင်းလိုက်စားသည့်အတွက်ပိုးဝင်ရောက်ပြီး ဆယ်နှစ်မှအနှစ် နှစ်ဆယ်ကြာသည့်အချိန်မှ အသည်းခြောက်ခြင်း အသည်းကင်ဆာဖြစ်ခြင်းတို့ ဖြစ်ပွားသည့်အတွက် ဆေးကုသချိန်များစွာရရှိကြောင်း သိရသည်။

အသည်းရောင် အသားဝါ Cပိုးသည် ခန္ဓာကိုယ်အတွင်းသို့ ဝင်ရောက်နေသော်လည်း ရောဂါလက္ခဏာပြသခြင်းမရှိသည့်အတွက် အဆိုပါ ပိုးဝင်ရောက်ခြင်းကို အကြောင်းတစ်စုံတစ်ရာကြောင့် ဆေးစစ်မှုခံယူမှသာလျှင် သိရှိနိုင်ကြောင်း ပါမောက္ခဒေါက်တာခင်မောင်ဝင်းကပြောသည်။

အသည်းရောင် အသားဝါ C သည်သွေးမှတစ်ဆင့်ကူးစက်နိုင်သည့်ရောဂါပိုးဖြစ်သဖြင့် အတူနေထိုင်စားသောက်ရုံဖြင့် ကူးစက်ခြင်းမရှိနိုင်ကြောင်း သိရသည်။ ရောဂါပိုးရှိသူ၏ သွေးနှင့်ထိမှသာ ရောဂါကူးစက်နိုင်ပြီး အခြားကူးစက်နိုင်သော နည်းလမ်းများမှာ မုတ်ဆိတ်ရိတ်ဓါး အတူတူအသုံးပြုခြင်း၊သွားပွတ်တံအတူတူအသုံးပြုခြင်း၊ မူးယစ်ဆေးဝါးအတူ အသုံးပြုခြင်း၊ရောဂါပိုးရှိပြီး သူအသုံးပြုထားသည့် ဆေးထိုးအပ်စသည်များဖြင့် ထိုးမိခြင်းတို့မှ ကူးစက်နိုင်ကြောင်းသိရသည်။

သို့သော် ရောဂါပိုးရှိသူ၏ တံတွေးမှတစ်ဆင့်မကူးစက်နိုင်ကြောင်းသိရပြီး၊ လိင်ဆက်ဆံခြင်းမှလည်း ကူးနိုင်ရန်ခဲယဉ်းကြောင်း သိရသည်။

စာ(၃၀)သို့

လူ့ခန္ဓာကိုယ်အတွင်း အစိတ်အပိုင်းများ တည်ဆောက်မှုသည် အလွန်ရှုပ်ထွေးသည့်အလျောက် တစ်စုံတစ်ခု ဖြစ်ပွားလာပါက ပုံမှန်လူများ မသိရှိနိုင်သည့်အတွက် တတ်ကျွမ်းနားလည်ရာ ပညာရှင်များထံ သွားရောက်ဆေးကုသမှုခံယူကြရသည်။

ဆေးကုသမှု ခံယူသည့်အခါ တတ်ကျွမ်းသည့်ဆရာဝန်များကလည်း ရောဂါအခြေအနေအား သိရှိစေရန် သင်ယူထားသည့်ပညာရပ်များသာမက ပိုမိုတိကျစွာဖော်ထုတ်ပေးနိုင်သော စက်ပစ္စည်းကိရိယာ အကူအညီများဖြင့်လည်း စစ်ဆေးဖော်ထုတ်ကြသည်။



ဝတ်ရည်

## ကျန်းမာရေးစစ်ဆေးမှုဖောင်းပွလာခြင်းနှင့် ဆရာဝန်နှင့်လူနာကြားလွဲမှားသောနားလည်မှု

စက်ပစ္စည်းများဖြင့် စစ်ဆေးပြီး ရောဂါအဖြေရှာကြသည့်အခါ ယခုနောက်ပိုင်းတွင် အချို့ဆရာဝန်များသည် ယခင်ကထက် ကျန်းမာရေးဆိုင်ရာစစ်ဆေးမှုများ ပိုမိုများပြားလာကြောင်း ဆေးပညာအသိုင်းအဝိုင်းနှင့် လူနာများထံမှ သိရသည်။

“ရောဂါတစ်ခုဖြစ်လာရင် မဖြစ်မနေစစ်ကို စစ်ရမယ့် ကျန်းမာရေးစစ်ဆေးမှုတွေကို လုပ်ရပေမယ့် တချို့ဆရာဝန်တွေဆို ဆေးပညာကျင့်ဝတ်အနေနဲ့လည်း မသင့်တော်တဲ့ လူနာအပေါ်လိုအပ်တာရော၊ မလိုအပ်တဲ့စစ်ဆေးမှုတွေရောအရမ်းကို လုပ်ခိုင်းတာကို တွေ့ရတယ်”ဟု ဒေါက်တာသန်းအေးကပြောသည်။

ရောဂါတစ်ခုအား ခွဲစိတ်ခါနီးတွင် လုပ်သင့်လုပ်ထိုက်သော မဖြစ်မနေလုပ်ရမည့် စစ်ဆေးမှုမရှိခဲ့ခြင်းကြောင့် အမျိုးသမီးငယ်တစ်ဦး အသက်သေဆုံးခဲ့ရပြီးနောက် ဆရာဝန်များနှင့် လူနာများအကြား နားလည်မှုလွဲမှားသည့် ပြဿနာများ ဖြစ်ပွားခဲ့ကြသည့် ယခုနောက်ပိုင်းတွင် ထိုကဲ့သို့ လိုအပ်သော၊ မလိုအပ်သော ကျန်းမာရေးစစ်ဆေးမှုများ များပြားလာကြောင်း ဒေါက်တာသန်းအေးကပြောသည်။

အဆိုပါဆရာဝန်တစ်ဦးသည် ကော်ဖီဆိုင်တစ်ဆိုင်တွင် အလုပ်လုပ်သော အမျိုးသမီးတစ်ဦး ဗိုက်အောင့်၍ ဆေးခန်းသွားပြရာ ဗိုက်အောင့်သည့်လူနာအား မည်သည့် စမ်းသပ်စစ်ဆေးမှုမှ မပြုလုပ်မီ အသည်းရောင်အသားဝါ ဘီပိုး၊ စီပိုး စစ်ဆေးခိုင်းခြင်း၊ အိတ်ချ်အိုင်ဗီစစ်ဆေးခြင်း၊ ဝမ်းဗိုက်အာထရာဆောင်းရိုက်ခြင်း၊ အစာအိမ်ထဲမှန်ပြောင်းထည့်၍ စစ်ဆေးခြင်းများဖြင့် စစ်ဆေးခဲ့ကြောင်း ဒေါက်တာသန်းအေးကပြောသည်။

“ဗိုက်အောင့်လို့ ဆေးခန်းသွားတာ တစ်သိန်းကျော်လောက်ကုန်တယ်လို့ပြောတယ်။ တကယ်တမ်းပြောရရင် ဗိုက်အောင့်တာလောက်ကိုတော့ အရင်ဆုံးသင်ခဲ့တဲ့ပညာရပ်တွေလောက်နဲ့ စစ်ဆေးလို့ရပါတယ်။ အစာအိမ်မှန်ပြောင်းတွေဆိုတာလောက်အထိ မလိုသေးပါဘူး။ အခုတော့ တစ်ခါတည်းနဲ့ ဒီဟာတွေစစ်ဆိုပြီး စစ်ခိုင်းတာလို့ပြောတယ်”ဟု ဒေါက်တာသန်းအေးက သူ၏အတွေ့အကြုံကိုပြောသည်။

“နောက်တစ်ခုလည်း ဒီလပိုင်းလောက်က သိရတာ။ မြစ်ဝကျွန်းပေါ်က လူနာတစ်ယောက်လည်ပင်းမှာ အကျိတ်ဖြစ်လို့ ရန်ကုန်မှာ ဆေးလာကုတာ။ အကျိတ်နှစ်လုံးအနက် အသေးတစ်လုံးကို ခွဲလိုက်ပြီး စစ်ဆေးခိုင်းတာလုပ်တယ်။ ပြီးတော့ ဆေးစစ်ခိုင်းတာ ၁၁ မျိုးရှိတယ်။ အဲဒီမှာ လည်ပင်းအကျိတ်ရောဂါနဲ့ဆိုင်တဲ့ စစ်ဆေးမှုတွေရော၊ ဘယ်လိုမှ မဆိုင်တဲ့ စစ်ဆေးမှုတွေရောပါတယ်”ဟု အဆိုပါဆရာဝန်က ဆက်လက်ပြောသည်။

စာ(၁၄)သို့



7DAY NEWS JOURNAL
Vol.9, No.47 • FEBRUARY 17, 2011



# သွားအောက်ခြေရှိ ကျောက်များ စောစီးစွာ ဖယ်ထုတ်ပစ်သင့်

ဝတ်ရည်

ရန်ကုန်၊ ဖေဖော်ဝါရီ-၁၂

သွားများအောက်ခြေတွင် ကပ်ညိနေသည့် သွားကျောက်များကို စောစီးစွာ မဖယ်ထုတ်ပါက ကြာရှည်တွင် သွားများပျက်စီးပြီး ရေစီးကမ်းပြိုရောဂါများအပြင် အသက်ပါသေဆုံးသည်အထိ ဖြစ်ပွားလာနိုင်သော သွားရောဂါဟု သွားဘက်ဆိုင်ရာဆရာဝန်များထံမှ သိရသည်။

သွားရောဂါများကြောင့် နာကျင်မှုဝေဒနာများသာ ခံစားရနိုင်သည်ဟု လူအများထင်မှတ်နေကြသော်လည်း ဂရုမပြုဘဲထားပါက အသက်ပါသေဆုံးနိုင်သည့် အခြေအနေတွင်ရှိပြီး ထိုအန္တရာယ်သည် သွားကျောက်တည်ခြင်းများမှ တစ်ဆင့် ဖြစ်ပွားလာနိုင်ကြောင်း သွားဘက်ဆိုင်ရာ ဆရာဝန်ဒေါက်တာစိုးတင့်ကပြောသည်။

အစာစားပြီးသည့်အခါ လက်ဆေးကြသော်လည်း အများအားဖြင့် ပါးစပ်ဆေးလေ့မရှိကြဘဲ ကြာရှည်လာပါက သွားများကြားအခြေများတွင် အညှိများ တဖြည်းဖြည်းတက်လာပြီး သွားကျောက်တည်ခြင်းများ ဖြစ်ပွားကြခြင်းဖြစ်ကြောင်း သိရသည်။

"သွားမတိုက်လို့ ဖြစ်တာတော့ မဟုတ်ပါဘူး။ ဒါပေမဲ့ သွားတိုက်တဲ့အခါ သွားကြားတွေထဲက အစာညှပ်တွေကို ထိုးမထုတ်တဲ့အတွက် ဝင်သွားတဲ့အစာတွေက အဆီအနှစ်တွေ ထွက်သွားပြီး ကယ်ဆီယမ်နဲ့ အမျှင်တွေကနေ သွားကျောက်တည်လာတယ်။ ပြီးတော့ ပါးစပ်ထဲမှာရှိတဲ့ ပိုးမွှားတွေကြောင့်လည်း သွားကျောက်ပိုတည်လာတယ်"ဟု သွားဆရာဝန်တစ်ဦးက ပြောသည်။

ပါးစပ်အတွင်း ကျောက်များဖြစ်လာသောအခါ နေထိုင်ရန်ပိုးမွှားများ ရောက်လာပြီး ထိုပိုးမွှားများ ဆက်လက်ရပ်တည်နိုင်ရန် သွားများ၏ အမြစ်အောက်ခြေတွင် ကျောက်များပိုတည်လာရန် ဖန်တီးခြင်းဖြင့် တဖြည်းဖြည်း သွားကျောက်များ များပြားလာခြင်းဖြစ်သည်။

"သွားဖုံးတွေက ပိုးမွှားတွေနဲ့ အမြဲထိတွေ့နေတဲ့အတွက် ပိုးမွှားတွေက ထုတ်တဲ့ အဆိပ်တွေကြောင့် သွားဖုံးတွေနီရဲလာတယ်။ ထိတာနဲ့သွေးအလွယ်တကူထွက်လာတော့ သွားသေချာ မတိုက်ဖြစ်တော့ ပိုကျောက်တည်လာတယ်" ဟု ဒေါက်တာစိုးတင့်က ဆက်လက်ပြောသည်။

သွားကျောက်အတွင်း နေထိုင်သည့် ပိုးမွှားများမှာ နေရာပိုမိုရလာစေရန် သွားများ၏ ဘေးတွင် အုံထားသည့်အရိုးများအား တဖြည်းဖြည်း စားလာရာမှ အရိုးများ နိမ့်ဆင်းလာပြီး သွားအမြစ်များပေါ်လာလေ့ရှိသည်။

"သွားအမြစ်တွေ ပေါ်ပေါ်လာတော့ အရိုးထဲမှာ မြှုပ်နေတဲ့ အပိုင်းတိမ်လာတော့ ဝါးတဲ့ဒဏ်ကို မခံလာနိုင်တော့ဘူး။ တဖြည်းဖြည်းနဲ့ နဲ့လာတယ်။ ကြာလာရင် သွားဖုံးထိပ်သားတွေ ရုတ်တရက်ဆွေးပြီး အနာပြဲတွေ ဖြစ်လာနိုင်တယ်။ အဲဒါကနေ သွားဖုံးရောင်ရောဂါတွေ ဖြစ်လာတယ်"ဟု အဆိုပါ ဆရာဝန်က ပြောသည်။

ကလေးငယ်များတွင် အဖြစ်များပြီး လူကြီးများတွင်ဖြစ်လာပါက ပါးစပ်များနံခြင်း၊ တံတွေးများထွက်ခြင်း၊ သွေးများထွက်လာခြင်းစသည့် လက္ခဏာများပြသ၍ ကျောက်တည်သည့်နေရာတွင် ပိုးမွှားများ အလွန်များပြားလာပါက ပါးပေါက်နာဖြစ်ပြီး အသက်သေဆုံးသည်အထိ ဖြစ်ပွားနိုင်ကြောင်းသိရသည်။

အဆိုပါ ကျောက်များအား သွားကျောက်ခြစ်စက်ဖြင့် အလွယ်တကူ ခွာထုတ်နိုင်ပြီး သွားကျောက်တည်ခြင်း မဖြစ်စေရန် သွားဆရာဝန်ထံတွင် ပုံမှန်သွားရောက်စစ်ဆေးသင့်ကြောင်း သိရသည်။

## စာ-၁၃၊ ကျန်းမာရေးစစ်ဆေးမှုဖောင်းပွလာခြင်းနှင့် ဆရာဝန်နှင့် လူနာကြား လွဲမှားသော နားလည်မှု မှ

ထိုကဲ့သို့ ကျန်းမာရေးစစ်ဆေးမှုများ များပြားသည့်အခါ ကုန်ကျသည့်ငွေကြေးပမာဏ ပိုမိုများပြားလာသဖြင့် ငွေကြေးတတ်နိုင်မှုမရှိသူများမှာ ဆေးကုသမှုမခံ ယူနိုင်တော့ဘဲ နီးစပ်ရာ ဆေးမြီးတိုများဖြင့် ဆက်လက်ကုသကြသည့် လူနာများလည်းရှိကြောင်း သိရသည်။

အချို့လူနာများမှာလည်း ဆရာဝန်ထံ ရောဂါသွားရောက်ပြသသည့်အခါ ဆေးကုသခြင်းအပြင် တွဲဖက်လုပ်သည့်ဆေးကုမ္ပဏီတွင် ဆေးကုသရန် ခေါ်ယူခြင်း၊ ထိုကုမ္ပဏီများမှ ဆေးဝါးများအား သုံးစွဲရန်ညွှန်ကြားခြင်း၊ ရာခိုင်နှုန်းအလိုက်ပြန်ရသော ဆက်စပ်ထားသည့်ကုမ္ပဏီများတွင် မလိုအပ်ဘဲ ကျန်းမာရေးစစ်ဆေးမှုများ ပြုလုပ်စေခြင်းများလည်း ရှိကြောင်း ဆေးကုသမှုခံယူခဲ့သည့် အမျိုးသမီးတစ်ဦးကပြောသည်။

"ဘယ်ဘက်နံရိုး ရင်ဘတ်အောက်က အောင့်လို့ ဆေးခန်း သွားပြတာ၊ ရောဂါဖြစ်တဲ့ပုံစံတွေကို ပြောတာလည်း သေချာနားမထောင်ဘူး။ ရောက်ရောက်ချင်း ဆေးထိုးမယ်လုပ်လို့ ဓာတ်မှန်လေးအရင် ရိုက်ပေးပါပြောပြီး ဓာတ်မှန်ရိုက်လိုက်တာ၊ အဆုတ်မှာ ပိုးဝင်တာလို့ပြောတယ်။ သောက်ဆေးနဲ့ ပျောက်ပေမယ့် စိတ်ချရအောင် သူ့ကုမ္ပဏီမှာ Medical Checkupလုပ်ဖို့ပြောလို့ မေးကြည့်တော့ Checkup က ဈေးမကြီးဘူး။ ဆေးတွေကတော့ ဈေးကြီးတယ်။ ဒါပေမဲ့ ဆေးဖိုးခုနစ်သောင်းကျော်လို့ Member ဖြစ်ရင် ဈေးလျှော့ပေးမယ်ဆိုပြီးပဲ အတင်းပြောနေတော့တာ။ ကြာတော့ ဆရာဝန်လို့တောင် မထင်တော့ဘူး။ ကုမ္ပဏီက အရောင် မန်နေဂျာနဲ့ တွေ့နေလားတောင် ထင်ရတယ်"ဟု အသက် ၂၅နှစ် အရွယ် ကုမ္ပဏီဝန်ထမ်း အမျိုးသမီးတစ်ဦးကပြောသည်။ အဆိုပါအမျိုးသမီးမှာ နှစ်ပတ်ခန့် ချောင်းအလွန်အကျွံဆိုး၍ သုံးပတ်ကျော်အထိ ချောင်းဆိုးမပျောက်ရာမှ ရင်ဘတ်အောင့်လာ၍ ဆေးခန်းသွားပြခြင်းဖြစ်ပြီး အဆိုပါဓာတ်မှန်ဖြင့် အခြားအထွေထွေကုဆရာဝန်ထံ သွားရောက်ပြသရာ ချောင်းဆိုးခြင်းကြောင့် အဆုတ်နံရံများရောင်ရမ်းပြီး ရင်ဘတ်အောင့်ခြင်းဖြစ်၍ သောက်ဆေးဖြင့်သက်သာသွားကြောင်း အဆိုပါအမျိုးသမီးက ဆက်လက်ပြောသည်။

ဆရာဝန်တစ်ဦး၏ ကျင့်ဝတ်လုပ်ထုံးလုပ်နည်းတွင် လူနာအားလိုအပ်သောဆေးစစ်မှုများဆောင်ရွက်၍ လူနာအား ပြုစုစောင့်ရှောက်ရမည်ဟု ပါရှိပြီး၊ ထိုကဲ့သို့ တွဲဖက်လုပ်ကိုင်နေသည့် ကုမ္ပဏီစီးပွားရေးအဖြစ် ကူးပြောင်းထားခြင်းမှာမူ ထိုဆရာဝန်၏ ဆုံးဖြတ်ချက်သာဖြစ်ကြောင်း မြန်မာနိုင်ငံဆရာဝန်အသင်းမှ ဆရာဝန်တစ်ဦးကပြောသည်။

"ဆရာဝန်တွေထဲမှာလည်း လူအမျိုးမျိုးတော့ရှိတယ်။ ဆရာဝန်အကုန် မကောင်းတာမဟုတ်သလို အကုန်လုံးလည်း မဆိုးပါဘူး"ဟု အဆိုပါဆရာဝန်ကပြောသည်။ လူတစ်ဦးတွင် ရောဂါတစ်စုံတစ်ရာဖြစ်ပွားလျှင် အခြားရောဂါများ ဆက်တိုက်ဝင်လာရန် အခွင့်အရေးများကြောင်း၊ ရောဂါတစ်ခုနှင့်တစ်ခုလည်း ဆက်စပ်နေသည့်အပြင် ရောဂါရင့်မှ ရောက်လာသည့် လူနာများပြားသည့်အတွက် ဆရာဝန်များအနေဖြင့်လည်း ဆက်စပ်နိုင်သည့် အခြားရောဂါများကိုပါ စစ်ဆေးအဖြေရှာမှ ရောဂါအခြေအနေအကြောင်း ပိုမိုသိနိုင်မည်ဖြစ်ကြောင်း အထူးကုဆရာဝန်တစ်ဦးကပြောသည်။

"ရောဂါတစ်ခုကို စစ်ဆေးတဲ့ အခါ ပြည့်စုံတဲ့စစ်ဆေးမှုတွေကိုလုပ်မှ အဖြေကို တိတိကျကျသိရတာပါ။ အထူးသဖြင့် အန္တရာယ်များတဲ့ ခွဲစိတ်မှုတွေလုပ်မယ်ဆိုရင် ပိုသတိထားပြီးစစ်ဆေးကြရတယ်။ ဖြစ်တဲ့ရောဂါနဲ့ မဆိုင်ဘူးထင်ပြီး မစစ်ဆေးရင်၊ ခွဲစိတ်မှုမှာ အသက်သေဆုံးတဲ့အထိ အန္တရာယ်ဖြစ်တာမျိုးတွေလည်းရှိတယ်။ သေသေချာချာမစစ်ဆေးဘဲ ခွဲစိတ်လို့ လူနာသေသွားရင် ဆရာဝန်ပဲတရားစွဲခံရနိုင်တာ။ ဒါကြောင့် အန္တရာယ်မဖြစ်စေအောင် စစ်ဆေးမှုတွေ အများကြီးလုပ်ရတာကို လူနာနဲ့ ဆရာဝန်ကြား နားလည်မှုလွဲနေတာပါ"ဟု အဆိုပါအထူးကုဆရာဝန်တစ်ဦးက သုံးသပ်ပြောသည်။

## အိန္ဒိယနိုင်ငံမှ အထူးကုဆရာဝန်ကြီးများ လာရောက်မည်

သီဟ

ရန်ကုန်၊ ဖေဖော်ဝါရီ-၁၂

အိန္ဒိယနိုင်ငံ နယူးဒေလီမြို့ရှိ Apollo Hospital မှအသည်းအစားထိုးခွဲစိတ်အထူးကုသမားတော်နှင့် အစာအိမ်နှင့် အူလမ်းကြောင်း ဆိုင်ရာကလေးအထူးကု ဆရာဝန်ကြီးတို့လာရောက်၍ အသည်းအစားထိုးခြင်းဆိုင်ရာ သိကောင်းစရာများအကြောင်းအား ဆရာဝန်များနှင့် ပြည်သူလူထုသို့ ဟောပြောပွဲနှင့် အခမဲ့စမ်းသပ်ခြင်းများ လာရောက်ပြုလုပ်ကြမည်ဖြစ်ကြောင်း သိရသည်။

ဆရာဝန်များအတွက် ဟောပြောပွဲအား CME Program on Liver Transplantation ခေါင်းစဉ်ဖြင့် ယခုလ ၁၆ ရက်နေ့တွင် ကုန်သည်ကြီးများဟိုတယ်၌ကျင်းပပြုလုပ်မည်ဖြစ်ပြီး လူထုအတွက် ဟောပြောပွဲနှင့် အခမဲ့စမ်းသပ်ခြင်းအား ယခုလ ၁၇ ရက်နေ့တွင် ချက်ထရီယန်ဟိုတယ်၌ ကျင်းပမည်ဖြစ်သည်။

အခမဲ့စမ်းသပ်ပေးခြင်းအား နံနက်ကိုးနာရီမှ ဆယ်နာရီခွဲအထိ ပြုလုပ်မည်ဖြစ်ပြီး ဆယ်နာရီခွဲမှ ဆယ့်နှစ်နာရီအထိ အသည်းရောဂါနှင့်ပတ်သက်သော သိကောင်းစရာများအား အများပြည်သူသို့ ဟောပြောမည်ဖြစ်ကြောင်း သိရသည်။

အဆိုပါဟောပြောပွဲများသို့ တက်ရောက်လိုသူများသည် ကေစီကျန်းမာရေး စောင့်ရှောက်မှုလုပ်ငန်းနှင့် ဆက်သွယ်စာရင်းပေးသွင်းနိုင်ကြောင်း သိရသည်။

အောင်ချမ်းမြေ
(I) 06:30 am to 08:30 am (V) 01:30 pm to 03:30 pm
(II) 07:30 am to 09:30 am (VI) 04:30 pm to 06:30 pm
(III) 09:30 am to 11:30 am (VII) 05:30 pm to 07:30 pm
(IV) 12:30 pm to 02:30 pm
09:30 am to 03:30 pm
09:00 am to 12:00 pm
http://www.acmnursingtraining.com

Regional
7 DAY NEWS JOURNAL
Vol.9, No.47 • FEBRUARY 17, 2011

# ပုဂ္ဂလိက စက်သုံးဆီအရောင်းဆိုင်များတွင် ဆီဝယ်ခွင့်ပိုရရှိသည့်အတွက် တန်းစီသည့်ကားပိုများလာ

မျိုးမင်းဦး

**မုံရွာ၊ ဖေဖော်ဝါရီ- ၁၀**

နိုင်ငံပိုင်မှ ပုဂ္ဂလိကပိုင်အဖြစ်ပြောင်းလဲလုပ်ကိုင်ခွင့်ရရှိခဲ့သော မုံရွာမြို့ပေါ်စက်သုံးဆီအရောင်းဆိုင်အချို့တွင် မော်တော်ယာဉ်များ စက်သုံးဆီဝယ်ယူခွင့်ပိုမိုရရှိလာသည့်နောက်ပိုင်း မုံရွာမြို့ပေါ်မှ ယာဉ်ပိုင်ရှင်များတန်းစီစနစ်ဖြင့် စက်သုံးဆီဝယ်ယူသူပိုမိုများပြားလာကြောင်း မုံရွာဒေသခံယာဉ်ပိုင်ရှင်များက ဆိုသည်။



ဓာတ်ပုံ - မျိုးမင်းဦး

"ပြီးခဲ့တဲ့ ဇန်နဝါရီလကုန်ရက်ပိုင်းကစပြီး မုံရွာမြို့ပေါ်က ပုဂ္ဂလိက စက်သုံးဆီဆိုင်တွေမှာ အရင်ဓာတ်ဆီ ၄ ဂါလန်၊ ၆ ဂါလန်ရောင်းချတဲ့ ဆိုင်တွေက ကားတစ်စီးဓာတ်ဆီ ၈ ဂါလန်အထိတိုးမြှင့်ရောင်းချပေးတယ်။ စက်သုံးဆီသတ်မှတ်ဂါလန်တိုးမြှင့်ရောင်းချပေးတဲ့ဆိုင်တွေမှာ ကားအစီး ၇၀ ကျော်အထိ တန်းစီစောင့်ဆိုင်းပြီး စက်သုံးဆီဝယ်ယူကြသလို နေ့ရောညပါ တန်းစီနေတဲ့ကားတန်းကြီးဟာလည်း စက်သုံးဆီဝယ်ယူဖို့ စောင့်နေတဲ့ဆိုင်ကယ်တန်းကြီးလို စနစ်တကျ တန်းစီနေရာကို ဖေဖော်ဝါရီလဆန်းပိုင်းမှာမြင်တွေ့ခဲ့ရတယ်"ဟု မုံရွာဒေသခံစက်သုံးဆီ ဝယ်ယူသော ယာဉ်ပိုင်ရှင်တစ်ဦးမှ ကိုယ်တိုင်မြင်တွေ့ခဲ့ရပုံကို ပြောပြသည်။

"အရင်လတွေတုန်းက စက်သုံးဆီထုတ်ယူတဲ့ဆိုင်ကယ်တွေသာ များပြားခဲ့ပြီး ကားတွေကတော့ အလွယ်တကူ စက်သုံးဆီဝယ်ယူတာတွေရှိခဲ့တာ။ ပြီးခဲ့တဲ့ ဇန်နဝါရီလကုန်ရက်ပိုင်းကစပြီး စက်သုံးဆီဝယ်ယူဖို့စောင့်ဆိုင်းနေတဲ့ကားတန်းကြီးတွေ စမြင်ခဲ့ရတယ်။ စက်သုံးဆီရောင်းချမှုပုံစံက ကားတစ်စီး ၈ ဂါလန်ဆိုတော့ ကားတန်းတွေပိုများလာသလို မော်ဒယ်နိမ့်ကားတွေရော မော်ဒယ်မြင့်ကားတွေပါ စက်သုံးဆီဝယ်ယူလာကြတယ်။ မော်ဒယ်နိမ့်ကားဈေးကွက်ကလည်း စက်သုံးဆီဝယ်ယူခွင့် ရရှိလာတဲ့အတွက် အဝယ်လိုက်ပြီး ဈေးကစားလာတယ်။ ကားတစ်စီးတစ်နေ့ တစ်ဂါလန်ဆိုပေမယ့် တစ်နေ့ နှစ်ဆိုင်လောက်ကားတွေဆီဝယ်ခွင့်ရလာတယ်"ဟု မုံရွာဒေသခံယာဉ်ပိုင်ရှင်တစ်ဦးက ပြောသည်။

နိုင်ငံပိုင်မှ ပုဂ္ဂလိကပိုင်အဖြစ် ပြောင်းလဲလုပ်ကိုင်ခွင့်ရရှိသောစက်သုံးဆီအရောင်းဆိုင်များတွင် ဓာတ်ဆီတစ်ဂါလန် ၂,၅၀၀ ကျပ်ဖြင့်ဝယ်ယူခွင့်ရရှိခဲ့ပြီး ပြင်ပစက်သုံးဆီအရောင်းဆိုင်များတွင် ဓာတ်ဆီတစ်ဂါလန်၃,၆၀၀ကျပ်မှ ၄,၀၀၀ ကျပ်အထိရှိသဖြင့် ပြင်ပစက်သုံးဆီ အရောင်းဆိုင်များတွင် တစ်ဆင့်ပြန်လည်ရောင်းချလိုသော စက်သုံးဆီအရောင်းဆိုင်ရှင်တွေက မော်တော်ကား၊ မော်တော်ဆိုင်ကယ်များနဲ့ စက်သုံးဆီထုတ်ယူနေတာကြောင့် စက်သုံးဆီ အရောင်းဆိုင်များတွင် တန်းစီစောင့်ဆိုင်းနေတာဖြစ်တယ်"ဟု မုံရွာဒေသခံယာဉ်ပိုင်ရှင်များက ပြောကြားသည်။

# နေပြည်တော်မှ ရှမ်းပြည်နယ်မြောက်ပိုင်းနှင့် ဧရာဝတီတိုင်းဒေသကြီးသို့ ယာဉ်လိုင်း ပြေးဆွဲခွင့်လျှောက်ထား

ထူးသန့်

**နေပြည်တော်၊ ဖေဖော်ဝါရီ- ၁၀**

၂၀၁၁ ခုနှစ် ပထမလပိုင်း၌ နေပြည်တော်မှ ရှမ်းပြည်နယ်မြောက်ပိုင်းနှင့် ဧရာဝတီတိုင်းဒေသကြီးများသို့ ခရီးသည်များ သယ်ယူပို့ဆောင်ရေးအတွက် ယာဉ်လိုင်းများ ထပ်မံလျှောက်ထားလာကြကြောင်း နေပြည်တော်မော်တော်ယာဉ်လုပ်ငန်းပေါင်းစုံ ထိန်းသိမ်းရေးကော်မတီ(အဝေးပြေး)မှ သိရသည်။

ယာဉ်လိုင်းအသစ်များနှင့် တိုးချဲ့ခရီးစဉ်လျှောက်ထားသော ယာဉ်လိုင်းများအပါအဝင် ယာဉ်လိုင်းပေါင်း ၉ လိုင်းက ဒေသကြီး ၈ ခုသို့ ခရီးသည်သယ်ယူပို့ဆောင်နိုင်ရေးအတွက်လျှောက်ထားလာခြင်းဖြစ်ကြောင်း၊ လားရှိုး၊ ပြင်ဦးလွင်၊ ရပ်ဆောက်နှင့် မြန်အောင်မြို့ခရီးစဉ်များလည်း ပါဝင်လာကြောင်း ကော်မတီဥက္ကဋ္ဌဦးဝင်းဆွေက ပြောကြားသည်။

"အခုလောလောဆယ်တော့ လိုင်းသစ်တွေရော၊ ခရီးစဉ်တိုးချဲ့မယ့်လိုင်းတွေရော အများကြီးလျှောက်ထားကြတယ်။ ခရီးစဉ်အသစ်တွေလည်း ပါဝင်လာကြတယ်။ ခွင့်ပြုမိန့်လည်း ရက်ပိုင်းမှာပဲ ကျလာပါလိမ့်မယ်"ဟု ၎င်းကရှင်းလင်းပြောကြားခဲ့ခြင်းဖြစ်သည်။

ယခု လျှောက်ထားသော ခရီးစဉ်နှင့် ယာဉ်လိုင်းများတွင် နေပြည်တော်-ရန်ကုန် ခရီးစဉ်အဖြစ် E-lite, JJ Express နေကြယ်မင်း၊ နယူးမန္တလာထွန်းယာဉ်လိုင်းတို့ကလည်းကောင်း၊ ကြယ်စင်ဟိန်းယာဉ်လိုင်းက နေပြည်တော်မှ မန္တလေး၊ ပြင်ဦးလွင်၊ လားရှိုးမြို့များသို့လည်းကောင်း၊ ထက်ကောင်းကင်ယာဉ်လိုင်းက မြန်အောင်နှင့် အခြားဒေသများသို့လည်းကောင်း၊ ဇာတိမာန်ယာဉ်လိုင်းက ရပ်စောက်မြို့သို့လည်းကောင်းစသည်ဖြင့် အသီးသီးလျှောက်ထားလာသည်။ ၂၀၀၈ ခုနှစ် နှစ်ဝက်ပိုင်းက စတင်ဖွဲ့စည်းခဲ့သော နေပြည်တော်မထသ(အဝေးပြေး)၏ စီမံခန့်ခွဲမှုအောက်တွင် ယာဉ်လိုင်းပေါင်း ၄၀ခန့်ရှိနေပြီးဖြစ်ပြီး တော်ဝင်ယာဉ်လိုင်းက သီးခြားအစီအစဉ်ဖြင့် ပြေးဆွဲလျက်ရှိသည်။

# နေပြည်တော်တွင် ကြက်သားစားသူ လျော့ကျ

ထူးသန့်

**နေပြည်တော်၊ ဖေဖော်ဝါရီ - ၁၁**

ကုန်စိမ်းနှင့် သားငါးဈေးများအတွင်းကြက်သား၊ ကြက်ဥနှင့် ကြက်ထွက်ကုန်ပစ္စည်းများ ရောင်းချခွင့်ယာယီတားမြစ်ထားသော နေပြည်တော်တွင် ယခု ရက်သတ္တပတ်များအတွင်း ကြက်သားဝယ်ယူစားသုံးမှုလျော့ကျသွားခဲ့ကြောင်း ဒေသခံရောင်းဝယ်သူနှင့် စားသုံးသူများထံမှ သိရှိရသည်။

"ဈေးထဲမှာ ကြက်သားသည်မတွေ့တော့တာ ၄ရက် ၅ ရက်လောက်ရှိပြီ။ အဲဒီအရင်ကတော့ တွေ့ရသေးတယ်။ ဒါပေမဲ့ အဲဒီရောင်းတဲ့နေ့တွေတုန်းကလည်း မရောင်းရဘူး။ ငုတ်တုတ်ထိုင်ပြီး မှိုင်နေကြတာ။ အရင်ကဆိုရင်တော့ ကြက်သားသည်တွေဆီမှာ တိုးဝှေ့ဒီလိုပဲ ရောင်းပေးနေတယ်။ ဦးလေးတို့က တောင်ကြီးကကြက်ဥကိုဝယ်ရောင်းတာဆိုတော့ ဘေးကင်းပါတယ်။ အဲဒီမှာ ဘာသံမှ မကြားဘူးလေ" ဟု လုပ်ငန်းအခြေအနေကို ပြောကြားခဲ့သည်။

ရန်အောင် (၁) ရပ်ကွက်မှ ဒေသခံတစ်ဦးကလည်း "ဈေးထဲမှာတော့ ပိတ်ထားတယ်။ ဒါပေမဲ့ ထမင်းဆိုင်၊ စားသောက်ဆိုင်တွေမှာတော့ ကြက်သားဟင်း၊ ဟင်းရည်ရောင်းနေတယ်။ မနေ့ကပဲ စားသောက်ဆိုင်မှာ ကြက်သားချဉ်စပ်ဟင်းရည် လာချပေးလို့ ပြန်သိမ်းခိုင်းလိုက်ရတယ်။ ဒီလိုပဲ ကြက်သားပလာတာဆိုပြီး ဈေးပေါပေါနဲ့ ရောင်းတာလည်း တွေ့ရတယ်" ဟု ပြောသည်။

နေပြည်တော် ပျဉ်းမနားမြို့နယ်အရှေ့ဘက ပုရွက်ဆိတ်ကုန်း



ဓာတ်ပုံ - ဂျေမောင်မောင်(အမရပူရ)

နေတာပဲ" ဟုနေပြည်တော်- ပျဉ်းမနားမြို့ရပ်ကွက်ဈေးတစ်ခုတွင် ပုံမှန်ဈေးဝယ်နေကြသည့် ဒေသခံအမျိုးသမီးတစ်ဦးက ပြောသည်။

နေပြည်တော်၊ ပျဉ်မနားမြို့အတွင်း ကြက်ဥ လက်လီ၊ လက်ကား ဖြန့်ဖြူးလျက်ရှိသည့် လုပ်ငန်းရှင်တစ်ဦးကလည်း "အခု ဈေးထဲမှာ မရောင်းတော့ဘူး။ တစ်နေ့ကပဲ အဖမ်းခံခဲ့ရတယ်။ အိမ်ကို လာဝယ်တဲ့သူတွေကိုတော့ ကျေးရွာအနီးရှိ ခြံတစ်ခြံတွင် ယခုလ ၃ ရက်က သံသယဖြစ်ဖွယ်တွေ့ရှိမှုဖြစ်ပွားခဲ့ပြီးနောက် အနီးတစ်ဝိုက်ရှိ ကုန်စိမ်းနှင့် သားငါးဈေးများအတွင်း ကြက်သား၊ ကြက်ဥနှင့် ကြက်ထွက်ပစ္စည်းများရောင်းချသည်ကို ယာယီတားမြစ်ထားကြောင်း အဆိုပါ ကျေးရွာက်နှင့် ဝန်းကျင်ဧရိယာမှ ကြက်ဘဲများကိုလည်း စောင့်ကြည့်လျက်ရှိကြောင်း သတင်းရရှိသည်။



7DAY NEWS JOURNAL
Vol.9, No.47 • FEBRUARY 17, 2011

# နေပြည်တော်တွင် အိမ်၊ ခြံ၊ မြေဈေးကွက် အနည်းငယ်ပြန်လှုပ်ရှား

ထူးသန့်

**နေပြည်တော်၊ ဖေဖော်ဝါရီ- ၁၀**

နေပြည်တော်တွင် ဒုတိယအကြိမ်မြောက်ကျင်းပမည့် ကျောက်မျက်ပြပွဲရက်နီးကပ်လာသည်နှင့် အိမ်၊ ခြံ၊ မြေဈေးကွက်အနည်းငယ် ပြန်လည်လှုပ်ရှားလာခဲ့ကြောင်း ဒေသခံများက ပြောသည်။

၂၀၁၀ ခုနှစ် နိုဝင်ဘာ ၁၇ ရက်မှ ၂၉ ရက်အထိ ကျင်းပခဲ့သော နှစ်လယ်ကျောက်မျက်ရတနာပြပွဲပြီးသည့်နောက် အနည်းငယ်ငြိမ်သက်သွားခဲ့သောနေပြည်တော် အိမ်ခြံမြေဈေးကွက်မှာ နှစ်လခန့်အကြာ ဇန်နဝါရီ နှောင်းပိုင်းမှစ၍ ပြန်လည်လှုပ်ရှားလာခဲ့ခြင်းဖြစ်သည်။ ယခင်က အလှုပ်ရှားဆုံးဖြစ်ခဲ့သော ရွှေကြာပင်ရပ်ကွက်တွင်မူ ထူးခြားမှုမတွေ့ရကြောင်း ဒေသခံလုပ်ငန်းရှင်တစ်ဦးကပြောသည်။

"ရွှေကြာပင်ကတော့ ငြိမ်သွားတယ်။ အဲဒီနေရာမှာ ဈေးကအမြင့်ဆုံးအဆင့်မှာ ရောက်နေတော့ ရင်းနှီးမြှုပ်နှံလိုသူတွေ စိတ်မဝင်စားတော့ဘူး။ နောက် သပြေကုန်းဝန်းကျင်မှာ သိန်း ၂,၀၀၀ တန်အကွက်တွေ ချပေးလိုက်တော့လည်း ချက်ချင်းပဲကုန်သွားခဲ့တယ်။ အခုလည်း နေပြည်တော်ဘုတာကြီးအနီးက မြေကွက်တွေနဲ့ တခြားနေရာက မြေကွက်တွေကို စိတ်ဝင်စားနေကြတယ်"ဟု အထက်ပါ လုပ်ငန်းရှင်က ပြောကြားသည်။

ဟိုတယ်ဇုန်နှင့် သံတမန်အဆောက်အအုံများ၊ နာမည်ကျော်ရွှေ့ပင်းစင်တာများတည်ရှိရာ ဒက္ခိဏသီရိမြို့နယ်အတွင်းရှိ မြေကွက်ဈေးနှုန်းများမှာလည်း ၂၀၁၁ ခုနှစ်အတွင်းမှာပင် ဈေးခုန်တက်သွားခဲ့သည်ဟုသိရသည်။

နေပြည်တော်ပျဉ်းမနားမြို့ရှိ မြေကွက်များလည်း အမြင့်ဈေးဖြင့် ကြိုက်ရောင်း၊ ကြိုက်ဝယ်ဖြစ်ပေါ်လျက်ရှိပြီး ဆေးရုံစီမံကိန်းများတည်ရှိသည့် ဥတ္တရသီရိမြို့တွင်လည်း ခေါ်ဈေးမြင့်တက်သွားခဲ့ကြောင်း အိမ်ခြံမြေသတင်းရပ်ကွက်မှသိရသည်။ ဒုတိယမြောက်ဟိုတယ်ဇုန်နှင့် ဆေးရုံစီမံကိန်းများတည်ရှိနေသည့်ဥတ္တရသီရိဈေးကွက်နှင့်ပတ်သက်၍ "လူတွေကတော့ ဒီလိုပဲ စီမံကိန်းတွေကိုကြည့်ပြီး လိုက်ဝယ်နေကြတယ်။ ဟိုတယ်ဇုန်က သူ့နေရာနဲ့သူသတ်မှတ်ပေးထားလို့ လူနေရပ်ကွက်နဲ့ မဆိုင်သလိုဖြစ်နေတယ်။ ဒီလိုပဲ ဆေးရုံတွေရဲ့ နောက်ဖေးဘက်ရောက်ရှိနေတဲ့ မြေကွက်တွေ၊အိမ်တွေဆိုရင်လည်း ဆေးရုံစွန့်ပစ်ပစ္စည်းတွေရဲ့ အနံ့တွေရှိလာနိုင်လို့ သေချာစုံစမ်းပြီးမှ ဝယ်သင့်တယ်" ဟု ဒေသခံစီမံကိန်းအင်ဂျင်နီယာတစ်ဦးက ပြောသည်။




## မန္တလေးမြို့တွင် အဖေနေ့ ကျင်းပမည်

စိုင်းသာအောင်

**မန္တလေး၊ ဖေဖော်ဝါရီ- ၉**

တတိယအကြိမ်မြောက် မန္တလေးအဖေနေ့အခမ်းအနားကို မတ်လ ၁၉ ရက်မွန်းလွဲ ၁ နာရီတွင် မလွန်ဈေးဆန်အလှူသင်းခန်းမ၌ ကျင်းပပြုလုပ်သွားမည်ဖြစ်ကြောင်း မန္တလေးအဖေနေ့ဖြစ်မြောက်ရေးအဖွဲ့ဝင်တစ်ဦးဖြစ်သူ ဦးထွန်းဦး(ထွန်းဦးစာပေ)က 7Day News သို့ပြောသည်။

တတိယအကြိမ် အဖေနေ့အထိမ်းအမှတ်အလွတ်တန်း ဝတ္ထုတိုပြိုင်ပွဲကိုလည်း ပြုလုပ်မည်ဖြစ်ပြီး "အဖေ့မေတ္တာ၊ အဖေ့ဂုဏ်ရည်" ကိုရသပေါ်လွင်အောင်ရေးသားပြီး ဖေဖော်ဝါရီ ၂၈ ရက် နောက်ဆုံးထားကာ မန္တလေးမြို့ ၈၄ လမ်း၊ ၂၉×၃၀ လမ်းကြား၊ ထွန်းဦးစာပေသို့ စာမူများကို ကလောင်အမည်မှတ်ပုံတင်အမှတ်၊ အမည်ရင်း၊ ဆက်သွယ်ရန်လိပ်စာဖုန်းနံပါတ်များဖော်ပြ၍ ပေးပို့နိုင်သည်။တတိယအကြိမ် မန္တလေးအဖေနေ့တွင် သီတဂူဆရာတော် ဒေါက်တာအရှင်ဉာဏိဿရနှင့် စာရေးဆရာဦးဘုန်း(ဓာတု)တို့က အဖေ့မေတ္တာ၊ အဖေ့ဂုဏ်ရည်တို့ကို ဟောပြောကြမည်ဖြစ်သည်။






7 DAY NEWS JOURNAL
Vol.9, No.47 • FEBRUARY 17, 2011

# ကြက်ငှက်တုပ်ကွေးရောဂါဖြစ်ပွားမှု တစ်လခန့်ကြာပြီးနောက် ကြက်နှင့်ကြက်ထွက်ပစ္စည်းများ သယ်ယူရောင်းချခွင့်ပြု

မောင်ကံ

**စစ်တွေ၊ ဖေဖော်ဝါရီ-၁၂**

ဇန်နဝါရီ ၁၂ ရက်က စစ်တွေမြို့နယ်အတွင်းရှိ မွေးမြူရေးကြက်ခြံများတွင် ကြက်ငှက်တုပ်ကွေးရောဂါဖြစ်ပွားခဲ့မှုကြောင့် စစ်တွေမြို့တွင်း၌ ကြက်နှင့်ကြက်ထွက်ပစ္စည်းများကို ရောင်းချမှုတားမြစ်ထားခဲ့ရာ တစ်လခန့်ကြာပြီးနောက် ယခုလ ၉ ရက်မှ စတင်ကာ ကြက်နှင့်ကြက်ဥများ ရောင်းချခွင့်ပြုလိုက်ကြောင်း သတင်းရရှိသည်။

"ကြက်နဲ့ ကြက်ဥရောင်းချခွင့်ကို ဒီလ ၉ ရက်ကစပြီး မွေး/ ကုဌာန(ရုံးချုပ်) က ခွင့်ပြုလိုက်တာဖြစ်ပါတယ်။ မြို့တွင်းမှာ သာမက တခြားဒေသတွေကိုလည်း သယ်ယူရောင်းချခွင့်ပြုထားပါပြီ။ ကျွန်တော်မှာဆိုရင် သယ်ယူရောင်းချခွင့်ပြုတဲ့နေ့ကပဲ ကြက်ဥသေတ္တာနဲ့ မွေး/ကု(ရုံးချုပ်)က ခွင့်ပြုစာမိတ္တူပါလာပါတယ်"ဟု စစ်တွေမြို့မှ မောင်တောမြို့သို့ဥစား ကြက်ဥများဝယ်ယူဖြန့်ဖြူးနေသည့် ကြက်ဥအရောင်းကိုယ်စားလှယ်တစ်ဦးကပြောသည်။ကြက်နှင့်ကြက်ဥများ စတင်ရောင်းချခွင့်ပြုချိန် စစ်တွေမြို့၏ကြက်ဥဈေးမှာယခင်ထက် ဈေးမြင့်တက်နေကြောင်း သိရသည်။ "အရင်တုန်းက ကြက်ဥတစ်လုံးကို ၁၀၀ ကျပ်၊ ၁၁၀ ကျပ်နဲ့ ဖြန့်နိုင်ပေမယ့် အခုတော့ ပင်ရင်းကပင် ကြက်ဥတစ်လုံးကို ၁၃၀ ကျပ်ဈေးဖြစ်နေတဲ့အတွက် လက်လီသမားတွေက ကြက်ဥတစ်လုံးကို ၁၄၀ ကျပ်၊ ၁၅၀ ကျပ် နဲ့ ရောင်းနေရပါတယ်"ဟု ကြက်ဥအရောင်းကိုယ်စားလှယ် ကိုကျော်စိုးလင်းက ပြောသည်။



# နေပြည်တော်တွင် ဆေးရုံ ငါးခု စီမံကိန်း တစ်ပြိုင်တည်းစတင်

ထူးသန့်

**နေပြည်တော်၊ ဖေဖော်ဝါရီ-၈**

ပုဂ္ဂလိကနှင့် နိုင်ငံတော်ပိုင် ဆေးရုံကြီးများအပါအဝင် ဆေးရုံကြီး ၅ ခုတည်ဆောက်ရေး စီမံကိန်းများကို ယခုလ ၄ ရက်က တစ်ပြိုင်နက်တည်း စတင်ခဲ့ကြကြောင်း နေပြည်တော်ရှိ ဆောက်လုပ်ရေးလုပ်ငန်းများ အသိုင်းအဝိုင်းမှ သိရှိရသည်။

အဆိုပါ စီမံကိန်းများ၏ ပန္နက်တင်အခမ်းအနားကို ယခုလ ၄ ရက် နံနက်ပိုင်းက ပြုလုပ်ခဲ့ခြင်းဖြစ်ကြောင်း ဆောက်လုပ်ရေး ကုမ္ပဏီများမှာ ယူနီဗာဆယ်၊ မိုးကြယ်စင်၊ တီဇက်တီအမ်၊ တက်လမ်းစသည့်ကုမ္ပဏီများဖြစ်ကြောင်း၊ ယူနီဗာဆယ်ကုမ္ပဏီမှာ လက်ရှိလည်ပတ်နေသော ဥတ္တရသီရိအထူးကုဆေးရုံကြီးကို တည်ဆောက်ခဲ့ပြီးလုပ်ငန်းလုပ်ကိုင်လျက်ရှိကြောင်း ယင်းနေ့က အခမ်းအနား တက်ရောက်ခဲ့သူတစ်ဦးက ပြောသည်။

"နောက်ထပ် တည်ဆောက်မယ့်ဆေးရုံကြီး ငါးခုက မျက်စိနား နှာခေါင်း၊ လည်ချောင်း ဆေးရုံ၊ ဦးနှောက်နဲ့ အာရုံကြောအထူးကုဆေးရုံ၊ ကလေးဆေးရုံ၊ အရိုးအကြောအထူးကုဆေးရုံ၊ သားဖွား မီးယပ်နဲ့ ဗဟိုအမျိုးသမီးဆေးရုံတွေဖြစ်ပြီး အဲဒီဆေးရုံတွေ အားလုံး ဥတ္တရသီရိမြို့မှာ တည်ဆောက်မှာပါ"ဟူ၍လည်းဎင်းက ပြောကြားခဲ့သည်။

ဎင်းဆေးရုံကြီးများအနက် မျက်စိ၊ နား၊ နှာခေါင်း၊ လည်ချောင်းဆေးရုံကို ယူနီဗာဆယ်ကုမ္ပဏီက တည်ဆောက်လုပ်ကိုင်သွားဖွယ်ရှိပြီး ဥတ္တရသီရိအထူးကုဆေးရုံပြီးသည့်နောက် နေပြည်တော်တွင် ဒုတိယမြောက် ပုဂ္ဂလိကအထူးကုဆေးရုံအဖြစ် ပေါ်ပေါက်လာရန်ရှိကြောင်းလည်း သိရှိရသည်။ အဆိုပါ ဆေးရုံကြီးများအပြင် နေပြည်တော်တွင် ပုဂ္ဂလိကပိုင်အထူးကုဆေးခန်းများသည် ဖွင့်လှစ်လာခဲ့ရာ လောလောဆယ်တွင်ဘိုအထူးကုဆေးခန်း၊ သီရိသုခအထူးကုဆေးခန်း၊အကယ်ဒမီသွားနှင့်ခံတွင်း အထူးကုဆေးခန်းစသည်ဖြင့်ဖွင့်လှစ်ထားပြီးဖြစ်ကြောင်း သိရသည်။

# လေးကောင်ဂျင် လောင်းကစားအိမ်ကို ဝင်ရောက်ဖမ်းဆီး

ကျော်ဇေယျ

**နေပြည်တော်၊ ဖေဖော်ဝါရီ- ၁၀**

နေပြည်တော်ပျဉ်းမနားတွင် သတင်းအရ ဝင်ရောက်ဖမ်းဆီးရာမှ လေးကောင်ဂျင်လောင်းကစားပြုသူများအပြင် တရားမဝင် ဓားဦးချွန်နေသော ကိုင်ဆောင်သူကိုပါ ဖမ်းဆီးရမိသော ဖြစ်စဉ်တစ်ခု ယခုလ ၇ ရက်က ဖြစ်ပွားခဲ့ကြောင်း သိရသည်။

ဖေဖော်ဝါရီ ၇ ရက် ညနေ ၃း၃၀ အချိန်ခန့်က နေပြည်တော် ပျဉ်းမနား ရဲတပ်ဖွဲ့စခန်းမှူးဦးဆောင်သော ရဲတပ်ဖွဲ့ဝင်များသည် နေပြည်တော်ပျဉ်းမနား သနပ်ပင်ဆိပ်ကအေ နောက်ရွာနေဦး. . ၏ နေအိမ်သို့ လောင်းကစားသတင်းအရသွားရောက်ဖမ်းဆီးစဉ် အဆိုပါအိမ်ရှင်ဦး. . . အပါအဝင် လူ ၁၀ ဦးခန့်မှာ ရဲတပ်ဖွဲ့ဝင်များကို တွေ့မြင်သည်နှင့် ထွက်ပြေးသွားကြသည်။ ဦး. . . (၅၁ နှစ်)နှင့် ဦး. . (၅၃ နှစ်) နှစ်ဦးသာ လက်ရဖမ်းဆီးမိပြီး ဦး. . (၅၁ နှစ်) ထံမှ တရားမဝင်ကိုင်ဆောင်ထားသော ဓားဦးချွန်တစ်ချောင်း၊ လောင်းကစားငွေဟုယူဆရသည့် ကျပ်နှစ်သိန်း၊ လေးကောင်ဂျင်သီးနှစ်ခုနှင့် လောင်းကစားဆက် စပ်ပစ္စည်းရှစ်ခုအားတွေ့ရှိရသည့်အပြင် ထွက်ပြေးတိမ်နေသော အိမ်ရှင်ဦး. . ၏ နေအိမ်ပေါ်မှလည်း ခြောက်ကောင်ဂျင်(ဂလုံးဂလုံး)လောင်းကစားရာတွင် အသုံးပြုသော ခုံနှင့်အတူ လောင်းကစားဆက်စပ် ပစ္စည်း ၈ ခုအားလည်း ထပ်မံတွေ့ရှိ၍ သိမ်းဆည်းခဲ့ရကြောင်းသိရသည်။

ရဲမှတ်တမ်းများအရ လောင်းကစားဝိုင်းအား ဝင်ရောက်ဖမ်းဆီးစဉ်ကာလက ထွက်ပြေးတိမ်းရှောင်သူများကျန်ရစ်ခဲ့သည့် ဆိုင်ကယ်သုံးစီးအားလည်း တွေ့ရှိရသဖြင့် လိုအပ်သလိုဆောင်ရွက်နိုင်ရန် ရှာဖွေပုံစံနှင့်အတူ သိမ်းဆည်းခဲ့ရမိခဲ့သည်။ ထွက်ပြေးတိမ်းရှောင်နေသော အိမ်ရှင်အပါအဝင် လောင်းကစားပြုကြသူများအား ပျဉ်းမနားရဲစခန်း(ပ)၆၉/၂၀၁၁ လောင်းကစားပြစ်မှု ဥပဒေပုဒ်မ ၁၃(က)/၁၄(က)အရလည်းကောင်း၊တရားမဝင်ဓားဦးချွန်ကိုင်ဆောင်ထားသော ဦး. . (၅၁ နှစ်)အား ပျဉ်းမနားရဲစခန်း (ပ)၆၈/ ၂၀၁၁ လက်နက်ပြစ်မှု ဥပဒေ ပုဒ်မ ၁၉(င) အရလည်းကောင်း အသီးသီးအမှုဖွင့်ထားကြောင်း သိရသည်။

နေပြည်တော်ဒေသရှိ မြို့နှင့်အလှမ်းကွာဝေးသော ကျေးလက်တောရွာများတွင် ယခုလို ပွင့်လင်းရာသီများတွင် လေးကောင်ဂျင်၊ သုံးကောင်ဂျင်၊ ခြောက်ကောင်ဂျင် (ဂလုံးဂလုံး)နှင့် ကြက်တိုက်လောင်းကစားပွဲများလျှို့ဝှက်ပြုလုပ် ကစားလေ့ရှိသဖြင့် သက်ဆိုင်ရာမှ ဖော်ထုတ်ဖမ်းဆီးရလေ့ရှိတတ်ကြောင်းလည်း ကျေးလက်နေ ရ. ယ. ကဉက္ကဋ္ဌတစ်ဦးက ပြောကြားသည်။

# ဘင်္ဂလားဒေ့ရှ်တွင် ဖြစ်ပွားနေသည့်ရောဂါဆန်းကြောင့် မောင်တောနယ်စပ်မှ ဝင်ရောက်လာသူများကို ကျန်းမာရေးစစ်ဆေးမှုများပြုလုပ်

မောင်ကံ

**မောင်တော၊ ဖေဖော်ဝါရီ- ၁၀**

တုပ်ကွေးရောဂါသဏ္ဌာန်၊ ရောဂါဆန်းတစ်မျိုး ဘင်္ဂလားဒေ့ရှ်နိုင်ငံတွင်ဖြစ်ပွားနေသည့်အတွက် မောင်တောနယ်စပ်သို့ ဝင်ရောက်လာသူများကို အမှတ်(၁) ဝင်/ထွက်စခန်းစစ်ဆေးဆိပ်ကမ်းမှ ကျန်းမာရေးစစ်ဆေးမှုများပြုလုပ်နေကြောင်း သတင်းရရှိသည်။

အဆိုပါရောဂါဆန်းကြောင့် ဘင်္ဂလားဒေ့ရှ်နိုင်ငံတွင် လူအများသေဆုံးမှုဖြစ်ပေါ်နေသည့်အတွက် ကြိုတင်ကာကွယ်သည့်အနေဖြင့် ဘင်္ဂလားဒေ့ရှ်မှဝင်ရောက်လာ သူဧည့်သည်များနှင့် မောင်တောနယ်စပ်မှ ဘင်္ဂလားဒေ့ရှ်သို့သွားရောက်ပြီးပြန်လည်ဝင်ရောက်လာသူများအားလုံးကိုလည်း ကျန်းမာရေးစစ်ဆေးမှုများပြုလုပ်နေကြောင်း သိရသည်။

"ကျန်းမာရေးစစ်ဆေးမှုကို ဖေဖော်ဝါရီလ ၆ ရက်က စတင်ခဲ့တာဖြစ်ပါတယ်။ အဓိကကတော့ တစ်ဖက်နိုင်ငံမှာဖြစ်နေတဲ့ ရောဂါတွေ မိမိဘက်ကိုပျံ့နှံ့မဝင်ရောက်အောင်ကြိုတင်ကာကွယ်တာဖြစ်ပါတယ်။ မနှစ်ကလည်း ကမ္ဘာ့လူတုပ်ကွေးရောဂါဖြစ်ချိန်မှာ နယ်စပ်မှဝင်လာသူတွေအားလုံးကို ကျန်းမာရေးစစ်ဆေးမှုတွေပြုလုပ်ခဲ့ပါတယ်" ဟု ကျန်းမာရေးဝန်ထမ်းတစ်ဦးက ပြောသည်။

# မောင်တောတွင် သကြားပြောင်းတိုးချဲ့စိုက်ပျိုးလာ

မောင်ကံ

**မောင်တော၊ ဖေဖော်ဝါရီ- ၈**

ဆောင်းတွင်းကာလ တန်ဖိုးမြင့်သီးနှံအဖြစ် တိုးချဲ့စိုက်ပျိုးခဲ့ကြသည့် ဖရဲသီးများကို လွန်ခဲ့သည့်နှစ်မှစတင်ကာလျှော့ချစိုက်ပျိုးကာ ဈေးကွက်ကောင်းလာသည့် သကြားပြောင်းများကို တိုးချဲ့စိုက်ပျိုးလာကြကြောင်းမောင်တောမြို့နယ်ငွေတောင်ကျေးရွာမှ ပြောင်းစိုက်တောင်သူတစ်ဦးက ပြောကြားသည်။

"ဖရဲသီးက ရာသီဥတု အရမ်းအေးရင် မဖြစ်ပါဘူး။ အခုရာသီဥတုက အချိန်မတော် အခါမသင့်မိုးရွာတာကြောင့် အသီးသီးချိန်ကျလို့ရှိရင် အကုန်လုံး ရေဝင်ပြီးတော့ အသီးပျက်လို့ ပြောင်းကိုပဲ စိုက်ဖို့စိတ်ဝင်စားလာကြတာပါ။ ဒီမှာဆိုရင် တောင်သူအားလုံးမှာ ပြောင်းခင်းအနည်းဆုံး နှစ်ဧကထက်မနည်းရှိပါတယ်"ဟု ငွေတောင်ကျေးရွာမှ တောင်သူဦးသိန်းမြအောင်ကပြောသည်။ပြောင်းဖူးဈေးကွက်မှာ ဖရဲသီးဈေးကွက်ထက် ကောင်းလာကြောင်းလည်း သိရသည်။


ဓာတ်ပုံ - မောင်ကံ

"ဖရဲသီးက ဘင်္ဂလားဒေ့ရှ်ကို တင်ပို့ရတဲ့ နှစ်ဆိုရင် တောင်သူတွေ ဈေးကောင်းရပါတယ်။ ဘင်္ဂလားဒေ့ရှ်ကိုသာမပို့ရဘူးဆိုရင် တောင်သူတွေ အခြေအနေ မကောင်းကြပါဘူး။ ပြောင်းဖူးက နယ်စပ်ဈေးကွက်မှာ တင်ရောင်းလို့ ဈေးကောင်းရပါတယ်"ဟု ဎင်းက ဆက်လက်ပြောကြားသည်။

မောင်တောနယ်စပ် ဈေးကွက်တွင် သကြားပြောင်းဖူးတစ်ရာ ကို ၁၄,၀၀၀ကျပ်ဈေးရှိကြောင်း သိရသည်။

7 DAY NEWS JOURNAL
Vol.9, No.47 • FEBRUARY 17, 2011

# မုံရွာမြို့နယ်အတွင်းရှိ ကျေးရွာအချို့ ခိုင်းနွားများ ုတ်တရက်သေဆုံး

မျိုးမင်းဦး

**မုံရွာ၊ ဖေဖော်ဝါရီ- ၁၀**

မုံရွာမြို့နယ်အတွင်းကျေးရွာများရှိ ခိုင်းနွားအချို့ ယခုနှစ်ဖေဖော်ဝါရီလဆန်းပိုင်းအတွင်း ရုတ်တရက်သေဆုံးမှုနှင့် ကြုံတွေ့ခဲ့ရကြောင်း မုံရွာဒေသခံတောင်သူများက ပြောသည်။


ဓာတ်ပုံ - မျိုးမင်းဦး

“နွားတွေမှာ ဖြစ်တဲ့ရောဂါက ဘာရောဂါဆိုတာသေသေချာချာမသိကြဘူး။ ရောဂါစဖြစ်တယ်ဆိုတာနဲ့ ဆေးကုချိန်ကို မရတော့ဘူး။ အများစု နွားငယ်တွေအဖြစ်များပြီး နွားကြီးတွေကအဖြစ်နည်းတယ်။ မွေးကင်းစအရွယ်ကနေ ၂ နှစ်သားအထိ အဖြစ်များတော့ ကူးစက်ရောဂါတစ်မျိုးလို့ထင်တယ်။ တောင်သူတွေ လုပ်ငန်း သိမ်းချိန်ဆိုတော့ နွားငယ်တွေဂရုမစိုက်တာလည်းပါတယ်။ ရွာတွေမှာက ကျွမ်းကျင်တဲ့တိရစ္ဆာန်အထူးကုဆရာဝန်ကလည်း မရှိတော့ ကိုယ့်ရပ်ကိုယ့်ရွာမှာ ရမ်းကုတဲ့ဆေးကုဆရာနဲ့ပဲ ကုနေကြတာ။ ရွာတွေမှာ ဖြစ်နေတဲ့ရောဂါက ခြေပုပ်လက်ပုပ်ရောဂါလို့ပြောကြတယ်။ နွားတွေမကြာခဏသေဆုံးနေတော့ ရွာတွေမှာ လယ်ယာခိုင်းနွားရှားပါးတဲ့ပြဿနာကြုံလာရတယ်”ဟု ပလ္လင်ကုန်းကျေးရွာဒေသခံတစ်ဦးကပြောသည်။

“နွားငယ်တွေက အဖြစ် မြန်တော့ သေတာမြန်တယ်။ နွားအကြီးတွေကဖြစ်တော့ဖြစ်တယ်။ ခံနိုင်ရည်ရှိတော့ ဆေးကုလို့ရတာလည်းရှိတယ်။ နွားတွေသေတာမြန်တော့ရွာမှာ ဆရာဝန်ခေါ်ပြီး ဆေးထိုးတာကာကွယ်ဆေးတစ်လုံး ကျပ်ငါးရာပဲပေးရတယ်။သေသွားတဲ့နွားငယ်တွေက ဈေးကွက်မှာ ရောင်းလို့မရဘူး။ အသားတွေက အစ မည်းပုတ်နေတာ”ဟု မုံရွာမြို့နယ် ကျွဲရဲကျေးရွာဒေသခံတစ်ဦးကပြောသည်။မုံရွာမြို့နယ်အတွင်း ကျောင်းကုန်း၊ ဘော်ကာ၊ ပလ္လင်ကုန်း၊ ဆုံကုန်း၊ ရွှေပေါက်တော၊ ယင်းပန်းကျေးရွာ၊ ကျွဲရဲကျေးရွာတို့တွင် ခိုင်းနွားငယ်အချို့ ရုတ်တရက်သေဆုံးခြင်းဖြစ်ကြောင်းသိရသည်။

# မောင်တောနယ်စပ် ရွှေဈေးထိုးကျ

မောင်ကံ

**မောင်တော၊ ဖေဖော်ဝါရီ-၁၂**

အတက်ဘက်သို့သာ ဦးတည်ရွေ့လျားနေခဲ့သည့် မောင်တောနယ်စပ်ရွှေဈေးကွက်မှာ ဖေဖော်ဝါရီလဆန်းပိုင်းမှ ဈေးနှုန်းများ ထိုးကျလာခဲ့ကြောင်း ရွှေအရောင်းဆိုင်များမှ စုံစမ်းသိရှိရသည်။

‘ဖေဖော်ဝါရီလဆန်းစက ကိုးသုံးလုံးအခေါက် ရွှေတစ်ကျပ်သားကို ၆၅၀၀၀၀ ကျပ်၊ ၁၅ ပဲရည်တစ်ကျပ်သားကို ၆၂၅၀၀၀ ရှိနေရာက ဖေဖော်ဝါရီ ၁၂ ရက်မှာ အခေါက်တစ်ကျပ်ကို ၆၄၀၀၀၀ ကျပ်နဲ့ ၁၅ ပဲရည်တစ်ကျပ်သားကို ၆၂၀၀၀၀ ကျပ်ဖြစ်သွားပါတယ်။ ဇန်နဝါရီလကဆိုရင် အခေါက် ၆၇၀၀၀၀ ကျပ်နဲ့ ၁၅ ပဲရည် ၆၅၀၀၀၀ ကျပ်ဈေးရှိခဲ့ပါတယ်” ဟု ရွှေပန်းထိမ်ဆိုင်ပိုင်ရှင်တစ်ဦးကပြောကြားသည်။

လက်ရှိ မောင်တောနယ်စပ်တွင် ဖြစ်ပေါ်နေသည့် ရွှေဈေးမှာ လာမည့် မေလထိ ဆက်လက်တည်ငြိမ်နေမည်ဟုလည်း ခန့်မှန်းထားကြသည်။ အချို့ကလည်း အစိုးရအဖွဲ့ အပြောင်းအလဲကြောင့် ဝန်ထမ်းလစာများ ထပ်မံမြင့်မားလာနိုင်သည့်အတွက် ရွှေဈေးများ ဆက်လက် တက်လာဦးမည်ဟု ခန့်မှန်းနေကြသည်။

# ကုလားပဲဖြူ ဗီတူး ပဲတီစိမ်းများ ကြိုပွိုင့်ဈေးကောင်း

မိုးဇော်

**ရေနံချောင်း၊ ဖေဖော်ဝါရီ- ၁၀**

ဧရာဝတီမြစ်မြေနုကျွန်းများတွင် စိုက်ပျိုးသည့် ပဲတီစိမ်းသေး ကုလားပဲဖြူများကို ယခုရက်တွင် ကြိုပွိုင့်ဈေးဖြင့် ဈေးကွက်၌ ဝယ်ယူနေကြကြောင်း လက်ကားရောင်းဝယ်သူတစ်ဦးနှင့် တောင်သူများ ထံမှသိရသည်။

“ရေနံချောင်း၊ ပွင့်ဖြူမြို့နယ်များမှာ ဧရာဝတီမြစ်ကျွန်းများမှာ ရေဝင်များသော်လည်း အမြင့်(ကုန်း)ပိုင်ဆိုင်တဲ့ ကျွန်းလယ်မြေများမှာ ရေလိုအပ်ပါတယ်။ သို့ပေမဲ့ မိုးရွာသွန်းမှု (ဒီဇင်ဘာ၊ ဇန်နဝါရီ) လများရဲ့ မိုးကြောင့်စိုက်ပျိုးသူများအတွက် အဆင်ပြေပါတယ်”ဟု ပေါက်ကုန်းရွာမှ တောင်သူတစ်ဦးကပြောသည်။

“အခင်းများမှာသီးကင်းလိုက်နေကြပြီဖြစ်တဲ့အတွက် ငွေရှိသူများက ကြိုပွိုင့်ဈေးနဲ့ ဈေးဖွင့်ဝယ်ယူကြပါတယ်။ ကြိုပွိုင့်များဈေးကွက်မှာ တောင်သူများအတွက် လတ်တလော ငွေလိုပါက သုံးနိုင်ပြီး ပဲပေါ်မှ ငွေတိုးနဲ့ရှာရမည်ကို မပြုလုပ်လိုပါဘူး။ သို့အတွက် ကြိုပွိုင့်ဈေးကွက် ဝင်နေပါတယ်”ဟု ရောင်းဝယ်သူကပြောသည်။ လက်ရှိ ပဲတီစိမ်း (၁၉ ပိဿာ) တစ်တင်း ၂၃,၀၀၀ ကျပ်၊ ကုလားပဲဖြူ(၁၉ ပိဿာ)တစ်တင်း ၂၂,၀၀၀ ကျပ်ရှိပြီး ကြိုပွိုင့်မှာ ပဲတီစိမ်း ၁၅,၀၀၀ ကျပ်၊ ကုလားပဲဖြူ ၁၆,၀၀၀ ကျပ်ရှိသည်။ဒီဇင်ဘာနှင့် ဇန်နဝါရီမိုးကြောင့် သီးနှံများအပင်၊ အရွက်အပွင့်များကြီးထွားမှုကောင်းကြောင်းသိရသည်။

# မုံရွာမြို့နယ်ထွက် သခွားမွှေးတ ုတ်သို့ တင်ပို့ရက် အနည်းငယ်နောက်ကျ



မျိုးမင်းဦး

**မုံရွာ၊ ဖေဖော်ဝါရီ- ၁၀**

မုံရွာမြို့နယ်အတွင်းစိုက်ပျိုး ထုတ်လုပ်သော သခွားမွှေးစိုက်ခင်းများ ပြီးခဲ့သည့်မိုးနှောင်းကာလသည်း ထန်စွာရွာသွန်းခဲ့သည့် မိုးကြောင့် သခွားမွှေးစိုက်ပျိုးထုတ်လုပ်မှု အနည်းငယ်နောက်ကျခဲ့ရကြောင်း မုံရွာမြို့နယ်၊ သပြေတောကျေးရွာဒေသခံသခွားစိုက်တောင်သူများကပြောသည်။

“အရင်နှစ်တွေတုန်းက တရုတ်နှစ်သစ်ကူးပွဲတော်အမီသခွားမွှေးထုတ်လုပ်ပြီး ဒီနှစ်စိုက်ချိန်နောက်ကျလို့တရုတ်နှစ်ကူးအမီကုန်ကျတဲ့သခွားမွှေးစိုက်တောင်သူနှစ်ဦးလောက်သာ တရုတ်နယ်စပ်မူဆယ်ဈေးကွက်တင်ပို့နိုင်ခဲ့တယ်။ တရုတ်နှစ်ကူးပွဲတော်ကာလအတွင်း နယ်စပ်ကုန်သွယ်ရေးလုပ်ငန်းအချို့ရပ်နားထားတဲ့အတွက် သခွားမွှေးလှိုင်လှိုင်ပေါချိန်မှာ အသီးတွေမှည့်ကုန်တာနဲ့ ကြုံတွေ့ခဲ့ရတဲ့အတွက် ပြည်တွင်းပြည်ပဈေးကွက်ကို အချိန်မီတင်ပို့ ရောင်းချနေရတယ်။ ပြည်တွင်းသခွားမွှေးဈေးကွက်မှာ သခွားမွှေးဈေးကွက်မှာ သခွားမွှေးတစ်လုံး ကျပ် ၅၀၀ မှ ကျပ် ၁,၀၀၀ အထိ ရောင်းချရပါတယ်”ဟု မုံရွာမြို့နယ်အတွင်း မူဆယ်ဈေးကွက်သို့ သခွားမွှေးအဓိက စိုက်ပျိုးတင်ပို့ရောင်းချပေးသော သပြေတောကျေးရွာသခွားမွှေးစိုက် တောင်သူတစ်ဦးကပြောကြားခဲ့သည်။

“သခွားမွှေးစိုက်ချိန်ပျိုးချိန်က သုံးလလောက်ကြာတယ်။ ဒီနှစ်မိုးနောက်ကျလို့အသီးလည်းအဖြစ်များပြီးသခွားမွှေးအထွက်နောက်ကျတယ်။ အရင်နှစ်တွေတုန်းကဒီဇင်ဘာလကုန်မှာ သခွားမွှေးဈေးကွက်စပို့နိုင်ပေမယ့် ဒီနှစ်ဖေဖော်ဝါရီလဆန်းမှာ သခွားမွှေးဈေးကွက်စပို့နိုင်ခဲ့တယ်။ သပြေတောကျေးရွာအနီးတစ်ဝိုက်မှာ ဒေသခံ တောင်သူတွေသာမက ဘုတလင်မြို့နယ် အတွင်းက တောင်သူတွေပါလာရောက်ရင်းနှီးလုပ်ကိုင်လာကြတဲ့အတွက် သခွားမွှေးစိုက်ခင်းတွေပိုများလာတယ်။ ကိုယ်ပိုင်လယ်ယာတွေမှာ သခွားမွှေးစိုက်တဲ့သူတွေရှိသလို လယ်ယာမြေတစ်ဧက ကျပ်တစ်သိန်းနှုန်းနဲ့ သခွားမွှေးရာသီတစ်ရာသီ ငှားရမ်းလုပ်ကိုင်သူတွေလည်းရှိတယ်”ဟု သပြေတောကျေးရွာ ဒေသခံသခွားမွှေးရောင်းဝယ်သူတစ်ဦးကပြောသည်။

# တရုတ် - မြန်မာ နယ်စပ်ကုန်စည်ပြပွဲ ပြုလုပ်မည်

ထူးသန့်

**နေပြည်တော်၊ ဖေဖော်ဝါရီ - ၁၁**


၂ နှစ်တစ်ကြိမ် ကျင်းပခဲ့သော တရုတ်-မြန်မာနယ်စပ် ကုန်သွယ်ရေးကုန်စည်ပြပွဲကို မူဆယ် ၁၀၅ မိုင်ကုန်သွယ်ရေးစခန်း၌ လာမည့်မတ်လ ၁၁ ရက်မှ ၁၃ ရက် အထိကျင်းပသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

ဆဋ္ဌမအကြိမ်မြောက်အဖြစ်ကျင်းပမည့် အဆိုပါကုန်စည်ပြပွဲအတွက် အကြိုညှိနှိုင်းအစည်းအဝေးကို နေပြည်တော်ရှိ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာနတွင် ဇန်နဝါရီ ၃၀ ရက်က ကျင်းပပြီးခဲ့ကြောင်း ယင်းအစည်းအဝေးသို့ တက်ရောက်ခဲ့သည့် မြန်မာ့စိုက်ပျိုးရေးလုပ်ငန်းမှ အရာထမ်းတစ်ဦးက ပြောကြားသည်။

ဆဋ္ဌမအကြိမ်မြောက်အဖြစ် ကျင်းပမည့် အဆိုပါကုန်စည်ပြပွဲအတွက် အကြိုညှိနှိုင်း အစည်းအဝေးကို နေပြည်တော်ရှိ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနတွင် ဇန်နဝါရီ ၃၁ ရက်က ကျင်းပပြီးခဲ့ကြောင်း ယင်းအစည်းအဝေးသို့ တက်ရောက်ခဲ့သည့် မြန်မာ့စိုက်ပျိုးရေးလုပ်ငန်းမှ အရာထမ်းတစ်ဦးက ပြောကြားသည်။

တရုတ်ပြည်သူ့သမ္မတနိုင်ငံနှင့်ပြည်ထောင်စု မြန်မာနိုင်ငံအကြားနယ်စပ်ကုန်သွယ်ရေးတွင် ကုန်သွယ်ရေးညီမျှမှု ဖြစ်စေရန်အတွက် မြန်မာနိုင်ငံဘက်ခြမ်းတွင် ၂ နှစ်တစ်ကြိမ်ဖြင့် အဆိုပါပြပွဲ ကျင်းပလာခဲ့ခြင်းဖြစ်ကြောင်း၊ မြန်မာနိုင်ငံဘက်မှ လယ်ထွက်ကုန်များကို အဓိကပြသရောင်းချလေ့ရှိကြောင်းလည်း ၎င်းကရှင်းလင်းပြောကြားသည်။

၂၀၀၉-၂၀၁၀ ဘဏ္ဍာရေးနှစ်အတွင်း ကုန်သွယ်မှုအရ မြန်မာနိုင်ငံ၏ ဒုတိယအကြီးဆုံး ကုန်သွယ်ဖက်နိုင်ငံဖြစ်သော တရုတ်နိုင်ငံသည် မြန်မာနိုင်ငံတွင် တတိယအကြီးဆုံး ရင်းနှီးမြှုပ်နှံမှုပြုသည့် နိုင်ငံလည်းဖြစ်ကြောင်း၊ မြန်မာနိုင်ငံ၏ စွမ်းအင်၊ ရေအားလျှပ်စစ်၊ ရေနံနှင့်သဘာဝဓာတ်ငွေ့ ကဏ္ဍအပါအဝင် အခြေခံအဆောက်အဦကဏ္ဍများတွင် ပူးပေါင်းဆောင်ရွက်လျက်ရှိကြောင်း သိရှိရသည်။







BRAND'S
၂၀၁၀ ခုနှစ် မြန်မာတစ်နိုင်ငံလုံးတက္ကသိုလ်ဝင်တန်းပထမဆုရှင် မခိုင်ခိုင်လွင်ကျော်
မှတ်ဉာဏ်ထက်မြက်နေတဲ့ လျှို့ဝှက်ချက်ဟာ
ဘရန်းကြက်စေပါင်းရည် ပါပဲ"
ကျန်းမာသွက်လက် စိတ်ထက်မြက်

7DAY NEWS JOURNAL
Vol.9, No.47 • FEBRUARY 17, 2011

# ဆောက်လုပ်ရေးသုံးပစ္စည်းများ ဈေးတက်

စိုင်းသာအောင်

**မန္တလေး၊ ဖေဖော်ဝါရီ- ၉**

မန္တလေးမြို့ စည်ပင်သာယာ နယ်မြေတွင် ယခုနှစ်ပွင့်လင်းရာသီ၌ တိုက်ဆောက်၊ အိမ်ဆောက်သူများသဖြင့် အိမ်ဆောက်ရာ၌ အဓိကပစ္စည်းဖြစ်သည့် အုတ်ဈေးမှာ ယခင် ၄၅၊ ၅၀ ကျပ်ရှိရာမှ အုတ်တစ်ခဲကျပ် ၇၀ ထိဈေးတက်သွားကြောင်း၊ အခြားဆက်စပ်အိမ်ဆောက်ပစ္စည်းများလည်း ဈေးနှုန်းတက်သွားကြောင်း ဆောက်လုပ်ရေး အင်ဂျင်နီယာများထံမှ သိရသည်။

အုတ်ဈေးသည် ၂၀၀၇ ခုနှစ်တွင် အနိမ့်ဆုံး အုတ်တစ်ချပ် ၄၅ ကျပ်ထိဖြစ်ခဲ့ပြီး ၂၀၁၀ပြည့်နှစ်တွင်ဈေးပြန်တက်လာပြီး အုတ်တစ်ချပ် ၆၀ ကျပ်အထိ ရှိလာသည်။ ၂၀၁၁ ခုနှစ်၊ နှစ်ဆန်းပိုင်းတွင် အုတ်တစ်ချပ် ကျပ် ၇၀ ရှိပြီး ပထမတန်းစား အုတ်တစ်ချပ်သည် ကျပ် ၈၀ အထိ အဝယ်လိုက်လာကြောင်း TK အုတ်လုပ်ငန်းမှ ဦးကျော်တင့်ကပြောသည်။



ဓာတ်ပုံ - ဂျေမောင်မောင်(အမရပူရ)

၎င်းကဆက်လက်၍အုတ်ဈေးကျစဉ်က ဝယ်လိုအားနည်းခဲ့ပြီး အုတ်ဈေးတက်လာ၍ ဝယ်လိုအားမြင့်မားလာကြောင်း အုတ်ဈေးမြင့်မားလာခြင်းမှာ မန္တလေးမြို့သစ် ရပ်ကွက်များဖြစ်သော ရဲမွန်တောင်၊ မဟာမြိုင်(၁)၊ မဟာမြိုင်(၂)၊ ပြည်ကြီးတံခွန်မြို့နယ် (ခ)(ဈ)(ညည)(လလ)၊ (ထထ)၊ (နန)၊ (တတ)နှင့် မြို့သစ် (၁) ရပ်ကွက်၊ မြို့သစ် (၂)ရပ်ကွက်၊ မြို့သစ်(၃)ရပ်ကွက်တွင် လူနေတိုက်တာများပိုမိုဆောက်လုပ်လာ၍ဖြစ်သည်။

မန္တလေးမြို့တွင် တိုးတက်လာသောလူဦးရေအရ လူနေတိုက်ခန်းများလည်း လိုအပ်လျက်ရှိပြီး ဆောက်ရောင်းသမားများကလည်း မြို့သစ်ရပ်ကွက်များတွင် လူနေတိုက်ခန်းများပိုမိုဆောက်လုပ်လာ၍ဖြစ်ကြောင်း မြို့အိမ်ခြံမြေအကျိုးဆောင်များထံမှ သိရသည်။

မန္တလေးမြို့၌ ၂၀၁၁ ခုနှစ် ပွင့်လင်းရာသီတွင် နေအိမ်တိုက်တာများ တိုးချဲ့ဆောက်လုပ်မှုကြောင့် ၎င်းနှင့် ဆက်စပ်ပစ္စည်းများဖြစ်သော ဘိလပ်မြေ၊ သံချောင်း၊ ထုံး၊ သဲ၊ ကျောက်တို့မှာလည်း ဈေးမကျဘဲ ယခင်နှစ်ကတက်ဈေးထက် ငါးရာခိုင်နှုန်းခန့် ဈေးပိုမိုတက်လာကြောင်း မြို့သစ်ဆောက်လုပ်ရေးဒါရိုက်တာ တစ်ဦးက ပြောသည်။

ပြည်ကြီးတံခွန်မြို့နယ်တွင် ယခင်က အဝယ်လိုက်ခဲ့သော (လလ)၊ (ဝဝ) မြေကွက်များ ပေ ၄၀×၆၀ တစ်ကွက်အနည်းဆုံး ကျပ်သိန်း ၂၀၀ မှ ကျပ်သိန်း ၈၀၀ အထိဈေးပေါက်ခဲ့ရာမှ ယခုရက်ပိုင်းဈေးပြန်ကျသွားသည်။ အကောင်းဆုံးနေရာတွင် ပေ ၄၀×၆၀ မြေတစ်ကွက်သည် ကျပ်သိန်း ၅၀၀ ခန့်ရှိပြီး ကျပ်သိန်း ၃၀၀ ခန့်ဈေးပြုတ်ကျသွားသည်။

ဇန်နဝါရီတတိယပတ်မှ စတင်၍ ဖေဖော်ဝါရီဒုတိယပတ်အတွင်း ပြည်ကြီးတံခွန်မြို့နယ် (တတ)၊ (ထထ)၊ (ဒဒ)မြေကွက်များဝယ်လက်လိုက်ပြီး အနော်ရထာလမ်းမကြီး၊ ကျန်စစ်သားလမ်းမကြီးဘေးဝဲယာတွင် ယခင် ပေ ၄၀×၆၀ မြေတစ်ကွက်ကျပ်သိန်း ၁၅၀ မှ ကျပ်သိန်း ၂၅၀ ပေါက်နေရာမှ ယခု ကျပ်သိန်း ၄၀၀ အထိဝယ်လက်လိုက်လာသည်။

မဟာဗန္ဓုလလမ်းမကြီးဘေးဝဲယာမြေကွက်များမှာ (ထထ)မြေကွက်ထဲတွင် ပိုမိုအဝယ်လိုက်လာပြီး လမ်းမကြီးဘေးဝဲယာတွင် ကျပ်သိန်း ၆၀၀ မှကျပ်သိန်း ၈၀၀ အထိ အဝယ်လိုက်လာကြောင်း ပြည်ကြီးတံခွန်မြို့နယ် ၆၂ လမ်း မြေပွဲစားများထံမှသိရသည်။

၆၂ လမ်းအင်းခရူဘုရားတောင်ဘက်မြေကွက်များသည် ပေ ၄၀×၆၀ မြေတစ်ကွက်ကျပ်သိန်း ၈၀၀ မှ ကျပ်သိန်း ၁၂၀၀ အထိ အဝယ်လိုက်လာပြီး ပြည်ကြီးတံခွန်မြို့နယ်မြို့ကွက်သစ်တွင်ဝယ်လိုအား ကောင်းသောနေရာများဖြစ်လာကြောင်း ယခုကဲ့သို့ပြည်ကြီးတံခွန်မြို့နယ် (တတ)၊ (ထထ)၊ (ဒဒ)၊ (နနမြေကွက်များဈေးကွက်ဝင်အဝယ်လိုက်လာခြင်းသည် မန္တလေးမြို့၏ ကျယ်ပြန့်စည်ကားလာသည်။ ယင်းမြေကွက်သစ်မြေကွက်များသည် ချမ်းမြသာစည်မြို့နယ် မြို့သစ်ရပ်ကွက်များနှင့် ပြည်ကြီးတံခွန်မြို့နယ်မြို့သစ်ရပ်ကွက်များ၏ မြို့လယ်ဗဟို ဧရိယာဖြစ်သဖြင့် အဝယ်လိုက်လာခြင်းဖြစ်ကြောင်း ဝါရင့်မြေပွဲစားတစ်ဦးက သူ၏ အမြင်ကိုပြောသည်။

ယခင်က နိုင်ငံတကာ အဆင့်မီအားကစားကွင်းတည်ဆောက်မှုအရှိန်ကြောင့် ချမ်းမြသာစည်မြို့နယ်မြို့သစ် ၁ ရပ်ကွက်ယခင် ပေ ၄၀×၆၀ မြေတစ်ကွက်ကိုကျပ်သိန်း ၁,၅၀၀ ထိ ဝယ်လက်ရှိခဲ့သော်လည်း ယခုအခါကျပ်သိန်း ၁,၀၀၀ ဝန်းကျင်ခန့်သာရှိပြီး ဝယ်လက်အေးသွားကြောင်းအများဆုံးအရောင်းအဝယ်ဖြစ်သော မြေကွက်များမှာ မြို့သစ်ရပ်ကွက်များတွင် ပေ ၄၀×၆၀ မြေကွက်တစ်ကွက်ကျပ်သိန်း ၁၅၀ မှ ကျပ်သိန်း ၄၀၀ ဝန်းကျင်ရှိသော မြေကွက်များသာကြိုက်ရောင်းကြိုက်ဝယ်အများစုဖြစ်ကြောင်း နေလရောင်းဝယ်ရေးအထွေထွေအကျိုးဆောင်လုပ်ငန်းမှဈေးကွက် ဝန်ထမ်းတစ်ဦးကပြောသည်။

# မနလေးတွင် မီးပွိုင့်များ ပိုမိုတပ်ဆင်ရန် ယာဉ်မောင်းများ လိုလား

မင်းဒင်

**မန္တလေး၊ ဖေဖော်ဝါရီ-၁၂**

မန္တလေးမြို့တွင်းတွင် မီးပွိုင့်များ ထပ်မံတပ်ဆင်ပေးပါက ယာဉ်သွားလာမှု ရှုပ်ထွေးသောနေရာများတွင် ပိုမိုအဆင်ပြေစေနိုင်ကြောင်း ယာဉ်မောင်းများက ပြောကြားသည်။

မြို့တွင်းယာဉ်သွားလာမှုတွင် ဆိုင်ကယ်စီးသူအရေအတွက် တိုးပွားလာခြင်းနှင့် မြို့ပြ ဖွံ့ဖြိုးတိုးတက်လာခြင်းတို့ကြောင့် ယာဉ်သွားလာမှုရှုပ်ထွေးသော နေရာများတွင် ထပ်မံ၍မီးပွိုင့်များတပ်ဆင်ရန်လိုအပ်လာခြင်းဖြစ်ကြောင်း ၎င်းတို့က ထပ်မံပြောကြားသည်။

"၇၈ လမ်းပေါ်ဆိုရင် ၃၇ လမ်းမှာ ယာဉ်ကျပ်တယ်။ ၂၆ လမ်းပေါ်ဆိုရင် ၈၃ လမ်းနဲ့ ၈၆ လမ်းမှာ ယာဉ်ကျပ်တယ်။ ၇၈ လမ်းက ၇၈ စင်တာကြောင့် ၂၆ လမ်းပေါ်က ဈေးချိုဝန်းကျင်ကြောင့် မနက်နဲ့ ညနေတွေမှာ ယာဉ်ကြောကျပ်တယ်" ဟု ကားမောင်းသူတစ်ဦးက ဆိုသည်။

မြို့တွင်းတွင် လက်ရှိတပ်ဆင်ထားသော မီးပွိုင့်အရေအတွက်မှာ ၂၂ ခုရှိပြီး ၂၆ လမ်းပေါ်တွင် ၇ ခု၊ ၃၅ လမ်းပေါ်တွင် ၆ ခုနှင့် လမ်း ၃၀ ပေါ်တွင် ၃ ခုရှိကာ အခြားနေရာများတွင် ၆ ခုရှိသည်။မီးပွိုင့်များအပြင် ယာဉ်ထိန်းရဲတပ်ဖွဲ့ဝင်များချထားကာ ယာဉ်သွားလာမှုအား ဖြေရှင်းပေးနေသည့် နေရာများချထားမှုဖြင့် စီစဉ်ဆောင်ရွက်လျက်ရှိသေးတချို့နေရာများတွင် မီးပွိုင့်များတပ်ဆင်ခြင်းဖြင့်သာ အချိန်ပြည့်ဖြေရှင်းရာရောက်သည့် နည်းလမ်းဖြစ်မည်ဟုယူဆမိကြောင်း မန္တလေးမြို့ခံတစ်ဦးက သူ၏အမြင်အားပြောကြားသည်။

မန္တလေးမြို့ လမ်းများ၏ တည်ဆောက်ပုံသည် လေးထောင့်အကွက်ချတည်ရှိနေမှုကြောင့် ဖြတ်လမ်းများ ပိုမိုများပြားကာ ယာဉ်များလာရောက်စုဝေးသွားလာသည့် (ဈေး၊ ဆေးရုံ၊ အရောင်းစင်တာ)များအနီးတွင် ယာဉ်ကြောရှုပ်ထွေးပြီး သွားလာမှုခက်ခဲတတ်ကြောင်း ၎င်းက ဆက်လက်ပြောကြားသည်။

ဦးစားပေးလမ်းမများပေါ်တွင် သွားလာသည့် ယာဉ်များက ဦးစားရမည်ဖြစ်ပြီး အရင်ဖြတ်သန်းခွင့်ရမည်ဖြစ်သည်။ ဦးစားပေးရမည့် လမ်းများအဖြစ် လမ်းအကျယ်၊ ယာဉ်သွားလာမှုများပြားပြီး အရေးပါမှုတို့အပေါ်တွင် သတ်မှတ်ကြောင်း သိရသည်။



ဓာတ်ပုံ - အားမာန်

| လမ်းအသုံးပြုမှုအခြေအနေ | ဦးစားပေးရမည့်ယာဉ် |
|---|---|
| ၁။ လမ်းမကြီးမှလာသောယာဉ်နှင့် လမ်းသွယ်မှ လာသောယာဉ် | လမ်းမကြီးမှလာသောယာဉ် |
| ၂။ ကွေ့မည့်ယာဉ်နှင့် အတည့်သွားမည့် ယာဉ် | အတည့်သွားမည့်ယာဉ် |
| ၃။ တူညီလမ်းဆုံတွင် ယာဉ်နှစ်စီးဆုံတွေ့ပါက လမ်းပေါ်သို့ နောက်ကျရောက် ယာဉ်နှင့်အလျင်ရောက်ယာဉ် | အလျင်ရောက်ယာဉ် |
| ၄။ တူညီလမ်းဆုံတွင် အချိန်တူယာဉ်နှစ်စီးဆုံတွေ့ပါက မိမိယာဉ်နှင့် လက်ယာဘက်ယာဉ်ကြောမှ ယာဉ် | လက်ယာဘက် ယာဉ်ကြောမှယာဉ် |

# မန်းအပျော်တမ်းစက်ဘီးစီးအဖွဲ့ ချင်းပြည်နယ် နတ်မတောင်သို့ စက်ဘီးခရီးနှင်မည်


စိုင်းသာအောင်

**မန္တလေး၊ ဖေဖော်ဝါရီ- ၉**

မန္တလေးမြို့ အပျော်တမ်းစက်ဘီးစီးအဖွဲ့သည် မန္တလေးမှ ချင်းပြည်နယ်နတ်မတောင်သို့ ဖေဖော်ဝါရီ ၂၅ ရက်တွင် အဖွဲ့ဝင် ၂၅ ဦးပါဝင်ပြီး စတင်ထွက်ခွာမည်ဖြစ်ပြီး ၉ ရက်ကြာမည်ဖြစ်ကြောင်း သိရသည်။ ၎င်းခရီးစဉ်တွင် တိုင်းရင်းသားလူမျိုးများယဉ်ကျေးမှုဓလေ့စရိုက်များ၊ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းစောင့်ရှောက်ရေး၊ မှတ်တမ်းတင်ဓာတ်ပုံဗီဒီယိုရိုက်ကူးခြင်း၊ စာသင်ကျောင်းများအား စာအုပ်၊ စာရေးကိရိယာများလှူဒါန်းခြင်း၊ ကျန်းမာရေးအသိပညာပေးခြင်းလုပ်ငန်းများကို ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အဖွဲ့ဝင်တစ်ဦးကပြောသည်။

မန္တလေးအပျော်တမ်း စက်ဘီးစီးအဖွဲ့သည် ၂၀၀၈ ခုနှစ်က မန္တလေးမှတောင်ကြီး၊ ကလော၊ အင်းလေး၊ ပင်းတယသို့လည်းကောင်း၊ ၂၀၀၉ ခုနှစ်တွင် မန္တလေးမှ ပုဂံညောင်ဦးသို့လည်းကောင်း၊ ၂၀၁၁ ပြည့်နှစ်က မန္တလေးမှ နောင်ချို၊ ကျောက်မဲ၊ မိုးကုတ်ဒေသများသို့ သွားရောက်ခဲ့ပြီး ခရီးစဉ်များအတွင်း သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး၊ ကာဗွန်လျှော့ချရေး၊ AIDS ကျန်းမာရေးအသိပညာပေးခြင်း၊ ကျေးလက်ဒေသစာသင်ကျောင်းများအား စာရေးကိရိယာနှင့် စာအုပ်များလှူဒါန်းခြင်းလုပ်ငန်းများကို ဆောင်ရွက်နိုင်ခဲ့သည်။



Education
7DAY NEWS JOURNAL
Vol.9, No.47 • FEBRUARY 17, 2011

# ယူကေအသိအမှတ်ပြုစာမေးပွဲများ ဖြေဆိုသူများလာ

နေလင်းထွန်း

ရန်ကုန်၊ ဖေဖော်ဝါရီ - ၁၀

နိုင်ငံတကာ အသိအမှတ်ပြုစာမေးပွဲများ ဝင်ရောက်ဖြေဆိုသူ အရေအတွက်သည် ၂၀၁၀ ပြည့်နှစ်အတွင်း စံချိန်တင်များပြားခဲ့ပြီး ယူကေအသိအမှတ်ပြုစာမေးပွဲဝင်ရောက်ဖြေဆိုသူ ဦးရေသည် သုံးသောင်းနီးပါးရှိခဲ့ကြောင်း သိရသည်။



ဇင်းစာမေးပွဲများအား နိုင်ငံတကာ အဖွဲ့အစည်းများဖြစ်သော ဗြိတိသျှကောင်စီ(မြန်မာ)နှင့် အမေရိကန်စင်တာ၊ ပြည်တွင်းကုမ္ပဏီတစ်ခုဖြစ်သော Myanmar Inspiration နှင့် အခြားသော အဖွဲ့အစည်းအချို့က စာမေးပွဲဌာနများအနေဖြင့် ဘာသာစကား၊ ဘာသာရပ်၊ အသက်မွေးဝမ်းကျောင်း၊ ကွန်ပျူတာကျွမ်းကျင်မှုအစရှိသည့်တို့အား စစ်ဆေးပေးလျက်ရှိသည်။

"ကျောင်းသားတွေအနေနဲ့ကတော့ ကိုယ်ရထားတဲ့ဘွဲ့ကို နိုင်ငံတကာ အသိအမှတ်ပြုဖြစ်စေချင်တာပေါ့။ အဲဒါမှ ပြည်တွင်းမှာပဲဖြစ်ဖြစ်၊ ပြည်ပမှာပဲ ဖြစ်ဖြစ် ဝင်တိုးနိုင်မှာပေါ့။ ပြည်ပမှာ သွားသင်စရာမလိုဘဲ၊ ဒီလိုပဲ နိုင်ငံတကာအသိအမှတ်ပြု လက်မှတ်တွေရယူနိုင်တာလည်း ကောင်းတာပေါ့"ဟု ပညာရေးကျွမ်းကျင်သူတစ်ဦးက သုံးသပ်သည်။

အလုပ်အကိုင် အခွင့်အလမ်းယှဉ်ပြိုင်မှု ပြင်းထန်လာသည့်အတွက် ပညာရေးလိုအပ်ချက် မြင့်တက်လျက်ရှိသော အခြေအနေတွင် ပြည်တွင်း၌ နိုင်ငံတကာအသိအမှတ်ပြု သင်တန်းကျောင်းများ၊ နိုင်ငံတကာ အသိအမှတ်ပြုစာမေးပွဲများအား တက်ရောက်သူနှင့် ဝင်ရောက်ဖြေဆိုကြသည့် ကျောင်းသားအရေအတွက် ဆက်လက်မြင့်တက်ဖွယ်ရှိကြောင်း ပညာရေးနယ်ပယ်မှ တာဝန်ရှိသူများက သုံးသပ်ကြသည်။

LCCI ဘာသာရပ်အား ဖြေဆိုသူများပြားနေခြင်းမှာ ပြည်တွင်းသာမက ပြည်ပနိုင်ငံရှိကုမ္ပဏီများ၏ဘဏ္ဍာရေးဆိုင်ရာ လုပ်ငန်းများတွင် အလုပ်အကိုင်အခွင့်အလမ်းပေါများခြင်းနှင့် အခြားသော နိုင်ငံတကာအသိအမှတ်ပြုစာမေးပွဲကြေးများထက် သက်သာခြင်းတို့ကြောင့်ဖြစ်ကြောင်း သင်တန်းကျောင်းပိုင်ရှင်တစ်ဦးက ပြောသည်။

"တခြားဘာသာရပ်တွေထက် စာမေးပွဲကြေးသက်သာတယ်။ နောက်ပြီး LCCI-Level-3 ပြီးထားရင် စီးပွားရေးဘွဲ့ရထားတဲ့သူတွေနဲ့တန်းတူ အလုပ်ဝင်နိုင်တယ်။ အလုပ်ကြော်ငြာခေါ်ကတည်းက စီးပွားရေးဘွဲ့ရ သို့မဟုတ် LCCI-Level-3 ဆိုပြီး ခေါ်တာပဲ"ဟု ၎င်းကဆိုသည်။

နိုင်ငံတကာ အသိအမှတ်ပြုစာမေးပွဲများတွင် ကွန်ပျူတာဘာသာရပ်များ စစ်ဆေးနေသော NCC နှင့် စီမံခန့်ခွဲမှုဘာသာရပ်များဖြစ်သော ABE စာမေးပွဲများကို ဖြေဆိုသော ကျောင်းသား အရေအတွက်လည်း များပြားလျက်ရှိကြောင်း သိရသည်။

ယင်းကဲ့သို့ စာမေးပွဲများ ဝင်ရောက်ဖြေဆိုခြင်းအားဖြင့် နိုင်ငံတကာအသိအမှတ်ပြု လက်မှတ်ကိုင်ဆောင်၍ အဆင့်မြင့်ပညာ ဆက်လက်သင်ယူနိုင်ရန်နှင့် အလုပ်အကိုင်အခွင့်အလမ်းကောင်းများ ဖန်တီးနိုင်ရန် ငွေကြေးအကုန်အကျခံ၍ လေ့လာသင်ယူ စာမေးပွဲဖြေဆိုနေကြခြင်းဖြစ်သည်။

"နိုင်ငံတကာ အသိအမှတ်ပြုသင်တန်းတွေ၊ နိုင်ငံတကာ အသိအမှတ်ပြု စာမေးပွဲတွေများလာတာ ကောင်းပါတယ်။

စာ(၂၂)သို့

## ပညာရေးသတင်းတိုများ

### ကွန်ပျူတာ ဒီပလိုမာဘာသာရပ် ဖွင့်လှစ်သင်ကြားမည်

ရန်ကုန်၊ ဖေဖော်ဝါရီ - ၁၀

အမျိုးသားစီမံခန့်ခွဲမှု ပညာကောလိပ်တွင် ကွန်ပျူတာ ဒီပလိုမာဘာသာရပ်များအား ဖေဖော်ဝါရီ ၁၈ ရက်တွင် ဖွင့်လှစ်သွားမည်ဟု သိရသည်။ တက္ကသိုလ်ဝင်တန်း ဖြေဆိုထားသူများနှင့် အောင်မြင်ထားသူများ တက်ရောက်နိုင်ပြီး သင်တန်းကာလတစ်နှစ်ကြာမြင့်မည်ဖြစ်သည်။ သင်တန်းကြေးမှာ ကျပ် ကိုးသောင်းဖြစ်ပြီး ဗုဒ္ဓဟူး၊ ကြာသပတေး၊ သောကြာ သို့မဟုတ် သောကြာ၊ စနေ၊ တနင်္ဂနွေနေ့တို့တွင် နေ့လယ် ၁၂ နာရီခွဲမှ ၅ နာရီအထိ တက်ရောက်ရမည်ဖြစ်သည်။

### သင်တန်းသားများမှ ပြန်လည်တင်ပြဆွေးနွေးမည့် အစီအစဉ်

ရန်ကုန်၊ ဖေဖော်ဝါရီ - ၁၀

လူငယ်များ အရက်သေစာသောက်စားမှုလျှော့ချရေးနှင့် ယာဉ်အန္တရာယ်ပညာပေး အစီအစဉ်နှစ်ခု တင်ပြခြင်းကို ဖေဖော်ဝါရီ ၁၇ ရက်ညနေ ၆ နာရီတွင် ချက်ထရီယန်ဟိုတယ်၌ ကျင်းပမည်ဖြစ်သည်။ Strategy First မှသင်တန်းသားများက ၎င်းတို့သင်ကြားထားသည်များမှ လက်တွေ့လေ့ကျင့်အသုံးချနိုင်ရန် ရည်ရွယ်၍ ရေးဆွဲတင်ပြကြမည်ဖြစ်သည်။ စိတ်ဝင်စားသူများအနေဖြင့် ဖေဖော်ဝါရီ ၁၅ ရက်နောက်ဆုံးထား၍ ဖုန်း ၅၃၉၁၃၅ သို့စာရင်းပေးသွင်း၍ အခမဲ့တက်ရောက်နိုင်သည်။

## အိမ်ခြံမြေလုပ်ငန်းဖွံ့ဖြိုးမှုဒီပလိုမာ သင်တန်း ERC Institute တွင် တက်ရောက်နိုင်

သီဟ

ရန်ကုန်၊ဖေဖော်ဝါရီ-၁၂

အိမ်ခြံမြေလုပ်ငန်းအား စိတ်ပါဝင်စားသူများအတွက် အိမ်ခြံမြေလုပ်ငန်းဖွံ့ဖြိုးမှု ဒီပလိုမာသင်တန်းအား စင်ကာပူနိုင်ငံရှိ ERC Institute မှ ဖွင့်လှစ်တော့မည်ဖြစ်ကြောင်း သိရသည်။

အိမ်ခြံမြေနှင့် ပတ်သက်၍ ERC Institute မှဖွင့်လှစ်မည့် Diploma in Enterprise Development (Real Estate) တွင် ဘာသာရပ် ရှစ်ခုသင်ကြားရမည်ဖြစ်ပြီး သင်တန်းကာလမှာ ကိုးလကြာမြင့်မည်ဖြစ်ကြောင်း သိရသည်။သင်တန်းအား အချိန်ပြည့်နှင့်အချိန်ပိုင်း နှစ်မျိုးတက်ရောက်နိုင်ပြီး အချိန်ပြည့်တက်ရောက်လိုသူများသည် တစ်ပတ်လျှင် ငါးရက်တက်ရောက်ရမည်ဖြစ်ပြီး နေ့စဉ်စင်ကာပူစံတော်ချိန် ညနေလေးနာရီမှ ခုနှစ်နာရီအထိ တက်ရောက်ရမည်ဖြစ်သည်။

အချိန်ပိုင်းတက်ရောက်လိုသူများသည် တစ်ပတ်လျှင် သုံးရက် ညပိုင်းစင်ကာပူစံတော်ချိန် ခုနှစ်နာရီတစ်ဆယ့်ငါးမိနစ်မှ ဆယ်နာရီတစ်ဆယ့်ငါးမိနစ်အထိ သင်ယူရမည်ဖြစ်ပြီး စနေနှင့် တနင်္ဂနွေနေ့များတွင် နံနက် ဆယ်နာရီမှ ညနေငါးနာရီအထိသင်ယူရမည်ဖြစ်သည်။

သင်ကြားပို့ချမည့် ဘာသာရပ်များမှာ (1) Principles of Marketing (2)Principles of Management (3) Principles of Accounting (4) Principles of Entrepreneurship (5) Funding the Business Plan (6) Basic Skills for Property Agents (7) Laws Relating to Real Estate Property (8)



Managing HDB & Private Residential Property Transactions တို့ဖြစ်ကြောင်း သိရသည်။

တက်ရောက်လိုသူများသည် အင်္ဂလိပ်စာကျွမ်းကျင်မှုအနေဖြင့် IELTS 5.5 ရရှိထားရန်လိုအပ်ကြောင်း သိရသည်။ စိတ်ပါဝင်စားသူများသည် Tip Top Education Service Provider သို့ ဆက်သွယ်ဆောင်ရွက်နိုင်ကြောင်း သိရသည်။






Technology
7 DAY NEWS JOURNAL
Vol.9, No.47 • FEBRUARY 17, 2011

# စီဒီအမ်အေ ၈၀၀ မဂ္ဂါဟာဇ့်ဖုန်းများကို မိုဘိုင်းဖုန်းကုဒ်နံပါတ်ပြောင်းမည်

**ယုဇနကိုကို**

ရန်ကုန်၊ ဖေဖော်ဝါရီ- ၁၁

ကျပ်ငါးသိန်းတန် စီဒီအမ်အေ ၈၀၀ မဂ္ဂါဟာဇ့်ဖုန်းများအား ယခုလ ၂၀ ရက်တွင် ၀၉xx xxx xxx ဖြင့်စသည့် မိုဘိုင်းဖုန်းကုဒ်နံပါတ်များအဖြစ် စတင်ပြောင်းလဲပေးတော့မည်ဖြစ်ကြောင်း မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း၏ ယင်းဖုန်းဌာနမှ သတင်းရရှိသည်။

ထိုကဲ့သို့ပြောင်းလဲပေးရာတွင် ယခုလက်ရှိအသုံးပြုနေသည့် စီဒီအမ်အေ ၈၀၀ မဂ္ဂါဟာဇ့် ကျပ်ငါးသိန်းတန်ဖုန်းများသည်လည်း အလိုအလျောက် ၀၉ ဖြင့်စသည့် ကုဒ်နံပါတ်များအဖြစ်ပြောင်းလဲသွားမည်ဖြစ်ကြောင်း သိရသည်။

ယခုကဲ့သို့ အဆိုပါဖုန်းများအား မိုဘိုင်ဖုန်းနံကုဒ်နံပါတ်များအဖြစ် ပြောင်းလဲပေးရခြင်းမှာ ရွေ့လျားဖုန်းများအဖြစ်ကိုင်ဆောင်အသုံးပြုနေကြပြီဖြစ်သည့်အတွက် အခြားမိုဘိုင်းဖုန်းများကဲ့သို့ ၀၉ နံပါတ်များဖြင့်ပြောင်းလဲပေးရခြင်းဖြစ်ကြောင်း သိရသည်။

ယခုလက်ရှိအချိန်ထိ အဆိုပါစီဒီအမ်အေဖုန်းများအား ရန်ကုန်တွင်အလုံးရေ တစ်သိန်းငါးသောင်းကျော်နှင့် မန္တလေးတွင် အလုံးလေးသောင်းငါးထောင်ခန့်ချထားပေးပြီးဖြစ်သည်။

မိုဘိုင်းကဲ့သို့အသုံးပြုနေနိုင်ပြီဖြစ်သည့် အဆိုပါဖုန်းများသည် ယခုအချိန်တွင် မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း၌ ငွေကျပ်သုံးသောင်းပေးသွင်းပြီး အသုံးပြုနိုင်သည့် အင်တာနက်ဆက်သွယ်မှုစနစ်ကိုပါရရှိနေပြီဖြစ်သည်။

# ကျပ်ငါးသိန်းတန် ဂျီအက်စ်အမ်ဖုန်းအတွက် ကြိုတင်ငွေပေးချေကတ်များ အသင့်ဖြစ်နေပြီဟုဆို

**ယုဇနကိုကို**

ရန်ကုန်၊ ဖေဖော်ဝါရီ- ၁၁

မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း၏ ကျပ်ငါးသိန်းတန်ဂျီအက်စ်အမ်ဖုန်းများအား ယခုလ ၁၄ ရက်နေ့တွင် အမှန်တကယ်ချထားပေးတော့မည်ဖြစ်ကြောင်း ယင်းလုပ်ငန်းမှသတင်းရရှိသည်။

ပထမဆုံးအကြိမ် လွှတ်တော်ခေါ်ယူသည့် ဇန်နဝါရီ ၃၁ ရက်နေ့တွင် စတင်ချထားပေးမည်ဟု သတင်းထုတ်ပြန်ချက်များအတိုင်း ချထားပေးနိုင်ခဲ့ခြင်းမရှိခဲ့ဘဲ ယခုအခါ ကြိုတင်ငွေဖြည့်ကတ် (Prepaid Card) များ ရောင်းချရန်အဆင်သင့်ဖြစ်နေပြီဖြစ်သည့်အတွက် ရောင်းချပေးမှုစတင်တော့မည်ဖြစ်ကြောင်း ယင်းလုပ်ငန်း၏ တာဝန်ရှိသူတစ်ဦးကဆိုသည်။

ကြိုတင်ငွေဖြည့်ကတ်များကိုအသုံးပြုရာတွင် ကျပ်တစ်သောင်းတန်၊ ကျပ်နှစ်သောင်းတန်နှင့် ကျပ်သုံးသောင်းတန်ဟူ၍ ရွေးချယ်ဝယ်ယူနိုင်မည်ဖြစ်ကာ ပြင်ပခေါ်ဆိုမှုအတွက် တစ်မိနစ်လျှင် ကျပ်ငါးဆယ်ကျသင့်မည်ဖြစ်ပြီး အဝင်ခေါ်ဆိုမှုအတွက်လည်း ကောက်ခံသွားဖွယ်ရှိနေကြောင်း အထက်ပါလုပ်ငန်း၏ အခြားတာဝန်ရှိသူတစ်ဦးကဆိုသည်။

အဆိုပါဖုန်းများသည် ဂျီအက်စ်အမ်ဖုန်းလိုင်းများမိသောမည်သည့်နေရာတွင်မဆို အသုံးပြုနိုင်မည်ဖြစ်ပြီး အင်တာနက်ချိတ်ဆက်အသုံးပြုမှုကို နေပြည်တော်ခရိုင်အတွင်းတွင်သာ အသုံးပြုနိုင်မည်ဖြစ်သည်ဟုသိရသည်။

မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းအနေဖြင့် ကနဦးချထားပေးခဲ့သည့် ကျပ်တစ်ဆယ့်ငါးသိန်းတန်ဂျီအက်စ်အမ်ဖုန်းများအား တစ်နိုင်ငံလုံးအတိုင်းအတာအားဖြင့် အလုံးရေငါးသောင်းကျော်ချထားပေးခဲ့ကြောင်း ယင်းလုပ်ငန်းမှ ထုတ်ပြန်သောသတင်းအချက်အလက်များအရသိရသည်။

# ဒုတိယမျိုးဆက် iPad ထုတ်လုပ်မှု စတင်ပြီဟုဆို

ဆန်ဖရန်စစ္စကို၊ ဖေဖော်ဝါရီ - ၉

Apple ကုမ္ပဏီသည် ၎င်း၏နာမည်ကျော် iPad ကွန်ပျူတာ၏ ဒုတိယမျိုးဆက်ကို ထုတ်လုပ်မှုအား စတင်နေပြီဖြစ်ကြောင်း ဝေါလ်စထရီဂျာနယ်က ဖော်ပြလိုက်သည်။ အဆိုပါ ဒုတိယမျိုးဆက် iPad သည် ယခင် iPad ထက်ပိုမိုပါးလွှာကာ မမ်မိုရီပမာဏ ပိုများမည်ဟုသိရသည်။ ထို့ပြင် ဗီဒီယိုကွန်ဖရင့်လုပ်ရန်အတွက် iPhone4 ကဲ့သို့ပင် ကွန်ပျူတာမျက်နှာပြင်အရှေ့တွင်လည်း ကင်မရာတစ်လုံးအပိုပါဝင်မည်ဟု သိရသည်။



ကယ်လီဖိုးနီးယားအခြေစိုက် Apple ကုမ္ပဏီ၏အဆိုအရ ၎င်းတို့သည် ပြီးခဲ့သည့်ဧပြီတွင် iPad ကိုစတင်ဖြန့်ဖြူးချိန်မှစ၍ ရှစ်လတာကာလအတွင်း အလုံးရေ ၁၅ သန်းနီးပါးရောင်းချခဲ့ပြီးဖြစ်ကြောင်း သိရသည်။ iPad ကွန်ပျူတာသည် ဈေးကွက်အတွင်းရောက်ရှိပြီးနောက်၊ ကမ္ဘာတစ်ဝန်း လူကြိုက်များမှုရှိကာ အခြားကုမ္ပဏီများမှလည်း iPad ကဲ့သို့ Tablet ကွန်ပျူတာများ အပြိုင်ထုတ်လုပ်ရောင်းချခဲ့သည်။

*—Ref: AFP*







# McWill အင်တာနက်ဆက်သွယ်မှုကို ကြိုတင်ငွေပေးချေကတ်ဖြင့်သာ သုံးရမည်

**ယုဇနကိုကို**



ရန်ကုန်၊ ဖေဖော်ဝါရီ- ၁၁

ရတနာပုံတယ်လီပို့ ကုမ္ပဏီလီမိတက်၏ McWiLL အင်တာနက်ဆက်သွယ်မှုစနစ်များကို ကြိုတင်ငွေပေးချေကတ်များဖြင့်အသုံးပြုရမည်ဖြစ်ကြောင်း ယင်းကုမ္ပဏီလီမိတက်မှ သတင်းရရှိသည်။


ကျပ်တစ်သောင်းနှင့် ကျပ်သုံးသောင်းတန် ကြိုတင်ငွေပေးချေကတ်ဟူ၍ အမျိုးအစားနှစ်မျိုးရှိမည်ဖြစ်ပြီး ပုဂ္ဂလိကနည်းပညာကုမ္ပဏီများမှ ရောင်းချသွားမည်ဖြစ်ကြောင်း အထက်ပါကုမ္ပဏီလီမိတက်၏ တာဝန်ရှိသူတစ်ဦးကဆိုသည်။

အဆိုပါကြိုတင်ငွေပေးချေကတ်ဖြင့် အင်တာနက်သုံးစွဲခများကို နှုတ်ယူရာတွင် အမြန်နှုန်း 128 Kbps အတွက်တစ်မိနစ်လျှင် နှစ်ကျပ်နှုန်းဖြင့်လည်းကောင်း၊ 256 Kbps ဆိုလျှင်တစ်မိနစ်သုံးကျပ်နှုန်းအဖြစ်လည်းကောင်း၊ 512 Kbps အတွက်တစ်မိနစ်ခြောက်ကျပ်နှုန်းအဖြစ်လည်းကောင်း၊ 1 Mbps အတွက် တစ်မိနစ်ရှစ်ကျပ်အဖြစ်လည်းကောင်း ကျသင့်မည်ဖြစ်ကြောင်းသိရသည်။

အဆိုပါစနစ်ကိုလျှောက်ထားရာတွင် တပ်ဆင်အသုံးပြုခ ကျပ်ငါးသိန်းကျသင့်မည်ဖြစ်ပြီး နောက်ပိုင်းတွင် တယ်လီဖုန်းဆက်သွယ်မှုစနစ်ကိုပါရရှိမည်ဖြစ်ကြောင်းသိရသည်။

# Tech

## ဌာနချုပ်အသစ်သို့ ပြောင်းရွှေ့ရန် ဖေ့စ်ဘွတ်ခ် ကြေညာ



ဆန်ဖရန်စစ္စကို၊ ဖေဖော်ဝါရီ - ၈

နာမည်ကျော်လူမှုကွန်ရက်ဝက်ဘ်ဆိုက်ကုမ္ပဏီ ဖေ့စ်ဘွတ်ခ်သည် ၎င်း၏ ဌာနချုပ်ရုံးကို ကယ်လီဖိုးနီးယားပြည်နယ် ပါလိုအယ်လ်တိုမှ မင်လိုပ့်ါခ်သို့ ပြောင်းရွှေ့တော့မည်ဖြစ်ကြောင်း ကြေညာလိုက်သည်။ ကုမ္ပဏီသည် ၅၇ ဧက ကျယ်ဝန်းသော ထိုနေရာသစ်တွင်ကာလရှည် လုပ်ငန်းများ တိုးချဲ့နိုင်ရန်လည်း မျှော်မှန်းထားသည်။

ဖေ့စ်ဘွတ်ခ်ကုမ္ပဏီသည် ယင်းနေရာသစ်တွင် စတုရန်းပေတစ်သန်းခန့်ကို ရယူမည်ဟုဆိုသည်။ မင်လိုပ့်ါခ်ရှိ အဆိုပါအဆောက်အအုံနေရာမှာ ယခင်က Sun Microsystems ကုမ္ပဏီ၏ ဌာနချုပ်အဖြစ် အသုံးပြုခဲ့ပြီး Oracle ကလွှဲပြောင်းရယူခဲ့ဖူးသည်။ ဖေ့စ်ဘွတ်ခ်၏ဘဏ္ဍာရေးအကြီးအကဲ ဒေးဗစ်အီဗာစမန်းကလည်း ကုမ္ပဏီသည် ထိုနေရာကို ၁၅ နှစ် အပိုင်းအခြားဖြင့် ငှားရမ်းမည်ဖြစ်ကာ ငှားရမ်းသည့် သက်တမ်းငါးနှစ်ကျော်လျှင် ဝယ်ယူခွင့်ရှိသည်ဟုဆိုသည်။

ဖေ့စ်ဘွတ်ခ်သည် ယခုအခါ အလုပ်သမား ၂,၀၀၀ ခန့်ရှိနေပြီး ယခုပြောင်းရွှေ့မည့် မင်လိုပ့်ါခ် ရုံးချုပ်နေရာမှာ ဝန်ထမ်း ၃,၆၀၀ ခန့်အထိထားရှိနိုင်သည်ဟုသိရသည်။

*—Ref: Xinhua*

## ဟက်ကာများက စမတ်ဖုန်းများကို ပစ်မှတ်ထားလာ



ဆန်ဖရန်စစ္စကို၊ ဖေဖော်ဝါရီ - ၉

စမတ်ဖုန်းများသည် အင်တာနက်ဟက်ကာများနှင့် နှောင့်ယှက်သူများ၏ အဓိကပစ်မှတ်များဖြစ်လာကြောင်း ကွန်ပျူတာလုံခြုံရေးကုမ္ပဏီ McAfee ကပြောကြားသည်။

ကွန်ပျူတာ ပရိုဂရမ်များကို ဖျက်လိုဖျက်ဆီးပြုသော ဆော့ဖ်ဝဲများသည် ၂၀၀၉ ခုနှစ်ကနှင့် နှိုင်းယှဉ်လျှင် ၄၆ ရာခိုင်နှုန်းမြင့်တက်လာကြောင်း ၂၀၁၀ နောက်ဆုံးသုံးလပတ်အတွက် ထုတ်ပြန်သည့် McAfee ၏ဆိုက်ဘာခြိမ်းခြောက်မှု အစီရင်ခံစာက ဖော်ပြခဲ့သည်။

ဆိုက်ဘာလူဆိုးများက လူကြိုက်များသောပစ္စည်းများကို လေ့လာနေကြကြောင်း၊ ယင်းသို့လေ့လာခြင်းမှာ အားထုတ်မှုအနည်းအကျဉ်းနှင့်အကြီးမားဆုံး ထိခိုက်မှုဖြစ်စေရန် ရည်ရွယ်၍ဖြစ်ကြောင်း McAfee ၏သုတေသနဌာနဒုတိယဥက္ကဋ္ဌ ဗင်းဆင့်ဝေဖာက ပြောကြားသည်။

စမတ်ဖုန်းများနှင့် စာအုပ်အရွယ်ကွန်ပျူတာများ လူကြိုက်များလာသည်နှင့်အမျှ ယင်းအသုံးအဆောင်များအား ခြိမ်းခြောက်နေသည့် ဆော့ဖ်ဝဲအသစ်များလည်းပေါ်ထွက်လာကြောင်း သိရသည်။ ၂၀၁၀ ပြည့်နှစ် နောက်ဆုံးသုံးလပတ်အတွင်း ပေါ်ထွက်လာပြီး Android စနစ်သုံး မိုဘိုင်းဖုန်းကိုခြိမ်းခြောက်နေသည့် အဓိကအဖျက်ဆော့ဖ်ဝဲမှာ Geinimi ဆော့ဖ်ဝဲဖြစ်ကြောင်း သိရသည်။ *—Ref: AFP*







7 DAY NEWS JOURNAL
Vol.9, No.47 • FEBRUARY 17, 2011

(တစ်)

ထိုနေ့မနက်က ရန်ကုန်မြို့လမ်းမတော်ကမ်းနားဆိပ်ကိုရောက်တော့ မနက်ခင်းက ဝေလီဝေလင်းပဲရှိပါသေးသည်။ နှင်းမကွဲသေး။ လာကြိုသောကားက ကျွန်တော့်အိမ်သို့ ပထမဦးဆုံးရောက်ရှိ၍လာကာ ဒုတိယမြောက်အဖြစ် မနုနုရည်(အင်းဝ)ကိုကြိုပြီးနောက် ရန်ကုန်မြစ်ကမ်းနဖူးမှာ ကားကိုရပ်လိုက်တော့ ကျွန်တော်တို့နှင့် ရှေ့ဆင့်နောက်ဆင့်ဆိုသလိုမှာပင် ဒါရိုက်တာကြည်စိုးထွန်းရောက်ရှိ၍လာပါသည်။

ဖောတံတားထိပ်ဆီမှာတော့ ကျွန်တော်တို့စီးနင်းလိုက်ပါရမည့် မော်တော်ကို သင်္ဘောများ၊ မော်တော်များ၊ လှေသမ္ဗန်ကြီးကြီးငယ်ငယ်တို့၏အကြား၌ လှမ်းမြင်နေရပါသည်။ လှိုင်းထဲမှာ လူးလွန့်လှုပ်ရှားလို့။ ဖောတံတားတစ်လျှောက်မှာက လူတွေ ဆင်းကြတက်ကြ။ ရွှေပြည်တန်. . တဲ့။ ရှပ်ပြေးအမြန်ယာဉ်။ ရန်ကုန်ကနေ တွံတေး၊ ကျိုက်ထော်၊ ကျိုက်လတ်၊ ဘိုကလေး၊ မော်ကျွန်းပြေးဆွဲနေသည့် မော်တော်ကလေး။ မော်တော်ဦးပိုင်း အထူးတန်းက လူတစ်ယောက် ၅,၀၀၀ ကျပ်။ ပဲ့ပိုင်းရိုးရိုးတန်းက ၃,၀၀၀ ကျပ်။ တစ်ပိုင်တစ်နိုင် လက်ဆွဲပစ္စည်းကလေးတွေကလွဲလျှင် ကုန်ပစ္စည်းကို ထုနှင့်ထည်နှင့်တင်ဆောင်လေ့မရှိသည့် လူစီးရှပ်ပြေးအမြန်မော်တော်ယာဉ်။ ဦးပိုင်းအထူးခန်း၌ လေအေးပေးစက်တပ်ထားတာတွေ့ရသော်လည်း ကျွန်တော်တို့စီးနင်းစဉ်က ဇန်နဝါရီလထဲဖြစ်၍လားမသိ။ ထိုလေအေးပေးစက်ကိုဖွင့်မထား။ ကျန်အချိန်တွေမှာ ဖွင့်သလားမဖွင့်သလားဆိုတာကို ကျွန်တော်မသိ။



# မြင်းကကုန်းသို့ ရှပ်ပြေးခြင်း

မောင်သာချို

"ရှပ်ပြေးယာဉ်တွေ ပေါ်လာတာလား၊ လေးငါးနှစ်လောက်တော့ ရှိပြီထင်တယ်"

ခရီးသွားတစ်ယောက်က ကျွန်တော့်အမေးကို တွေးတွေးဆဆဖြေဆိုခြင်းပင်ဖြစ်ပါသည်။ ရှပ်ပြေးယာဉ်တွေမရှိစဉ်က မော်ကျွန်း-ရန်ကုန်ခရီးစဉ်သည် တစ်ညအိပ်ခရီးစဉ်ဖြစ်ပါသည်။ သည်တော့ အချိန်ကို တော်တော်ကလေးပေးဆပ်ခဲ့ကြရသည်။ ရှပ်ပြေးယာဉ်တွေပေါ်လာတော့ မော်ကျွန်း-ရန်ကုန်ခရီးကို ခုနစ်နာရီဝန်းကျင်လောက်နှင့် ရောက်ရှိသွားနိုင်ခြင်းဖြစ်ရာ ရေလမ်းခရီးကို သည်အချိန်လောက်နှင့်ရောက်ရှိသွားသည့်အတွက် အချိန်နှင့်အမျှအလုပ်လုပ်နေသူတွေအတွက် အချိန်က ကျုံ့သွားသည်။

ထိုနေ့ ၂၀၁၁ ဇန်နဝါရီလ ၁၅ ရက်နေ့ညတွင် ဘိုကလေးမြို့နယ် မြင်းကကုန်းကျေးရွာ၌ စာပေဟောပြောပွဲရှိရာ ထိုပွဲ၌ ဒါရိုက်တာကြည်စိုးထွန်း၊ မနုနုရည်(အင်းဝ)နှင့် ကျွန်တော်တို့ဟောပြောရမည်ဖြစ်သဖြင့် ထိုနေ့မနက် ၆ နာရီတိတိတွင် စတင်ထွက်ခွာမည်ဖြစ်သော ရွှေပြည်တန်ရှပ်ပြေးအမြန်ယာဉ်ပေါ်၌ ကျွန်တော်တို့ရောက်ရှိနေကြခြင်းဖြစ်ပါသည်။ တကယ်ပဲ ရှပ်ပြေးမှာလား ရှပ်မပြေးဘူးလားဆိုတာကိုဖြင့် ကျွန်တော်တို့မသိပါလေ။

(နှစ်)

ကျွန်တော်တို့၏ ရှပ်ပြေးက ရန်ကုန်မြစ်ကိုဖြတ်၊ တွံတေးတူးမြောင်းထဲကိုဝင်၊ တိုးမြစ်အတိုင်းအတန်ငယ် မောင်းနှင်နေခဲ့ရာက ဂုံညင်းတန်းမြစ်ထဲမှာကတော့ ခရီးစဉ် အစအဆုံးလောက်နီးပါးကို မောင်းနှင်နေခဲ့ရခြင်းဖြစ်ပါသည်။ တွံတေးတူးမြောင်းထဲ၌ ရှိနေစဉ်နှင်းတွေ ပိန်းပိန်းပိတ်အောင်ကျလာသဖြင့် ကမ်းဘေးဝဲယာကို ဘာမှမမြင်ရတော့ဘဲဖြစ်၍သွားရာ မော်တော်ကိုကမ်းဘေးသို့ထိုးရပ်ထားလိုက်ရပါသည်။ ဟိုနားသည်နားတွေဆီမှာက သင်္ဘောကြီးတွေ၊ မော်တော်ကလေးတွေကို မည်းမည်းမှောင်မှောင်နှင့် နှင်းတွေကြားထဲ၌ ဝိုးဝိုးဝါးဝါးမျှသာမြင်နေရပေရာ တစ္ဆေရုပ်ရှင်နှင့်ပင် တူနေပါတော့သည်။

ဒါကြောင့်လားမသိ။ ရန်ကုန်ကနေ မနက် ၆ နာရီထွက်မည့် ကျွန်တော်တို့၏ ရှပ်ပြေးယာဉ် မြင်းကကုန်းသို့ နေ့ခင်း ၁၂ နာရီလောက်ရောက်ရမည်ဖြစ်သော်လည်း ၁ နာရီလောက်မှရောက်ရှိသွားခဲ့ရပါသည်။

မြင်းကကုန်းက ဘိုကလေးမြို့နယ်ထဲက ရွာကလေးတစ်ရွာဖြစ်ပါသည်။ ၂၀၀၈ နာဂစ်မုန်တိုင်းဒဏ်ကို အတန်အသင့်ခံလိုက်ရသည်။ ရွာကသေးပြီး ကျဉ်းပါသည်။ မြစ်နှင့်အပြိုင် လမ်းသွယ်ကလေးက လေးလမ်းပဲရှိပါသည်။

သို့သော် စာသင်ကျောင်းက ရွာနှင့်မမျှအောင် ကြီးမားခန့်ထည်ပါသည်။ သောက်ရေကို ကန်ကနေ ခပ်သုံးကြပြီး သုံးရေကိုတော့ ဂုံညင်းတန်းမြစ်ထဲကနေ မော်တာနှင့် မောင်းတင်ကာ ကိုယ့်အိမ်ကို ကိုယ့်ပိုက်ဖြင့် သွယ်တန်းယူကြရသည်။ ထို့ကြောင့် လမ်းဘေးဝဲယာ၌ ရေပိုက်လိုင်းကလေးတွေကို တွေ့နေရခြင်းဖြစ်ပါသည်။ လူနေအိမ်တွေက ခပ်စိပ်စိပ်။

သည်မြင်းကကုန်းမှာ ကျွန်တော်တို့ စာရေးဆရာအဖွဲ့ကို နေရာချထားပေးတာက'ပညာအလင်း' ဆိုသော စာကြည့်တိုက်။ သည်စာကြည့်တိုက်ကပင် မြင်းကကုန်း၏ ကျက်သရေကိုဆောင်သောအဆောက်အအုံဖြစ်ပါ၏။ ယခု ၂၀၁၀ ခုနှစ်အတွက် ဧရာဝတီတိုင်းဒေသကြီးအတွင်း၌ စံပြစာကြည့်တိုက်အဖြစ်ပင် ဆုတံဆိပ်ရရှိခဲ့သည်မဟုတ်ပါလော။

(သုံး)

သည်စာကြည့်တိုက်ကို ရန်ကုန်ရောက် မြင်းကကုန်းရွာသူရွာသားများဖြစ်သော ဦးကံလှ၊ ဒေါ်ပိုမိသားစုတို့က ကျပ်သိန်း ၁၁၀ ကို အကုန်အကျခံကာ လှူဒါန်းခဲ့ခြင်းဖြစ်ပါသည်။ တစ်ထပ်တိုက်အပြား။ ရေချိုးခန်းနှင့်။ အိမ်သာနှင့်။ ကိုယ်ပိုင်ခြံဝင်းနှင့်။ လင်းလင်းရှင်းရှင်း။ ၂၀၀၇ ဇန်နဝါရီ ၁ မှစ၍ ဖွင့်ခဲ့ခြင်းဖြစ်ရာ အခုဆို လေးနှစ်ပြည့်ပြီ။ နာဂစ် (၂၀၀၈)တုန်းက စာကြည့်တိုက်အမိုးတွေ လန်ထွက်ကုန်ကာ စာအုပ်သုံးပုံတစ်ပုံလောက်ဆုံးရှုံးသွားသော်လည်း ဗေဒါပျံအံကိုခဲ၍ ပြန်လည်ပြုပြင် ပြန်လည်ဖြည့်ဆည်းပေးနိုင်ခဲ့ကြသည်။ စာကြည့်တိုက်သက်တမ်း လေးနှစ်နှင့်အညီ စာပေဟောပြောပွဲ လေးကြိမ်ကို နာဂစ်ကျရောက်ရာနှစ်အပါအဝင် မပျက်မကွက် ကျင်းပနိုင်ခဲ့ကြသည်မှာ မြင်းကကုန်းလူထု၏ စိတ်ဓာတ်ခွန်အားနှင့်သတ္တိပင်ဖြစ်ပါသည်။

ကျွန်တော် အကြိုက်ဆုံးအချက်က စာကြည့်တိုက်ထာဝရပဒေသာပင်ကိစ္စဖြစ်ပါသည်။ ယခင်က ငွေကျပ် ၂၅ သိန်း၊ ယခု ထပ်ပေါင်းငွေ ၅ သိန်း၊ စုစုပေါင်းသိန်း ၃၀ ဖြင့် မတည်ထားပြီး သည်ငွေကို စာကြည့်တိုက်ကော်မတီ၏ ညှိနှိုင်းဆုံးဖြတ်မှုဖြင့် ကိုယ့်ရွာသူရွာသားများထဲက လိုအပ်သူကို အတိုးပေးထားရာ လစဉ် တစ်သိန်းနီးပါးလောက်ရသည်။ သည်ငွေနှင့် စာကြည့်တိုက်ဝန်ထမ်းတစ်ယောက်ကိုခန့်ထားကာ လခနှစ်သောင်းနှင့် သုံးသောင်းကြား ချီးမြှင့်ထားနိုင်ခဲ့ပြီး ကျန်ငွေဖြင့် စာအုပ်တွေကို ဝယ်ဖြည့်သည်။ ဒါကြောင့်လည်း ပညာ့အလင်းစာကြည့်တိုက်က စာအုပ်စာတမ်းတောင့်တင်းခြင်းဖြစ်ပါသည်။ စာကြည့်တိုက်အလှူရှင်နှင့် ထာဝရပဒေသာပင်အလှူရှင် ဦးကံလှ၊ ဒေါ်ပိုမိသားစုက ဂျာနယ်တော်တော်များများကိုပါ အပတ်စဉ်တင်ပို့ပေးနေရာ အမျိုးအစားစုံလင်လှသည့်ဂျာနယ်ပုံကြီးကို ကျွန်တော်သတိပြုမိသည်။

"စာကြည့်တိုက်အသင်းဝင်ထောင့်ငါးရာနီးနီးရှိတယ်။ နာဂစ်မဖြစ်ခင်က ပုံမှန်က လူနှစ်ရာကျော်လောက်ပေါ့။ ခုတော့ နေ့တိုင်းတစ်ရာဝန်းကျင်လောက်တော့ လာငှားနေတုန်းပါပဲ"

စာကြည့်တိုက်ကော်မတီဝင်တစ်ယောက်က ကျွန်တော့်ကိုရှင်းပြလာပါသည်။ ညရောက်တော့ စာပေဟောပြောပွဲက ခြိမ့်ခြိမ့်သဲသဲ။ ရွာနီးချုပ်စပ်ကပါ လှေတွေ မော်တော်တွေနှင့် လာကြသောပွဲဖြစ်ရာ ပရိသတ်က ကွင်းပြည့်ကွင်းလျှံ။

'ပညာအလင်း'ဟူသည့် စာကြည့်တိုက်ကလေးနှင့်တကွ ကိုယ့်ရပ်ကိုယ့်ရွာလင်းဖို့ရေရှည်ကိုမျှော်တွေးကာ လှူဒါန်းသူ ပံ့ပိုးသူ ဝိုင်းဝန်းသူ အမြော်အမြင်ကြီးသူ မြင်းကကုန်းသူ မြင်းကကုန်းသားများကို နောင်အနာဂတ်လူငယ်များက နောင်အနာဂတ်တစ်ချိန်ချိန်မှာ အောက်မေ့သတိရ ကျေးဇူးတင်နေမှာကတော့ မလွဲဧကန်ပင်ဖြစ်ပါသည်။ ။

# ကုန်အလေးချိန်ပိုတင်နိုင်ရန် ပုံပြောင်းထားသော ယာဉ်များ ဒုတိယအကြိမ်တွေ့ပါက ထိရောက်စွာအရေးယူမည်


ဓာတ်ပုံ - ဂျေမောင်မောင်(အမရပူရ)

**သိမ့်သိမ့်စိုး**

**ရန်ကုန်၊ ဖေဖော်ဝါရီ-၈**

အဝေးပြေးကုန်တင်ယာဉ်များတွင် ကုန်အလေးချိန်ပိုတင်ဆောင်နိုင်ရန် နဂိုမူလပုံစံမှ ပြုပြင်ပြောင်းလဲထားသော ယာဉ်များကို စစ်ဆေးရေးဂိတ်များတွင် ဒုတိယအကြိမ်တွေ့ရှိပါက ယာဉ်ဖြတ်သန်းခွင့်မပြုသည့်အပြင် အဆိုပါစည်းကမ်းပျက်ယာဉ်များကို လိုင်စင်ပါပိတ်သိမ်းသွားမည်ဖြစ်ကြောင်း ဆောက်လုပ်ရေးဝန်ကြီးဌာနလမ်းတံတား၊ လုံခြုံရေးနှင့်စည်းကမ်းထိန်းသိမ်းရေးအဖွဲ့မှ စာထုတ်ပြန်ထားကြောင်း သိရသည်။

အဆိုပါ ပုံစံပျက်ယာဉ်များကို ပထမအကြိမ်တွေ့ရှိပါက ယာဉ်များအား သင်္ဘောဆေးအဝါရောင်ဖြင့် ပြုပြင်(X)နေ့စွဲရေးသားပြီးမှသာ ဖြတ်သန်းခွင့်ပြုမည်ဖြစ်ကြောင်း အဆိုပါကြေညာချက်တွင်ပါဝင်သည်။ မော်တော်ယာဉ် ဥပဒေများအရ ယာဉ်ကိုပြုပြင်ပြောင်းလဲခြင်းမရှိလျှင်လည်းကောင်း၊ ခွင့်ပြုချက်မရဘဲ ယာဉ်၏ဝန်ထမ်းဆောင်မှုမြင့်မားစေရန် (Axle)ကြီးများ ပြောင်းလဲတပ်ဆင်ခြင်း၊ ပုံဏ္ဍာန်ပြောင်းလဲတပ်ဆင်ခြင်း၊ ဖရိမ်ပိုးဆက်ခြင်း စသည့်တို့ကို ပြုပြင်ပြောင်းလဲလျှင်လည်းကောင်း မှတ်ပုံတင်ခွင့်မပြုပါ။ တစ်နည်းအားဖြင့် မှတ်ပုံတင်ခြင်းကိုပြန်လည်ရုပ်သိမ်းပါမည်ဟု ဖော်ပြထားသည်။

သို့ဖြစ်၍ တိုင်းဒေသကြီးနှင့် ပြည်နယ်များရှိ ယာဉ်ပိုင်ရှင်များသည် နဂိုမူလပုံစံအား ပြန်လည်ပြုပြင်ပြောင်းလဲတင်ဆောင်ခြင်းမရှိသည့် ယာဉ်များအား ယာဉ်အမှတ်၊ ယာဉ်အမျိုးအစား (Axle )၊ ယာဉ်မောင်း၊ ယာဉ်ပိုင်ရှင်၊ နေရပ်လိပ်စာအပြည့်အစုံ၊ လုပ်ငန်းလိုင်စင်၊ ဝီးတက်ပါ ယာဉ်အလေးချိန်၊ ယာဉ်ပြုပြင်ထားသည့် အလေးချိန်များကို စာရင်းပြုစု၍ သက်ဆိုင်ရာဌာနသို့ ပေးပို့ရမည်ဖြစ်သည်။ လက်ရှိကာလတွင် ကုန်တင်ယာဉ်အများစုမှာ ကုန်အလေးချိန်ပိုတင်ဆောင်နိုင်ရန် ကားအမိုးကိုင်းဖြတ်၍ တင်ဆောင်ခြင်း ဝီးတက်များမပါဘဲ ပြေးဆွဲနေကြကြောင်း သိရသည်။

"ဒီစာအတိုင်းလုပ်ရင် ကားတော်တော်များများက အဆင်မပြေဖြစ်မှာ။ ကုန်အလေးချိန်က တစ်ဝက်နီးပါးထပ်လျော့သွားမှာ" ဟု ကားဂိတ်လုပ်ငန်းရှင်တစ်ဦးက ပြောသည်။

7DAY NEWS JOURNAL
Vol.9, No.47 • FEBRUARY 17, 2011


ဓာတ်ပုံ - သင်းရီ

# ဧရာဝတီကိုတော့ မလွမ်းချင်ပါ

မောင်စန်းအေး(သဲကုန်း)

(၁)

ကျွန်တော်သည် ပြည်မြို့ဧရာဝတီမြစ်ကမ်းနဖူးပေါ်မှ အဆောက်အအုံကြီးတစ်ခုတွင် ရောက်နေ၏။ ထိုအဆောက်အအုံရှေ့ လက်ရမ်းကိုမှီကာ ဧရာဝတီဖြစ်ပြင်ကို ငေးမောကြည့်ရှုနေမိသည်။ ကျွန်တော်ကြည့်နေသော သဘာဝရှုခင်း ပန်းချီကားချပ်၏ လက်ဝဲဘက်ခြမ်းမှာ ဧရာဝတီမြစ်ကူးတံတားကြီးကို မြင်ရသည်။ ပန်းချီကား၏ အပေါ်ပိုင်းအခြမ်းမှာ ၂၀၁၀ ကုန်ခါနီး ဒီဇင်ဘာ ၃၀ ရက်ကောင်းကင်ပြင်သည် ပြာလဲ့ကြည်လင်နေ၏။ ကောင်းကင်ပြာ၏ အောက်တွင်တော့ အနောက်ဘက်ကမ်းမှ ဖိုးဦးတောင်တန်းကိုတွေ့ရသည်။ ရွှေဘုံသာမုနိစေတီတော်ကိုလည်း လှမ်းမျှော်၍ဖူးမြော်ရပါ၏။ မြစ်ရေပြင်ကမူ ဟိုမှာဘက်ကမ်းနှင့် ပိုမိုနီးကပ်စွာစီးဆင်းနေလေသည်။

အို. . . ဒီဘက်မှာကတော့ သောင်ပြင်ကြီးပါလား. . . ။

ကျွန်တော်သည် ဧရာဝတီပန်းချီကား၏ အောက်ဆုံးမိမိရပ်နေသောနေရာ၏ အောက်သို့ငုံ့ကြည့်လိုက်မိမှကျယ်ပြောလှသော သောင်ပြင်ကြီးကိုသတိထားမိသည်။ တံတားတိုင်နှစ်တိုင်ကျော်လောက်ထိပင် လမ်းလျှောက်သွား၍ရနိုင်နေပါရောလား။

သောင်ပြင်ထက် ဟိုးခပ်ဝေးဝေးဆီမှာ တဲလေးတစ်လုံးစနှစ်လုံးစ ထိုးနေကြသည်ကို လှမ်းမြင်ရသည်။

အဲ့သည့် သောင်ပြင်ကျယ်ကြီးသည်ပင် "ပြည်ချောင်းသာ" ဟု အမည်ရသည့် နွေရာသီအပန်းဖြေနေရာလေး ဖြစ်နေသည်တဲ့. . . ။

(၂)

ကျွန်တော်သည်လွန်ခဲ့သော နှစ်ပေါင်းသုံးဆယ်ကျော်လေးဆယ်နီးပါးကို သတိရမိသည်။ ၁၉၇၄ ခုနှစ်ပုသိမ်-မုံရွာလမ်းမကြီး စီမံကိန်းတွင်တာဝန်ထမ်းဆောင်ရန် ထုံးဘိုပျဉ်ကြီးစခန်းသို့ ပြည်မှ မော်တော်ဖြင့်သွားခဲ့ရ၏။ ကျွန်တော်၏ ရေလမ်းခရီး အတွေ့အကြုံအစဦးဆုံးကာလတစ်ခု ဖြစ်ပါသည်။ ပြည်၊ ဆင်တဲ၊ ကျီးသဲ၊ ပန်းတောင်း၊ သူရဲတန်း၊ ပျဉ်ကြီး၊ ထုံးဘို။ ကားလမ်းမကြီး မပေါက်သေးခင်ကမြစ်ကမ်းပေါ်မှ ထိုမြို့များကို ဧရာဝတီမြစ်ကြောင်းခရီးဖြင့် တစ်လနှစ်ကြိမ်မျှလောက် ဖြတ်သန်းရ၏။ မိုးရောက်လျှင် လျှံမောက်နေသောမြစ်ရေများ။ နွေရောက်လျှင်နိမ့်ကျသွားသော မြစ်ရေစီးသံနှင့်အတူ ဖွေးဖွေးဖြူသော သဲသောင်ပြင်လွှလွှများ တွေ့ဖူးပါ၏။ တွေ့ခဲ့ပါ၏။

မြစိမ်းကျွန်းမှာ သောင်ထွန်းသည်။ ရွှေဟသာ်ကျွန်းမှာ သောင်ထွန်းသည်။ သရက်နှစ်ပင်မှာသောင်ထွန်းသည်။ ဖိုးဦးတောင်ဘက်မှာသောင်ထွန်းသည်။

သို့သော်. . . ကျွန်တော့်မျက်စိရှေ့တွင် ယခုရှိနေသောသောင်ပြင်ကြီးလောက်တော့မကျယ်ပြောမရှည်လျားဘူးလားဟု ကျွန်တော်တွေးတောနေမိပါ၏။

(၃)

၁၉၇၄ ခုနှစ်. . ကျွန်တော်ပုသိမ်-မုံရွာလမ်းသို့ ရောက်သွားသည့်အခါ ယခုထက်တိုင် ညီအစ်ကိုအရင်းတမျှချစ်ခင်ရသော ဗန်းမော်သား အက်စ်အေအီး ဦးစိန်မောင်နှင့် စတင်ရင်းနှီးရသည်။ ကျွန်တော်၏ ပထမဦးဆုံးသော အစ်ကိုမိတ်ဆွေ ဖြစ်လာရသည်။ ကျွန်တော်တို့နှစ်ဦးသည် ပျဉ်ကြီးစခန်း ဧရာဝတီမြစ်ကမ်းနဖူးပေါ်တွင် အတူထိုင်ကာ ဧရာဝတီမြစ်ကြီးကို အတူငေးခဲ့ကြဖူးသည်။ ဧရာဝတီကမ်းနဖူးပေါ်ရှိ ပျဉ်ကြီးစခန်းရှေ့ ဟိုမှာဘက်ကမ်းတွင် ရွှေဟသာ်ကျွန်းကြီးရှိသည်။ ထိုကျွန်းကြီးပေါ်တွင် ပုသိမ်-မုံရွာလမ်းမကြီးသို့ လာရောက်ကြည့်ရှုလည်ပတ်သည့် ဩစတေလျသံအမတ်ကြီးအားရွှေဟသာ်ငှက်တွေကြည့်ရှုခံစားနိုင်ဖို့ စီစဉ်ပေးခဲ့ဖူးသည်။

ကျွန်တော်တို့ တစ်တွေသည် ထိုမြစ်ကြီး၏ ရင်ခွင်ထဲ၌ ထိုကဲ့သို့ သွားလာလှုပ်ရှား ပျော်ရွှင်ကြည်နူးခဲ့ရဖူးပါသည်။

နောက်တော့ အုတ်ရှစ်ပင်နှင့် ကြံခင်းကြားလမ်းပေါက်သွားသောအခါ ခရီးသည်တင်မော်တော်များ တဖြည်းဖြည်းလျော့ကျသွားသည်။ ပုသိမ်-မုံရွာ လမ်းမကြီးအတိုင်း ဆင်တဲသို့လာကြ၊ ဆင်တဲမှပြည်သို့ သမဝါယမပိုင် မော်တော်ကို လူတစ်ယောက် တစ်ကျပ်ပေးပြီး စီးကြ . . . ။

ဆင်တဲ မော်တော်ဆိပ်နှင့်သရက်နှစ်ပင်ဇက်ဆိပ်သို့ မြစ်ကူးဇက်ရေယာဉ်တွေခပ်စိပ်စိပ်ကူးပေးကြသော ကာလတွင်တော့ ပြည်နှင့် ဆင်တဲကူးတို့မော်တော်တွေ တဖြည်းဖြည်းပျောက်လျက် ဇက်ဖြင့်သာ အကူးအသန်း ပြုလုပ်လာကြ။

သည်တုန်းက သရက်နှစ်ပင်ဆိပ်တွင် ဇက်စောင့်ရင်းနား နားနေနေစားသောက်ဖို့ဈေးဆိုင်တန်းတွေရှိသည်။ နှီးသက်ငယ်မိုးဝါးထရံကာတဲတွေထဲမှာအအေးသောက်မလား၊ပြည်ထမင်းသုတ်စားမလား၊ အသားကြော်အစုံစားမလား အားလုံးရသည်။ ဆင်တဲဘက်ကမ်းဇက်ဆိပ်နားမှ 'မောင်ဇော်ဝင်း' ဆိုင်တွင် မိမိနှစ်သက်ရာကို မှာယူသုံးဆောင်ရင်း ဝါးလုံးလက်ရမ်းလေးပေါ် လက်တင်ကာဇက်ပေါ်သို့ ကားများအတက်အဆင်းလုပ်နေသည်ကိုငေးမောနိုင်ပါသေးသည်။

(၄)

အသက်၆၀ ကျော်မှ ဘဝတစ်ဖန်ပြန်စရပြန်သောကျွန်တော်သည်ကုမ္ပဏီတစ်ခု၏ လမ်းဖောက်လုပ်ရေးတာဝန်ဖြင့်ပင် အောင်လံမြို့နယ်ပြလို့ရွာသို့ ၂၀၁၀ စက်တင်ဘာလကုန်ခါနီးတွင် ရောက်ရှိနေရပြန်သည်။ အိမ်သို့ ဖုန်းဆက်ချင်လျှင် ဖုန်းလိုင်းမိသော အောင်ဝေယံ ပရိယတ္တိစာသင်တိုက်ထဲသို့ သွားရသည်။ ကျောင်းဝင်းထဲမှာ အနော်ရထာမင်းတည်ခဲ့သော စေတီတော်၊ အလောင်းစည်သူမင်းတည်ခဲ့သော စေတီတော် စသည်ဖြင့်စေတီတော်များရှိသည်။ ဧရာဝတီမြစ်ကမ်းဘက် ရွှေမုဋ္ဌောစေတီတော်ဘက်တွင်တော့ ကမ်းနဖူးရင်ပြင်တော်ကို ကြွေပြားခင်းပြီး ထိုင်ချင့်စဖွယ်အုတ်ခုံလေးများကိုလည်း ကြွေပြား ရောင်စုံကပ်ထားသဖြင့် ထိုထိုင်ခုံလေးများပေါ်တွင်ထိုင်ကာ အိမ်သို့ ဖုန်းဆက်လျှင် ရှေ့တည့်တည့်တွင် တငြိမ့်ငြိမ့် စီးဆင်းနေသော ဧရာဝတီနှင့် တစ်ဖက်ကမ်းတွင်ကား ဒွတ္တပေါင်မင်းကြီးတည်ထားခဲ့သော ပထိုးတောင်စေတီတော်ကိုဖူးမြင်နိုင်သည်။

ကျွန်တော်သည်တယ်လီဖုန်းထဲမှနေ၍ ဧရာဝတီ၏ထိုအလှကို ရန်ကုန်တွင် ကျန်ခဲ့သည့် အိမ်သူဇနီးအားစီကာပတ်ကုံး ပြောပြနေမိလေသည်။

(၅)

ကျွန်တော့် နည်းတူပင် အသက် ၆၀ ကျော်မှ လုပ်ငန်းခွင်သို့ နောက်တစ်ကြိမ်ပြန်ဝင်သည့် ဗန်းမော်သားကြီး ဦးစိန်မောင်သည်လည်းကုမ္ပဏီတစ်ခု၏ ကသာ၊ ရွှေကူ၊စင်းခန်း၊ ဗန်းမော် လမ်းဖောက်လုပ်ရေးတစ်နေရာတွင် ရောက်ရှိနေ၏။

အောင်ဝေယံဘုန်းတော်ကြီးကျောင်းဝင်းထဲမှ လှပသော ဧရာဝတီကမ်းနဖူး စေတီတော်ခြေရင်းရှိ ကျွန်တော့်ထံသို့ ဦးစိန်မောင်ထံမှ ဖုန်းဝင်လာသည်။

"ကျုပ်အခု ကသာကို ရှပ်ပြေးယာဉ်နဲ့ သွားနေတာ။ သိတယ်မဟုတ်လား ကျွန်တော်တို့ ဗန်းမော်နယ်က ကျွန်တော်တို့ ဧရာဝတီရဲ့ အလှကိုလေ. . . "

ဗန်းမော်သား၊ ဗန်းမော်အသင်း ဥက္ကဋ္ဌက သူတို့ဧရာဝတီဟု ဧရာဝတီကိုမောင်ပိုင်စီးပြီး ကြွားနေသည်။

ကျွန်တော်က မြစ်မနီးချောင်းဝေး ကုန်းခေါင်ခေါင် သဲကုန်းသားဖြစ်သော်လည်း သူ့နှယ်ပင် ဧရာဝတီကိုချစ်ပါသည်။ ယခုမူဗန်းမော်သား၏ဧရာဝတီ၊ သဲကုန်းသားချစ်တဲ့ဧရာဝတီ၊ အဲသည့် ဧရာဝတီ၏ ကမ်းနဖူးပေါ်မှ ပြလို့ရွာသို့ ရောက်နေ၏။

ဧရာဝတီကို ကျွန်တော်တို့ နှစ်ယောက်တည်း ချစ်ကြသည်လား။

ခါကာဘိုရာဇီမှသည် မြစ်ဝကျွန်းပေါ် ဧရာဆိုသော ရွာကလေးအထိ စီးဆင်းနေသော ဧရာဝတီသည် သူတစ်ဦးတည်း အထီးတည်း လာခဲ့သည်မဟုတ်။ သလ္လာဝတီ၊ ဒုဋ္ဌဝတီ စသောမြစ်ချောင်းအသွယ်သွယ်ကို လက်တွဲခေါ်ဆောင်ခဲ့သည်။ ကစ္ဆပနဒီ၊ သံလွင်၊ စစ်တောင်း၊ ညီအစ်ကိုပေါင်းများစွာနှင့်လည်း မုတ္တမပင်လယ်အထိ အတူတကွစီးဆင်းခဲ့၏။

ဧရာဝတီသည် အမိမြေ၏ ပင်မရေစီးကြီး မဟုတ်ပါသလော။

ထိုပင်မရေစီးမြစ်ကြီး ဧရာဝတီ၏ကမ်းနဖူးတွင် ကျွန်တော်တို့ အလွမ်းသယ်နေကြသည်။ ဦးစိန်မောင်ကို ကျွန်တော်က ၁၉၉၃ ခုနှစ်မေလထုတ် ရုပ်ရှင်တေးကဗျာမဂ္ဂဇင်းတွင် ကျွန်တော်ရေးခဲ့သည့် 'သူရဲကောင်းများ' ကဗျာလေးကို တယ်လီဖုန်းထဲမှနေ၍ ရွတ်ပြနေမိသည်။

လေညင်းကလေး
သက်လုံ ကောင်းကောင်း
ပြေးနိုင်တယ်
ငွေလမင်း
ဒေါသကင်းစင်
တည်ငြိမ်တယ်
လှေ်တက်ကလေး
အအေးမိရိုးမရှိပါဘူးကွယ်
ဧရာမြစ်ပြင်
ရင်ခွင်ထဲ
သူရဲကောင်းလို
နေကြတယ် ။

သက်လုံကောင်းကောင်း ပြေးနိုင်သောလေညင်း သူရဲကောင်းလေးတွေ ဤဧရာဝတီမြစ်ပြင်ပေါ်တွင်ရှိ၏။ ဤအမိမြေတွင်ရှိ၏။ဒေါသကင်းစင် တည်ငြိမ်သောငွေလမင်းပေါင်းများစွာ ဤဧရာဝတီမြစ်ပြင်ပေါ်တွင် ပေါ်ထွန်း၏။ အမိမြေပေါ်တွင်ပေါ်ထွန်း၏။ အအေးမိရိုးမရှိသော၊ ရေဆန်ကို တွန်းကန်နေရသော လှေ်တက်ကလေးပေါင်းများစွာ ဤဧရာဝတီမြစ်ပြင်ပေါ်တွင်ရုန်းကန်လှုပ်ရှားနေကြဆဲရှိ၏။ ဤအမိမြေပေါ်တွင်ရုန်းကန်ကြိုးစားနေကြ၏။ သူတို့တွေအားလုံးသည် ဤအမိမြေပေါ်တွင် ဤဧရာဝတီ၏ ရင်ခွင်ထဲတွင် သူရဲကောင်းလိုနေကြ၏။ သူရဲကောင်းတွေဖြစ်ကြ၏။

(၆)

ရန်ကုန်တိုင်းဒေသကြီး ခရမ်းမြို့နှင့်ပင်လယ်ဝလက်ခုပ်ကုန်းလမ်းဖောက်စဉ်ကခရမ်းမြို့သို့အရောက်ပျောက်သွားသည့် မြစ်တစ်မြစ် အကြောင်းကြားခဲ့ရဖူးသည်။ မုတ်ကျွန်းမှ သခုပ်မြစ်ဖြစ်သည်။ ထိုမြစ်သည် လက်ခုပ်ကုန်းနှင့်ပင်လယ်ဝကို လေးကိုင်းသဖွယ် ခက်နွယ်စီးဆင်းခဲ့ဖူး၏။ ယခုအသက် ၆၀ အရွယ်များ ငယ်စဉ်အခါက ထိုမြစ်ထဲတွင် နှစ်ထပ်သင်္ဘောတွေ၊ စပါးသမ္ဗန်တွေ ကူးလူးခေါက်ပြန် သွားလာလှုပ်ရှားခဲ့ဖူး၏။ ကော့ဒွန်းဆိုသော ရွာကလေးမှာ ကမ်းနားပိုင်းဆိုသော ရပ်ကွက်ရှိခဲ့ဖူး၏။ ယခုကော့ဒွန်းရွာ ကမ်းနားပိုင်းဝန်းကျင်သည် လယ်ကွင်းပြင်ကြီးဖြစ်နေပြီ။ ပင်လယ်ဒီရေ နှစ်ဖက်ဆိုင်ပြီးတက်ချိန်တွင် နုံးတင်မြေနုတွေ တဖြည်းဖြည်းပို့ချရင်းထိုမြစ်ငယ်ကောခဲ့၏။ ယခုအခါ သခွပ်ရွာ သခွပ်ဝအနီးမှာသာ မြစ်ဆိုတာ ရှိတော့၏။ ထိုမြစ်သည်ပင် ဒီကျချိန်ဆို နုံးပြင်ကြီးသာဖြစ်နေတော့၏။

ထိုသို့နှင့်ပင် မြစ်တစ်မြစ်ပျောက်ဆုံးခဲ့ဖူးလေ၏။ ဤအမိမြေပေါ်တွင် နွေရောက်လျှင် ဟိုဘက်ကမ်းနှင့် သည်ဘက်ကမ်း လမ်းလျှောက်၍ရသော ချောင်းကောတွေ များများလာသည်။

တစ်နေ့သောအခါ ဧရာဝတီမြစ် ဟိုဘက်ကမ်းနှင့် သည်ဘက်ကမ်းလမ်းလျှောက်၍ရသော အဖြစ်မျိုး ကျွန်တော်မကြုံချင်။

ကျွန်တော်သည်နဝင်းချောင်းဖျား တောတွင်းတစ်နေရာ မြောက်နဝင်းဆည်ကြီးမှာလည်း အလုပ်လုပ်ခဲ့ဖူးသည်။ အင်ကြင်းတွေ၊ သစ်မာတွေ၊ မျောက်ချောတွေ၊ ကျွန်းတွေ၊ ပျဉ်းကတိုးတွေ အူဒိုဇာဖြင့် ထိုးပစ်ခဲ့ဖူး၏။

ကျွန်တော်သည် ပုသိမ်-မုံရွာလမ်းမကြီးမှာ အလုပ်လုပ်ခဲ့ဖူးသည်။ ပန်းတောင်း၊ မင်းတုန်း၊ ကံမနှင့် အထက်မင်းလှ နယ်တစ်ခွင်လမ်းအူကြောင်း တစ်လျှောက်သစ်ပင်တွေ ဖြိုလှဲပစ်ခဲ့ဖူး၏။

ရန်ကုန်-ပြည်လမ်း စီမံကိန်းအတွက် အုတ်ရှစ်ပင် ညောင်ခြေထောက်မှာလမ်းခင်းကျောက်ထုတ်ရသောအခါ ကျောက်ဆောင်ကျောက်လွှာတွေ ပေါ်အောင် တောင်တွေဖြိုရ၏။ တောတွေရှင်းရ၏။ မိုင်းတွေခွဲရ၏။ လမ်းတွေဖောက်ပြီးကျောက်တွေသယ်ရ၏။

ကျွန်တော့် ခေါင်းထဲသို့ အတွေးတွေဝင်လာနေသည်။

ငါ သစ်တောတွေ ပြုန်းတီးအောင်လုပ်ခဲ့မိသလား။

သဘာဝပတ်ဝန်းကျင်တွေ ပျက်စီးအောင် လုပ်ခဲ့မိသလား။

သံသယအတွေးတွေနှင့် ကိုယ့်ကိုယ်ကိုယ် စစ်ဆေးမေးမြန်းနေမိသည်။

ကျွန်တော့်သက်တမ်း တစ်လျှောက်ဧရာဝတီမြစ်ပြင်ပေါ်တွင် အလွမ်းတွေ ဝေခဲ့ဖူးသော်လည်း ဧရာဝတီ မြစ်ကြီးကိုယ်တိုင်ကိုတော့ မလွမ်းချင်ပါ။

ဟုတ်ပါသည်။

ဧရာဝတီကိုတော့
မလွမ်းချင်ပါ။ ။

7 DAY NEWS JOURNAL

Current Affairs

Vol.9, No.47 • FEBRUARY 17, 2011

# နိုင်ငံတော်သမ္မတ လစဉ်ချီးမြှင့်ငွေ ကျပ်သိန်း ငါးဆယ်ရရှိမည်

အားမာန်

ရန်ကုန်၊ ဖေဖော်ဝါရီ – ၁၂

နိုင်ငံတော်သမ္မတမှာလစဉ် ချီးမြှင့်ငွေ ကျပ်သိန်း၅၀ ရရှိမည်ဖြစ်ပြီး၊ သက်တမ်းကာလအတွင်း တာဝန်ကျေပွန်စွာ ထမ်းဆောင်ပါက ရရှိသည့် လစဉ်ချီးမြှင့်ငွေကို အခြေခံ၍ ပြည်ထောင်စု အစိုးရအဖွဲ့က သတ်မှတ်ပေးသည့် တစ်လုံးတစ်ခဲတည်းသော နိုင်ငံရေး ပင်စင်ချီးမြှင့်ငွေရရှိမည်ဖြစ်ကြောင်း သတင်းရရှိသည်။

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီက ၂၀၁၁ ဇန်နဝါရီ ၁၀ ရက်တွင် ပြည်ထောင်စုအဆင့် ပုဂ္ဂိုလ်များ၏ ချီးမြှင့်ငွေ၊ စရိတ်နှင့် အဆောင်အယောင်များဆိုင်ရာ ဥပဒေတို့ကို ထုတ်ပြန်ခဲ့ရာအဆိုပါ ဥပဒေများတွင် အထက်ပါအတိုင်းဖော်ပြထားခြင်း ဖြစ်သည်။

နိုင်ငံတော် သမ္မတမှာ လစဉ်ချီးမြှင့်ငွေ ကျပ်သိန်း ၅၀ ရရှိမည်ဖြစ်ပြီး အဆောင်အယောင်များအဖြစ် အိမ်တော်ဆိုင်ရာ လုပ်ငန်းများ ဆောင်ရွက်ရန်အတွက် အိမ်တော်ဝန်နှင့် အိမ်တော်ထိန်းသိမ်းစောင့်ရှောက်ရေး အဖွဲ့၊ (ကြီးကြပ်သူတာဝန်ခံ၊ ပစ္စည်းထိန်း၊ စားဖိုမှူး၊ စားပွဲထိုး၊ ခဝါ၊ အိမ်အကူနှင့် သန့်ရှင်းရေးစသည်များ)၊ အိမ်တော်နှင့် ယင်းအိမ်တော်ဝင်းကို ထိန်းသိမ်းစောင့်ရှောက်မှု အခမဲ့ခံစားခွင့်၊ အိမ်တော်ဆိုင်ရာ လိုအပ်သည့် ပရိဘောဂနှင့် ထိန်းသိမ်းစောင့်ရှောက်မှုစရိတ်၊ လုံခြုံရေးအစောင့်အရှောက်၊ ကိုယ်ရံတော်အရာရှိနှစ်ဦး၊ ကိုယ်ရေးအရာရှိနှစ်ဦးတို့ ခံစားခွင့်ရမည်ဖြစ်သည်။ ထို့အပြင် မော်တော်ယာဉ်ခြောက်စီး၊ယာဉ်မောင်းခြောက်ဦး၊ မော်တော်ယာဉ်ခြောက်စီးအတွက် အမှန်ကုန်ကျသည့် စက်သုံးဆီနှင့် စက်ဆီ၊ ချောဆီနှင့် ရေအခမဲ့သုံးစွဲခွင့်၊ လျှပ်စစ်ဓာတ်အားအခမဲ့သုံးစွဲခွင့်၊ ပြည်တွင်းနှင့် ပြည်ပခေါ်ဆိုမှုအတွက် တယ်လီဖုန်းအခမဲ့သုံးစွဲခွင့်တို့ခံစားခွင့်ရရမည်ဖြစ်သည်။

ဒုတိယသမ္မတမှာ လစဉ် ချီးမြှင့်ငွေ ကျပ်သိန်း ၄၀ ရရှိမည်ဖြစ်ပြီး အဆောင်အယောင်များလည်း ခံစားခွင့်ရရှိမည်ဖြစ်သည်။

သမ္မတနှင့် ဒုတိယသမ္မတတို့မှာ သက်တမ်းကာလအတွင်း တာဝန်ကျေပွန်စွာ ထမ်းဆောင်ပါက မိမိရရှိသည့် လစဉ်ချီးမြှင့်ငွေကို အခြေခံ၍ ပြည်ထောင်စုအစိုးရအဖွဲ့က သတ်မှတ်သည့်တစ်လုံးတစ်ခဲတည်းသော နိုင်ငံရေးပင်စင်ချီးမြှင့်ငွေအပါအဝင် လစဉ်နိုင်ငံရေးပင်စင်ချီးမြှင့်ငွေ စရိတ်နှင့် အဆောင်အယောင်တို့ကို ခံစားခွင့်ရရှိမည်ဖြစ်သည်။

ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ၊ အမျိုးသားလွှတ်တော် ဥက္ကဋ္ဌနှင့် ပြည်ထောင်စုတရားသူကြီးချုပ်မှာ လစဉ်ချီးမြှင့်ငွေ ကျပ် ၃၅ သိန်းစီ ရရှိမည်ဖြစ်သည်။

လစဉ်ချီးမြှင့်ငွေကျပ် သိန်း ၃၀ စီ ခံစားခွင့်ရမည့် ပုဂ္ဂိုလ်များမှာ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ ခုံရုံးဥက္ကဋ္ဌ၊ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ၊ ပြည်သူ့လွှတ်တော်ဒုတိယဥက္ကဋ္ဌ၊အမျိုးသားလွှတ်တော် ဒုတိယ ဥက္ကဋ္ဌ၊ ပြည်ထောင်စုဝန်ကြီး၊ ပြည်ထောင်စုရှေ့နေချုပ်၊ ပြည်ထောင်စု စာရင်းစစ်ချုပ်၊ ပြည်ထောင်စုရာထူးဝန်အဖွဲ့ဥက္ကဋ္ဌတို့ဖြစ်သည်။

လစဉ်ချီးမြှင့်ငွေကျပ် ၂၅ သိန်းခံစားခွင့်ရမည့် ပုဂ္ဂိုလ်များမှာ ပြည်ထောင်စုတရားလွှတ်တော်ချုပ် တရားသူကြီး၊ နိုင်ငံတော်ဖွဲ့ စည်းပုံအခြေခံ ဥပဒေဆိုင်ရာခုံရုံးအဖွဲ့ဝင်၊ ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင်၊ ဒုတိယဝန်ကြီး၊ ဒုတိယရှေ့နေချုပ်၊ ဒုတိယစာရင်းစစ်ချုပ်၊ ပြည်ထောင်စုရာထူးဝန်အဖွဲ့ အဖွဲ့ဝင်တို့ဖြစ်သည်။

# ဆာဖာရီဥယျာဉ်တွင်ထားရှိရန်တိရစ္ဆာန်၅၈ကောင်ကို အမေရိကန်ဒေါ်လာနှစ်သန်း အကုန်ကျခံဝယ်ယူ

အေးမြကျော်

ရန်ကုန် – ဖေဖော်ဝါရီ၁၃

သဘာဝအတိုင်းနေထိုင်ကျက်စားသည့်တိရစ္ဆာန်များကို လှည့်လည်ကြည့်ရှုနိုင်မည့် မြန်မာနိုင်ငံ၏ ပထမဆုံး ဆာဖာရီဥယျာဉ်တွင်ထားရှိပြသရန်ရှားပါးတိရစ္ဆာန်၅၈ကောင်ကို အမေရိကန်ဒေါ်လာ၂သန်းအကုန်အကျခံ ဝယ်ယူခဲ့ကြောင်း သစ်တောဦးစီးဌာနမှ သိရသည်။



ဆာဖာရီဥယျာဉ်အတွင်းတွင် ကျက်စားနေသော ခြင်္သေ့ဖြူကို တွေ့ရစဉ်။ ဓာတ်ပုံ - Reuters

သစ်တောရေးရာဝန်ကြီးဌာန၏အစီအစဉ်ဆောင်ရွက်မှုဖြင့် ပြည်ထောင်စုနေ့(ဖေဖော်ဝါရီ ၁၂)ကဖွင့်လှစ်လိုက်သောဆာဖာရီဥယျာဉ်တွင်းတွင် သဘာဝအတိုင်းထားရှိပြသရန် အာဖရိကမှ ခြင်္သေ့ဖြူ ကျားဖြူများအပါအဝင် ရှားပါးတိရစ္ဆာန်မျိုးစိတ် ၁၀မျိုး၊ အကောင်ရေအားဖြင့် ဆိုလျှင် ၅၈ ကောင်တို့ကို ဝယ်ယူထားပြီး ထိုအထဲမှ အချို့မှာ တောင်အာဖရိကမှ စင်းလုံးငှားလေယာဉ်ဖြင့်တိုက်ရိုက်တင်သွင်းထားသည့် တိရစ္ဆာန်များပင်ပါဝင်ကြောင်း သစ်တောဦးစီးဌာနမှသိရသည်။

ဆာဖာရီဥယျာဉ်သည် နေ့ခင်းပိုင်းတွင် ကြည့်ရှုရသည့် Day Safari ဥယျာဉ်အမျိုးအစားဖြစ်ပြီး ဧကပေါင်း ၂၉၀ ကျော်ကျယ်ဝန်းသော ဧရိယာအတွင်းတွင် တိရစ္ဆာန်အကောင်ရေ ၂၀၂ကောင်ကို သဘာဝအတိုင်း သွားလာနေထိုင်စေပြီး ယင်းတို့၏အလေ့အထနှင့်ကိုက်ညီသော သဘာဝဝန်းကျင်များဖန်တီးပေးထားကြောင်း သစ်တောဦးစီးဌာနမှသိရသည်။ ဆာဖာရီဥယျာဉ်တွင် အာရှ၊ဩစတြေးလျနှင့်အာဖရိကဟူ၍ ပြကွက်သုံးမျိုးခွဲခြားပြီး တိရစ္ဆာန်များကိုလည်း ပြကွက်အလိုက်သဘာဝအတိုင်းထားရှိပြသထားကြောင်း သိရသည်။ဆာဖာရီဥယျာဉ်သည် ရန်ကုန်-မန္တလေးကားလမ်းဘေး၊ နေပြည်တော်တိရစ္ဆာန်ဥယျာဉ်နှင့် တစ်ဆက်တည်းတည်ရှိပြီး ဆာဖာရီဥယျာဉ်ကို ၂၀၁၀ စက်တင်ဘာလကစတင်တည်ဆောက်ခဲ့ပြီး ငါးလကြာချိန်တွင် ဖွင့်လှစ်နိုင်ခဲ့ခြင်းဖြစ်ကြောင်း သစ်တောဦးစီးဌာနမှသိရသည်။

# တိုင်းနှင့် ပြည်နယ်ဝန်ကြီးချုပ်များ ခန့်အပ်ရန် အတည်ပြု

အိဖြူလွင်

ရန်ကုန်၊ ဖေဖော်ဝါရီ – ၁၁

တိုင်းဒေသကြီးနှင့် ပြည်နယ်ဝန်ကြီးချုပ်များ ခန့်အပ်ရန် အဆိုပြုချက်နှင့် ဝန်ကြီးဌာနအရေအတွက် ဝန်ကြီးဦးရေနှင့် တရားလွှတ်တော် တရားသူကြီးဦးရေ သတ်မှတ်ရေးတို့ကို သက်ဆိုင်ရာ ပြည်နယ်နှင့် တိုင်းဒေသကြီးလွှတ်တော်အသီးသီးတို့တွင် ယခုလ ၁၁ ရက်က ပုံမှန်အစည်းအဝေး ဒုတိယနေ့အဖြစ် ကျင်းပ၍ အဆုံးအဖြတ်ရယူခဲ့ကြောင်း သိရသည်။

အစည်းအဝေးများမှ လွှတ်တော်ကိုယ်စားလှယ်များ၏ သဘောတူညီချက်များအရ ကချင်ပြည်နယ်တွင် နိုင်ငံတော်သမ္မတက အဆိုပြုသည့် တနိုင်းမြို့နယ် မဲဆန္ဒနယ်အမှတ်(၁)မှ ဦးလဂွန်ငန်ဆိုင်းက ကချင်ပြည်နယ်ဝန်ကြီးချုပ်၊ ကယားပြည်နယ်တွင် ဘောလခဲမြို့နယ် မဲဆန္ဒနယ်အမှတ်(၁)မှ ဦးခင်မောင်ဦး (ခ)ဦးဘူးရယ်က ကယားပြည်နယ်ဝန်ကြီးချုပ်၊ ကရင်ပြည်နယ်တွင် တပ်မတော်သား ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဗိုလ်မှူးချုပ်ဇော်မင်းက ကရင်ပြည်နယ် ဝန်ကြီးချုပ်၊ ချင်းပြည်နယ်တွင် မင်းတပ်မြို့နယ် မဲဆန္ဒနယ်အမှတ် (၂)မှ ဦးဟုန်းငိုင်းက ချင်းပြည်နယ် ဝန်ကြီးချုပ်၊ စစ်ကိုင်းတိုင်းဒေသကြီးတွင် ဘုတလင်မြို့နယ် မဲဆန္ဒနယ် အမှတ်(၂)မှဦးသာအေးက စစ်ကိုင်းတိုင်းဒေသကြီး ဝန်ကြီးချုပ်၊ တနင်္သာရီတိုင်းဒေသကြီးတွင် မြိတ်မြို့နယ်မဲဆန္ဒနယ် အမှတ်(၁)မှ ဦးခင်ဇော်က တနင်္သာရီတိုင်းဒေသကြီး ဝန်ကြီးချုပ်၊ ပဲခူးတိုင်းဒေသကြီးတွင် ဇီးကုန်းမြို့နယ် မဲဆန္ဒနယ်အမှတ်(၁)မှ ဦးညဏ်ဝင်းက ပဲခူးတိုင်းဒေသကြီး ဝန်ကြီးချုပ်၊ မကွေးတိုင်းဒေသကြီးတွင် မင်းဘူးမြို့နယ် မဲဆန္ဒနယ်အမှတ်(၁)မှ ဦးဘုန်းမော်ရွှေက မကွေးတိုင်းဒေသကြီးဝန်ကြီးချုပ်၊ မန္တလေးတိုင်းဒေသကြီး ပြင်ဦးလွင်မြို့နယ် မဲဆန္ဒနယ်အမှတ်(၂)မှ ဦးရဲမြင့်က မန္တလေးတိုင်းဒေသကြီးဝန်ကြီးချုပ်၊ မွန်ပြည်နယ်တွင် မုဒုံမြို့နယ် မဲဆန္ဒနယ် အမှတ်(၁)မှ ဦးအုန်းမြင့်က မွန်ပြည်နယ်ဝန်ကြီးချုပ်၊ ရခိုင်ပြည်နယ်တွင် အမ်းမြို့နယ် မဲဆန္ဒနယ်အမှတ်(၁)မှ ဦးလှမောင်တင်က ရခိုင်ပြည်နယ်ဝန်ကြီးချုပ်၊ ရန်ကုန်တိုင်းဒေသကြီးတွင် ဆိပ်ကြီးခနောင်တိုမြို့နယ် မဲဆန္ဒနယ်အမှတ်(၂)မှ ဦးမြင့်ဆွေက ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ်၊ ရှမ်းပြည်နယ်တွင် ပင်းတယမြို့နယ် မဲဆန္ဒနယ်အမှတ်(၁)မှ ဦးအောင်မြတ်(ခ) စဝ်အောင်မြတ်က ရှမ်းပြည်နယ်ဝန်ကြီးချုပ်၊ ဧရာဝတီတိုင်းဒေသကြီးတွင် အင်္ဂပူမြို့နယ် မဲဆန္ဒနယ် အမှတ်(၁)မှ ဦးသိန်းအောင်က ဧရာဝတီတိုင်းဒေသကြီးဝန်ကြီးချုပ်အဖြစ် သမ္မတအဖြစ် ရွေးချယ်ခံရသူ၏ အဆိုပြုချက်ကို သက်ဆိုင်ရာ တိုင်းဒေသကြီးနှင့် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များက ကန့်ကွက်ချက်တစ်စုံတစ်ရာ မရှိသည့်အတွက် ဝန်ကြီးချုပ်များအဖြစ် ခန့်အပ်ရန်သဘောတူညီလိုက်ပြီဖြစ်ကြောင်း နိုင်ငံပိုင်မီဒီယာများမှ ထုတ်ပြန်ချက်များအရ သိရသည်။ သက်ဆိုင်ရာပြည်နယ်နှင့် တိုင်းဒေသကြီးများအလိုက် ဝန်ကြီးဌာနအရေအတွက်နှင့် ဝန်ကြီးများ၊ တရားလွှတ်တော်တရားသူကြီးအရေအတွက်များကိုလည်း လွှတ်တော်ကိုယ်စားလှယ်များက တညီတညွတ်တည်းထောက်ခံအတည်ပြုခဲ့ကြသည်ဟုသိရသည်။

# အောင်မြေသာဇံမြို့နယ်တွင် မိနစ်အနည်းငယ်ခြားကာ မီးလောင်မှုနှစ်ခုဖြစ်

မင်းဒင်

မန္တလေး၊ ဖေဖော်ဝါရီ – ၁၄

အောင်မြေသာဇံမြို့နယ်အတွင်း မိနစ်အနည်းငယ်သာခြားကာ မီးလောင်မှုနှစ်ခု ဖြစ်ပွားခဲ့သော်လည်း ဖြစ်ပွားရာနေရာနှစ်ခု အလှမ်းဝေးခြင်းကြောင့် အခြားအိမ်များသို့ မကူးစက်မီမီးငြိမ်းသတ်နိုင်ခဲ့ကြောင်း စုံစမ်းသိရသည်။

အဆိုပါမီးလောင်မှုနှစ်ခုသည် ဖေဖော်ဝါရီလ ၁၃ ရက်နေ့လယ် ၃ နာရီအချိန်ခန့်တွင် ပထမဖြစ်ပွားခဲ့ပြီး ဆယ်မိနစ်ခန့်ခြားကာ နောက်ထပ် ဒုတိယမီးလောင်မှုဖြစ်ပွားခဲ့ခြင်းဖြစ်သည်။

ပထမမီးလောင်ကျွမ်းရခြင်းမှာ ပလတ်စတစ်ပုံးဖြင့် ဓာတ်ဆီဖလှယ်ရာမှ စတင်ခြင်းဖြစ်ပြီး ကျပ်သုံးသိန်းခွဲကျော်ဆုံးရှုံးခဲ့သည်။ ဒုတိယမီးမှာ လျှပ်စစ်ရေနွေးအိုးတည်ထားခဲ့ရာမှ စတင်လောင်ကျွမ်းခဲ့ပြီး ကျပ်တစ်သိန်းခွဲဖိုးဆုံးရှုံးခဲ့သည်။

ပထမမီးလောင်ကျွမ်းခြင်းကို ပ ၇၆/၂၀၁၁/၂၈၅ ဖြင့် လည်းကောင်း၊ ဒုတိယမီးလောင်ကျွမ်းခြင်းကို ပ ၇၇/၂၀၁၁/ ၂၈၅ ဖြင့် လည်းကောင်း တရားစွဲဆိုစစ်ဆေးလျက်ရှိသည်။

ပထမမီးလောင်ကျွမ်းမှု ဖြစ်ပွားရာနေရာသည် ၁၉ လမ်း၊ ၈၈ လမ်းနှင့် ၈၉ လမ်းကြား အကွက် ၁၂၂ အတွင်းဖြစ်ပြီး သွပ်မိုး၊ နံကပ် နှစ်ထပ်ဆိုင်ခန်းတွဲအပေါ်ထပ်တွင် လောင်ကျွမ်းခဲ့ခြင်းဖြစ်သည်။

ဒုတိယမီးလောင်ကျွမ်းမှုမှာ မေယာဂီရိရပ်ကွက်၊ ၈၂ လမ်း၊ ၁၇ လမ်းနှင့် ၁၈ လမ်းကြား၊ အကွက် ၁၄၁ တွင်ဖြစ်ပွားခဲ့ပြီး အာစီနှစ်ထပ်စတိုဆောင် လောင်ကျွမ်းခဲ့ခြင်းဖြစ်သည်။

7 DAY NEWS JOURNAL
Vol.9, No.47 • FEBRUARY 17, 2011

# ‘အကျိုးအမြတ်ရမယ်ဆိုရင်ဘယ်သူမဆိုရင်းနှီးမြှုပ်နှံချင်ကြတာပါပဲ’

## ထိုင်းဆန်စပါးတင်ပို့သူများအသင်းဥက္ကဋ္ဌနှင့် တွေ့ဆုံခြင်း


အားမာန်

ထိုင်းကုန်သွယ်ရေးအဖွဲ့နှင့် ထိုင်းဆန်စပါးတင်ပို့သူများအသင်းမှ အဆင့်မြင့်တာဝန်ရှိပုဂ္ဂိုလ်များ မြန်မာနိုင်ငံသို့ ဖေဖော်ဝါရီလ၉ရက်မှ ၁၁ရက်အတွင်း လာရောက်ခဲ့သည်။ သုံးရက်တာခရီးစဉ်အတွင်း မြန်မာနိုင်ငံ၏ ဆန်စပါးလုပ်ငန်းများ၊ ကုန်သွယ်ရေးလုပ်ငန်းများကို လေ့လာရန်နှင့် မြန်မာနိုင်ငံဆန်စပါးလုပ်ငန်းအသင်းနှင့် ပူးပေါင်းဆောင်ရွက်မှုများ လုပ်ကိုင်နိုင်ရေးအတွက် တွေ့ဆုံဆွေးနွေးမှုများ ပြုလုပ်ရန်လာရောက်ခဲ့ခြင်းဖြစ်သည်။ အဆိုပါခရီးစဉ်အတွင်း ထိုင်းဆန်စပါးအသင်းဥက္ကဋ္ဌ ကော့ဆွတ်အမ်ဆူရီနှင့် တွေ့ဆုံမေးမြန်းထားသည်များမှ စာဖတ်သူများအတွက် ကောက်နုတ်ဖော်ပြလိုက်ပါသည်။

**ပထမဆုံးမေးချင်တာကတော့ ဒီခရီးစဉ်ရဲ့ရည်ရွယ်ချက်ကိုပါ။**

လက်ရှိမြန်မာနိုင်ငံရဲ့စီးပွားရေးက ပိုမိုပွင့်လင်းလာပြီးတော့ နိုင်ငံခြား ရင်းနှီးမြှုပ်နှံမှုတွေလည်း ပိုဝင်လာနေပြီ။ ဒီအခြေအနေမှာ မြန်မာနိုင်ငံရဲ့ဆန်စပါးလုပ်ငန်း ဘယ်လိုလုပ်ကိုင်နေကြသလဲဆိုတာ ထိုင်းကစိတ်ဝင်စားတယ်။ ဆန်တင်ပို့တဲ့ နိုင်ငံချင်းဖြစ်ပေမယ့် မြန်မာနိုင်ငံရဲ့ ဆန်စပါးတင်ပို့မှုကို ကြိုဆိုသလို တစ်ဖက်ကလည်း ထိုင်းဆန်စပါးတင်ပို့သူများအသင်းနဲ့ မြန်မာနိုင်ငံနဲ့ ဖြစ်နိုင်ခြေရှိတဲ့ ပူးပေါင်းဆောင်ရွက်မှုတွေလုပ်ဖို့လည်း စိတ်ဝင်စားတယ်။ ဒါကြောင့် နှစ်နိုင်ငံဆန်စပါးလုပ်ငန်းပူးပေါင်းဆောင်ရွက်ဖို့ နည်းလမ်းတွေ ရှာဖွေဖို့ဖြစ်သလို မြန်မာ့ဆန်စပါးလုပ်ငန်းရဲ့ ရိတ်သိမ်းချိန်လွန်နည်းပညာ (ဆန်စပါးရိတ်သိမ်းခြင်း၊ ကြိတ်ခွဲခြင်း၊ သန့်စင်ခြင်း၊ အတန်းအစားခွဲခြင်း၊ ထုတ်ပိုးခြင်း၊ ဈေးကွက်တင်ပို့ခြင်း စသောလုပ်ငန်းနှင့်နည်းပညာ) အပိုင်းမှာ ရင်းနှီးမြှုပ်နှံဖို့ လေ့လာတာလည်း ပါပါတယ်။

**ဒီခရီးစဉ်အတွင်းမှာမြန်မာ့ဆန်စပါးလုပ်ငန်းနဲ့ ပတ်သက်ပြီး ဘာတွေလေ့လာရခဲ့သလဲ။**


ထိုင်းဆန်စပါးအသင်းဥက္ကဋ္ဌ ကော့ဆွတ်အမ်ဆူရီ။
ဓာတ်ပုံ-အောင်သူရ

ဒီကိုမလာခင်တုန်းကတော့ မြန်မာနိုင်ငံရဲ့ လယ်ယာလုပ်ငန်းခွင်မှာ ကျွဲတွေ၊ နွားတွေ၊ လယ်ယာလုပ်သားတွေ အများကြီးသုံးပြီးတော့ သမားရိုးကျနည်းလမ်းအတိုင်းပဲလုပ်နေတာလို့ပဲ သိထားတာ။ ဒီရောက်မှ ထင်ထားတာမဟုတ်မှန်းသိတော့တယ်။ ဒီမှာလည်း လယ်ယာလုပ်ငန်းခွင်မှာ အစစအရာရာပြောင်းလဲနေပြီ။ ကြုံတွေ့နေရတဲ့ အခက်အခဲတွေကလည်း ထိုင်းမှာလိုပဲ လယ်ယာအလုပ်သမား ရှားပါးလာတာတို့၊ မြေယာတိုးချဲ့ဖို့ နည်းပါးလာတာတို့တွေပေါ့။ နောက်ဒီက ဆန်စပါးလုပ်ငန်းရှင်တွေနဲ့ စကားပြောကြည့်တဲ့အခါ သူတို့ ရိတ်သိမ်းချိန်လွန်နည်းပညာတွေကို ပိုဖွံ့ဖြိုးလာပြီး ကမ္ဘာ့ဆန်ဈေးကွက်မှာ ပိုနေရာရဖို့ဆန္ဒရှိကြတယ် ဆိုတာ သိရတယ်။ ထိုင်းမှာလည်း သိပ်မကြာသေးခင်ကပဲ ပြည်ပနဲ့ အကျိုးတူပူးပေါင်း ဆန်စပါးစိုက်ပျိုးပြီး ပြန်သွင်းဖို့ စလုပ်နေပြီ။ ဒါကြောင့် မြန်မာနိုင်ငံမှာလည်း ရင်းနှီးမြှုပ်နှံဖို့ စိတ်ဝင်စားတယ်။ ဒီမှာလဲ နိုင်ငံရေးအကူးအပြောင်းကာလရောက်နေတယ်။ လွှတ်တော်အစည်းအဝေးတွေပြီးရင် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုနဲ့ပတ်သက်တဲ့ လုပ်ထုံးလုပ်နည်းတွေ ပြောင်းလဲကောင်းပြောင်းလဲလာနိုင်တယ်ဆိုတာ ဒီခရီးစဉ်ကနေ လေ့လာသိခဲ့ရပါတယ်။

**လွှတ်တော်အစည်းအဝေးတွေခေါ်နေတဲ့အချိန်နဲ့တိုက်တိုက်ဆိုင်ဆိုင် ဒီခရီးစဉ်ရက်ကို ဘာ့ကြောင့်ရွေးတာလဲ။**

မထင်မှတ်ဘဲ တိုက်ဆိုင်သွားတာပါ။ မထင်မှတ်ဘဲနဲ့ အချိန်အခါကောင်းနဲ့ တိုက်ဆိုင်သွားတာပေါ့။

**ထိုင်းနိုင်ငံက တစ်နှစ်ကို ဆန်တန်ချိန် ၁၀ သန်းလောက်ထိ တင်ပို့တဲ့ ကမ္ဘာ့ထိပ်တန်း ဆန်ပို့တဲ့နိုင်ငံနော်။ ဆန်တန်ချိန်အများကြီးကို ဘယ်လိုလုပ်ပြီး ပို့နိုင်တာလဲ။**

၂၀၀၈ မှာတုန်းက တန်ချိန် ၁၀ သန်းပို့ခဲ့တယ်။ ပြီးခဲ့တဲ့နှစ်မှာတော့ ဆန်တန်ချိန် ၉ သန်းနဲ့ ၉ ဒသမ ၃ သန်းကြားပို့ခဲ့တယ်။ သေချာတာကတော့ ကျွန်မတို့နှစ်တိုင်းဆန်တွေ အများကြီးတင်ပို့နိုင်ခဲ့ပါတယ်။ ကျွန်မတို့မှာ ဆန်တွေအများကြီးရှိနေတာကိုး။ ဒါပေမဲ့ ကမ္ဘာ့ဈေးကွက်နဲ့ယှဉ်ပြိုင်ဖို့ကလည်း အလွန်ပြင်းထန်ပါတယ်။ တကယ့်စမ်းသပ်မှုပါပဲ။ ကျွန်မတို့က ဆန်အများကြီး တင်ပို့တဲ့နိုင်ငံတင်မဟုတ်ဘူး။ ဆန်ဈေးနှုန်းနဲ့ အရည်အသွေးကောင်းဖို့လည်း ဈေးကွက်မှာ အယှဉ်ပြိုင်ဆုံးနိုင်ငံပဲ။ ထိုင်းရဲ့ဆန်ဖြူ (WhiteRice)က ဈေးကောင်းတယ်။ ထုတ်လုပ်မှုစရိတ်တွေမြင့်တာ၊ အစိုးရက တောင်သူတွေအတွက် ဆန်စပါးဈေးနှုန်းတွေ သင့်တင့်အောင် အာမခံပေး ထားတာတွေကြောင့် ဈေးကောင်းရမှုလည်း အဆင်ပြေတယ်။ အစိုးရက တောင်သူတွေ အဆင်ပြေအောင်လယ်ယာလုပ်ငန်းသုံး သွင်းအားစုတွေကိုလည်း သင့်တင့်တဲ့ ဈေးနှုန်းနဲ့ဖြစ်အောင်လုပ်ပေးထားတယ်။ ဒီလိုနဲ့ ထုတ်လုပ်မှု တိုးမြှင့်အောင်လုပ်ပြီး များများတင်ပို့နိုင်တာပါ။

**ထိုင်းနိုင်ငံရဲ့ဆန်စပါးတင်ပို့မှုမူဝါဒကို အကျဉ်းချုပ်ရှင်းပြပေးပါလား။**

ဈေးကွက်ပုံစံကတော့ လွတ်လွတ်လပ်လပ်ပဲ။ ရှင်က ဆန်စပါးစိုက်တောင်သူဖြစ်တယ်။ ဆန်စက်လုပ်ငန်းရှင်ဖြစ်တယ်။ ပြည်ပကို ဆန်ပို့ချင်တယ်ဆိုလို့ရှိရင် ဘယ်သူကမှ ရှင့်ကို တားလို့မရဘူး။ ဈေးကွက်ကတော့ ဒီလိုပဲ လွတ်လပ်ပွင့်လင်းတဲ့ ပုံစံပါပဲ။ ဘယ်လိုပဲဖြစ်ဖြစ် ကျွန်မတို့နိုင်ငံကလည်း မြန်မာနိုင်ငံလိုပဲ ဆန်က လူအများစုအတွက် အဓိက စားသောက်ကုန်ဖြစ်တယ်။ ဒါကြောင့် အစိုးရကတော့ ဆန်စပါးဈေးနှုန်းအတက်အကျကို အနီးကပ်စောင့်ကြည့်နေတယ်။ နောက်တစ်ချက်က စပါးစိုက်တဲ့တောင်သူတွေက ထိုင်းမှာ အခြားစိုက်ပျိုးရေးလုပ်သူတွေထက်ပိုများတယ်။ ထိုင်းမှာ စပါးစိုက်အိမ်ထောင်စု ၇ သန်းရှိတယ်။ မိသားစုတစ်စုကို ၄ ဦးနဲ့တွက်ရင် လူဦးရေ ၂၈ သန်းရှိတယ်။ ဒီပမာဏက အများကြီးပဲ။ ထိုင်းနိုင်ငံရဲ့ စုစုပေါင်း လူဦးရေက ၆၅ သန်းပဲရှိတာ။ ဒါကြောင့် အစိုးရက စပါးစိုက်တောင်သူတွေရဲ့ အသက်မွေးဝမ်းကျောင်းကို အထူးအလေးထားတယ်။ အစိုးရက တောင်သူ



7 DAY NEWS JOURNAL
Vol.9, No.47 • FEBRUARY 17, 2011

တွေအတွက် မျှတတဲ့ ဆန်စပါးဈေးနှုန်းဖြစ်အောင် အာမခံပေးတယ်။ နောက် ချေးငွေတွေ ထုတ်ပေးတယ်။ အဲဒီလိုနဲ့ ဆန်စပါးကဏ္ဍမှာတော့ အစိုးရက အများကြီး ပါဝင်ပတ် သတ်နေတယ်။

**မြန်မာနိုင်ငံက အတိတ်မှာတုန်းက ကမ္ဘာ့ဆန်အများဆုံးတင်ပို့တဲ့နိုင်ငံ ဖြစ်ခဲ့ဖူးတယ်။ ဒါပေမဲ့ အခုကျတော့ တစ်နှစ်ကို တန်ချိန် တစ်သန်းလောက်တင်ပို့ဖို့တောင် မနည်းလုပ်ကိုင်နေရတယ်။ ခင်ဗျားတို့အတွေ့အကြုံအရ ဆန်အများကြီး တင်ပို့နိုင်အောင် ဘယ်လိုလုပ်သင့်တယ်လို့ အကြံပြုချင်ပါသလဲ။**

ဒီကိုရောက်တုန်း UMFCCI (ကုန်သည်စက်မှုအသင်းချုပ်) က တာဝန်ရှိသူတွေနဲ့ရော၊ ဆန်စပါးလုပ်ငန်းရှင်တွေနဲ့ရော စကားပြောဖြစ်တယ်။ လူတိုင်းပြောတာက တစ်ခုရှိတယ်။ အဲဒါကမြန်မာနိုင်ငံမှာ ပြည်တွင်းအတွက် ဆန်စပါးဖူလုံရေးက နံပါတ်တစ် ဦးစားပေးဖြစ်တယ်။ ဆန်စပါးနဲ့ပတ်သက်ပြီးတော့ တော်တော်ကြီးကို ပူပန်ကြတယ်။ ဒီတော့ ပြည်ပဆန်တင်ပို့ရေးက နံပါတ်တစ်ဦးစားပေးမဟုတ်တော့ဘူးပေါ့။ ကျွန်မကတော့ ဒီလိုပဲ နားလည်တယ်။ ဒါကလည်း မြန်မာနိုင်ငံအတွက် သင့်လျော်ပါတယ်။ ဘာကြောင့်လဲဆိုတော့ မြန်မာနိုင်ငံရဲ့ ဆန်စားနှုန်းက ထိုင်းရဲ့ဆန်စားနှုန်းထက် ၂ဆကျော်လောက်များတယ်။ ထိုင်းမှာ လူတစ်ယောက်က တစ် နှစ်ကို ၉၀ နဲ့ ၁၀၀ ကီလိုဂရမ်ကြားပဲစားတယ်။ မြန်မာနိုင်ငံမှာကတော့ လူတစ်ယောက်က တစ်နှစ်ကို ၂၀၀ ကီလိုဂရမ်ကျော်ကျော်စားတယ်။ ထိုင်းက ထမင်းလျှော့စားပြီး အစားအသောက်အစုံစားတာမျိုး ကျင့်သားရလာပြီ။ ဒီမှာကတော့ ထမင်းကိုပဲ ဦးစားပေးစားနေတုန်းပဲ။ တခြားအစားအသောက်တွေ လျှော့စားဖို့ဆိုတာလည်း သိပ်မလွယ်ဘူး။ ဒါကြောင့် မြန်မာနိုင်ငံမှာ ပြည်တွင်းအတွက် ဆန်စပါးဖူလုံရေးက တော်တော်အရေးပါတယ်။ ဒါ့ကြောင့်လဲ ပြည်ပတင်ပို့မှုကျတော့ အကန့်အသတ်နဲ့ရှိသွားတာပေါ့။ ဒီအခြေအနေမှာ ဆန်များများတင်ပို့နိုင်ဖို့ဆိုရင် ထုတ်လုပ်မှု ကိုတိုးအောင်လုပ်ဖို့ပဲ။ စိုက်ဧကတိုးချဲ့ဖို့လိုသလို ဆန်စပါးအထွက်နှုန်းကိုလည်း တိုးအောင်လုပ်ဖို့လိုတယ်။ နောက်ပြီးတော့ Post Services အပိုင်းက တိုးတက်အောင်လုပ်ဖို့ အများကြီးလိုသေးတယ်။ ဆန်ကြိတ်ခွဲတဲ့ အပိုင်းရယ်၊ အတန်းအစားခွဲတဲ့ အပိုင်းရယ်၊ ထုပ်ပိုးတဲ့အပိုင်းရယ် စတဲ့အရည်အသွေးကောင်းအောင် လုပ်ဖို့လိုသေးတယ်။ ဒီမှာတွေ့ရတာ ကဆန်တွေက တော်တော်ကိုကျိုးနေတယ်။ ခေတ်မီဆန်စက်တွေ ဝယ်ယူတပ်ဆင်ပြီး ပညာရှင်တွေဆီက နည်းပညာတွေ ရရင်တော့ ဖြေရှင်းဖို့လွယ်ပါတယ်။ ခေတ်မီ ဆန်စက်တွေ တပ်ဆင်ထုတ်လုပ်တဲ့အပိုင်းမှာ ကျွန်မတို့ကလည်း ကူညီပေးနိုင်ပါတယ်။

**ကမ္ဘာမှာ တစ်နေ့တခြား ရာသီဥတု ဖောက်ပြန်လာတဲ့ အခြေအနေအတွက် ခင်ဗျားတို့ဘယ်လိုပြင်ဆင်ထားလဲ။**

ဒါက ကြိုတင်ပြင်ဆင်ဖို့ တော်တော်ခက်တယ်။ဘာကြောင့်လဲဆိုတော့ ရာသီဥတုက ဘယ်လိုဖောက်ပြန်မယ်ဆိုတာ ကြိုပြီးတော့ မသိနိုင်လို့ပဲ။ ထိုင်းမှာ မနှစ်က ဒေသအချို့မှာ မိုးခေါင်ရေရှားဖြစ်တယ်။ ဒီအချိန်မှာပဲ တချို့ဒေသမှာကျတော့ ရေလွှမ်းမိုးနေပြန်တယ်။ ဒါပေမဲ့ ဆန်စပါးထုတ်လုပ်မှုအပိုင်းကိုတော့ ကျမသွားအောင်၊လုပ်နိုင်ခဲ့တယ်။ရာသီဥတုနဲ့လိုက်လျောညီထွေဖြစ်အောင် လုပ်ကိုင်နိုင်လို့ပဲ။ စိုက်ပျိုးရေးနိုင်ငံတွေမှာ ရာသီဥတု ဖောက်ပြန်မှုကတော့ တကယ့်ကို စိန်ခေါ်မှုပဲ။ ဖောက်ပြန်မှုတွေကြောင့် ရာသီဥတုက ဒီနှစ်မှာ အကျိုးရှိမလား၊ ဖျက်ဆီးမလားဆိုတာ ကြိုမသိနိုင်ဘူး။

**ဒီနောက်ပိုင်း ဗီယက်နမ်က မြန်မာနိုင်ငံမှာတော်တော်လေး ရင်းနှီးမြှုပ်နှံမှုတွေ လုပ်လာတယ်။ ဆန်စပါးနဲ့ လယ်ယာစိုက်ပျိုးရေးလုပ်ငန်းတွေမှာပါ ရင်းနှီးမြှုပ်နှံဖို့ ပြင်ဆင်နေကြပြီ။ ခင်ဗျားတို့ ထိုင်းရော။**

ထိုင်းနဲ့ ဗီယက်နမ်ကတော့ လုပ်ပုံကိုင်ပုံ မတူတာတွေရှိတယ်။ ဗီယက်နမ်မှာတော့အစိုးရကထိန်းချုပ်ထားတယ်။ ထိုင်းမှာတော့ လွတ်လွတ်လပ်လပ်ပဲ။ ဗီယက်နမ်က ဒီမှာလယ်ယာကဏ္ဍမှာအကျိုးတူပူးပေါင်းလုပ်ကိုင်လို့ရမယ်ဆိုရင် ထိုင်းလည်း မရနိုင်စရာမရှိဘူးလို့ထင်တယ်။ မြန်မာအနေနဲ့ကတော့ ကိုယ်နဲ့ လက်တွဲလုပ်မယ့်သူကိုရွေးပေါ့။ အကျိုးအမြတ်ရမယ်ဆိုရင် ဘယ်သူမဆို ရင်းနှီးမြှုပ်နှံချင်ကြတာပါပဲ။ ဒါပေမဲ့ UMFCCI တာဝန်ရှိသူတွေ ပြောပြတာ ဒီမှာ ရင်းနှီးမြှုပ်နှံမယ်ဆိုရင် လုပ်ထုံးလုပ်နည်းတွေ အများကြီးရှိတယ်။ အခုချိန်မှာ လယ်ယာကဏ္ဍထက် ဥပမာ ဆက်သွယ်ရေးကဏ္ဍမှာ ရင်းနှီးမြှုပ်နှံဖို့ပိုလွယ်နိုင်တယ်။ ထိုင်းအနေနဲ့ စိုက်ပျိုးရေးကဏ္ဍမှာ ရင်းနှီးမြှုပ်နှံဖို့ကတော့ အခွင့်အလမ်းပေါ်လာတာကို စောင့်ကြည့်ရဦးမယ်။

**ထိုင်းနိုင်ငံရောက်မြန်မာအလုပ်သမားတွေပတ်သက်ပြီး နည်းနည်းမေးချင်ပါတယ်။ ခင်ဗျားတို့နိုင်ငံမှာမြန်မာအလုပ်သမား သုံးသန်းဝန်းကျင်လောက်ရှိတယ်။ သူတို့က စိုက်ပျိုးရေးကဏ္ဍမှာရော ဝင်ရောက်လုပ်ကိုင်နေကြပြီလား။**


လယ်ယာလုပ်ငန်းတွေမှာ ဝင်လုပ်ပြီလားဆိုတာတော့ ကျွန်မမသိဘူး။ ငါးဖမ်းလုပ်ငန်းတွေ၊ စက်ရုံတွေ ဆောက်လုပ်ရေး လုပ်ငန်းတွေမှာတော့ အများကြီးဝင်လုပ်နေကြတယ်။ သူတို့က အလွန်ကို အရေးပါပါတယ်။ ကျွန်မထင်တယ်။ ကျွန်မတို့ဆီမှာအလုပ်သမားတွေ အများကြီးလိုတယ်။

စာ(၃၀)သို့

# မတ်လကုန်အထိ အလှည့်ကျမီးပေးရန် အစီအစဉ်မရှိသေးဟု ဆို

**သိမ့်သိမ့်စိုး**

ရန်ကုန်၊ ဖေဖော်ဝါရီ – ၁၄


ဓာတ်ပုံ – ဂျေမောင်မောင်(အမရပူရ)

လျှပ်စစ်မီးပေးဝေမှုကို မတ်လကုန်အထိ အလှည့်ကျစနစ်ဖြင့်ပေးဝေရန် မရှိသေးကြောင်း ရန်ကုန်မြို့တော်လျှပ်စစ်ဓာတ်အားပေးရေးအဖွဲ့မှ တာဝန်ရှိသူတစ်ဦးက ပြောသည်။

“အခုချိန်ထိတော့ ၂၄နာရီ ပေးနိုင်တဲ့အခြေအနေရှိတယ်။ လက်ရှိအတိုင်းဆို မတ်လကုန်ထိတော့ ၂၄ နာရီပေးနိုင်ဦးမယ်ထင်တယ်။ အလှည့်ကျပေးဖို့ အစီအစဉ်မရှိသေးဘူး”ဟု ၎င်းကပြောသည်။ အလှည့်ကျစနစ်ဖြင့် ပေးမည်ဆိုပါကလည်း ဓာတ်အားရရှိသလောက်ကိုခွဲပေးသွားမည်ဖြစ်ကြောင်းပြောသည်။ နှစ်စဉ်အားဖြင့်ဆိုလျှင် အောက်တိုဘာလမှစ၍ လျှပ်စစ်မီးအလှည့်ကျစနစ် စတင်နေပြီဖြစ်သော်လည်း ယခုနှစ်တွင် ဓာတ်အားရရှိမှုများနေသောကြောင့် အလှည့်ကျစနစ်အတွက် ဆောင်ရွက်ခြင်းမရှိသေးကြောင်း သိရသည်။ ယခုလက်ရှိတွင် ရန်ကုန်မြို့အား ရေအားလျှပ်စစ်၊ ဂတ်စ်တာဘိုင် (ဓာတ်ငွေ့)နှင့်ကျောက်မီးသွေးတို့မှထုတ်လွှတ်ပေးဝေနေကြောင်း သိရသည်။ ရန်ကုန်မြို့အနေဖြင့် လက်ရှိကာလအထိ ၅၀၀ မဂ္ဂါဝပ်ဝန်းကျင် လျှပ်စစ်မီးသုံးစွဲမှုရှိသည်။



CHICKEN SOUP

# အမှတ်တရ စာအုပ်ကလေးများ

အိန်ဂျယ်လင်း

‘လူတွေက ကိုယ့်ကိုစော်ကားတဲ့အခါ စော်ကားတဲ့လူတွေလိုက်မမီလောက်တဲ့အထိ ကိုယ့်ရဲ့စိတ်ဓာတ်ကို ကိုယ့်ဘာသာ မြှင့်တင်ထားလိုက်တယ်’

ရီနေဒေးကားစ်

‘ငါသူတို့ကို ဘယ်တော့မှခွင့်မလွှတ်ဖူး’ လို့ဒေါသတကြီးအော်ရင်းစာအုပ်တွေကို ကျွန်မလွှင့်ပစ်လိုက်တယ်။ ပြီးတော့ အိပ်ရာပေါ်ကို ပစ်လှဲလိုက်တယ်။ ‘ဘယ်တော့မှခွင့်မလွှတ်ဘူး’ လို့ စိတ်ထဲကထပ်တွေးပြီး ဒေါသကပိုထွက်လာပြန်တယ်။ လူတွေဟာဘာကြောင့်တစ်ယောက်နဲ့တစ်ယောက် ဒီလောက်တောင်ရက်စက်ကြမ်းကြုတ်ကြရတာလဲဆိုပြီးတွေးမိတယ်။ ‘တောက်၊ တော်တော်စိတ်ပျက်စရာကောင်းတဲ့ဟာတွေပဲ’

တကယ်တော့ ဒီဇာတ်လမ်းဟာအစမှာရိုးရိုးသားသားကလေးစခဲ့တာဖြစ်ပါတယ်။ ပျော်စရာဂိမ်းကလေးတစ်ခုအဖြစ်စခဲ့တာပါ။ စတာကတော့ ကျွန်မကစပ်ဆော့ခဲ့တာဖြစ်ပါတယ်။ ကျွန်မအမြဲဖတ်လေ့ရှိတဲ့ ဆယ်ကျော်သက်မဂ္ဂဇင်းတစ်စောင်ထဲမှာ သူငယ်ချင်းတွေတစ်ယောက်အကြောင်းတစ်ယောက် လှည့်ပတ်ပြီး ကောင်းတာတွေရော၊ မကောင်းတာတွေရောအမှတ်တရ အပျော်သဘောမျိုးရေးပေးကြတဲ့ စာအုပ်ကလေးတွေအကြောင်းသွားဖတ်မိပြီး စိတ်ဝင်စားသွားတယ်။ ဒါနဲ့ ဒီစာအုပ်မျိုးကလေးတွေကျောင်းမှာလည်းလုပ်ဦးမှဆိုပြီး ရွှေဥက္ကဋ်တော်စူးရောက်သွားတယ်။

အမေဈေးသွားတဲ့အခါ ကျွန်မအတွက် နုတ်ဘွတ်ခ်တစ်အုပ်ဝယ်လာပေးဖို့ မှာလိုက်တယ်။ အမေကသမီးကျောင်းမှာသုံးဖို့လားလို့မေးတော့ပြီးစလွယ်နဲ့‘အင်း’လို့ဖြေလိုက်တယ်။ မဟုတ်ရင် အမေကတောင်တောင်အီအီတွေးပြီး ကန့်ကွက်နေဦးမယ်။ အမေကအတင်းတွေဘာတွေပြောတာမျိုးကို လုံးဝကြိုက်တာမဟုတ်ဘူးလေ။ ဒါပေမဲ့ ဒါကအတင်းပြောတာမျိုးမှမဟုတ်တာလို့ ကျွန်မစိတ်ထဲကနေကိုယ့်ဘာသာဆင်ခြေပေးထားလိုက်တယ်။

ဒါနဲ့နောက်နေ့နံနက်ကျောင်းရောက်တော့ကျွန်မရဲ့ အချစ်ဆုံး သူငယ်ချင်းဂျင်နီကိုဒီစာအုပ်ကလေးအကြောင်းပြောပြတော့သူကလည်းစိတ်ဝင်စားသွားတယ်။ ဒါနဲ့ စာအုပ်ရဲ့ ပထမဦးဆုံးစာမျက်နှာမှာကျွန်မနာမည်ကိုရေးထားပြီး အဲဒီအောက်မှာသူ့နာမည်ကိုဆက်ရေးထားတယ်။ ‘ဒီစာအုပ်ကလေးကိုအတန်းထဲမှာလှည့်ပြီးဝေလိုက်မယ်လေ။ ဒါဆိုငါတို့အကြောင်းကိုကျန်တဲ့သူတွေက ဘယ်လိုထင်သလဲဆိုတာသိရမယ်လေ။ ပျော်စရာကောင်းတာပေါ့ဟာ’ လို့ကျွန်မကသူ့ကိုရှင်းပြရတယ်။

တကယ်လို့ဒီစာအုပ်လေးထဲမှာဝင်မပါချင်ဘူးဆိုရင်လည်းကိုယ့်နာမည်ကိုထည့်မရေးရုံပဲပေါ့။ ဒီလိုနဲ့ ညနေကျောင်းဆင်းချိန်လည်းရောက်ရောစာအုပ်ထဲမှာ လက်မှတ်နှစ်ဆယ်လောက်စုဆောင်းရရှိပါတယ်။ နောက်နေ့မှာကျွန်မစာအုပ်ထဲမှာ သူငယ်ချင်းအချင်းချင်းအပြန်အလှန်ရေးတဲ့မှတ်ချက်တွေနဲ့ ပြည့်စပြုလာပါတယ်။

ကျွန်မရဲ့ စိတ်ကူးဟာ ခဏချင်းဆိုသလိုတစ်ကျောင်းလုံးကိုကူးစက်ပျံ့နှံ့သွားခဲ့တယ်။ အခုဆိုရင် ကျောင်းမုန့်စားဆင်းချိန်တွေ၊ ကစားချိန်တွေမှာ ကော်ရစ်ဒါတစ်လျှောက်စာအုပ်ကလေးတွေတစ်ကိုင်ကိုင်နဲ့ လိုက်ပေးနေကြတာကိုမတွေ့ချင်မှအဆုံးပါပဲ။

နေ့စဉ်နေ့တိုင်းကျွန်မကျောင်းကနေအိမ်ကိုပြန်တဲ့အခါတိုင်းအခန်းထဲရောက်အောင်အရင်ပြေးပြီး ဒီစာအုပ်ကလေးကိုစိတ်ဝင်တစားဖတ်ရတာအမောပါပဲ။ အစပိုင်းမှာတော့ တစ်ယောက်အကြောင်းတစ်ယောက်ရေးတာကောင်းတာတွေချည်းပဲရေးကြတာတွေတွေ့ရပါတယ်။ ဝေဖန်တာတွေမကောင်းရေးတာတွေ လုံးဝမပါသေးဘူး။ ဒါပေမဲ့ ဒီစာအုပ်ရဲ့ ရည်ရွယ်ချက်ကိုက ကောင်းတာရော၊ မကောင်းတာရော ကိုယ့်အမြင်ကိုလွတ်လွတ်လပ်လပ် ရေးဖို့ပါပဲ။ နောင်ပြီး ဘယ်သူကဘယ်သူ့အကြောင်းရေးတယ်ဆိုပြီးလည်းဖော်ပြစရာမလိုဘူးလေ။ ကိုယ်ရေးချင်တဲ့သူရဲ့ စာမျက်နှာအောက်မှာသူ့ အကြောင်းကိုယ်ထင်ရာကိုယ်ကိုယ်ရေးယုံပါပဲ။ ကျွန်မအနေနဲ့မကောင်းတဲ့ ရှုထောင့်ကဝေဖန်တာတွေ၊ နောက်တာတွေမျိုးကိုလည်းဖတ် ချင်သေးတာကိုး။ ဒါမျိုးကိုတစ်ယောက်ယောက်ကစပြီးဖောက်လိုက်တာကို စောင့်နေကြတယ်ထင်ပါရဲ့။

ဒါပေမဲ့ သိပ်မကြာခင်မှာဘဲကျွန်မမျှော်လင့်ထားတာတွေဖြစ်လာခဲ့တယ်။တစ်ယောက်နဲ့ တစ်ယောက်ဝေဖန်တာတွေ၊ မကောင်းပြောတာတွေစပြီးပါလာပါတယ်။ ကျွန်မရဲ့ စာအုပ်ကလေးထဲမှာဆို လူတွေသိပ်မကြိုက်ကြတဲ့ ကောင်ကလေးတွေ၊ကောင်မလေးတွေ အကြောင်းလည်း ပါလာတယ်။ ‘ငတုံးကြီး’တို့၊ ‘ကပ်စေးနဲမ’ တို့လိုမှတ်ချက်တွေကိုဖတ်ရတော့ ကျွန်မလန့်သွားတယ်။ အရေးခံရတဲ့သူတွေကိုလည်းသနားမိတယ်။ ဒါပေမဲ့ ဒီစာသားတွေကိုသူတို့လည်း ဘယ်တော့မှပြန်မြင်မှာမဟုတ်ပါဘူးလေဆိုပြီး ဖြေရတယ်။ အမေကပြောတဲ့ တစ်ယောက်အကြောင်းတစ်ယောက်မကောင်းပြောတာပြဿနာများတယ်ဆိုတာမှန်များမှန်နေမလားလို့လည်းတွေးမိသေးတယ်။ ဒါပေမဲ့ ကိုယ်စတဲ့ဇာတ်လမ်းဆိုတော့လည်းဆက်ကနေချင်သေးတယ်လေ။



ကျွန်မဆန်ဒီရဲ့ စာအုပ်ကိုမဖတ်ရခင် အချိန်အထိကျွန်မမှာတော့ ဘာကိုယ်ပိုင်ပြဿနာမှမတက်သေးပါဘူး။ တစ်နေ့မှာ ဆန်ဒီက နားနေခန်းထဲမှာ ကျွန်မကိုသူ့ရဲ့စာအုပ်ကလေးလာပေးပြီး သူ့အတွက်ရေးပေးနိုင်မလားလို့လာမေးတယ်။ ကျွန်မကလည်းဒါမျိုးဝါသနာပါတဲ့သူဆိုတော့ ဝမ်းသာအားရယူထားလိုက်တာပေါ့။ အားလပ်ချိန်မှာသူ့စာအုပ်ကလေးမှာသူနဲ့ပတ်သက်တဲ့ ကျွန်မရဲ့အမြင်ကိုအရင်ရေးပေးလိုက်တယ်။ ပြီးမှ ကျန်တဲ့စာမျက်နှာတွေမှာရှိတဲ့ တခြားသူတွေရထားတဲ့ ဝေဖန်ချက်တွေကို စိတ်ဝင်တစားလိုက်ဖတ်ကြည့်မိတယ်။ သူ့စာအုပ်ထဲမှာ အတန်းထဲကနာမည်ကြီးတဲ့သူတွေအားလုံးပါတယ်။ ဒီလိုနဲ့ ဆက်ဖတ်နေရင်းက စာအုပ်ရဲ့အလယ်လောက်မှာ မမျှော်လင့်ဘဲ ကျွန်မနာမည်နဲ့ စာမျက်နှာကိုသွားတွေ့ရတယ်။ တကယ်တော့ ဒါဟာလုံးဝမဖြစ်သင့်တဲ့ကိစ္စပါပဲ။ တကယ်ဖြစ်ရမှာက ကျွန်မကသဘောတူမှ ကျွန်မစာမျက်နှာကိုသူ့စာအုပ်မှာဖွင့်ရမှာလေ။ ကျွန်မကလည်းစပ်စုချင်စိတ်နဲ့အလောတကြီးဖတ်မိတယ်။ အစမှာတော့ ကောင်းပြီး ကောင်းရဲ့တွေအများကြီးတွေ့ရပါတယ်။နောက်ပိုင်းတွေမှာတဖြည်းဖြည်းချင်း ကြမ်းလာပြီးကျွန်မအကြောင်းမကောင်းရေးထားတာတွေအများကြီးတွေ့ရတော့ ကျွန်မအတော်တုန်လှုပ်ချောက်ချားသွားရတယ်။ ဒေါသတွေလည်း တလိပ်လိပ်ထွက်လာတယ်။ ငါကဘယ်သူ့ကိုမှ မကောင်းတာ မလုပ်၊ ဘယ်သူ့မကောင်းကြောင်းကိုဘာလို့ဒီလိုပြောရတာလည်းဆိုပြီး မခံမရပ်နိုင်အောင်ဖြစ်ရတယ်။ ဒီလိုရေးတာဘယ်သူလည်းဆိုတာလည်းတအားသိချင်ပေမယ့် စာအုပ်စည်းကမ်းအရမေးလို့မရဘူးလို့ဆိုတော့ ပိုပြီးအသည်းယားနေရတာပေါ့။

ကျွန်မဒေါသတစ်ကြီးနဲ့စာအုပ်ကို ဝုန်းခနဲပိတ်ပြီး ဆန်ဒီကိုလှမ်းကြည့်လိုက်တယ်။ သူကလည်းကျွန်မအမူအရာကို အကဲခတ်နေပုံရတယ်။ ဒါသူကျွန်မကိုတမင်လုပ်တာများလား။ ဒီအထဲကကျွန်မအကြောင်းမကောင်းတာတွေမှာသူရောဝင်ရေးထားသေးလားဆိုပြီးသံသယဖြစ်မိတယ်။ ဒါနဲ့ ဘယ်သူ့လက်ရေးတွေလည်းလို့ သိရအောင်စာအုပ်ကိုပြန်ဖွင့်ပြီး အသေအချာဖတ်ကြည့်တော့လည်း သဲလွန်စမဖော်နိုင်ဘူး။ လက်ရေးတွေကို သူတို့ကဖျက်ပြီးရေးထားကြတာကိုး။

ဒီအကြောင်းတွေကိုခေါင်းထဲကဖျောက်ပြီး စာထဲမှာပဲ စိတ်နှစ်ထားဖို့ကြိုးစားလည်းမရဘူးဖြစ်နေတယ်။ မုန့်စားဆင်းချိန်ရောက်တော့ ဂျင်နီကိုဒီအကြောင်းပြောပြလိုက်တော့ သူကမအံ့ဩသလိုမျိုးနဲ့ နင်တခြားစာအုပ်တွေလိုက်ဖတ်ရင်ဒီ့ထက်ဆိုးတာတွေတောင်တွေ့ဦးမယ်လို့ ပြောတယ်။ ကျွန်မလည်း ဒီလောက်တောင်ဖြစ်နေပြီလားဆိုပြီးတော်တော်တုန်လှုပ်ချောက်ချားသွားတယ်။

အဲဒီတစ်နေ့လုံးဒေါသစိတ်နဲ့စာလည်းကောင်းကောင်းမသင်နိုင်ဘူး။ ဝမ်းနည်းတဲ့စိတ်နဲ့ ငိုချင်လာလို့ ကျောင်းဆင်းတဲ့အချိန်ကိုပဲစောင့်နေရတယ်။ အိမ်ရောက်တာနဲ့ အခန်းထဲကိုတန်းပြေးဝင်ပြီး ခုတင်ပေါ်မှာမှောက်လို့ အားရပါးရငိုပစ်လိုက်တယ်။ ကျွန်မအကြောင်းမကောင်းရေးတဲ့သူတွေအားလုံးကိုလည်း ဒေါသတကြီးနဲ့ကျိန်ဆဲနေမိတယ်။ ကျွန်မကိုသူတို့ပြောတာတွေကအစုံပါပဲ။ အတ္တကြီးတဲ့သူတဲ့။ စာဂျပိုး၊ ဆရာမကိုမျက်နှာလိုအားရလုပ်တဲ့ကပ်ဖားမ စသည်ဖြင့်စုံလို့ပါပဲ။

အိပ်ရာထဲမှာ ခွေနေရင်းဒီအကြောင်းကပဲ ကျွန်မခေါင်းထဲမှာကြီးစိုးနေတယ်။ ညနေစာကိုလည်း ကောင်းကောင်းမစားနိုင်ဘူး။ ကျွန်မဘယ်သူ့ကိုမှထိခိုက်အောင်မလုပ်ဘဲနဲ့ သူတို့ဘာလို့ဒီလိုပြောသလဲဆိုတာကို နည်းနည်းကလေးမှ နားမလည်နိုင်ဖြစ်နေရတယ်။ အဲဒါနဲ့လျှောက်စဉ်းစားရင် ကျန်တဲ့လူတွေရဲ့မကောင်းကြောင်းတွေကိုလည်း စေ့စေ့ပေါက်ပေါက်လျှောက်ရေးထားတာတွေဖတ်ဖူးတာသွားသတိရတယ်။ ကျွန်မလိုပဲ သူတို့ဟာလည်းဘယ်သူ့ကိုမှ မကောင်းလုပ်တဲ့သူတွေမဟုတ်ဘဲ သူတို့ဘာသာရိုးရိုးကုပ်ကုပ်နေကြတဲ့သူတွေဖြစ်ပါတယ်။ သူတို့လည်း ဒီစာကြောင်းတွေကိုသာဖတ်မိရင်ကျွန်မလိုပဲခံစားကြရမှာသေချာတယ်။

ကျွန်မဆက်စပ်စဉ်းစားကြည့်မိတော့ ဒီစာအုပ်ကိုစတင်တင်သွင်းတဲ့ ကျွန်မက သဘောရိုးနဲ့ အပျော်သဘောလုပ်တာဖြစ်ပေမယ့် စာအုပ်ရဲ့ ဒီဇိုင်းကိုကချွတ်ယွင်းချက်ရှိနေတာကို သွားသတိထားမိတယ်။ အစကတည်းက ဘယ်သူရေးတယ်ဆိုတာကို လျှို့ဝှက်ထားနိုင်တာရယ်၊ ကောင်းတာရောမကောင်းတာပါရေးခွင့်ရှိတယ်ဆိုတာတွေက ပြဿနာတွေဖြစ်စေတာဖြစ်ပါတယ်။ ကျွန်မစပြီးလုပ်တုန်းက ဒီစာအုပ်မှာပါဖို့နာမည်ရေးပေးသူတွေကိုပဲ ဝေဖန်ချက်ရေးပေးဖို့ သတ်မှတ်ထားပေမယ့် နောက်ပိုင်းမှာပါမယ်လို့ သဘောတူမထားတဲ့သူတွေရဲ့ နာမည်တွေကိုပါ စာအုပ်ထဲမှာထည့်လာကြတယ်လေ။ ကျွန်မခံရတာဒီလိုလုပ်ကြလို့ ဖြစ်ပါတယ်။ ဒါကြောင့် ကိုယ်ဘယ်သူဆိုတာထုတ်မပြောဘဲ သူများအကြောင်းကို စိတ်ကြိုက်ပြောခွင့်ရပြီဆိုကတည်းက လူတွေဟာ ထိန်းထိန်းသိမ်းသိမ်းမလုပ်ကြတော့ဘဲမှိုချိုးမျှစ်ချိုးပြောစေဖို့ ဖန်ပေးလိုက်သလိုဖြစ်လာပါလားဆိုတာကျွန်မကောင်းကောင်းသဘောပေါက်သွားခဲ့တယ်။

နောက်ဆုံးတော့ကျွန်မဟာသူများတွေကိုအပြစ်တင်နေမယ့်အစားကျွန်မကိုယ်တိုင်စပ်ဆော့မိတဲ့ချွတ်ယွင်းချက်ကိုမြင်လာခဲ့တယ်။ ဒါကြောင့်ဆုံးဖြတ်ချက်တစ်ခုကိုချက်ချင်းချလိုက်တယ်။ ဒီစာအုပ်ဇာတ်လမ်းကိုချက်ချင်းသိမ်းမှဖြစ်မယ်။ ကျွန်မခုတင်ပေါ်ကနေအလူးလဲထပြီး အဲဒီစာအုပ်ကလေးကိုကျောင်းလွယ်အိတ်ထဲကထုတ်ကာဗီရိုရဲ့အောက်ဆုံးအံဆွဲထဲကိုထည့်လိုက်တယ်။ လွန်ခဲ့တဲ့ရက်အတန်ကြာကျွန်မရဲ့အသည်းစွဲဖြစ်စေတဲ့ စာအုပ်ကလေးဟာ ပြဿနာတွေဆောင်ကြဉ်းလာတဲ့အခါသူ့ကိုစွန့်လွှတ်ရတော့မှာဖြစ်ပါတယ်။

နောက်ပြီး ကျွန်မစာအုပ်ထဲမှာသူတို့မကောင်းကြောင်းတွေအရေးခံရတဲ့အခြားသူငယ်ချင်းတွေကိုလည်းတောင်းပန်ရဦးမယ်လို့ တွေးမိပါတယ်။ ဒီလိုတွေးမိလိုက်တော့မှပဲ ကျွန်မစိတ်ထဲ လိပ်ခဲတည်းလည်းဖြစ်နေတဲ့ပြဿနာတစ်ခုဖြေရှင်းသွားခဲ့တယ်။ ကျွန်မကိုယ်တိုင်က သူများတွေကိုတောင်းပန်ရမယ်ဆိုတဲ့အသိတရားဝင်တဲ့အချိန်မှာ ကျွန်မအပေါ်ကို မကောင်းပြောခဲ့ကြတဲ့သူတွေကို ခွင့်လွှတ်ဖို့ ပိုမိုလွယ်ကူလာခဲ့တာ ဖြစ်ပါတယ်။ ဘာပဲပြောပြော ဒီအမှတ်တရစာအုပ်ကလေးတစ်အုပ်ကို ကျောင်းမှာတင်သွင်းမိတဲ့အတွက်ကြိုတွေးမထားတဲ့သင်ခန်းစာတွေအများအပြားရရှိခဲ့တာတော့ အမှန်ပါပဲလေ။ ။

*Ref: 'Slam Book' by Teresa Cleary*

# Opinion

7 ရက် သတင်းဂျာနယ် 7DAY NEWS JOURNAL
Vol.9, No.47 • FEBRUARY 17, 2011

ဒီနေ့ တနင်္ဂနွေအလုပ်နားရက်ကလေးမို့ ရပ်ကွက်ထိပ်က စာအုပ်အငှားဆိုင်လေးဆီ ရောက်ခဲ့ပါတယ်။ မရောက်ဖြစ်ခဲ့တာ နည်းနည်းကြာသွားလို့ ဆိုင်ရှင်အစ်မနဲ့သာကြောင်းမာကြောင်းပြောဖြစ်ရင်း စွဲစွဲမြဲမြဲနှစ်သက်တဲ့ စာရေးဆရာဆရာဝန်မရဲ့ နောက်ဆုံးထွက်တဲ့ ဝတ္ထုစာအုပ်ရှိလားလို့မေးတော့ မရှိဘူးလို့ ဖြေပါတယ်။ တစ်နှစ် ၊ နှစ်နှစ်မှ တစ်အုပ်လောက်ထွက်တဲ့ ဒီလိုရသစာအုပ်မျိုးကို ဘာလို့မတင်ရတာလဲလို့မေးတော့ စိတ်မသက်မသာ ဖြစ်သွားတဲ့ပုံစံနဲ့ ဒီရပ်ကွက်လေးထဲမှာ ဒီလိုအတွေးပါတဲ့ နက်နက်နဲနဲစဉ်းစားရမှာမျိုးပါတဲ့ စာပေမျိုးတွေ မဖတ်ကြတော့ကြောင်း တကယ်လို့ရှာရှာဖွေဖွေဖတ်သူရှိလည်း သုံးလေးဦးလောက်ပဲဆိုတော့ စာအုပ်အရင်းကျေဖို့မလွယ်တော့ကြောင်း ရှည်ရှည်လျားလျားရှင်းပြပါတယ်။

ဒါနဲ့ မဂ္ဂဇင်းဘက်ပဲလှည့်ပါတော့မယ်လေဆိုပြီး မဂ္ဂဇင်းအထပ်ကို မွှေနှောက်တော့လည်း လျှမ်းလျှမ်းတောက်အောင်မြင်နေတဲ့ ရသမဂ္ဂဇင်းကြီးတစ်စောင်ကလွဲလို့ အခြားမှတ်မှတ်သားသားဖတ်ချင်လောက်စရာပါတဲ့ မဂ္ဂဇင်းမျိုးမတွေ့ရပါဘူး။ သရဲတစ္ဆေလိုင်းနဲ့ အဆောင်ယတြာလိုင်းလေးတွေက အငှားရသွက်လို့ များများတင်ဖြစ်တယ်လို့ပြောတော့ 'ဟာ' ခနဲ ပါးစပ်အဟောင်းသားဖြစ်မိပါသေးတယ်။ အပျော်ဖတ်၊ အပျင်းပြေဘက်ကို ဇောင်းပေးတာကိုလည်း အပြစ်ပြောလို့မရပေမယ့် အခြားအလေးအနက်လေးတွေလည်း ရောဖတ်ရရင် ပိုအဆင်ပြေမယ်လို့ တွေးမိပါတယ်။



# ဒိန်ခဲဆိုတာ ဘာလဲဗျာ . . .

ဖွဲ့နေရောင်ခြည်

ဘာဖတ်ရ ကောင်းပါ့မလဲ၊ ဟိုရှာ၊ ဒီရှာလုပ်နေတုန်းမှာ စနောက်ရယ်မောသံလေးတွေနဲ့အတူ ဆိုင်ထဲဝင်လာကြတဲ့ ဆယ်ကျော်သက်ညီမလေးသုံးယောက်ကို တွေ့ရပါတယ်။ သူတို့အလုအယက်ငှားနေတဲ့ ဝတ္ထုတွေကို အကဲခတ်ကြည့်တော့ နာမည်ဆန်းဆန်း ရှည်ရှည်လျားလျား စာရေးဆရာတွေ။ နောက် မဂ္ဂဇင်းတွေကို လှန်လှောရင်း ဖက်ရှင်အမျိုးမျိုးထွင် ဝတ်ဆင်ပြထားတဲ့ မော်ဒယ်မင်းသမီးပုံလေးတွေကိုကြည့်ပြီး 'ရေလည် လန်းတယ်နော်'လို့ အသီးသီးမှတ်ချက်ချနေကြပါသေးတယ်။ အဲဒီမြင်ကွင်းလေးကို ကြည့်ရင်း တစ်ခါဖတ်ခဲ့ဖူးတဲ့ တစ်ကွက်ကာတွန်းလေးကို အမှတ်မထင် ပြန်သတိရမိပါတယ်။ အဘိုးကြီးတစ်ယောက်က ကွာလတီမဂ္ဂဇင်းကြီးကို ခေါင်းမြှုပ်လုနီးပါးဖတ်နေတဲ့ သမီးဖြစ်သူကို "ဟဲ့ အဲဒီစာအုပ်ထဲမှာ ကြော်ငြာနဲ့အလှအပ ဓာတ်ပုံတွေချည်းပဲ စာမပါဘူး"လို့ ပြောတာကို သမီးကရယ်မောရင်း 'အို အဖေကလည်း အဲဒါလေးတွေပဲ ကြည့်ချင်လို့ ဥစ္စာလို့' ဖြေသလိုများ ဖြစ်နေပြီလားလို့ တွေးမိခဲ့ပါတယ်။ စာအလေးကြီးတွေ ဖတ်ရင် ခေါင်းရှုပ်တယ်။ တို့ကတော့ ပေါ့ပေါ့ပါးပါးလေးပဲလို့ ကျီစယ်သံတွေလည်း ကြားရလို့ ဒါက ခေတ်ကာလရေစီးကြောင်းဆိုတာများလာလို့ တွေးတောမိပါသေးတယ်။

"စာအုပ်စာပေလူ့မိတ်ဆွေ၊ အလိမ္မာစာမှာရှိ၊ စာပေမြှင့်မှ လူမျိုးတင့်မည်"လို့ ဆိုထားတဲ့အတိုင်း လူငယ်လူရွယ်တွေအနေနဲ့ အရမ်းကာရော ကိုယ့်ကိုယ်ကိုယ် ဖျော်ဖြေမှုပေးတာမျိုး မလုပ်ဘဲ အသိတရားကို ထိန်းချုပ်ပေးနိုင်မယ့် စာပေကို အကျွမ်းတဝင်ရှိသင့်တယ်လို့ ထင်မြင်မိပါတယ်။ ပညာခေတ်လို့ဆိုတဲ့အတိုင်း အသိပညာရော၊ အတတ်ပညာပါ ပြည့်စုံလုံလောက်ဖို့ စာပေနဲ့အဆက်မပြတ်သင့်ပါဘူး။ ခုချိန်အခါမှာတော့ ပြည်တွင်းအဆင့်ကိုတောင် ကျော်လွန်ပြီး နိုင်ငံတကာအဆင့်ထိ သက်ဆိုင်ရာ ဘာသာရပ်အလိုက် နယ်ပယ်အသီးသီးမှာ ပွင့်လန်းလာတဲ့ ထွန်းတောက်တဲ့ မြန်မာလူငယ်တွေ အများပြားပေါ်ထွက်လာနေပါပြီ။ ဒီလိုအချိန်နဲ့အမျှ ဘဝတန်ဖိုးမြှင့်တင်နေကြတာတွေကို အားကျအတုယူစေချင်စိတ်နဲ့ ညီ၊ ညီမတွေကို ခုနကတိုးတက်မှုတွေအကြောင်း ဆွေးနွေးတော့ "သူတို့တွေက အောင်မြင်မှာပေါ့။ မြို့ကြီးပေါ်မှာနေ သင်တန်းမျိုးစုံတက် လမ်းထိပ်ထွက်တာနဲ့ အင်တာနက်ကဖေးတွေက လက်ညှိုးထိုးမှ မလွဲ။ ဟန်းဖုန်းတတီတီနဲ့ ကိုယ်ပိုင်လက်ပ်တော့ရှိနေကြတာ၊ သူတို့မှ မချွန်ရင် ဘယ်သူချွန်ဦးမှာလဲ"လို့ ဆင်ခြေပေးကြပါတော့တယ်။ ပြီးတော့ ကျောင်းတက်ဘွဲ့ရလည်း မိရိုးဖလာ ကုန်ရောင်းကုန်ဝယ် ဈေးသည်ပဲ လုပ်ကြမှာမို့ အင်တာနက်မသုံးတတ်လို့၊ အီးမေးလ်၊ ဂျီမေးလ် A/C တွေမရှိလို့၊ ချက်တင်မထိုင်နိုင်လို့လည်း ထူးပြီးနစ်နာစရာ မရှိလှဘူးလို့လည်း တွေးမိကြမှာပါ။ ဒါပေမဲ့ အခုအခွင့် မသာပေမယ့် တစ်ချိန်အခြေအနေပေးလာခဲ့ရင် အသုံးချနိုင်ဖို့ အခြေခံ သဘောလောက်တော့ တီးခေါက်မိသင့်လို့၊ လက်လှမ်းမီသလောက် ရှာဖွေလေ့လာသင့်တယ် မဟုတ်လားလို့ ဆွေးနွေးတော့ ထောက်ခံကြပါတယ်။ ကိုယ်တိုင် အသက်နှစ်ဆယ်ကျော်သာမန်ဘွဲ့ရဝန်ထမ်းတစ်ယောက်မို့ ဂယနဏ မရှင်းပြနိုင်လို့ သိပ်ပြီး အားတက်သရောလည်း မရှိကြပါဘူး။ အခြားအဝန်းအဝိုင်းတွေနဲ့ မဟုတ်ဘဲ အနီးစပ်ဆုံး အိမ်ကမိသားစုနဲ့ နှိုင်းဆပြီး စာပေဖတ်ရှုကြခြင်းရဲ့ အကျိုးအဖြစ် ခံစားခဲ့ရပုံတွေကို ရေးပြချင်မိပါတယ်။

အိမ်က ညီမအထက်တန်းကျောင်းသူလေးက နာမည်ကျော်ဆရာဝန်စာရေးဆရာမလေးရဲ့ အချစ်အသားပေး ဇာတ်လမ်းလေးတွေကို ဖတ်ပါတယ်။ ကျောင်းစာမှာလည်း အညံ့ကြီးမဟုတ်လို့ မိဘတွေက ပြင်းပြင်းထန်ထန် မတားမြစ်ပါဘူး။ အဲဒီတော့ ညီမငယ်က တစ်ပတ်လုံးလေးအုပ်နှုန်း ရက်ဆက်အားပေးဖတ်ပါတော့တယ်။

ဒါပေမဲ့ စာမေးပွဲအရမ်းနီးတဲ့တစ်ရက်မှာ သူ့အတန်းပိုင်က အမေ့ကို ဆင့်ခေါ်ခြင်းခံရပါတယ်။ တစ်ခါဖူးမှ ဒီလိုမဖြစ်ဖူးလို့ ဘာများပါလိမ့်ဆိုပြီးကျောင်းအုပ်ဆရာမကြီး ရုံးခန်းထဲ အထိတ်တလန့်ဝင်တော့မှဖြစ်ကြောင်းကုန်စင် သိခွင့်ရပြီး ပါးစပ်ဘုရားတ၊ ပက်လက်လန်ရပါရောတဲ့။ ညီမလတ်ဖြစ်ပုံက သူတို့ ကျူရှင်မှာရှိတဲ့ အလှဆုံးနဲ့ စာအတော်ဆုံးကျောင်းသူကလေး ငါးယောက်က ရပ်ကွက်လေးထဲမှာ Boy Hate Club ယောကျ်ားလေးများကို မုန်းတယ်ဆိုတဲ့အဖွဲ့ တိတ်တဆိတ်ဖွဲ့စည်းထားပါသတဲ့။ အဖွဲ့ဝင်ထဲက တစ်ယောက်ယောက်ကို စိတ်ဝင်စားလို့စာလာပေး၊ ပန်းစည်းလာပေးရင် "ငါတို့က ယောကျ်ားတွေကို အထင်မကြီးဘူး။ နင့်ကိုအခွင့်အရေး ပေးခင်ခဲ့တယ်ဆိုတာ တမင်ဟန်ဆောင်ခဲ့တာ။ နင်တို့အတွက် အချိန်ကုန်မခံဘူး"ဆိုပြီး ပြတ်သားပြလိုက်တော့ တစ်ဖက်ကောင်လေးတွေက အသည်းကွဲ (ခေတ်စကားနဲ့ဆိုရင်တော့ ဟတ်ထိသွားတဲ့အခါ) Boy Hate Club အသင်းဝင်တွေက တပျော်တပါး ရယ်မောအောင်ပွဲခံကြပါသတဲ့။

ဆရာမကြီး ပြောပြတာကို နားထောင်နေရတဲ့ အိမ်က အမေ အပါအဝင် အခြားမိခင်အမျိုးသမီးလေးဦးခမျာ အံ့ဩမှုင်တက်လွန်းလို့ ဘာဆိုဘာမှ နားမလည်နိုင်လောက်အောင် ကြောင်အမ်းသွားရပါသတဲ့။

နောက်တော့မှ ဒီဖြစ်ရပ်ဟာ ဆယ်ကျော်သက်ကျောင်းသူလေးတွေ စွဲလမ်းဖတ်ရှုကြတဲ့ အသည်းခွဲဝတ္ထုတစ်ပုဒ်ထဲက အတိုင်းပုံတူကူးထပ်တူထပ်မျှ သရုပ်ဆောင်ကြတာပါလို့ ပြောလည်းပြော အဲဒီစာအုပ်ကိုလည်း ပြတာမို့အမေတွေခမျာ ဒေါသစိတ် ငယ်ထိပ်တက်ကုန်ကြပါရော။ သမီးတွေကိုလည်း ရှက်စိတ်နဲ့ နေရာမှာတင် ထုရိုက်၊ ဒီလိုအတွေးဆန်းမျိုး ဖန်တီးရေးသားတဲ့ စာရေးဆရာမကိုလည်း ဝေဖန်အပြစ်တင်ကြနဲ့ တော်တော်ကို ရုတ်ရုတ်သဲသဲ နိုင်ခဲ့ကြပါတယ်။ အဲဒီ Boy Hate Club ဟာ နယ်မြို့ကလေးမှာတောင် ကူးစက်ပျံ့နှံ့ခဲ့တယ်ဆိုရင်တော့ မြို့ပြနေရာတွေမှာဆိုရင် မတွေးချင်စရာပါဘဲ။

ဒါကို ထောက်ရှုလေ့လာခြင်း အားဖြင့် ကိုယ်နှစ်သက်တဲ့ စာပေ၊ ကိုယ်နှစ်ခြိုက်တဲ့ စာရေးဆရာရဲ့ အာဘော်ဟာ စာဖတ်သူကို တိုက်ရိုက်လွှမ်းမိုးနိုင်တယ်ဆိုတာကို လက်တွေ့သိခဲ့ရတာလေး တစ်ခုပါ။ ညီထွေး နှီးညှာကောင်နဲ့ ပတ်သက်တဲ့ စာပေဝါသနာကိစ္စက ရယ်စရာကောင်းသလို ထင်ရပေမယ့် တကယ်တမ်း စေ့စေ့ပေါက်ပေါက် တွေးကြည့်တော့ စိတ်ပူချင်စရာ ကောင်းပါတယ်။

ညဘက်မိသားစု အိပ်ပျော်နေတဲ့ အချိန် နောက်ဖေးရေအိမ်အသွားမှာ သူ့အိပ်ရာထဲက Emergency Lamp လေးလင်းနေတာကို သတိပြုမိပါတယ်။ အပြင်မှာခြင်ကိုက်လို့ စာဝင်ဖတ်တာထင်ပါရဲ့လို့ပဲ တွေးလိုက်ပါတယ်။

စာ(၄၀) သို့

## JOKE

### အမှိုက်မဟုတ်ပါ

ကားရှုပ်သော လမ်းမကြီးပေါ်တွင် ရဲနှစ်ဦးသည် ကားပေါ်မှ လမ်းပေါ်သို့ အမှိုက်ပစ်ချသူများကို ဖမ်းဆီးရန် စောင့်နေကြသည်။ ကားတစ်စီးက အမှိုက်ထုပ်တစ်ထုပ်ပစ်ချသွားသည်ကို တွေ့လိုက်ရသော်လည်း လမ်းအလယ်၌ ဖြစ်နေ၍ ဖမ်းဆီးခွင့်မရ။ အလားတူ နောက်တစ်စီးကလည်း အမှိုက်ပစ်ချလိုက်သည်ကို တွေ့၍ တားမည်ပြုသော်လည်း အချိန်မရလိုက်။

နောက်ဆုံးတော့ လမ်းဘေးကပ်၍ ဖြည်းဖြည်းမောင်းလာသော ကားတစ်စီးကိုရပ်တန့်နိုင်ခဲ့ရာ ကားထဲတွင် စုံတွဲတစ်တွဲပါလာသည်။ ရဲကပစ်ချလိုက်သော အမှိုက်ကို အမျိုးသားအားပြန်ကောက်ခိုင်းရာ သုံးပြီးသားကွန်ဒုံးတစ်ခုဖြစ်နေသည်။ ရဲက ဒဏ်ရိုက်မည်ပြုသောအခါ အမျိုးသားကယခုလိုစောဒကတက်သည်။

"ဒါအမှိုက်မဟုတ်ပါဘူး။ လူဦးရေထိန်းချုပ်တဲ့ ပစ္စည်းပါဗျာ" ဟူ၍။

### ဖအေတူ

**ပထမလူ -** ရှေ့က ဆံပင်ရှည်ရှည်၊ ဂျင်းဖင်ကြပ်နဲ့ လူငယ်လေးကိုကြည့်ပါဦးဗျာ။ အဲဒီကလေးက ယောကျ်ားလေးလား၊ မိန်းကလေးလား။

**ဒုတိယလူ -** ယောကျ်ားလေးပါ။ အဲဒါငါ့သားလေ။

**ပထမလူ -** ဆောရီးပဲဗျာ။ ခင်ဗျားက သူ့အမေဆိုတာကို ကျွန်တော် မသိလို့ပါ။

**ဒုတိယလူ -** ဟင် ကျွန်တော်က သူ့အဖေပါဗျာ။

**အယ်ဒီတာချုပ်-** သောင်းစုငြိမ်း။ **အမှုဆောင်အယ်ဒီတာများ-** အားမာန်၊ ငြိမ်းငြိမ်းနိုင်။ **စာမျက်နှာဖွဲ့စည်းမှုနှင့်ဒီဇိုင်းအယ်ဒီတာ -** စောစည်သူမိုး။ **သတင်းအယ်ဒီတာများ-** အေးမြကျော်၊ နေလင်းအောင်၊ သီဟ၊ မေဝင်းမွန်။ **အကြီးတန်းသတင်းထောက်-** မြတ်စုမွန်၊ ဇာဇာနို၊ ယုဇနကိုကို။ **နိုင်ငံတကာသတင်းဘာသာပြန်-** ရဲမင်း၊ ကျော်မျိုးဦး။ **စာပြင်အယ်ဒီတာ-** လှထွဋ်ဦး။ **သတင်းထောက်များ-** သဇင်ထွေး၊ ဝေယံမြတ်ဦး၊ ဒဲနစ်အောင်အောင်၊ကျော်သီဟ၊ အိဖြူလွင်၊ အိဖြူမွန်၊ ဝတ်ရည်အောင်၊ သိမ့်သိမ့်စိုး၊ ဥက္ကာကိုကို၊ အောင်သူရ၊ နေလင်းထွန်း၊ ဗိုလ်ဗိုလ်ဝင်း၊ ပြည့်သိမ်း၊ သန်းငွေ၊ အေးသူစံ။ **နေပြည်တော်သတင်းထောက်-** ထူးသန့်၊ ညိုညိုဝင်း။ **မန္တလေးသတင်းထောက်များ-** စိုင်းသာအောင်၊ မင်းဒင်၊ ညီညီဇော်။ **နယ်သတင်းထောက်များ-** မျိုးမင်းဦး၊ စောရန်နိုင်၊ သတင်းထောက်လှမြင့်၊ ဆန်းညွန့်(ရေနံချောင်း)၊ အင်မိုင်ခ၊ မျိုးဇော်၊ မောင်ကံ၊ ကျော်ထွန်း။ **စာမျက်နှာဖွဲ့စည်းမှု-** ချစ်ဗိုလ်ဗိုလ်၊ ရှိန်းရှိန်းထိုက်။ **ကွန်ပျူတာစာစီ-** စန်းစန်းနွယ်မွန်ဖြိုး၊ မေဇင်သိန်းဇော်၊ ဘုန်းမြင့်ဟန်။ **သရုပ်ဖော်-** စိုးသော်တာ။ **ဓာတ်ပုံသတင်းထောက်-** အောင်အောင်၊ ဂျေမောင်မောင်(အမရပူရ)။ **ပြင်ပဆက်သွယ်ရေး-** သက်ပိုင်ငွေ။ **လိုဂိုဒီဇိုင်း-** ကျောက်ဆည်။ **ဘဏ္ဍာရေး-** ကလျာအောင်၊ သဲသိမ့်သိမ့်ဖြိုး။ **ကြော်ငြာတာဝန်ခံ-** မိုးပပ၊ လင်းလင်းဦး။ **ထုတ်ဝေသူ-** ဦးမျိုးလှိုင်အောင်။ **ပုံနှိပ်စက်-** သုဝဏ္ဏသီဂီပုံနှိပ်တိုက်။ **ဖလင်-** Sunn Colour Separation. **စောင်ရေ-** ၁,၀၀၀။ **ရောင်းဈေး-** ၄၅၀ကျပ်။

7Day News ဂျာနယ်တိုက် - လပြည့်ဝန်းပလာဇာ(၁၀ ထပ်)၊ အမှတ် ၃၇၊ အလံပြဘုရားလမ်း၊ ဒဂုံမြို့နယ်။ ဖုန်း- ၇၂၁ ၅၇၈၊ ၂၄၃ ၅၄၂၊ ၃၇၆၄၅၉၊ ၀၉ ၅၁၇၃၂၅၅
Fax : 243 542, E-mail : 7daynews@mail4u.com.mm, orbit@myanmar.com.mm ၊

7Day News Hotline : 73032006

# Business

7DAY NEWS JOURNAL

Vol.9, No.47 • FEBRUARY 17, 2011


## ကမ္ဘာ့ငွေလဲနှုန်း

| | | | |
|---|---|---|---|
| ၁ ဒေါ်လာ | ၀. ၆၂၄၆ | ပေါင် | (ဗြိတိန်) |
| ၁ ဒေါ်လာ | ၀. ၇၃၈ | ယူရို | (ဥရောပသမဂ္ဂ) |
| ၁ ဒေါ်လာ | ၈၃. ၄၁ | ယန်း | (ဂျပန်) |
| ၁ ဒေါ်လာ | ၆. ၅၉ | ယွမ် | (တရုတ်) |
| ၁ ဒေါ်လာ | ၄၅. ၅၅ | ရူပီး | (အိန္ဒိယ) |
| ၁ ဒေါ်လာ | ၁. ၂၈ | ဒေါ်လာ | (စင်ကာပူ) |
| ၁ ဒေါ်လာ | ၁,၁၂၁. ၀၀ | ဝမ် | (ကိုရီးယား) |
| ၁ ဒေါ်လာ | ၃. ၀၅ | ရင်းဂစ် | (မလေးရှား) |
| ၁ ဒေါ်လာ | ၃၀. ၇၈ | ဘတ် | (ထိုင်း) |
| ၁ ဒေါ်လာ | ၈,၉၂၀. ၀၀ | ရူးပီးယား | (အင်ဒိုနီးရှား) |
| ၁ ဒေါ်လာ | ၁၉,၅၀၀. ၀၀ | ဒေါင် | (ဗီယက်နမ်) |
| ၁ ဒေါ်လာ | ၀. ၉၈၇၉ | ဒေါ်လာ | (ကနေဒါ) |
| ၁ ဒေါ်လာ | ၀. ၉၉၇၁ | ဒေါ်လာ | (ဩစတြေးလျ) |
| ၁ ဒေါ်လာ | ၁. ၃၂ | ဒေါ်လာ | (နယူးဇီလန်) |
| ၁ ဒေါ်လာ | ၂၉. ၃၀ | ရူဘယ် | (ရုရှား) |

## အရေးကြီးပစ္စည်းများ ဈေးနှုန်း

| ပစ္စည်း | ယူနစ် | ဈေးနှုန်း (ကန်ဒေါ်လာ) |
|---|---|---|
| ရွှေ | ၁ အောင်စ | ၁၃၆၀. ၄၀၀ |
| ရေနံ | စည် | ၁၀၀. ၉၄၀ |
| ငွေ | ၁ အောင်စ | ၂၉. ၉၉၅ |
| ကြေးနီ | ပေါင် | ၄၅၃. ၆၀၀ |
| သဘာဝဓာတ်ငွေ့ | mmbtu | ၃. ၉၁၀ |

မှတ်ချက်။ ။ ဈေးနှုန်းအားလုံးကို ကန်ဒေါ်လာဖြင့် ဖော်ပြထားပြီး ကြေးနီဈေးနှုန်းမှာ ဆင့် (Cent) ဖြင့်ပြသည်။
၂၀၁၁ ဖေဖော်ဝါရီ ၁၃ ရက် ကမ္ဘာ့ပေါက်ဈေးနှုန်းဖြစ်သည်။

# ကမ္ဘာ့ရွှေဈေးတက်သော်လည်း ပြည်တွင်းရွှေဈေးသိပ်မပြောင်း



**သိမ့်သိမ့်စိုး**

ရန်ကုန်၊ ဖေဖော်ဝါရီ-၉

ကမ္ဘာ့ရွှေဈေးနှုန်းနှင့် အမေရိကန်ငွေဈေးမှာ ယခုရက်ပိုင်းတွင် သိသာစွာ မြင့်တက်နေသော်လည်း ပြည်တွင်းရွှေဈေးမှာ ကျပ်ထောင်ဂဏန်းဝန်းကျင်သာ ပြောင်းလဲမှုရှိကြောင်း ရွှေဈေးကွက်မှစုံစမ်းသိရသည်။

ကမ္ဘာ့ရွှေဈေးနှုန်းသည် ယခု ၂ ရက်တွင် တစ်အောင်စလျှင် ၁,၃၃၅ ဒေါ်လာရှိနေရာမှ ၁၀ ဒေါ်လာကျော်သည့်နှုန်းဖြင့် တဖြည်းဖြည်း မြင့်တက်လာခဲ့ရာ ယခုလ ၉ ရက်၌ ၁,၃၆၃ ဒေါ်လာထိ မြင့်တက်လာခဲ့သည်။

ထို့အတူ အမေရိကန်ငွေဈေးမှာလည်း တစ်ယူနစ်လျှင် ၈၅၅ ကျပ်မှ ၈၆၃ ကျပ်ထိမြင့်တက်လာခဲ့သည်။

သို့သော် ပြည်တွင်းရွှေဈေးနှုန်းမှာ ဖေဖော်ဝါရီ ၂ ရက်က ဖြစ်ခဲ့သော ယခုနှစ်၏ အနိမ့်ဆုံးရွှေဈေးနှင့် ယှဉ်လျှင်ပင် ၈,၀၀၀ ကျပ်သာ မြင့်တက်ခဲ့သည်။ ယခုလ ၂ ရက်တွင် ပြည်တွင်းရွှေ ဈေးမှာ အခေါက်ရွှေတစ်ကျပ်သားလျှင် ၆၂၉,၀၀၀ ကျပ်မှ ၉ ရက်တွင် ၆၃၇,၀၀၀ ကျပ်သို့ ဈေးမြင့်လာခဲ့သည်။

ထို့ကြောင့် ကမ္ဘာ့ရွှေဈေးအတက်နှုန်းနှင့် ယှဉ်ပါက ပြည်တွင်းရွှေဈေးမှာ ဈေးနှုန်းပြောင်းလဲမှုနည်းနေကြောင်း သိရသည်။

"ကမ္ဘာ့ရွှေဈေးတက်သလောက် ပြည်တွင်းဈေးက လိုက်မတက်သလို ကျရင်လည်း သူကျသလောက် ထိတော့ လိုက်မကျဘူး။ အခု လိုက်မတက်တာက ပြည်တွင်းဈေးက ကမ္ဘာ့ပေါက်ဈေးထက် ကျပ်နှစ်သောင်းကျော်ထိ မြင့်နေတာကြောင့်လည်းပါတယ်"ဟု ရွှေလုပ်ငန်းရှင်တစ်ဦးက သုံးသပ်ပြောသည်။

ယခုကဲ့သို့ ဈေးနှုန်းမြင့်တက်လာခြင်းကြောင့် ရွှေအပိုင်းနှင့် ဖြတ်စဝယ်ယူသည့် ဈေးကွက်တွင် ယခင်ကျဈေးနှင့်ယှဉ်ပါက ရွှေဝယ်လိုအား ၂၀ ရာခိုင်နှုန်းထိ ကျဆင်းနေခဲ့ကြောင်း ရွှေလုပ်ငန်းရှင်တစ်ဦးက သုံးသပ်ပြောသည်။

သို့သော် အရောင်းအဝယ်အေးသည့် ဈေးကွက်ဟု မဆိုနိုင်ဘဲ လက်ရှိဈေးနှုန်းအနေအထားအရ ရွှေဝယ်သူများ၏ ကြိုက်ဈေးနှုန်းသာ ရှိနေသေး၍ ရောင်းအားကောင်းသည့်ဈေးကွက်တစ်ခု၌ ရှိနေသေးကြောင်း ရွှေဆိုင်လုပ်ငန်းရှင်တစ်ဦးကပြောသည်။

# ငါးမြစ်ချင်းနှင့် ကကတစ်ကို တွဲဖက်မွေးမြူရန် စိတ်ဝင်စားလာ

**သန်းဌေး**

ရန်ကုန်၊ ဖေဖော်ဝါရီ - ၈

ငါးမြစ်ချင်း ငါးမျိုးစိတ်တစ်မျိုးတည်းကိုသာ အဓိကထားပြီး မွေးမြူခဲ့ကြသော ငါးမွေးသူများသည် ယခုအခါ ကကတစ် ငါးမျိုးစိတ်နှင့် တွဲဖက်မွေးမြူရန် စီစဉ်နေကြကြောင်း တွံတေးမြို့နယ် ငါးလုပ်ငန်းအဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးဝင်းကျော်ကပြောသည်။

မိုးတွင်းကာလ ရေလျှံစဉ်က ငါးမြစ်ချင်းငါးများ မွေးမြူရေးကန်မှ ၁၀ ရာခိုင်နှုန်းလွတ်သွားပြီး ကကတစ်ငါးများ ဝင်ရောက်ပေါက်ဖွားလာ၍ အကျိုးအမြတ်ရှိခဲ့သောကြောင့် ယခုငါးမွေးရာသီတွင် ငါးမြစ်ချင်းနှင့် ကကတစ်ကို ရောနှောမွေးမြူလို၍ နည်းပညာနှင့် အစာကျွေး နည်းစနစ်ကို ရယူလိုကြောင်း ဦးဝင်းကျော်ကပြောသည်။

"ကကတစ်ကို ငါးမြစ်ချင်းနဲ့ ရောမွေးရင် တွက်ခြေကိုက်ပါတယ်။ အစာလည်း သီးသန့်မကျွေးရပါဘူး။ ဒါပေမဲ့ ကန်အပြောင်းဖော်မယ့် နှစ်ခြောက်လ၊ ရှစ်လလောက်မတိုင်မီမှာပဲ ထည့်သွင်းမွေးသင့်ပါတယ်" ဟု ငါးလုပ်ငန်းဦးစီးမှ အရာရှိကြီး တစ်ဦးကပြောသည်။

ကကတစ်ငါးမျိုးစိတ်သည် အသားစားငါးမျိုးစိတ်ဖြစ်သောကြောင့် ငါးမြစ်ချင်းငါးများအား မစားသုံးမိစေရေး သတိထားမွေးမြူသင့်ပြီး နည်းပညာသစ်အရ ရေပေါ်အစာတောင့်ကျွေး၍ မွေးမြူနိုင်ရန်စီစဉ်ပေးမည်ဖြစ်ကြောင်း ၎င်းကပြောသည်။

"ငါးမြစ်ချင်းတစ်မျိုးတည်း မမွေးတော့ဘဲ ရေချိုပုစွန်နဲ့ရောမွေးမယ်။ ကကတစ်နဲ့ ရောမွေးမယ်ဆိုမှ ကျွန်တော်တို့တွေ အသက်ရှူချောင်လာမှာပါ"ဟု ငါးမြစ်ချင်းမွေးသူလုပ်ငန်းရှင်များကို ရည်ညွှန်းကာ ၎င်းကပြောသည်။

ငါးမြစ်ချင်းငါးမျိုးစိတ်ကို ကကတစ်ငါးမျိုးစိတ်နှင့် ရောနှောမွေးမြူခြင်း၊ ရေချိုပုစွန်နှင့် ရောနှောမွေးမြူခြင်းအပြင် ကဏန်းပျော့မွေးမြူရေးကန်များတွင်ပါ မွေးမြူခြင်းကို စမ်းသပ်လုပ်ကိုင်ရန်စီစဉ်နေကြောင်း အောင်မိုးခိုင်ကဏန်းပျော့ မွေးမြူထုတ်လုပ်ရေးကုမ္ပဏီမန်နေဂျင်းဒါရိုက်တာဦးသန်းထွန်းအောင်ကပြောသည်။

ငါးမြစ်ချင်း တစ်မျိုးတည်းသာ မွေးမြူခဲ့သူများသည် ၂၀၁၀ ပြည့်နှစ် စက်တင်ဘာမှစတင်ကာ ပြည်ပဝယ်လိုအားနှင့် ဈေးနှုန်းကျဆင်းလာမှုကြောင့် ယခုကဲ့သို့ ငါးမျိုးစုံ ရောနှောမွေးမြူနည်း (ပေါ်လီကာချာ)ကို စဉ်းစားလာရပြီဖြစ်ကြောင်း ငါးလုပ်ငန်းပညာရှင်တစ်ဦးက သုံးသပ်ပြောကြားသည်။



မင်းဇာနည်၊ ဝင်းနားဘာရားသားနှင့် ယူနိုက်တက်ကေအမ်ကေ ကုမ္ပဏီများမှ ကကတစ်သားဖောက်ထုတ်လုပ်ခဲ့ကြသေးသော်လည်း မွေးမြူသူများက သားစားငါးဖြစ်၍ အစာကျွေးနှုန်းနှင့်ကြီးထွားနှုန်းပါ တွက်ခြေမကိုက်သောကြောင့်ဝယ်ယူမှု မရှိခဲ့ကြပေ။ ထို့ကြောင့် အဆိုပါကုမ္ပဏီများမှာ ကကတစ်သားဖောက်လုပ်ငန်းများရပ်နားထားရပြီး ငါးလုပ်ငန်းဦးစီးမှပင် ဆက်လက်ထုတ်လုပ်ပေးနေသေးကြောင်း တာဝန်ရှိသူတစ်ဦးကပြောသည်။







7DAY NEWS JOURNAL
Vol.9, No.47 • FEBRUARY 17, 2011

# နယ်စပ်မှ အီလက်ထရွန်နစ်ပစ္စည်းတင်သွင်းမှုအားကောင်းလာ၍ ကုမ္ပဏီကြီးများ ဈေးကွက်ဝေစုခက်လာ

**ပြည်သိမ်း**

ရန်ကုန်၊ ဖေဖော်ဝါရီ - ၁၂

နယ်စပ်မှ တရားမဝင် အီလက်ထရွန်နစ်ပစ္စည်းများ တင်သွင်းမှု အားကောင်းလာကြောင်း ပြည်တွင်းအီလက်ထရွန်နစ်ကုမ္ပဏီများသည် ဈေးကွက်ဝေစုရရှိရန် ခက်ခဲလာကြောင်း အီလက်ထရွန်နစ်ကုမ္ပဏီများထံမှ စုံစမ်းသိရသည်။

လက်ရှိပြည်တွင်း၌ အီလက်ထရွန်နစ်ပစ္စည်း တရားဝင်တင်သွင်းနေသည့် ကုမ္ပဏီများသည် ဈေးကွက်အတွင်း နယ်စပ်မှတင်သွင်းလာသော ပစ္စည်းများနှင့် ယှဉ်ပြိုင်မရောင်းချနိုင်သော တင်သွင်းလာသည့် စရိတ်ကုန်ကျမှုက ပြည်တွင်း အီလက်ထရွန်နစ်ကုမ္ပဏီများအတွက် အကြပ်ရိုက်စေကြောင်းကို ပြည်ပမှ အီလက်ထရွန်နစ်တင်သွင်း ရောင်းချနေသည့် ကုမ္ပဏီပိုင်ရှင်တစ်ဦးက ရှင်းပြသည်။

"မိုးတွင်းမှာ အရောင်းအဝယ်အေးနေလို့ အခုချိန်ကို အားထားခဲ့တာ။ ဒါပေမဲ့ နယ်စပ်ကဝင်လာတဲ့ပစ္စည်းတွေကြောင့် စိတ်ညစ်နေရတယ်။ ကုမ္ပဏီတင်သွင်းသူတွေက ဈေးကွက်မှာ နယ်စပ်အလုံးတွေကို မကျော်နိုင်ဘူး" ဟု အထက်ပါပုဂ္ဂိုလ်က ဆိုသည်။

ထို့အပြင် လက်ရှိပြည်တွင်း အီလက်ထရွန်နစ်ဈေးကွက်သည် အရောင်းအဝယ်အေးနေကြောင်း ဈေးကွက်တစ်ခုလုံးမှာလည်း မတ်လနောက်ပိုင်းကိုသာ မျှော်လင့်နေရကြောင်းကိုလည်း မဟာဗန္ဓုလပန်းခြံမှ အီလက်ထရွန်နစ်ဆိုင် မန်နေဂျာတစ်ဦးကဆိုသည်။

လက်ရှိအချိန် ပြည်တွင်း စီးပွားရေးသည် သုံးစွဲနိုင်မှု အင်အားကျဆင်းနေသည့်အတွက် ဖိမ်ခံပစ္စည်းရောင်းချသည့် ဈေးကွက် ဖွံ့ဖြိုးမှုခက်ခဲကြောင်း စီးပွားရေးလုပ်ငန်းရှင်တစ်ဦးက သုံးသပ်ပြောသည်။









7DAY BOOK REVIEW

# ခေတ်ပြိုင်ကမာ အထင်ကရပုဂ္ဂိုလ် ၁၀၀ (၂၀၁၀)

**တင်မောင်မြင့်၊တင့်ဇော်ထွန်းအောင်၊ဝင်းထွဋ်ဇော်**



ကမ္ဘာကျော်တိုင်မ်းမဂ္ဂဇင်းမှ ရွေးချယ်သည့် ၂၀၁၀ ပြည့်နှစ်အတွက် ခေတ်ပြိုင်ကမ္ဘာအထင်ကရ ပုဂ္ဂိုလ် ၁၀၀ ကို တင်မောင်မြင့်၊ တင့်ဇော်ထွန်းအောင်၊ ဝင်းထွဋ်ဇော်တို့က ဘာသာပြန်ဆိုထားခြင်းဖြစ်သည်။ ၂၀၀၉ ခုနှစ်တွင် ယခုစာအုပ်ကဲ့သို့ပင် ထုတ်ဝေခဲ့သည်။

ကမ္ဘာတစ်ဝန်း ကျော်ကြားသော အနုပညာရှင်များ၊ လူစွမ်းကောင်းများ၊ ခေါင်းဆောင်များ၊ တွေးခေါ်ပညာရှင်များ၊ စသဖြင့် အခန်းလေးခန်းခွဲကာ ၂၀၁၀ နှစ်အတွင်း နယ်ပယ်အသီးသီးမှ အောင်မြင်ကျော်ကြားသူများ၏ ဘဝတစ်စိတ်တစ်ဒေသကို နယ်ပယ်အသီးသီးမှ အောင်မြင် ကျော်ကြားသူများက ပြန်လည်ရေးသားထားခြင်းဖြစ်သည်။

အနုပညာရှင်များ အခန်းတွင်ပေါ့ပ်ဂီတ လောကမှ ထင်ရှားသူလေဒီဂါဂါ၊ မီဒီယာ လောကမှ အိုပရာဝင်းဖရေး၊ ကျေးလက်အဆိုတော်ဘဝမှ ကမ္ဘာကျော်ပေါ့ပ်ဂီတ ဘုရင်မအထိ သတ်မှတ်ခံရသူ တေလာဆွစ်(ဖ်)၊ The Blind Side ဇာတ်ကားနှင့် အော်စကာဆုရခဲ့သည့် ဆန္ဒရာဘူးလော့ခ်၊ ဆာဘွဲ့ရ ဂီတပညာရှင် အယ်လ်တန်ဂျွန် စသဖြင့် အနုပညာလောကမှ အောင်မြင်ကျော်ကြားနေသူများ၏ ဘဝပုံရိပ်များကို တိုတို ထိထိနှင့် စိတ်ဝင်စားဖွယ် ဖတ်ရှုရမည်ဖြစ်သည်။

လူစွမ်းကောင်းများ အခန်းတွင် အမေရိကန်သမ္မတဟောင်း ဘီလ်ကလင်တန်၊ ကမ္ဘာကျော်ဘောလုံးသမား ဒီဒီယာ ဒရော့ဂ်ဘာ၊ သဘာဝဘေးအန္တရာယ်ကြောင့် ကပ်ဘေးကျရောက်နေသော သူများအတွက် ကယ်ဆယ်ရေးလုပ်ငန်းများဆောင်ရွက်နေသည့် One Foundation ဟူသည့် ဖောင်ဒေးရှင်းကို တည်ထောင်ထားသူ ရုပ်ရှင်မင်းသား ဂျက်လီ၊ တာလီဘန်တို့၏တင်းကျပ်သော ဘာသာရေး အယူဝါဒအောက်၊ အစဉ်အလာ အယူသီးမှုများအောက်မှ ဖေါက်ထွက်ရဲသူ၊ စစ်မှန်သော ခွန်အားသတ္တိကို ရဲရဲဝံ့ဝံ့ ပြသနိုင်ခဲ့သည့်အာဖဂန်သူ မလာလိုင်းဂျိုယာတို့၏ အကြောင်း ဖတ်ရှုရမည်ဖြစ်သည်။

ခေါင်းဆောင်များ အခန်းတွင် ဘရာဇီးလ် သမ္မတလူလာဒါဆီလ်ဗာ၊ အမေရိကန်ရေတပ်ဗိုလ်ချုပ်ကြီး မိုက်မူလင်၊ အမေရိကန် သမ္မတ ဘားရက်အိုဘားမား၊ ဂျပန်ဝန်ကြီးချုပ်ဟောင်း ယိုကီယိုဟာတိုယားမား၊ အမေရိကန်အောက်လွှတ်တော် ဥက္ကဋ္ဌ နန်စီပီလိုစီ၊ အိန္ဒိယသမ္မတ မန်မိုဟန်ဆင်း၊ တူရကီဝန်ကြီးချုပ် အာဒိုဂန်တို့၏ နိုင်ငံရေး လောကဖြတ်သန်းမှု အတွေ့အကြုံ တစ်စိတ်တစ်ဒေသအကြောင်း စိတ်ဝင်စားဖွယ်ဖတ်ရှုရမည်ဖြစ်သည်။

တွေးခေါ်ပညာရှင်များ အခန်းတွင် စင်ကာပူနိုင်ငံအပြင် ကမ္ဘာ့နိုင်ငံရေး မျက်နှာစာပေါ်တွင်ပါအထင်ကရအောင်မြင်ကျော်ကြားခဲ့သူ စင်ကာပူ ဝန်ကြီးချုပ်ဟောင်း လီကွမ်ယူး၊ Apple ကွန်ပျူတာကို ကမ္ဘာကျော်အောင်တီထွင် ထုတ်လုပ်ခဲ့သူ စတိဗ်ဂျော့၊ နာမည်ကျော် ဟားဗတ်တက္ကသိုလ်ပါမောက္ခ အိန္ဒိယနိုင်ငံသားလူသားဖွံ့ဖြိုးရေး တွေးခေါ်ပညာရှင် အမာ့တြာဆင်းတို့၏အကြောင်းကို ကွက်ခနဲ၊ လင်းခနဲ စိတ်ဝင်တစား ဖတ်ရှုရမည်ဖြစ်သည်။

ယခုစာအုပ်တွင် နယ်ပယ်အသီးသီးမှ အောင်မြင်ထင်ရှားသူများ၏ အတ္ထုပ္ပတ္တိ ဘဝကောက်ကြောင်းများကို အားကျအတုယူဖွယ်၊ စိတ်ဝင်စားဖွယ် ဖတ်ရှုရမည့်စာအုပ်ဖြစ်သည်။

သို့ရာတွင် ဘာသာပြန်ဆိုထားသူသုံးဦး၏ ကလောင် အမည်ကို စာတစ်ပုဒ်ချင်း ထည့်သွင်းမထားခြင်းကြောင့် ဘယ်သူမည်ဝါ ဘာသာပြန်ဆိုသည်ကို မသိရခြင်းမှလွဲ၍ သိမ်းဆည်းထားသင့်သော စာအုပ်ကောင်းတစ်အုပ်ဟုဆိုချင်ပါသည်။ ဥတ္တရလမင်း စာပေမှ ၃,၀၀၀ ကျပ်ဖြင့် ထုတ်ဝေဖြန့်ချိသည်။

## Knowledge ဗဟုသုတ

### ကြံရဲ့ ရာဇဝင်

ကြံပင်သည် မူလရင်းမြစ်အဖြစ် နယူးဂီနီနိုင်ငံတွင်ပေါက်ရောက်ပြီး အပင်အတိုင်း တိုက်ရိုက်စုပ်ယူစားသောက်သည့် အပင်တစ်မျိုးဖြစ်သည်။ ပထမဆုံးစိုက်ပျိုးမှုအဖြစ် လွန်ခဲ့သောနှစ်ပေါင်း ၃၀၀၀ ကျော်ကတည်းက သကြားခဲထုတ်လုပ်ရန်အတွက် အိန္ဒိယတွင် စိုက်ပျိုးခဲ့ခြင်းဖြစ်သည်။ အဆိုပါသကြားခဲများမှာ ဘီစီ ၅၀၀ခန့်က ပါရှားနိုင်ငံသို့ရောက်ရှိခဲ့ပြီး အာရပ်နိုင်ငံသားများက နှစ်ပေါင်း ၁၂၀၀ ကြာပြီးမှ စပိန်နိုင်ငံသို့စတင်ယူဆောင်လာခဲ့ကြသဖြင့် အဆိုပါကာလတိုင်အောင် ဥရောပတွင် သကြားစားသုံးမှုမရှိသေးဟု ယူဆရသည်။

ယင်းနောက်အာရပ်များက သကြားကိုဥရောပဈေးကွက်သို့ တင်သွင်းခဲ့ပြီး ဈေးကြီးလွန်းသဖြင့် လူတိုင်းမစားသောက်နိုင်သည့် အနေအထားဖြစ်ကြောင်းသိရသည်။ အချိုရည်၊ ဖျော်ရည်များ သောက်သုံးမှု တွင်ကျယ်လာခဲ့ပြီးနောက် သကြားဈေးများလည်းလျှော့ကျခဲ့ကာ သကြားမှာမရှိမဖြစ် တွင်ကျယ်အရေးပါသော စားသောက်ကုန်ဖြစ်လာခဲ့သည်။ ၁၈ ရာစုကာလမှစကာ အနောက်ဘက်ကမ္ဘာတွင် သကြားမှာ အဓိကစားကုန်၊ထုတ်ကုန်အဖြစ် ရပ်တည်လာခဲ့သည်ဟု သိရသည်။ **—Source: Reader's Digest**

# တစ်ပတ်တာ ကံကြမ္မာ

**ဖေ ဖော် ဝါ ရီ ၁၆ ရက် မှ ၂၂ ရက် အထိ**

## ARIES မိဿရာသီဖွား (မတ်၂၁ - ဧပြီ၂၀)

မိမိဆောင်ရွက်ထားသည့်ကိစ္စများမှ ကောင်းသောအကျိုးဆက်ရရှိမည်။ စိတ်ကူးသစ်များ လက်တွေ့အကောင်အထည်ဖော်နိုင်သည်။ ရုတ်တရက် ဆုံးဖြတ်လိုက်သည့်ကိစ္စများ ကောင်းသောအကျိုးအမြတ်ရရှိမည်။ ငွေကြေးကိစ္စ၊ အလုပ်ကိစ္စများအား ရဲရဲရင့်တိုးလုပ်ကိုင်သင့်သည်။ ငွေကြေးကံကောင်းမည်။ ရည်မှန်းချက်အောင်မြင်မည်။ မေတ္တာရေးကံကောင်းသည်။ အရာရာအဆင်ပြေမည်။

## TAURUS ပြိဿရာသီဖွား (ဧပြီ၂၁ - မေ၂၁)

အကြံသစ်များ အောင်မြင်မည်။ ရည်ရွယ်ချက်များကို လက်တွေ့အကောင်အထည်ဖော်ရန် အခါကောင်းသို့ကျရောက်သည်။ အလွန်စိတ်ရှည်သည်းခံရမည်။ ပြဿနာများကိုလည်း သတိနှင့်ကိုင်တွယ်ရမည်။ မိမိဆောင်ရွက်လိုက်သည်များအား အနှောင့်အယှက်ပေးသူများနှင့်တွေ့မည်။ မေတ္တာရေးတွင် စိတ်အနှောင့်အယှက်များကြုံမည်။ မထင်မှတ်ထားသည့်ပြဿနာများကို ချက်ချင်းမဖြေရှင်းမိ၍ထိခိုက်တတ်သည်။

## GEMINI မေထုန်ရာသီဖွား (မေ ၂၂ - ဇွန် ၂၁)

စိတ်အနှောင့်အယှက်များ တစ်မျိုးပြီးတစ်မျိုးပေါ်မည်။ မိမိအပေါ် ဒုက္ခပေးသူများနှင့် နေ့စဉ်ရင်ဆိုင်နေရမည်။ ကိုယ့်ကိစ္စထက်သူတစ်ပါးကိစ္စအတွက် အချိန်ပေးဆောင်ရွက်နေရမည်။ လုပ်ငန်းခွင်ရှိသူများ အလွန်သတိရှိရမည်။ အမှားအယွင်းတစ်မျိုးပြီးတစ်မျိုးပေါ်မည်။ ခက်ခဲသောပြဿနာများဖြေရှင်းရမည်။ ငွေမမြဲ။ အကြောင်းအမျိုးမျိုးနှင့်ငွေကုန်မည်။ ဆုံးဖြတ်ချက်မှားယွင်းခြင်းကြောင့်ငွေကြေးဆုံးရှုံးတတ်သည်။

## CANCER ကရကဋ်ရာသီဖွား (ဇွန် ၂၂ - ဇူလိုင် ၂၂)

စုပေါင်းလုပ်ငန်းအကျိုးပေးမည်။ လုပ်ငန်းနှင့်ပတ်သက်ပြီး ငွေဝင်မည်။ မည်မျှအခက်အခဲ အတိုက်အခံနှင့်ကြုံစေ ရဲရဲရင့်တိုးပြီး ဆောင်ရွက်ပါ။ ဘုရားပုံတော်၊ ဆင်းတုတော်များ ရောက်လာပါက ချက်ချင်းထီထိုးပါ။ အကျိုးထူးမည်။ စန်းပွင့်မှုလွန်ကဲသောကြောင့် စကားများရတတ်သည်။ ဖြေရှင်းရမည်။ လူလွတ်များ အိမ်ထောင်ပြုရန် အပြီးသတ်ဆုံးဖြတ်ရမည်။ အလှူအတန်းများသို့သွားရင်း စန်းပွင့်မည်။

## LEO သိဟ်ရာသီဖွား (ဇူလိုင်၂၃ - ဩဂုတ်၂၃)

ကြိုတင်တွက်ဆထားသည်နှင့် လက်တွေ့ဖြစ်ပေါ်မှု အလုံးစုံအံချော်နေတတ်သည်။ ပုံသေတွက်ဆပြီး လုပ်၍မရ။ ဆုံးဖြတ်ထားသည့်ကိစ္စအား မဖြစ်မနေဦးတည်ချက်ပြောင်းရမည်။ ဆုံးဖြတ်ချက်ပြင်ရမည်။ ဤသို့အပြောင်းအလဲဖြစ်ရန် အခြေအနေအရပ်ရပ်ကဖန်တီးမည်။ ငွေကြေးနှင့်ပတ်သက်၍လည်း သတိရှိရမည်။ ပညာသင်တန်းနှင့်ပတ်သက်သောကံကောင်းသည်။ လုပ်ငန်းခွင်ရှိသူများ သင်တန်းပေါ်မည်။ လက်ခံပါ။

## VIRGO ကန်ရာသီဖွား (ဩဂုတ်၂၄ - စက်တင်ဘာ၂၂)

အလုံးစုံကောင်းသည်။ အပြိုင်အဆိုင်ကြားမှ တိုးတက်မည်။ ရန်ကြားမှ အရာရာအောင်မြင်မည်။ ဘဝတိုးတက်မှုများ အခိုင်အမာရရှိမည်။ စိတ်ပင်ပန်းမှုများကြားမှ တိုးတက်မှုများရရှိမည်။ ကာလအတန်ကြာဆောင်ရွက်ထားသည်များ အပြီးသတ်ဆောင်ရွက်နိုင်မည်။ ခရီးကိစ္စ၊ အလုပ်ကိစ္စ အထူးအောင်မြင်မည်။ ငွေကြေးစီးပွားကံကောင်းသည်။ ကြွေးဟောင်းများ ပြန်လည်တောင်းခံနိုင်သည်။

## LIBRA တူရာသီဖွား (စက်တင်ဘာ၂၃ - အောက်တိုဘာ၂၃)

နာမည်အောင်မြင်မှုရရှိမည်။ လုပ်သမျှ လူသိထင်ရှားမည်။ ဥစ္စာကံ တက်လမ်းပွင့်မည်။ အခက်အခဲကြားမှ တိုးတက်မှု၊ အောင်မြင်မှုများ ဖန်တီးရရှိမည်။ လက်ထဲရှိသောငွေများ တစ်ပြိုင်နက်တည်း သုံးစွဲပစ်ရတတ်သည်။ ကပ်စေးနည်းသောသူများ ပို၍ငွေကုန်ကိန်းရှိသည်။ အလုပ်ပို၊ ကိစ္စပိုများကြုံမည်။ တနင်္လာနံ၊ အင်္ဂါနံလုပ်ငန်းများမှ ငွေကြေးဆုံးရှုံးတတ်သည်။ မေတ္တာရေးတွင် စိတ်အနှောင့်အယှက်များကြုံမည်။

## SCORPIO ဗြိစ္ဆာရာသီဖွား (အောက်တိုဘာ၂၄ - နိုဝင်ဘာ၂၂)

အလုပ်တိုးတက်မည်။ ရည်ရွယ်ချက်အောင်မည်။ ငွေကြေးကံကောင်းမည်။ မိတ်ဟောင်း၊ ဆွေဟောင်း အထောက်အကူရမည်။ ပေါ်လာသည့်အခြေအနေအပေါ် လက်တွေ့အသုံးချ၍ ထူးခြားသည့်ဘဝအလှည့်အပြောင်းများဖြစ်မည်။ အလုပ်နှင့်ပတ်သက်သောကံကောင်းသည်။ ကံကြောင့်လည်း ငွေဝင်ကိန်းရှိသည်။ ခရီးကိစ္စစီစဉ်ထားသူများ လိုရာခရီးရောက်မည်။ အိမ်တွင် ပြုပြင်မှုများဆောင်ရွက်ရမည်။

## SAGITTARUS ဓနုရာသီဖွား (နိုဝင်ဘာ၂၃ - ဒီဇင်ဘာ၂၁)

မှန်းထားသည့်ကိစ္စများ တလွဲတချော်ဖြစ်မည်။ ကာလအတန်ကြာ ဝေးကွာနေသူများနှင့်ပြန်လည်ဆုံစည်းမည်။ ထွက်ပေါက်ရှာပြီး ငွေကုန်မည်။ ဆုံးဖြတ်ချက်များ ချမှတ်မည်ဆိုက တစ်ကြိမ်မက စဉ်းစားပြီးမှ အချိန်ယူပါ။ ပြီးမှဆုံးဖြတ်ပါ။ ငွေဝင်ကောင်းသလောက် အထွက်များမည်။ မိသားစုရေးရာကိစ္စများအတွက် အချိန်ပေးရမှုများသဖြင့် ၁၅၀၀ မေတ္တာရေးဘက်တွင် အချိန်ပေးမှုနည်းနေမည်။

## CAPRICORN မကာရရာသီဖွား (ဒီဇင်ဘာ၂၂ - ဇန်နဝါရီ၂၀)

ရင်းနှီးသူများနှင့် စကားများရတတ်သည်။ အယူအဆမတူသူများနှင့် ပူးပေါင်း၍ လုပ်ငန်းများဆောင်ရွက်ရမည်။ ကြန့်ကြာနေသည့် ရပိုင်ခွင့်များ လက်ဝယ်ပြန်ရအောင် ဆောင်ရွက်နိုင်သည့်ကာလဖြစ်သည်။ တိုင်းတစ်ပါးနှင့် ဆက်စပ်သောကိစ္စများ ဆောင်ရွက်အကျိုးပေးမည်။ ပျိုရွယ်သူများ မေတ္တာရေးတွင် အညှိရှိသည်။ မြုပ်နေသောငွေများ ပြန်ရမည်။ ဘာသာစကားလေ့လာမှုများအောင်မြင်မည်။

## AQUARIUS ကုမ်ရာသီဖွား (ဇန်နဝါရီ၂၁ - ဖေဖော်ဝါရီ၁၈)

အထူးစန်းပွင့်မည်။ ပြောစကား၊ ဆိုစကားအောင်မြင်မည်။ မိမိဖြစ်လိုသည်များ၊ ဆန္ဒရှိသည်များ ပြည့်ဝမည်။ အမျိုးသမီးမိတ်ဆွေအကြီးအကဲထံမှ အကူအညီရမည်။ စုပေါင်းလုပ်ငန်းအကျိုးပေးမည်။ ပျိုရွယ်သူများ အိမ်ထောင်ကိစ္စ၊ မင်္ဂလာကိစ္စကြုံမည်။ မိသားစုတွင် အလှူအတန်းပြုရမည်။ ပညာသင်ကြားနေသူများ တစ်ပါးသူ နားရက်တွင် ပညာကိစ္စများဆောင်ရွက်နေရမည်။

## PISCES မိန်ရာသီဖွား (ဖေဖော်ဝါရီ၁၉ - မတ်၂၀)

အလုံးစုံကောင်းသည်။ ဆောင်ရွက်သမျှအောင်မြင်မည်။ အကြံသစ်၊ ရည်ရွယ်ချက်သစ်များ လက်တွေ့အကောင်အထည်ဖော်နိုင်သည်။ အပြောင်းအလဲနှင့် တက်လမ်းပွင့်မည်။ ငွေကြေး၊ စီးပွားကံတိုးတက်မည်။ အလုပ်ကိစ္စ အောင်မြင်မည်။ ခရီးနှင့်ပတ်သက်သောကံကောင်းသည်။ နေရာထိုင်ခင်းကိစ္စ၊ ခြံမြေကိစ္စ ပြောဆိုရခြင်းများအောင်မြင်မည်။ မိသားစုလိုက် ခရီးသွားရခြင်းများရှိမည်။



# ဘင်အလီ – မူဘာရက် ပြီးတော့ . . .

ကြည်နေဝင်းမင်း

ပထမဦးစွာ တူနီးရှား၊ နောက်တော့ အီဂျစ်၊ နောက် ယီမင် အယ်လ်ဂျီရီးယား၊ မော်ရိုကို၊ ဂျော်ဒန်၊ အီရန်၊ ဆီးရီးယား၊ ဆော်ဒီအာရေးဗီးယား၊ ဆူဒန်၊ မြောက်ကိုရီးယား၊ ဘီလာရုစ်၊ တာဂျီကစ္စတန်စသည့်နိုင်ငံများမှာ နောက်အလှည့်ကျမည့် နိုင်ငံများဖြစ်နိုင်ပါသည်။ အာဏာရှင်အစိုးရ စာရင်းရှည်ကြီးမှာ ကျွန်တော့်ကို ကျောချမ်းစေပါသည်။ သူတို့က အေးဆေးသက်သာ ဆင်းပေးကြမည် မဟုတ်ပေ။ သွေးထွက်သံယိုမှုများ ရှိပါလိမ့်မည်။

နှစ်စဉ်နှစ်တိုင်းပင် ကျွန်တော်တို့သည် တစ်ချိန်ချိန်မှာ ရာထူးမှ ဖြုတ်ချခံရမည့် အာဏာရှင်များ၊ ကိုယ့်ဥပဒေ ကိုယ်ပြဋ္ဌာန်းအုပ်ချုပ်သူများ ဖိနှိပ်ချုပ်ခြယ်အုပ်ချုပ်သူများစာရင်းသစ်ကို တွေ့မြင်နေရပါသည်။ သည်နေ့ဒါမှမဟုတ် မနက်ဖြန် ဒါမှမဟုတ် ခြောက်လ၊ တစ်နှစ်၊ အချိန်ကာလမည်သို့ပင်ရှိစေ၊ ၎င်းတို့၏ ကံကြမ္မာမှာ ချိပ်ပိတ်ထားပြီးသား ဖြစ်ပါသည်။ ကြိုတင်ဟောကိန်းထုတ်ထားသမျှ အမှန်တကယ် ဖြစ်လာသည်တော့ မဟုတ်။ သို့သော် နှစ်စဉ်ပင် စာရင်းသစ်များ ပေါ်ထွက်လာနေပါသည်။


ကျိန်စာသင့်ထားသော အာဏာရှင်များ၏ နောက်ဆုံးစာရင်းကိုတိုင်းမ်မဂ္ဂဇင်းက ပုံနှိပ်ဖော်ပြခဲ့ပါသည်။ ဟို့စနီမူဘာရက်၊ ယီမင်သမ္မတ အလီအဗ္ဗဒူလာဆာလေး၊ မြောက်ကိုရီးယားခေါင်းဆောင်ကင်ဂျုံအီလ်၊ အီရန်သမ္မတ အာမက်ဒီနီဂျက်၊ ဆူဒန်သမ္မတ အိုမာဟာဆန်အယ်လ်ဘာရှား၊ ဇင်ဘာဘွေမှ ရောဘတ်မူဂါဘေး၊ အယ်လ်ဂျီးရီးယား သမ္မတ အဗ္ဗဒီအဇစ်ဘိုတီဖလီကာ၊ ဆော်ဒီအိမ်တော်၊ ဘီလာရုစ်သမ္မတ အလက်ဇန်ဒါးလူကေရှန်ကို၊ တာဂျီကစ္စတန်ခေါင်းဆောင် အီမိုမာလီရာမွန်းအစရှိသူတို့ ဖြစ်သည်။

ယင်းအဆိုးတကာ့ အဆိုးဆုံးများ၏ စာရင်းက အမြဲတမ်းလိုလိုပင် ကျွန်တော်တို့ Casablanca ဂန္ထဝင်ရုပ်ရှင်ဇာတ်ကားကို အမှတ်ရစေပါသည်။ ဟမ်ပါရီဘိုးဂါ့ဒ် ပါဝင်သရုပ်ဆောင်ထားသော အံ့ဩစရာဇာတ်လမ်းကောင်းပါ။ ၎င်းဇာတ်ကားတွင် ဂျာမန်ဗိုလ်မှူးတစ်ဦးသတ်ဖြတ်ခံရသောအခါ ပြင်သစ်ရဲချုပ်က သက်ပြင်းချရင်း အခုလိုပြောပါသည်။ “အစဉ်အလာမသင်္ကာသူတွေကို ဖမ်းကွာ” ဟူ၍ . . .

အာဏာရှင်အုပ်ချုပ်ရေး သမားများဆိုပါက အစဉ်အလာ မသင်္ကာဖြစ်ရသူတွေ အလွန်များပါသည်။ စာရင်းတစ်ခုနှင့် တစ်ခုမှာလည်း များစွာ မကွာခြားပေ။ ကျွမ်းကျင်သူ၏ ဦးစားပေးမှု၊ နိုင်ငံရေးအမြင်နှင့် ယင်းအာဏာရှင်နိုင်ငံများတွင် ဖြစ်ပေါ်နေသည့် နိုင်ငံရေးအခြေအနေများပေါ်တွင်လည်း မူတည်ပါသည်။ သို့သော်အားလုံးခြုံကြည့်ပါက ၎င်းအာဏာရှင်စာရင်းမှာ အပြောင်းအလဲအနည်းငယ်သာရှိပါသည်။

ယခုအခါတွင် အီဂျစ်၊ မြောက်အာဖရိကနှင့် အရှေ့အလယ်ပိုင်း ဒေသများကို အားလုံးကအာရုံစူးစိုက်နေကြရာ ယင်းဒေသမှခေါင်းဆောင်များအပေါ် အဓိကဆွေးနွေးခြင်းမှာ ပို၍ အဓိပ္ပာယ်ရှိပါလိမ့်မည်။ ဆော်ဒီအာရေးဘီးယားနိုင်ငံ၏ ဘုရင်အဗ္ဗဒူလာမှာ ဟို့စနီမူဘာရက်၏ အဖြစ်အပျက်မျိုး၊ တူနီးရှားသမ္မတ ဘင်အလီ၏ ကံကြမ္မာမျိုး ကြုံတွေ့ရရန် မဖြစ်နိုင်ပေ။ ဘုရင်များမှာ အဓိပ္ပာယ်ဖွင့်ဆိုချက်အားဖြင့်ပင် မိမိစည်းမျဉ်း၊ မိမိပြဋ္ဌာန်းအုပ်ချုပ်သူများဖြစ်သည်။ ဆော်ဒီအာရေးဗီးယားနိုင်ငံမှာ အီဂျစ်၊ တူနီးရှားတို့နှင့် နှိုင်းယှဉ်လျှင် ကြွယ်ဝချမ်းသာပါသည်။ ဘုရင့်မိသားစုအား လက်အောက်ငယ်သား၊ နိုင်ငံသားများကရိုသေလေးစားပါသည်။ ဘုရင်ကြီး၏ ရက်စက်ထိရောက်သောနည်းဗျူဟာများနှင့် တည်ငြိမ်မှုရှိအောင်စွမ်းဆောင်ထားနိုင်ပါသည်။ အီဂျစ်လူထုအုံကြွမှုသည် ဆော်ဒီအာရေးဗီးယားနိုင်ငံသို့ လျှံကျဖိတ်စင်မလာနိုင်ပါ။ သို့ဆိုလျှင် ဆော်ဒီအာရေးဗီးယားနိုင်ငံတွင် ပြဿနာလုံးလုံး မရှိဟု ဆိုလိုခြင်းမဟုတ်ပါ။ လွတ်လပ်မှု ချို့ငဲ့သော်လည်းအီဂျစ်အတိုင်းအတာအထိ မဆိုးရွားပါ။

အယ်လ်ဂျီးရီးယား သမ္မတ အဗ္ဗဒီအဇစ်ဘိုတီဖလီကာမှာ အစ္စ







လာမ်မစ်အုံကြွမှုကြောင့် ပြုတ်ကျရန်ပို၍ အလားအလာများသည်။ လွန်ခဲ့သော နှစ်ပေါင်းများစွာက အစ္စလာမ်မစ်ပါတီများက အနိုင်ရရှိခဲ့သည့် အထွေထွေရွေးကောက်ပွဲရလဒ်ကို အစိုးရက အတည်မပြုခဲ့သည့်အခါ အယ်လ်ဂျီးရီးယားသည်ပြည်တွင်းစစ်ဒဏ်ခံစားခဲ့ရပါသည်။ ထိုအချိန်က အစ္စလာမ်မစ်အစိုးရ တစ်ရပ်တက်လာခဲ့ပါက အယ်လ်ဂျီးရီးယား နိုင်ငံအတွက် နောက်ပြန်ဆွဲခြင်း ဖြစ်ပါလိမ့်မည်။ ယေဘုယျအားဖြင့် မြောက်အာဖရိက၌ နိုင်ငံရေးသက်သက်အစိုးရများကို တိုက်ပွဲဝင်နေသည့် အစ္စလာမ်မစ်အုပ်စုများမှာ အင်အားအလွန်တောင့်တင်းကြပါသည်။

ပြောရင်းဆိုရင်း ခြေရာပျောက်သွားတတ်သည့် အံ့ဩစရာအချက်တစ်ချက်မှာ ယင်းအစိုးရများကို စစ်ပွဲဆင်နွှဲနေသည့် အုပ်စုများမှာ အာဖဂန်နစ္စတန်နိုင်ငံတွင် ဆိုဗီယက်တို့ ဝင်ရောက်တိုက်ခိုက် စစ်ပြုနေချိန်တွင် အမေရိကန်က ဖွဲ့စည်းလက်နက်တပ်ဆင်၊ ထောက်ပံ့ကြေးများပေးခဲ့သည့် မူဂျာဟစ်ဒစ်အဖွဲ့များမှ ဆင်းသက်လာသောအဖွဲ့များ ဖြစ်သည်ဆိုသော အချက်ဖြစ်သည်။ အယ်လ်ကိုင်ဒါမှာယင်းအဖွဲ့များထဲမှ တစ်ဖွဲ့ဖြစ်သည်။ ယင်းအာဏာရှင်များပေါ်ထွက်လာခြင်းနှင့် ၎င်းတို့အား ဆန့်ကျင်သည့် အယူအစွဲပြင်း အစ္စလာမ်မစ်လှုပ်ရှားမှုများပေါ်ထွက်လာခြင်းအတွက် အိမ်ဖြူတော်ကိုသာ အပြစ်ဖို့ချင်စရာကောင်းသော်လည်း ဆိုဗီယက်ကသာ အာဖဂန်နစ္စတန်တွင် စစ်မပြုခဲ့လျှင် ပြဿနာမှာ ဤမျှထုနှင့်ထည်နှင့် ဖြစ်တည်လာမည်မဟုတ်ပေ။ ဆိုဗီယက်ပြည်ထောင်စုမှာအမေရိကန်လောက် အပြစ်မရှိသော်လည်း လက်ခုပ်ဆိုသည်မှာ တစ်ဖက်တည်းတီး၍ မြည်သည်မဟုတ်ပါ။

ဤနေရာတွင် မှတ်မှတ်သားသားရှိသင့်သည်မှာ အာမက်ဒီနီဂျက် လွဲ၍ တိုင်းမ်မဂ္ဂဇင်း၏ ထိပ်တန်းအာဏာရှင် ၁၀ ဦးမှာ အမေရိကန်နိုင်ငံ၏ မိတ်ဆွေများဆိုသည့် အချက်ဖြစ်ပါသည်။ သူတို့သည်လက်ရှိသမ္မတ ဘားရက်အိုဘားမားနှင့် ရင်းနှီးသူမိတ်ဆွေများမဟုတ်။ သို့သော် အမေရိကန်အစိုးရ၏ မိတ်ဆွေများဖြစ်ပါသည်။ ယခုအခါ အပျက်အစီးမများစေဘဲ ၎င်းမိတ်ဆွေများနှင့် မည်သို့ ‘ခွာ’ ရမည်ကို အိုဘားမားအစိုးရက ကြံစည်ရပေတော့မည်။

၁၉၈၉ ခုနှစ်မှစ၍ နိုင်ငံအာဏာရယူထားသူ ဆူဒန်သမ္မတ ဘာရှေးသည်လည်း အီဂျစ်နိုင်ငံမှ ပြဿနာမျိုး ရင်ဆိုင်နေရသည်။ သို့သော် နှစ်ပေါင်း ၄၀ ကျော် ပြည်တွင်းစစ်နှင့် ရင်ဆိုင်ခဲ့ရသော နိုင်ငံ (မကြာသေးမီက တောင်မြောက်သီးခြားခွဲထုတ်ရန် သဘောတူညီခဲ့သည်)မှာ အစိုးရကို ပုန်ကန်ထကြွရန် စွမ်းအင်မကျန်သလောက်ဖြစ်နေပါပြီ။

ယီမင်သမ္မတ အဗ္ဗဒူလာဆာလေးယီမင်နိုင်ငံကို အုပ်ချုပ်လာခဲ့သည်မှာ ၃၂ နှစ်ရှိလာခဲ့ပြီး အီဂျစ်နမူနာကိုလည်း မြင်တွေ့ခဲ့ပြီဖြစ်ရာထောင်ချထားသည့် အတိုက်အခံများအား လွှတ်ပေးခဲ့ပြီး နောက်တစ်ကြိမ် သမ္မတရွေးကောက်ပွဲတွင် ဝင်ပြိုင်မည်မဟုတ်ဟုကတိပေးခဲ့ရာ အကြမ်းဖက်ဝါဒတိုက်ဖျက်ရေး အမေရိကန်၏ မိတ်ဆွေတစ်ယောက်ဆုံးရှုံးသွားခြင်းဖြစ်ပါသည်။ သို့သော် အဗ္ဗဒူလာဆာလေးမှာ အစွန်းရောက်များ၊ အယ်လ်ကိုင်ဒါများနှင့်လည်း အဆက်အသွယ်ရှိသူဖြစ်သည်။

အာမက်ဒီနီဂျက်အပေါ် ဆန့်ကျင်မှုမှာလည်း ကြီးထွားလာနေပါသည်။ အမေရိကန်၏ အားပေးအားမြှောက်ပြုမှုကြောင့်ဟုဆိုနိုင်ပါသည်။ အီရန်နိုင်ငံသားများကလည်း အယာတိုလာတို့၏ အုပ်ချုပ်မှုကို ငြီးငွေ့စပြုနေပါပြီ။ တိုင်းမ်မဂ္ဂဇင်း၏ စာရင်းတွင် မပါဝင်သည်က အမေရိကန်၏ အကြမ်းဖက်ဝါဒဆိုင်ရာ မဟာမိတ်ပါကစ္စတန်ဖြစ်သည်။ နိုင်ငံအနောက်မြောက်ပိုင်းအား အယူဝါဒစွဲပြင်းထန်သူများနှင့် တာလီဘန်တို့က ကြီးစိုးထားရာ ပါကစ္စတန်၏ အနာဂတ်ကို မှန်းဆရန်ခက်ခဲပါသည်။

အီဂျစ်နိုင်ငံနောက်လိုက်မည့် အစိုးရများ၏ စာရင်းမှာ ရှည်လျားလှသည်တော့မဟုတ်ပေ။ ဆက်လက်ရပ်တည်နေသေးသည့် အစိုးရအများစုမှာ အမေရိကန်၏ မဟာမိတ်များဖြစ်နေသည်ဆိုခြင်းသာ။

*—Ref: Ria Novosti Who's next after Mubarack?*

7 DAY NEWS JOURNAL
Vol.9, No.47 • FEBRUARY 17, 2011

# Commodity Watch

## Computer

| CPU | Kyats |
|---|---|
| Intel P4 Dual Core 3.2 (E 5800) Processor | 59,700 |
| Intel P4 Dual Core 2.7 (E 5400) Processor | 56,200 |
| Intel P4 Core 2 Quad 2.5 GHz (Q8300) (775) Processor | 119,400 |
| Intel P4 Core i5 3.2 GHz (650) (1156) Processor | 162,600 |
| Intel P4 Core i7 2.93 Ghz (870) (1156) Processor | 258,600 |
| **Motherboard** | |
| MSI P41-C33 (775) Motherboard | 54,500 |
| MSI G41M-P33/P23 (775) Motherboard | 52,800 |
| MSI P43- C51 (775) Motherboard | 68,300 |
| MSI H55M-E32 (1156) Motherboard | 82,200 |
| ASUS P7P55D-ELX (775) Motherboard | 134,100 |
| ASUS P7P55-MLX Motherboard | 77,900 |
| ASUS P5P41T-LE (775) Motherboard | 71,800 |
| ASUS P5G41T-MLX (775) Motherboard | 53,600 |
| Gigabyte P41-ES3G (775) Motherboard | 64,900 |
| Gigabyte EP43-UD3L (1156) Motherboard | 86,500 |
| **Memory** | |
| 1 GB DDR2 (800) Kingston Memory | 19,000 |
| 2 GB DDR3 (1333) Kingston Memory | 21,600 |
| 4 GB DDR3 (1333) Kingston Memory | 39,800 |
| **Harddisk** | |
| 500 GB Seagate SATA | 38,900 |
| 1 TB Seagate SATA | 56,200 |
| 2 TB Seagate SATA | 100,300 |
| **PCI Express Card** | |
| MSI R4350-MD 1GB DDR2 1GB PCI Express Card | 51,900 |
| MSI N 210 MD1G 1GB D3 PCI Express Card | 56,200 |
| MSI R5570 MD 1GB 1GB DDR3 PCI Express Card | 83,900 |
| ASUS EAH 5750 Formula 1GB PCI Express Card | 136,700 |
| ASUS EN 210S1/ 1GB D3 PCI Express Card | 49,300 |
| Gigabyte Geforce 220 TC 1GI 1GB PCI Express Card | 73,500 |
| Gigabyte Geforce 220 OC 1GI 1GB PCI Express Card | 78,700 |
| Gigabyte 4550 512 MI 512MB PCI Express Card | 45,800 |
| **Memory Stick** | |
| Memory Stick Kingston 16 GB | 29,000 |
| Memory Stick Toshiba 16 GB | 32,000 |
| Memory Stick Imation 16 GB | 23,400 |
| Memory Stick SanDisk 8 GB | 16,000 |
| Memory Stick Apacer 8 GB | 11,000 |
| Memory Stick Kingston 4 GB | 8,000 |
| Memory Stick Adata 4GB | 11,200 |
| **UPS** | |
| Power Tree (650VA) | 37,000 |
| Power Tree (1.2KVA) | 64,000 |
| SVC (600VA) | 28,500 |
| SVC (1.2 KVA) | 55,400 |
| Power Pro (650 VA) | 34,500 |
| Allways (650 VA) | 32,000 |
| EAST (650 VA) | 29,400 |
| EAST (1.2KVA) | 56,200 |
| **DVD Writer** | |
| Sony DVD Writer (SATA) | 26,000 |
| ASUS DVD Writer (SATA) | 27,700 |
| Liteon DVD Writer (SATA) | 22,500 |
| **အိတ်ဆောင်တီဗီငွေကအဘီစက်** | 160,000 |

Technoland ဆိုင်မှ ဖေဖော်ဝါရီ(၁၂) ရက်က ကောက်ယူထားသောဈေးနှုန်းဖြစ်သည်။

## Note Book

| | |
|---|---|
| **Acer** | |
| Intel Core i5 2.67Ghz 2GB DDR3,640GB HDD,14.0″ | 735,000 |
| Intel Core i3 2.53Ghz 2GB DDR3, 500GB HDD,15.6″ | 600,000 |
| **Asus** | |
| Intel Atom 1.66Ghz 1GB DDR3,250GB HDD,10.1″ | 289,000 |
| **HP** | |
| Intel Corei3 2.4Ghz 2GB DDR3,320GB HDD,15.6″ | 640,000 |
| Intel Corei5 2.4Ghz 4GB DDR3,500GB HDD,14.0″ | 761,000 |
| **Hasee** | |
| Intel Corei3 2.13Ghz 2GB DDR3,500GB HDD,14.0″ | 497,000 |
| **MSI** | |
| Intel Corei3 2.13Ghz 2GB DDR3,500GB HDD,14.0″ | 549,000 |
| **ViewSonic** | |
| Intel Core 2 Duo 1.3Ghz 2GB DDR2,320GB HDD,13.3″ | 557,000 |

## အီလက်ထရွန်နစ်ပစ္စည်းဈေးနှုန်းများ

| အမျိုးအစား | မော်ဒယ် | ဈေးနှုန်း(ကျပ်) |
|---|---|---|
| **TV** | | |
| SamSung(LCD) | 22-350 | 215,000 |
| LG(LCD) | 22LH15R | 250,000 |
| Sony (LCD) | 22BH300 | 290,000 |
| Toshiba | LZE 21-28 | 130,000 |
| Daewoo | DTU2131NZF | 145,000 |
| | DTU2132NZF | 145,000 |
| **DVD** | | |
| EVD (coeco) | 8082 | 28,000 |
| EVD(sukura) | DVK75 | 35,000 |
| LG | DV276 | 35,000 |
| Toshiba | DV380 | 35,000 |
| Daewoo | 1400S | 49,000 |
| HQ | HDMI999 | 59,000 |
| **ရေခဲသေတ္တာ** | | |
| Samsung | RA20F17 | 195,000 |
| Sanyo | SR811 | 499,000 |
| Hitachi | 19AGV7 | 295,000 |
| Panasonic | NR.BT222 | 300,000 |
| **Washing** | | |
| Daewoo | DW900C | 179,000 |
| | DW172C | 199,000 |
| Daewoo | DWF200KR | 320,000 |

မှတ်ချက်– အထက်ပါဈေးနှုန်းများမှာ ဖေဖော်ဝါရီ (၁၁) ရက်တွင် မဟာဗန္ဓုလပန်းခြံလမ်းရှိ Capital နှင့် OK မြန်မာဆိုင်တို့မှ ကောက်ယူထားခြင်းဖြစ်သည်။

## အိမ်ဆောက်ပစ္စည်းဈေးနှုန်းများ

| အမျိုးအမည် | ရေတွက်ပုံ | ဈေးနှုန်း |
|---|---|---|
| ဘိလပ်မြေ (ယိုးဒယား ဆင်တံဆိပ်) | တစ်အိတ် | ၅,၄၀၀ |
| ဘိလပ်မြေ (ယိုးဒယား INSee) | တစ်အိတ် | ၅,၂၅၀ |
| ဘိလပ်မြေ (ယိုးဒယား TPI) | တစ်အိတ် | ၅,၂၀၀ |
| ဘိလပ်မြေ (ကျောက်ဆူးတံဆိပ်) | တစ်အိတ် | ၅,၁၀၀ |
| အုတ် (ကုန်းအုတ်-ပထမတန်းစား) | တစ်လုံး | ၇၅ |
| အုတ် (ကုန်းအုတ်-ဒုတိယတန်းစား) | တစ်လုံး | ၆၈ |
| အုတ် (၈ ပေါက်အုတ်) | တစ်လုံး | ၇၆ |
| အုတ် (၁၀ ပေါက်အုတ်) | တစ်လုံး | ၁၀၅ |
| သဲ (အကြမ်း) | တစ်ကျင်း | ၆,၀၀၀ |
| သဲ (အနု) | တစ်ကျင်း | ၄,၅၀၀ |
| ကျောက် | တစ်ကျင်း | ၅၂,၀၀၀ |
| ကာလာစတီးအမိုးပြား 4 angle(0.3mm) | ၁ ပေ | ၈၅၀ |
| ကာလာစတီးအမိုးပြား 4 angle(0.312mm) | ၁ ပေ | ၉၀၀ |
| ကာလာစတီးအမိုးပြား 4 angle(0.34mm) | ၁ ပေ | ၁,၀၀၀ |
| ကာလာစတီးအမိုးပြား 4 angle(0.346mm) | ၁ ပေ | ၁,၁၀၀ |
| ကာလာစတီးအမိုးပြား 4 angle(0.42mm) | ၁ ပေ | ၁,၃၀၀ |
| Posco ကြယ်စိမ်း(6/7/8 ပေ) | ၁ ပေနှုန်း | ၅၀၅ |
| Posco ကြယ်စိမ်း(9/10 ပေ) | ၁ ပေနှုန်း | ၅၁၀ |
| Posco ကြယ်စိမ်း(11/12 ပေ) | ၁ ပေနှုန်း | ၅၁၅ |
| ရိုးရိုးသွပ်မိုးပြား(ဆင်နီ 6/7/8/9/10/11/12) | ၁ ပေ | ၆၉၅ |
| ရိုးရိုးသွပ်မိုးပြား(ဆင် 6/7/8) | ၁ ပေနှုန်း | ၃၅၅ |
| ထုံး(၈ ပိဿာအိတ်) | တစ်အိတ် | ၁,၀၀၀ |

အထက်ပါဈေးနှုန်းများမှာ ဖေဖော်ဝါရီ(၁၁)ရက်တွင်ကောက်ယူထားသောဈေးနှုန်းများဖြစ်ပြီး ပြောင်းလဲမှုအနည်းငယ်ရှိနိုင်သည်။

## စားဖိုဆောင်သုံးသီးနှံဈေးနှုန်းများ

| အမည် | အရေအတွက် | ဈေးနှုန်း(ကျပ်) |
|---|---|---|
| ခရမ်းချဉ်သီး(ထိုင်ဝမ်) | ၁ သေတ္တာ | ၄,၀၀၀-၅,၀၀၀ |
| ပန်းဂေါ်ဖီ | ၁ ထုပ် | ၁၅၀-၃၀၀ |
| ဂေါ်ဖီထုပ် | ၁ ထုပ် | ၁၅၀-၃၀၀ |
| မုန်လာဥနီ | ၁ ပိဿာ | ၈၀၀-၁,၀၀၀ |
| ဘိုစားပဲသီး | ၁ ပိဿာ | ၁,၂၀၀-၁,၅၀၀ |
| ခရမ်းသီး | ၁ လုံး | ၄၀-၇၀ |
| ရွှေပဲသီး | ၁ ပိဿာ | ၁,၆၀၀-၂,၀၀၀ |
| မုန်ညင်းဖြူထုပ် | ၁ ပိဿာ | ၅၀၀-၆၀၀ |
| ငရုတ်သီး(ပီနံ) | ၁ ပိဿာ | ၁,၆၀၀ |
| ငရုတ်ရှည် | ၁ ပိဿာ | ၃,၆၀၀ |
| ငရုတ်ပွ | ၁ ပိဿာ | ၁,၂၀၀ |

ဈေးနှုန်းများမှာ သီရိမင်္ဂလာဈေးမှ ဖေဖော်ဝါရီ (၁၁) ရက်က ကောက်ယူထားသောလက်ကားဈေးနှုန်းများဖြစ်သည်။

## စားသောက်ကုန်ဈေးနှုန်းများ

| အမျိုးအစား | ရေတွက်ပုံ | ဈေးနှုန်း(ကျပ်) |
|---|---|---|
| ဆန်(ပေါ်ဆန်းမွှေး) | တစ်ပြည် | ၁,၀၀၀-၁,၈၀၀ |
| ဆန်(တောင်ပျံ) | တစ်ပြည် | ၁,၀၀၀-၁,၃၀၀ |
| ဆန်(ဧယာ) | တစ်ပြည် | ၆၀၀-၁,၀၀၀ |
| ဆီ(ပဲဆီရှယ်) | တစ်ပိဿာ | ၃,၇၀၀ |
| ဆီ(စားအုန်းဆီ) | တစ်ပိဿာ | ၂,၇၀၀ |
| ဆီ(ရန်ကုန်ပဲဆီ) | တစ်ပိဿာ | ၄,၁၀၀ |
| ဆား | တစ်ထုပ် | ၁၀၀-၁၂၀ |
| ကြက်သွန်နီ | တစ်ပိဿာ | ၉၀၀-၁,၂၀၀ |
| ကြက်သွန်ဖြူ | တစ်ပိဿာ | ၅,၀၀၀-၅,၅၀၀ |
| သကြား | တစ်ပိဿာ | ၁,၆၀၀-၁,၇၀၀ |
| မန်ကျည်းမှည့် | တစ်ပိဿာ | ၂,၃၀၀ |
| အာလူး | တစ်ပိဿာ | ၁,၀၀၀-၁,၁၀၀ |
| နို့ဆီ | တစ်ဘူး | ၆၀၀-၇၂၀ |
| နို့စိမ်း | တစ်ဘူး | ၆၀၀-၆၈၀ |
| ကြက်ဥ/ဘဲဥ | တစ်လုံး | ၉၀-၁၀၀ |
| ကုလားပဲခြမ်း | တစ်ပိဿာ | ၁,၇၀၀-၁,၈၀၀ |
| ကြက်သား(မွေးမြူရေး) | တစ်ပိဿာ | ၅,၀၀၀ |
| ကြက်သား(ဗမာ) | တစ်ပိဿာ | ၆,၀၀၀ |
| ဝက်သား | တစ်ပိဿာ | ၅,၀၀၀ |
| အမဲသား | တစ်ပိဿာ | ၅,၀၀၀ |

## ငါး၊ ပုစွန် ဈေးနှုန်းများ

| အမျိုးအမည် | ရေတွက်ပုံ | ဈေးနှုန်း(ကျပ်) |
|---|---|---|
| ငါးရံ့ | ၁ ပိဿာ | ၁,၇၀၀-၄,၂၀၀ |
| ငါးခူ | ၁ ပိဿာ | ၁,၇၀၀-၃,၂၀၀ |
| ငါးကျည်း | ၁ ပိဿာ | ၁,၈၀၀-၄,၀၀၀ |
| ငါးပြေမ | ၁ ပိဿာ | ၂,၀၀၀-၅,၅၀၀ |
| ငါးပနော် | ၁ ပိဿာ | ၁,၃၀၀-၁,၈၀၀ |
| ငါးရှဉ့် | ၁ ပိဿာ | ၂,၀၀၀-၃,၇၀၀ |
| ငါးမြစ်ချင်း | ၁ ပိဿာ | ၁,၃၀၀-၁,၉၀၀ |
| ငါးကြင်း | ၁ ပိဿာ | ၂,၀၀၀-၃,၈၀၀ |
| ငါးခေါင်းပွ | ၁ ပိဿာ | ၁,၃၀၀-၂,၄၀၀ |
| ငါးသလောက် | ၁ ပိဿာ၁ | ၂,၀၀၀-၁၆,၀၀၀ |
| ငါးတန် | ၁ ပိဿာ | ၁,၈၀၀-၃,၅၀၀ |
| ငါးဖယ် | ၁ ပိဿာ | ၁,၈၀၀-၃,၄၀၀ |
| ကကတစ် | ၁ ပိဿာ | ၂,၀၀၀-၄,၈၀၀ |
| ကသဘောင်း | ၁ ပိဿာ | ၂,၀၀၀-၄,၅၀၀ |
| ငါးဘတ်၊ ငါးကြောင်း | ၁ ပိဿာ | ၁,၈၀၀-၇,၅၀၀ |
| ငါးပုဏ္ဏား | ၁ ပိဿာ | ၃,၅၀၀-၅,၅၀၀ |
| ပုစွန်ကြော့ | ၁ ပိဿာ | ၁,၈၀၀-၂,၇၀၀ |
| ပုစွန်ဘော့ချိတ် | ၁ ပိဿာ | ၂,၅၀၀-၄,၀၀၀ |
| ပုစွန်(ဆတ်သေး) | ၁ ပိဿာ | ၆,၀၀၀-၈,၀၀၀ |
| ပုစွန်(ဆတ်ကြီး) | ၁ ပိဿာ | ၆,၀၀၀-၁၀,၀၀၀ |
| ပုစွန်ပြောင်တုပ် | ၁ ပိဿာ | ၉,၀၀၀-၁၄,၀၀၀ |
| ပုစွန်တုပ်ကြီး | ၁ ပိဿာ | ၁၃,၀၀၀-၁၉,၀၀၀ |
| ငါးမျိုးစုံ | ၁ ပိဿာ | ၁,၀၀၀-၂,၀၀၀ |
| တီလားဗီးယား | ၁ ပိဿာ | ၁,၂၀၀-၂,၀၀၀ |

ဖေဖော်ဝါရီလ (၁၁)ရက်က ကြည့်မြင်တိုင်ဗဟိုစံပြငါးဈေးကြီးမှ ကောက်ယူထားသောလက်ကားဈေးနှုန်းများဖြစ်သည်။


## ကားမျိုးစုံဈေးနှုန်းများ

| ယာဉ်အမျိုးအစား | မော်ဒယ် | အက္ခရာ | ဈေးနှုန်း(ကျပ်သိန်း) |
|---|---|---|---|
| စူပါဆလွန်း | ၈၆ | လ/သ/အ | ၁၂၀နှင့် ၁၂၅ |
| စူဇူကီး ဝက်ဂွန် R+ | - | ၁၀/၂၀ | ၂၀၀ |
| တောင်းအေ့ ပစ်ကပ် | ၂၀၀၀ | - | ၁၈၀ |
| စူဇူကီးR (2 Way) | - | ၁၀/၂၀ | ၁၃၀ |
| တိုယိုတာ (လီမိတက်) | ၉၀ | ၄၀ | ၃၄၀ |
| တိုယိုတာ (ဖင်ကောက်) | ၉၂/၉၃ | ၄၀ | ၄၃၈ |
| မတ်ခ်တူး(ခါတ်ဆီ) ရွှေငါး | ၂၀၀၂ | ၄၀ | ၈၀၀ |
| နှစ်ဆန်းစူပါဆလွန်း | ၉၀ | ၄၀ | ၃၅၀-၃၆၀ |
| ပါဂျဲရို | ၉၇ | ၄၀ | ၇၅၀ |

ဖေဖော်ဝါရီ (၁၁) ရက်က ရန်ကုန်မြို့ရှိ ကားပွဲစားတန်းများတွင်ဖြစ်ပေါ်နေသော မော်တော်ယာဉ်ခေါ်ဈေးနှုန်းများဖြစ်ပါသည်။ ယခုရက်ပိုင်းဈေးနှုန်းများ အပြောင်းအလဲရှိနိုင်သည်။

## ပုဂ္ဂလိက စက်သုံးဆီဆိုင်များမှ ဈေးနှုန်းများ

| | Feb(5) | Feb (6) | Feb (7) | Feb (8) | Feb (9) | Feb (10) | Feb (11) |
|---|---|---|---|---|---|---|---|
| ဓာတ်ဆီ | ၂,၅၀၀ | ၂,၅၀၀ | ၂,၅၀၀ | ၂,၅၀၀ | ၂,၅၀၀ | ၂,၅၀၀ | ၂,၅၀၀ |
| ဒီဇယ် | ၃,၃၀၀ | ၃,၃၀၀ | ၃,၃၀၀ | ၃,၃၀၀ | ၃,၃၀၀ | ၃,၃၀၀ | ၃,၃၀၀ |
| Octane ဒီဇယ် | ၃,၃၀၀ | ၃,၃၀၀ | ၃,၃၀၀ | ၃,၃၀၀ | ၃,၃၀၀ | ၃,၃၀၀ | ၃,၃၀၀ |
| Premier ဒီဇယ် | ၃,၄၀၀ | ၃,၄၀၀ | ၃,၄၀၀ | ၃,၄၀၀ | ၃,၄၀၀ | ၃,၄၀၀ | ၃,၄၀၀ |


PANSODAN
Business & Residential Tower
Room (A) 1350 sq.ft
Room (B) 1350 sq.ft
Room (C) 1350 sq.ft
Room (D) 1350 sq.ft
In the Heart of Yangon Area
Super Market
Windload & Earthquake Structure
Basement Car Parking
Light & Vendalation
No. (123/133) Corner of Pansodan Road & Anawrahta Road
Developed By
NAING Group Construction Co.,Ltd.
အိမ်ရာအရောင်းပြခန်း
အမှတ်(၇၆)၊ ဗိုလ်ရာညွန့်လမ်း၊ ဒဂုံမြို့နယ်
255755, 255766, 09 51 12136


NAING Group Construction Co.,Ltd. & Myanmar Seilone Construction Co.,Ltd.
Golden Rose CONDOMINIUM
Location Map
Facilities
Car Parking Area
New Elevator Lift (4 Nos) (24 Hours)
(Elevator Security Card System)
Generator, Transformer
Over Head Tank (Steel Tank 1000 Litre)
Underground Tank
Security Control System (with Video Intercom)
Swimming Pool, Internet Cafe
Gymnasium, Sauna Room, BBQ Counter
Guest Room & Waiting Area
Function Hall, Playground Area
Golden Rose Condo
Relax
Condo
Ground Floor
Hotel
Facilities
Life Style
Condo
SHOW ROOM & SHOW FLAT
No.(76) Bo Yar Nyunt Street, Dagon Township. Ph : 251 851, 255 766, 730 66635, 0951 12136.
No.(96) Bai Si Gone Road, Ahlone Township. Ph: 225550, 524303, 09 8602092

7DAY NEWS JOURNAL
Vol.9, No.47 • FEBRUARY 17, 2011

## စာ(၃၂) ဒိန်ခဲဆိုတာ ဘာလဲဗျာ....မှ

ဒါပေမဲ့ နေ့လယ်နေ့ခင်းမှာကာတွန်း၊ ဝတ္ထုဖတ်တာ ငှားတာလည်း တစ်ခါမှ မတွေ့တာမို့ သူ့အလစ်ဟိုဒီရှာကြည့်တော့ အိပ်ရာခင်းအောက်ထိုး ထည့်ထားတဲ့ ဆင်ဆာမဲ့အချစ်ရေးကိစ္စတွေ ပွင့်ပွင့်လင်းလင်းရေးထားတဲ့ ဇာတ်လမ်းဝတ္ထုတွေဖြစ်နေတာကို တွေ့ခဲ့ရပါတယ်။ အသက်မပြည့်သေးတဲ့ ကလေးသာသာ အရွယ်မို့ စိုးရိမ်စိတ်ဝင်ခဲ့မိတာအမှန်ပါ။ အပျံသင်ခါစအရွယ်၊ လက်တည့်စမ်းချင်တဲ့အရွယ်မှာ ဒီလိုစာအုပ်မျိုးတွေနဲ့ရင်းနှီးကျွမ်းဝင်တာ ဘယ်လိုမှ မကောင်းပါဘူး။ အလွယ်တကူဝယ်ယူနိုင်အောင် သိုသိုသိပ်သိပ်ရောင်းချနေသူတွေလည်း သားသမီးချင်း ကိုယ်ချင်းစာသင့်ပါတယ်။ ဖတ်ရှုခဲ့ရတဲ့ မှုခင်းသတင်းထဲမှာ အိမ်ရှင် ဆယ်ကျော်သက်လူငယ်လေးနှစ်ယောက်က အိမ်ဖော်မိန်းမငယ်လေးကို သူတို့ကြည့်ထားတဲ့ ဆင်ဆာမဲ့ ခွေထဲကအတိုင်း အတင်းအကျပ်ဝိုင်းကြံစည်ကြလို့ အရှက်တကွဲ ဖြစ်ရတဲ့အကြောင်းကို နမူနာထားပြီး ရှင်းပြရပါတယ်။ ယောကျ်ားလေးတွေမို့ ဘာမဆို နှံ့စပ်တာကောင်းတယ်ဆိုပေမယ့် အသက်အရွယ်အရရော၊ယဉ်ကျေးမှုအရပါ ဘယ်လိုမှ မသင့်လျော်တာမို့ သတိနဲ့ယှဉ်ပါလို့ နားဝင်အောင် ပြောရင်း ပြောရင်းကပဲ သဘောပေါက်သွားတဲ့ အတွက် သူ့ရဲ့လျှို့ဝှက်တဲ့ စာဖတ်ဝါသနာကို အချိန်မီ တားဆီးနိုင်ခဲ့ပါတော့တယ်။ညီလေးနဲ့ ညီမလေးအကြောင်း စဉ်းစားနေဆဲမှာ လူချောင်တဲ့ ဘတ်စ်ကားတစ်စီးကိုတွေ့လိုက်ရလို့ မရောက်တာ ကြာနေတဲ့ သူငယ်ချင်းအိမ်သွားဖို့ သတိရပြီး ကားပေါ်တက်လိုက်ပါတယ်။ နေရာလုထိုင်ရင် ရနိုင်ပေမယ့် အတူတက်ကြတဲ့အထဲမှာ မိန်းကလေးနဲ့ အသက်ကြီးကြီး အရွယ်တွေများနေလို့ မတ်တပ်ပဲ ရပ်လိုက်ပါတယ်။ အနီးဆုံးခုံတစ်ခုမှာတော့ ဆံပင်အဝါဆိုးထားတဲ့ ကျောင်းသူလေးတစ်ယောက် (Grammer စာအုပ်နဲ့ တခြားစာအုပ်တွေ ပေါင်ပေါ်တင်ထားလို့ အင်္ဂလိပ်စာသင်တန်းလိုမျိုး တက်နေတယ်လို့ ထင်မိပါတယ်) ကားစထွက်တော့ အဲဒီကျောင်းသူလေးက ဘေးလွယ်အိတ်ထဲက စာအုပ်ငယ်တစ်အုပ် ထုတ်ဖတ်နေပါတယ်။ စာဖတ်ဝါသနာခြင်း တူညီနေကြသလို နောက်ပြီး "တို့ဆီက လူငယ်တွေလည်း ဘတ်စ်ကားပေါ်မှာ စာဖတ်နေကြပြီပဲ"လို့ မုဒိတာပွားလိုက်မိပါတယ်။ ဂုဏ်ယူမိပါတယ်။ နေရာက အရမ်းနီးနေလို့ သူ့စာအုပ်က "ဆရာဖေမြင့်ရဲ့ နှလုံးသားအာဟာရ ရသစာများ" ဆိုတာသိရပြီး အကြိုက်ချင်းလည်း တူနေပါလားလို့ တွေးရင်း "ကြိုက်ထားညီမလေးရေ"လို့ အားပေးမိပါသေးတယ်။ သိပ်မကြာခင်မှာဘဲ ခရီးသည်တွေ များသထက်များလာပြီး ထုံးစံအတိုင်း ခြေချနိုင်ရုံလောက် ကျပ်ညပ်သွားပါတော့တယ်။ စာအုပ်သဲသဲမဲမဲ ဖတ်နေတဲ့ ကျောင်းသူလေးနားမှာ လာရပ်တဲ့သူက ဈေးရောင်းရာက ပြန်လာပုံရတဲ့ အမျိုးသမီးကြီး။ ငါးဆယ်နီးနီး အမေ့အရွယ်ပေါ့။ ဆန်ကောဗန်းချပ်ကြီးကို တစ်ဖက်ကကိုင်ထားပြီး ဟင်းရွက်တွေပါတဲ့ ကော်ခြင်းဟောင်းတစ်လုံး (ခပ်ကြီးကြီး)က တစ်ဖက်နဲ့ ကိုးရိုးကားရားပါ။ အနီးထိုင်ခုံကို လက်နဲ့ရော ကိုယ်ခန္ဓာနဲ့ပါ အသာမှေးထိန်းထားပေမယ့် ဘရိတ်ဆောင့်အုပ်တိုင်း စာဖတ်နေတဲ့ မိန်းကလေးကို တွန်းထိုးသလို ဖြစ်နေတယ်။ မိန်းကလေးဆီမှာ စာအုပ်အချို့ပဲရှိနေလို့ ဆန်ကောဗန်းကို ဖြစ်ဖြစ်၊ ဆွဲခြင်းကို ဖြစ်ဖြစ် ယူကိုင်ပေးထားနိုင်မယ်ဆိုရင် ဖြစ်နိုင်တယ်။ ဒါပေမဲ့ အဲဒီထဲမှာ ဘာထည့်ရောင်းခဲ့မှန်း မသိနိုင်သလို ချဉ်စော်နံ့ ချွေးတလုံးလုံးနဲ့ အဒေါ်ကြီးဆိုတော့ ထိရမှာကို ခပ်ရွံ့ရွံ့ဖြစ်နေပုံပါပဲ။ ရုတ်တရက် "ကျွီ" ခနဲ့ ကားဘရိတ်ဆောင့်အအုပ်မှာတော့ အဒေါ်ကြီးဟန်ချက်ပျက်သွားပြီး မိန်းကလေးပေါ်ပိကျလုနီးပါး ယိုင်လဲသွားတော့ "မတော်လို့"ဆိုတဲ့ အသံနဲ့အတူ

"ကျွတ် သူများတကာ စာဖတ်နေတာ အလိုက်ကမ်းဆိုးကို မသိဘူး" လို့ ခပ်ဆတ်ဆတ်ရေရွတ်တဲ့အသံကို အကြားမှာ နားထင်နှစ်ဖက် ပူကနဲဖြစ်သွားရပါတယ်။ မဆီမဆိုင် အဒေါ်ကြီးကို အားနာမိပါတယ်။ သူတို့ကတော့ ဘာမှမဖြစ်တော့သလို နေရာမှာ ရှိမြဲအတိုင်းရှိနေကြပြီး ကားပေါ်က ဆင်းခါနီးကောင်မလေး စာအုပ်ကိုပြန်အလှည့်ကြည့်မှာ သူဖတ်နေတဲ့ စာခေါင်းစဉ်က "အိုင်းရစ်နှင်းဆီ"။ မိသားစုအတွက် ရောဂါသည် မောင်လေးကို ပြုစုယုယရင်း လုံးပါးပါး အသက်ဆုံးရှုံးသွားရတဲ့ ကရုဏာရှင် သူဆင်းရဲမလေးအကြောင်း ဖွဲ့နွဲ့ထားတဲ့ "အိုင်းရစ်နှင်းဆီ' ရသမြောက်လွန်းတဲ့ စာသားအကြောင်းအရာတွေက စာဖတ်တဲ့မိန်းကလေးကို ညှို့ငင် လွှမ်းမိုးထားခဲ့ပေမယ့် အိုင်းရစ်နှင်းဆီလို ရင်ထဲက ကရုဏာမိုးစက်လေးတစ်စက်လောက်တောင် သူမရင်ထဲကို မကူးစက်ခဲ့ဖူးပေါ့။ စာဖတ်တာကို နှောင့်ယှက်ရကောင်းလားလို့ အမေအရွယ် အဒေါ်ကြီးကို မျက်စောင်းထိုးခဲ့တာကို မြင်ယောင်တိုင်း ခါးသက်သက်ဖြစ်မိပါတယ်။ စာပေဝါသနာရှင် ကျောင်းသူလေးရဲ့ 'ခံစားမှုကင်းတဲ့ သံမဏိ အသဲနှလုံး' ကို အိုင်းရစ်နှင်းဆီက အရည်မပျော်နိုင်တာများလားလို့ ကဗျာဆန်ဆန်တွေးရင်း ခေါင်းယမ်းရုံသက်သက်ပါပဲ။

ခုနက မြင်ကွင်းလေးတွေအကြောင်း စဉ်းစားရင်း သူငယ်ချင်းအိမ်ရှိရာဘက်လျှောက်လာခဲ့ပေမယ့် အတွေးစတွေ မပြတ်ဘူး။ လူတစ်ယောက်ဟာ စာပေဖတ်ရှုတိုင်း တာဝန်သိစိတ်၊ ကရုဏာစိတ်တွေ ရင်ထဲရောက်ရှိနိုင်ပါသလားလို့ အသက်အရွယ်၊ အတွေ့အကြုံအရ ဉာဏ်မီသလောက် တွေးကြည့်နေမိပါတယ်။ ဘယ်လောက် အဖိုးထိုက်တန်တဲ့ စာပေကို ဘယ်လိုပဲဖတ်ဖတ်၊ အသည်းနှလုံးထဲကို ဘာမှမရောက်၊ ဖတ်အပြီးမှ အသိဉာဏ်ထဲက ပျောက်ကွယ်သွားခဲ့ရင်ကော . . .။

နေ့လယ်ခင်းနေက ပူသလို ဦးနှောက်တွေလည်း ပူလို့ နီးရာအရိပ်ကောင်းတဲ့ အအေးဆိုင်လေး ထဲဝင်ထိုင်မိပါတယ်။ "လင်းဝေယံ"ဆိုတဲ့ ခေါင်းစီးဆိုင်းဘုတ်ကလေးကို တွေ့တွေ့ချင်းမှာပဲ အိမ်ထောင်ကျသွားတဲ့ စာရူး ပေရူးညီဝမ်းကွဲလေးကို သတိရမိပါတယ်။ သူ့အကျင့်က စာအုပ်တစ်အုပ် နာမည်အရမ်းကြီးရင်နဲ့ သူ့အသည်းအသန်ရှာဖတ်။ အလွတ်နီးပါးကျက်ပြီးလို့ လူစုံပြီဆိုရင် ရွှေကိုင်းမျက်မှန်လေးပင့်ကာ ပင့်ကာနဲ့ အစဘယ်လို အဆုံးဘယ်လို့နဲ့ အာပေါင် အာရင်းသန်သန် ဆွေးနွေးတော့တာပါပဲ။ သူ့လောက်မသိတဲ့ သူငယ်ချင်းတွေထဲမှာ ပြိုင်ဘက်မရှိ ဆရာကြီးပဲပေါ့။ ဆယ်တန်းအရွယ်လေးနဲ့ စာဖတ်ဝါသနာပါတာကို သဘောတကျပေမယ့် လူတွေကြားထဲ ပေါ်ပြူလာဖြစ်စမ်းဟဲ့ ဆိုတဲ့ရည်ရွယ်ချက်အလွဲလေးနဲ့မို့ မကြာခဏသတိပေးဖူးပေမယ့် သူ့အချိုး လုံးဝမပြောင်းဘူး။ ဘာစာအုပ်နာမည်ရှိနေလဲ ရှာပြီးဖတ်ပြီး အလွတ်ကျက်ပြန်ရွတ်ပြီးသာမှတ်။

မှတ်မှတ်ရရ အလှူပွဲတစ်ခုမှာ ဆွေမျိုးတွေ၊ သူငယ်ချင်းတွေ စုံကြပါတယ်။ ဝိုင်းထိုင်ရင်း တစ်ယောက်ကစပြီး ပြောတယ်။ "ဆရာတင်မောင်မြင့် ဘာသာပြန်ထားတဲ့ ငါ့ဒိန်ခဲကို ဘယ်သူနေရာရွှေ့ထားလဲ (Who Moved My Cheese စာအုပ်လေးသိပ်ကောင်းတာပဲ" ဆိုတဲ့ အသံကိုကြားလျှင်ကြားချင်း စားပွဲထိုးနေရာကနေ စကားဝိုင်းထဲ အပြေးအလွှားဝင်တာတာက လင်းဝေယံပဲ။

"အားပါး ဖတ်ပြီးပြီး ဖတ်ပြီးတာမှ သုံးလေးငါးခါမက အလွတ်တောင်ရနေပြီ။ အပြောင်းအလဲလေးအပြောင်းအလဲ"ဆိုပြီး ကြွက်ကလေး"ဟမ်"နဲ့ "ဟော" ဘာညာဆိုပြီး စာအုပ်ထဲက အကြောင်းအရာတွေကို ကြွက်တူရွှေးစာအံသလို ဘိုင်ဟတ်တတွတ်တွတ်ရွတ်ပြောပြောလိုက်တဲ့ ဘေးလူတွေတောင် နားငြီးခေါင်းတဖြင်းဖြင်းကုတ်ပြီး ထသွားမှပဲ ရပ်တော့တဲ့အထိပါ။ လူရှင်းသွားချိန်ကျမှ "ဖတ်လို့ ကောင်းပေမယ့် ကျွန်တော်မရှင်းတာလေး တစ်ခုတော့ရှိတယ်"ဆိုလို့ ဘာများလဲလို့ မေးမိပါတယ်။ ထုံးစံအတိုင်း သူ့ရွှေကိုင်မျက်မှန်လေးကို လက်နဲ့ဆအလေးအနက် တွေးတောဟန်နဲ့ မေးစေ့ကိုပွတ်ရင်း ဖြည်းဖြည်းဆဆလေးမေးတယ်။ သူ့မေးခွန်းကတိုပေမယ့် ချက်ချင်းဘာဆိုဘာမှပြန်မဖြေလိုက်နိုင်ပါဘူး။

ပါးစပ်အဟောင်းသားနဲ့ပဲ ကြောင်ကြည့်နေမိပါတယ်။ ဘာတဲ့ လင်းဝေယံမေးလိုက်တာ၊ "စာသားတွေကတော့ ရေလည် ပြီတယ်ဗျာ။ ဒါပေမဲ့ ထပ်ချည်းတလဲလဲပါနေတဲ့ "ဒိန်ခဲဆိုတာ ဘာလဲဗျာ"တဲ့။ ဖြစ်ရလေ ဖြစ်ရလေ လင်းဝေယံရယ်လို့ ညည်းမိပါတယ်။ တော်သေးပါတယ်။ ဘေးနားမှာ အခြားသူတွေ မရှိကြတော့လို့သင်းဝိုင်းဟားခံရမယ့်ဘဝထဲကနေ လွတ်မြောက်သွားတာပါ။ ဒီနေ့ တစ်နေ့ တွေ့ကြုံခဲ့ရတာလေးတွေကို အအေးနဲ့မျှောချရင်း လူငယ်ကျောင်းသားတွေစာဖတ်ကြတာတော့ သိပ်ဝမ်းသာစရာပါ။ ဒါပေမဲ့ ဆံပင်အဝါနဲ့ ညီမလေးလို့ လင်းဝေယံတို့ဖတ်သလို နည်းလမ်းမျိုးတွေနဲ့ပဲ ဖတ်ကြမှာဆိုရင်တော့ . . .။ ။

## စာ(၄၁) တရားမဝင်ရွှေတူးမှု၊ သစ်ထုတ်လုပ်မှုများနှင့် အင်းတော်ကြီးကန်ဘေးမဲ့တော မှ

ကန်ကြီးပတ်ပတ်လည်တွင် ဝန်းရံထားသောတောင် ၁၉ လုံးအတွင်းရှိ သစ်တောများတွင် သစ်လုံးကြီးများ တွေ့မြင်ရမှုနည်းလာသည်ဟု ယင်းဒေသတစ်ဝိုက်တွင် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးလုပ်ကိုင်နေသူ ဟိုပင်မြို့သားကပြောသည်။

"ငယ်ငယ်က မိုင်းနောင်းမှာရှိတဲ့အမျိုးတွေဆီသွားရင် ဒီတောလမ်းကဖြတ်ရတယ်။ လူခြောက်ယောက်ဖက်စာရှိတဲ့ သစ်ပင်ကြီးတွေဆိုရင်တော်တော်တွေ့ရတယ်။ အခုက အဲဒီလောက်အပင်တွေ မရှိတော့ဘူး။ ရှိခဲ့ရင်လည်း တွေ့မြင်ရနည်းသွားပြီ။ ဒီဒေသကို သိပ်ချစ်တယ်ဗျာ။ အဲဒါကြောင့်လည်း ဒီအလုပ်ကိုလုပ်ဖြစ်တာ ထင်တယ်" ဟု အထက်ပါပုဂ္ဂိုလ်က ပြောသည်။

"တိုင်းပြည်အတွက် စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုကလည်း အမှန်တကယ်ကို လိုအပ်ပါတယ်။ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုကိုပဲ ဦးစားပေးလုပ်ဆောင်လို့မရဘူး။ ဘယ်လိုလဲဆိုတော့ စီးပွားရေးလုပ်ငန်းတိုင်းက သဘာဝကို မှီခိုနေရတာကိုး။ အတိုးကို စားသုံးရင် အရင်းကို မပျောက်အောင်လည်းထိန်းသိမ်းရဦးမှာကိုး။ ဒီလိုမှမဟုတ်ရင်တစ်ချိန်ချိန်တော့ သူနဲ့ဆိုင်တဲ့အကျိုးသက်ရောက်မှုကိုတော့ခံစားရမှာပဲ။ လူတိုင်း၊ စီးပွားရေးသမားတိုင်းက ကုဋေရှစ်ဆယ်သူဌေးသားလို မနေကြဖို့လိုတယ်။ သူများနိုင်ငံတွေလိုတော့ မပျက်စီးသေးဘူး။ အခုချိန်မှာ ထိန်းသိမ်းရင်မီသေးတယ်။ ဒါပေမဲ့ ဒီအတိုင်း နေရင်တော့ တစ်ချိန်ချိန်မှာ ပျက်စီးနိုင်တယ်" ဟု ကချင်ပြည်နယ်အတွင်း သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး လုပ်ကိုင်နေသည့် Ecodev မှ မန်နေဂျင်းဒါရိုက်တာဦးဝင်းမျိုးသူကပြောသည်။

အင်းတော်ကြီးကန် ဘေးမဲ့တောတွင် သစ်ထုတ်လုပ်ခွင့်နှင့် ရွှေတူးဖော်မှုများကို ဘေးမဲ့တောတည်ထောင်သည့်နှစ်မှ စတင်၍ တားမြစ်ခဲ့သည်။ စီးပွားဖြစ် လုပ်ငန်းများ လုပ်ကိုင်မှုအား သစ်တောဦးစီးဌာနမှ ခွင့်ပြုမှုမရှိခဲ့ချေ။ အင်းတော်ကြီးကန်သည် အင်းလေးကန်လိုပင် ပြောင်းလဲမှုနည်းပါးသော်လည်း ထုတ်ယူသုံးစွဲမှုများပြားလာပါက တိမ်ကောလာနိုင်သည်ဟု သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးသမားများက ဆိုကြသည်။

"ဦးကြီးတို့ ဘကြီးတို့ လက်ထက်မှာတော့ မပျောက်သွားနိုင်လောက်ဘူး။ နောက်ပိုင်းကတော့ ကောသွားနိုင်တယ်။ ခါတိုင်းနှစ်တွေထက်စာရင် ရေအနက်က တိမ်လာတယ်။ အတောင်သုံးဆယ်၊ လေးဆယ်ပဲရှိတော့တယ်" ဟု ဦးအုန်းမောင်က ကန်ကြီးကိုလှည့်ကြည့်ရင်း တွေးဆဆဖြင့် စကားဆိုလေသည်။

## ချစ်စံဝင်း ကိုယ်ပိုင်စာကြည့်တိုက်နှင့် အားကစားစင်တာ ဖွင့်လှစ်မည်



ဥက္ကာကိုကို

ရန်ကုန်၊ ဖေဖော်ဝါရီ-၉

ပဲခူးတိုင်းဒေသကြီး၊ ကဝမြို့နယ်၊ ရစ်ကန်ကြီးကျေးရွာတွင် စာရေးဆရာချစ်စံဝင်းဦးဆောင် ပံ့ပိုးတည်ဆောက်ထားသော "ချစ်စံဝင်းကိုယ်ပိုင်စာကြည့်တိုက်နှင့် အားကစားစင်တာ" ကိုလာမည့် မတ်လနောက်ဆုံးပတ်တွင် ဖွင့်လှစ်သွားမည်ဖြစ်ကြောင်း သိရသည်။

ချစ်စံဝင်း စာဖတ်ခန်းနှင့် အားကစားစင်တာသို့ ယခုလ ၄ ရက်က ကျေးရွာစာကြည့်တိုက်ဖောင်ဒေးရှင်း၊ ပြန်ကြားရေးဝန်ကြီးဌာန၊ စာပေစိစစ်ရေး၊ မြန်မာနိုင်ငံစာပေနှင့် စာနယ်ဇင်းအဖွဲ့တို့မှ တာဝန်ရှိသူများ၊ စာရေးဆရာ၊ မီဒီယာများသွားရောက်လေ့လာခဲ့ပြီး လိုအပ်သော စာအုပ်များကိုလည်း ပေးအပ်ခဲ့ကြောင်း သိရသည်။

"ကျောင်းသားတွေ အများဆုံးလာဖတ်ကြတယ်။ ပတ်ဝန်းကျင်ရွာပေါင်း ဆယ်ရွာလောက်ကလည်း လာကြတယ်။ လောလောဆယ်စာအုပ်အစုံ နှစ်ထောင်ကျော်လောက်ရှိပါတယ်" ဟု ယင်းစာကြည့်တိုက်မှ စေတနာ့ဝန်ထမ်းစာကြည့်တိုက်မှူးကိုသန့်စင်ဦးက ပြောသည်။စာဖတ်ခန်းနှင့်ပန်းခြံကို ၂၀၁၀ ခုနှစ် ဇန်နဝါရီ ၁ ရက်က စတင်တည်ဆောက်ခဲ့ပြီး ရစ်ကန်ကြီးကျေးရွာသား၊ ဆရာချစ်စံဝင်းက ငွေကျပ်သိန်း ၅၀၀ အကုန်အကျခံတည်ဆောက်ခြင်းဖြစ်ကာ ၎င်းငွေများမှာ သူ၏ ပန်းမျိုးတစ်ရာစာပေမှ ဝင်ငွေနှင့်အချို့သော စုဆောင်းပစ္စည်းများကို ရောင်းချခြင်းအပြင် ၂၀၁၀-၂၀၁၁ ခုနှစ်အတွင်းရရှိသော စာမူခ၊ ဉာဏ်ပူဇော်ခများကို အသုံးပြု၍ တည်ထောင်ထားခြင်းဖြစ်ကြောင်း သိရသည်။

စာရေးဆရာချစ်စံဝင်းသည် အကျိုးပြုဆောင်းပါးပေါင်း ၃,၀၀၀ ကျော်၊ သမိုင်းသုတေသနစာတမ်းပေါင်း ၄၀ ကျော်နှင့် စာအုပ်ပေါင်း ၁၇၀ ကျော်တို့ကို ရေးသားထုတ်ဝေခဲ့သော အမျိုးသားစာပေဆု၊ တစ်သက်တာစာပေဆုရှင်တစ်ဦးနှင့် မြန်မာ့သမိုင်းအဖွဲ့ဝင်တစ်ဦးလည်း ဖြစ်သည်။

Environment


7 ရက် သတင်းဂျာနယ်
7 DAY NEWS JOURNAL

Vol.9, No.47 • FEBRUARY 17, 2011

ကမ်း စပ်ရှိ ရေကြည်ကြည်အောက်ကြမ်းပြင်တွင် အရောင်စုံကျောက်စရစ်ခဲများကိုတွေ့ မြင်ရသည်။ကမ်းနားလွင်ပြင်တွင်သဲမှုန်များဖြင့် ဖြူဖွေးနေသည်။ ထိုဒေသတစ်ဝိုက်မှာရှိတဲ့လူတွေက ၎င်းပုံရိပ်များအားစုစည်း၍ 'တောင်ပေါ်က ပင်လယ်' ဟု တင်စားခေါ်ဝေါ်ခဲ့ကြသည်။

ယခုတော့ သူတို့ကလေးဘဝဆော့ကစားခဲ့သော ကမ်းစပ်သဲပြင်ကြီးသည် မာခြောက်ခြောက်ရွှံ့ပြင်ကြီးဖြစ်နေသည်။ ကျောက်စရစ်ခဲလေးများအစား ကမ်းစပ်ရေအောက်ကြမ်းပြင်တွင် ရေမှော်များ၊ ဗေဒါပင်များ ဝင်ရောက်လွှမ်းမိုးနေသည်။ တစ်ချိန်က ကမ်းစပ်သစ်ပင်အောက်တွင်ထိုင်၍ သူ့ဘဝကြင်ဖော်ကိုပင် စိတ်ကူးယဉ်ခဲ့ဖူးသည်။ ထိုသို့ စိတ်ကူးယဉ်ရလောက်အောင်ပင် လှပခဲ့သောပုံရိပ်များကယခုတစ်စတစ်စနှင့် ပြောင်းလဲလာသည်ဟု အင်းသားကြီးဦးအုန်းမောင်ကဆိုလေသည်။ နှစ်ပေါင်းခြောက်ဆယ်ကျော်အတွင်းရှိခဲ့သည့် အင်းတော်ကြီးကန်၏ အတိတ်ပုံရိပ်များကိုပြန်ပြောင်းတွေးမိသော်လည်းယခုတော့ မူလပုံရိပ်တို့ကပုံဖော်ပြန်တွေး၍ မရအောင်ပင်မှုန်ဝါးပျောက်ကွယ်နေပြီဟု ဦးအုန်းမောင်က မှတ်ချက်ချသည်။

အိဖြူမွန်



ဓာတ်ပုံ - အိဖြူမွန်

# တရားမဝင် ရွှေတူးမှု၊ သစ်ထုတ်လုပ်မှုများနှင့် အင်းတော်ကြီးကန် ဘေးမဲ့တော

"အရင်ကတော့ သာသာယာယာပဲ။ ရေစပ်နားမှာလည်း သန့်ရှင်းတယ်။ ကျောက်ခဲသလဲတွေလည်းမြင်ရတယ်။ အခုတော့ မှော်တွေ ဒိုက်တွေ ဖုံးလွှမ်းသွားတော့ ဘာမှမမြင်ရတော့ဘူး"ဟု သူကဆိုသည်။

အင်းတော်ကြီးကန်၏ ပြောင်းလဲမှုကို ဦးအုန်းမောင်လိုပင် ကန်ကြီးကို ချစ်မြတ်နိုးသူတိုင်း သတိထားမိလာသည်။ ကန်ကြီး၏ ကမ်းစပ်တွင် မှော်များ၊ ဒိုက်များ ဖုံးလွှမ်းရုံသာမက ရေအောက်အတွင်း ကျက်စားကြသော ငါးမျိုးစိတ်အချို့သည်လည်း ရှားပါးပျောက်ကွယ်လာကြောင်း အင်းသားတံငါသည်များက ပြောကြသည်။ တစ်ချိန်က ကန်ကြီးအတွင်း အရွယ်အစားကြီးမားသော ငါးများ ယခုအခါတွင် ဖမ်းမမိတော့ဟု လွမ်းမော်ကျေးရွာသား တံငါသည်တစ်ဦးကဆိုသည်။

"တစ်နှစ်ထက်တစ်နှစ် လျော့လျော့လာတာပဲရှိတယ်။ တိုးလာတယ်လို့မရှိတော့ဘူး။ အရင်တုန်းက ပိဿာချိန်အများကြီးရှိတဲ့ ကြီးငါး(အရွယ်အစားကြီးမားသည့် ငါး)တွေမိသေးတယ်။ အခု အဲဒီကြီးငါးမရှိတော့ဘူး။ ငါးမျိုးစိတ်ခြောက် မျိုးလောက်ကလုံးဝကို မတွေ့ရတော့ဘူး" ဟု အထက်ပါ ကျေးရွာသားကပြောသည်။

အင်းတော်ကြီးကန်သည် မြန်မာနိုင်ငံ၏ အကြီးဆုံးရေတိမ်ဒေသတစ်ခုဖြစ်သလို ဧရာဝတီမြစ်၏ ရေဝေရေလဲတစ်ခုလည်းဖြစ်သည်။ ကန်မှတစ်ဆင့် မိုးကောင်းချောင်းအဖြစ် ဧရာဝတီမြစ်အတွင်းသို့စီးဆင်းသည်။ အာဆီယံနိုင်ငံများ၏ ဇီဝမျိုးစုံမျိုးကွဲများ စုံလင်စွာရှိသောကန်ကြီးများစာရင်းဝင်ကန်ကြီးလည်းဖြစ်သည်။

လွန်ခဲ့သောနှစ်ပေါင်းများစွာက ကျောက်လွှာပြတ်ရွေ့ကြောင်းများ ရွေ့လျားမှုကြောင့် ကြီးမားသည့်ကန်ကြီးအဖြစ် ဖြစ်ပေါ်လာကြောင်း သမိုင်းပညာရှင်အချို့က ခန့်မှန်းပြောဆိုကြသည်။ မည်သို့မည်ပုံဖြင့် ကန်ကြီးဖြစ်ပေါ်လာစေကာမူ ဦးအုန်းမောင်တို့လို အင်းသား အင်းသူများအတွက်တော့ ထိုကန်ကြီးက အလုပ်အကျွေးပြုနေခဲ့သည်။

ထိုကန်ကြီးသမိုင်းကြောင်းကို သူတို့မသိ။ သူတို့သိသည်က ကန်ကြီးပတ်ပတ်လည်တွင်ကျေးရွာအုပ်စု ၁၁ အုပ်စုရှိသည်။ တစ်အုပ်စုတွင် ရွာသုံးရွာ ရှိသည်။ နောက် သူတို့သတိပြုမိသည်က ရွာတစ်ရွာ၏ လူဦးရေသည် တစ်နေ့တခြားတိုးလာခြင်းဖြစ်သည်။

ရွှေထွက်သော ရေဝေရေလဲဒေသများတွင် နှစ်ပါင်းရာချီ၍ တစ်ပိုင်တစ်နိုင်မှ စီးပွားဖြစ် ယန္တရားကြီးများဖြင့် တူးဖော်ကြသည်။ ကန်ကြီးတွင် စီးဝင်ကြသော ချောင်းလက်တက်များ၏ ရေအရောင်လည်း ပြောင်းလဲသည့်အပြင် အချို့သောချောင်းများသည် မြောင်းများအသွင်သို့ ကူးပြောင်းလာသည်ကိုသူတို့သတိပြုမိသည်။

"အရင်က ဆယ့်ခြောက် ပေနက်တဲ့ ချောင်းက သုံးပေ၊ လေးပေလောက်ပဲရှိတော့တယ်။ ချောင်းထဲကို ဒီအတိုင်း စွန့်ပစ်ထားတဲ့ မြေစာတွေကြောင့် အရောင်က လက်ဖက်ရည်ရောင်ပေါက်နေပြီး မိုးတွင်း မိုးကြီးရင် ရေလွှမ်းမှာကို ကြောက်နေရတယ်"ဟုမိုင်းနောင်းကျေးရွာမှ ဒေသခံတစ်ဦးကပြောသည်။ အင်းတော်ကြီးကန် ဘေးမဲ့တောအဖြစ် ၁၉၉၉ ခုနှစ်တွင် သစ် တောရေးရာဝန်ကြီးဌာနက သတ် မှတ်ခဲ့သည်။ ၂၀၀၄ ခုနှစ်တွင် အတည်ပြုကြေညာခဲ့သည်။ ဘေးမဲ့တောဧရိယာစတုရန်း ၃၁၄ ဒသမ ၆၇ မိုင်ကို သတ်မှတ်ခဲ့ခြင်းဖြစ်သည်။ ကန်ကြီးအား ဘေးမဲ့တောမသတ်မှတ်မီကတည်းက ဤကျေးရွာများကရှိနေနှင့်ပြီးဖြစ်သည်။ ထို့ကြောင့် ဘေးမဲ့တောထိန်းသိမ်းရေးသမားအတွက် ထိန်းသိမ်းရေးလုပ်ဆောင်ရာတွင် အခက်အခဲပြဿနာများ ကြုံတွေ့ရသည်ဟု အင်းတော်ကြီးကန် ဘေးမဲ့တော၏ အုပ်ချုပ်ရေးမှူးဦးစိန်ထွန်းက ပြောသည်။

"ဘေးမဲ့တောမလုပ်ခင် နှစ်ပေါင်း ၄၀ ကတည်းက သူတို့က ရှိနေတော့ 'ဘေးမဲ့တောကြီးဆိုတဲ့ ဂုဏ်ပုဒ်'ကချွေ့သည်ဖြစ်နေတယ်။ ပြောင်းလဲဖို့ အချိန်ယူလုပ်ရတယ်။ ပညာပေးဟောပြောပွဲတွေလုပ်ရတယ်။ ပညာပေးအရေးယူမှုတွေ လုပ်ရတယ်။ တစ်ဖက်ကလည်း စားဝတ်နေရေးဆိုတာက ရှိနေတော့ ပြောရတာတော်တော်ခက်ခဲတယ်"ဟု အထက်ပါပုဂ္ဂိုလ်က ပြောသည်။ ဘေးမဲ့တော ဧရိယာတွင် တရားမဝင် ရွှေတူးဖော်မှုများ၊ သစ်ထုတ်လုပ်မှုများ ရှိနေသေးသည်။

စာ(၄၀) သို့

Environment Cartoon




## သဘာဝဘေးကြိုတင်ကာကွယ်ရေးနှင့် ပြင်ဆင်ရေးသင်တန်းပေးမည်

အိဖြူမွန်

ရန်ကုန်၊ ဖေဖော်ဝါရီ-၈

ရခိုင်ပြည်နယ်တွင် တိုက်ခတ်ခဲ့သော ဂီရိမုန်တိုင်းအပြီး မုန်တိုင်းနှင့်ပတ်သက်သော သဘာဝဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေးနှင့် ပြင်ဆင်ရေးသင်တန်းကို မြို့နယ်အလိုက် ကွင်းဆင်းသင်တန်းပေးမည်ဖြစ်ကြောင်း ရခိုင်ကမ်းရိုးတန်းနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းစောင့်ရှောက်ရေးအသင်းမှ ဒုတိယဥက္ကဋ္ဌဦးမောင်မောင်သိန်းဖေက ပြောသည်။

သင်တန်းကို အဆိုပါအသင်းနှင့် Save the Children တို့ ပူးပေါင်း၍ ဖွင့်လှစ်သင်ကြားပေးခြင်းဖြစ်သည်။ ယခုလ တတိယအပတ်မှ စတင်၍ မတ်လကုန်အထိ နှစ်လအကြာသင်တန်းပေးမည်ဖြစ်ကာ မြို့နယ်ခရိုင်တစ်ခုတွင် သုံးရက်အကြာ ပြုလုပ်မည်ဖြစ်သည်။ သင်တန်းပေးမည်မြို့နယ်များမှာ တောင်ကုတ်၊ ဂွ၊ သံတွဲ၊ စစ်တွေ၊ ပေါက်တော၊ မင်းပြား၊ မြောက်ဦး၊ ရသေ့တောင်၊ ပုဏ္ဏားကျွန်းမြေပုံမြို့နယ်တို့တွင် သင်တန်းပေးမည်ဖြစ်သည်။ သင်တန်းအား အခြေခံအဆင့်နှင့် ကျွမ်းကျင်အဆင့်ဟူ၍နှစ်ပိုင်းခွဲ၍ သင်ကြားမည်ဖြစ်သည်။ နာဂစ်မုန်တိုင်းတိုက်ခတ်ပြီးနောက် သဘာဝဘေးအန္တရာယ်ကြိုတင်ကာကွယ်ရန်နှင့် ကာကွယ်ပြင်ဆင်ရေးသင်တန်းများကို ဧရာဝတီတိုင်းဒေသကြီးတွင်ပြုလုပ်ခဲ့ပြီး ဂီရိမုန်တိုင်းအပြီး ရခိုင်ပြည်နယ်သို့လူမှုရေးအဖွဲ့အစည်းများမှ ပြုလုပ်လာခြင်းဖြစ်သည်။ မြန်မာနိုင်ငံတွင် သဘာဝဘေးအန္တရာယ်ဒဏ်ကို ရခိုင်ပြည်နယ်နှင့် ဧရာဝတီတိုင်းဒေသကြီးတို့တွင် အများဆုံးကြုံတွေ့ကြရသည်။



Tourism
7 DAY NEWS JOURNAL
Vol.9, No.47 • FEBRUARY 17, 2011

# ချောင်းသာကမ်းခြေ ဈေးပွဲတော်ရက်အတွင်း လိုင်းကားခများဈေးမတက်ရန် ညွှန်ကြား

**အောင်သူရ**

**ရန်ကုန်၊ ဖေဖော်ဝါရီ - ၉**

ချောင်းသာကမ်းခြေတွင်ကျင်းပမည့် ဈေးပွဲတော်ကာလအတွင်း လက်ရှိပြေးဆွဲနေသော ခရီးသည်တင်ဘတ်စ်ကားများ၏ ကားခဈေးနှုန်းမတက်ရန် သက်ဆိုင်ရာကညွှန်ကြားချက်ထုတ်ပြန်ထားကြောင်း သတင်းရရှိသည်။



ဓာတ်ပုံ - ရှိန်းရှိန်းထိုက်

"ပွဲတော်ရက်မှာ သုံးထောင်လောက်တက်မယ်ကြားလို့ မတက်ဖို့ကို အသင်းကနေ စာထုတ်ပေးတာပါ"ဟု ချောင်းသာဇုန်ဟိုတယ်လုပ်ငန်းရှင်အသင်းမှ ဒေါက်တာမောင်မောင်ကြည်ကပြောသည်။

ထို့အပြင် ချောင်းသာဈေးပွဲတော်ကာလအတွင်း ဟိုတယ်အခန်းခများကိုလည်း ၁၀ ရာခိုင်နှုန်းဈေးလျှော့ထားပြီး ဈေးပွဲတော်အတွင်း ဖွင့်လှစ်ရောင်းချမည့် ၁၀ ပေပတ်လည်ဆိုင်ခန်းများအား တစ်ခန်းလျှင် ၄၀,၀၀၀ ကျပ်(သုံးရက်ခ) သတ်မှတ်ထားကြောင်း သိရသည်။

ယခုလက်ရှိ ဈေးနှုန်းများမှာ ဒဂုံဧရာအဝေးပြေးမှ နံနက် ၆ နာရီတွင် ထွက်ခွာသော ကားများက ခရီးသည်တစ်ဦးလျှင် ၈,၀၀၀ ကျပ် သတ်မှတ်ထားပြီး ရန်ကုန်မြို့တွင်းမှ ည ၁၀ နာရီ ထွက်ခွာသော လေအေးပေးစက် တပ်ဆင်ထားသောကားများမှာ ခရီးသည်တစ်ဦးလျှင် အသွားအပြန် ၁၅,၀၀၀ ကျပ်ဈေးရှိကြောင်း သိရသည်။

ချောင်းသာဈေးပွဲတော်အား ဖေဖော်ဝါရီလ ၂၅၊ ၂၆၊ ၂၇ရက်များတွင် လေးဇီးကလပ်တီးဝိုင်း အပါအဝင် ဖိုက်စတားလူရွှင်တော်အဖွဲ့ဖြင့် ကျင်းပရန် စီစဉ်ထားကြောင်း သိရသည်။

# မြန်မာ – သီရိလင်္ကာတိုက်ရိုက်လေကြောင်းလိုင်း ပျံသန်းဖွယ်ရှိ

**ရန်ကုန်၊ ဖေဖော်ဝါရီ–၇**

ဗုဒ္ဓဘာသာဆိုင်ရာ ယဉ်ကျေးမှုအမွေအနှစ်များကြောင့် နှစ်နိုင်ငံဆက်ဆံရေးကောင်းမွန်သည့် သီရိလင်္ကာနှင့်မြန်မာနိုင်ငံသို့ တိုက်ရိုက်သွားလာနိုင်မည့် လေကြောင်းလိုင်းတစ်ခုကို အကောင်အထည်ဖော်သွားဖွယ်ရှိကြောင်း သိရသည်။

ယခုနှစ်ကို သီရိလင်္ကာခရီးသွားနှစ်အဖြစ် ကြေညာထားရာ မကြာမီကာလအတွင်း လေကြောင်းလိုင်းတစ်ခုပေါ်ပေါက်လာမည်ဖြစ်ကာ သီရိလင်္ကာနိုင်ငံနှင့် မြန်မာနိုင်ငံကြားတိုက်ရိုက်လေကြောင်းလိုင်း ပေါ်ပေါက်လာရေးအတွက် ပြီးခဲ့သည့် ဇန်နဝါရီလ ၂၀ မှ ၂၂ ရက်အထိ ကျင်းပခဲ့သောဘင်းမ်စတက်အစည်းအဝေးတွင် နှစ်နိုင်ငံတာဝန်ရှိသူများ ဆွေးနွေးခဲ့ကြကြောင်း သိရသည်။

ဗုဒ္ဓဘာသာဆိုင်ရာရှေးဟောင်း ဘုရားကျောင်းတော်များ၊ ရုပ်ပွားတော်များများစွာရှိသည့် သီရိလင်္ကာနိုင်ငံရှိစွယ်တော်မြတ်ပူဇော်ပွဲမှာ မြန်မာနိုင်ငံမှခရီးသွားများ သွားရောက်လေ့ရှိသည့် ခရီးစဉ်တစ်ခုဖြစ်သည်။

*Source:Dailynews.lk*

# မော်တင်စွန်းဘုရားပွဲသို့ ကုန်းလမ်းမှလည်း ပို့ဆောင်ပေးမည်

**ဇေ့ဇေ့**

**ရန်ကုန်၊ ဖေဖော်ဝါရီ-၁၀**

မတ်လအတွင်း ကျင်းပမည့် ဆံတော်ရှင်မြတ်မော်တင်စွန်း ဘုရားပွဲတော်သို့ ဘုရားဖူးဂိတ်များမှ လိုက်လံပို့ဆောင်ရာတွင်ယခင်က ရုပ်ပြေးသင်္ဘောကိုသာ အားထားခဲ့သော်လည်း ယခုနှစ်တွင် ပုသိမ်-သလပ်ခွာ ကားလမ်းမှ လည်းစီးတီးဘတ်စ်များဖြင့် တိုက်ရိုက်ပို့ဆောင်သွားမည်ဟု ပန်းဆိုးတန်းဂိတ်များမှ သိရသည်။

ယခင်က မော်တင်စွန်းဘုရားပွဲတော်သို့ ခရီးသည်များ ပို့ဆောင်ရာတွင် ရန်ကုန်မှ ပုသိမ်သို့လေအိတ်ကားကြီးများဖြင့် ပို့ဆောင်ပေးပြီး ပုသိမ်မှ မော်တင်စွန်းသို့ ရုပ်ပြေးသင်္ဘောများဖြင့် ပို့ဆောင်ခဲ့သော်လည်း ယခုအခါ ပုသိမ်-သလပ်ခွာ ကားလမ်းမှလည်း တိုက်ရိုက်ပို့ဆောင်ပေးမည်ဖြစ်ကြောင်း သိရသည်။

"အဲဒီလမ်းကို ကိုယ်တိုင်သွားကြည့်ပြီးသွားပြီ။ ဒီနှစ်တော့ အစီအစဉ်နှစ်ခုပေါ့။ အစီအစဉ်(၁)က အရင်လိုပဲ ရန်ကုန်-ပုသိမ်ကို လေအိတ်ကားတွေနဲ့ ပို့ပြီး ပုသိမ်ကနေ ရုပ်ပြေးနဲ့ ပို့မယ်။ နောက်အစီအစဉ်က ရန်ကုန်ကနေ တိုက်ရိုက်စီးတီးဘတ်စ်ကားတွေ သုံးပြီး မော်တင်စွန်းအထိ ပို့ပေးမှာပါ" ဟု ရွှေကြေးစည်ဘုရားဖူးဂိတ်မှ ပိုင်ရှင် ဦးတင်ထွေးက ပြောသည်။

ပန်းဆိုးတန်း ဘုရားဖူးဂိတ်များမှ မော်တင်စွန်း ဘုရားပွဲခရီးစဉ်အား မတ်လ ၄ ရက်၊ ၁၁ ရက်နှင့် ၁၈ ရက်များတွင် ရန်ကုန်မှ ထွက်ခွာပေးမည်ဖြစ်ပြီး ခရီးစဉ်လက်မှတ်များအား ထမင်းကျွေး ၃၅,၀၀၀ ကျပ် သတ်မှတ်ထားကြောင်း သိရသည်။

# ပုသိမ်မြို့မှ ငရုတ်ကောင်းမြို့နယ်ခွဲသို့ လိုင်းကား နေ့စဉ်ပြေးဆွဲ


**အောင်သူရ** **ရန်ကုန်၊ ဖေဖော်ဝါရီ - ၁၀**

ဧရာဝတီတိုင်းဒေသကြီး ငပုတောမြို့နယ်ရှိ ငရုတ်ကောင်းမြို့နယ်ခွဲသို့ ပုသိမ်မြို့မှ နေ့စဉ်ပုံမှန်လိုင်းကားများ ဖေဖော်ဝါရီ ၄ ရက်မှစ၍ ပြေးဆွဲနေပြီဖြစ်ကြောင်း သတင်းရရှိသည်။

ပုသိမ်မြို့မှ ၇၅ မိုင် ကွာဝေးသော အဆိုပါခရီးစဉ်အတွက် ခရီးသည်တစ်ဦးလျှင် ၅,၀၀၀ ကျပ်သတ်မှတ်ထားပြီး၊ ပုသိမ်မြို့မှနံနက် ၈ နာရီတွင် စတင်ထွက်ခွာ၍ ညနေပိုင်းတွင် ငရုတ်ကောင်းမြို့နယ်ခွဲသို့ ရောက်ရှိမည်ဖြစ် သည်။ အဆိုပါကျေးရွာအား ပုသိမ်ငွေဆောင်လမ်းပေါ်ရှိ စိန်တောင်လမ်းဆုံမှ လမ်းခွဲကာ မြတ်မော်တင်လမ်းအတိုင်း သွားရသည့် ကျောက်ခင်းလမ်းဖြစ်သည်။ ငရုတ်ကောင်းမြို့နယ်ခွဲတွင် ဘိလပ်မြေစက်ရုံတည်ဆောက်ရန် စီမံကိန်းရှိသဖြင့် ယခုရက်ပိုင်းမှစ၍ သွားလာသူများ များပြားလာကြောင်း သတင်းရရှိသည်။




# Cartoon





















7DAY NEWS JOURNAL
Vol.9, No.47 • FEBRUARY 17, 2011

# ပစ်ခတ်မှုများကြောင့် ထိုင်း – ကမ္ဘောဒီးယားနယ်စပ်ရှိ ပြည်သူတစ်သောင်းကျော်ကို ရွှေ့ပြောင်းပေးခဲ့ရ

ဘန်ကောက်၊ ဖေဖော်ဝါရီ - ၈

မကြာသေးမီကဖြစ်ပွားခဲ့သော ထိုင်း-ကမ္ဘောဒီးယားနယ်စပ်ပစ်ခတ်မှုများကြောင့် ထိုင်းနိုင်ငံမှ ကမ္ဘောဒီးယားနယ်စပ်ပြည်နယ် ဆီဆာခတ်မှ လူ ၁၆,၆၅၄ ဦးကို ၎င်းတို့ကျေးရွာများမှ ပြောင်းရွှေ့ကယ်ထုတ်ပေးခဲ့ရကြောင်း ဆီဆာခတ်ပြည်နယ်အုပ်ချုပ်ရေးမှူးကပြောကြားလိုက်သည်။ ရွှေ့ပြောင်းကယ်ဆယ်ခံရသူများကို ထိုင်းတာဝန်ရှိသူများက ပြည်နယ်ရှိ နေရာ ၄၀ တွင် ထိန်းသိမ်းပေးခဲ့ကြောင်း အချို့နယ်စပ်ဒေသနေ ရွာသားများမှာ ဆီဆာခတ်မှ ဒူဘွန်ရတ်ချာသနီ ပြည်နယ်သို့ပြောင်းရွှေ့ သွားခဲ့ကြောင်းအုပ်ချုပ်ရေးမှူးများကဆိုသည်။

ထိုင်းနိုင်ငံ အရှေ့မြောက်ပိုင်းဒေသတွင်ရှိသော ဆီဆာခတ်ပြည်နယ်သည် ကမ္ဘောဒီးယားနှင့်နယ်စပ်ဖြစ်ပြီး ပစ်ခတ်မှုများဖြစ်ပွားရာဒေသများနှင့် နီးကပ်ကြောင်း သတင်းကဆိုသည်။ ကမ္ဘောဒီးယားနှင့် ထိုင်းတပ်ဖွဲ့များသည် ဖေဖော်ဝါရီ ၄ ရက်မှစ၍ အပြန်အလှန် နှစ်ဖက် ငါးကြိမ်ခန့်ပစ်ခတ်ခဲ့ပြီး လောင်ချာများ၊ မော်တာများ၊ စက်သေနတ်များ၊ စိန်ပြောင်းများ အသုံးပြုခဲ့ကြောင်း သိရသည်။ —*Ref: Xinhua*

# ၂၀၁၁ နှစ်လယ်တွင် ရွေးကောက်ပွဲကျင်းပမည်ဟု ထိုင်းဝန်ကြီးချုပ်ပြော



ဘန်ကောက်၊ ဖေဖော်ဝါရီ - ၈

ထိုင်းအစိုးရသည် ယခုနှစ်လယ်တွင် အထွေထွေရွေးကောက်ပွဲကို အကြမ်းဖက်မှုများ ပေါ်ပေါက်ခြင်း မရှိပါက ကျင်းပသွားမည်ဖြစ်ကြောင်း ဝန်ကြီးချုပ် အဘီဆစ်ကပြောကြားလိုက်သည်။ ဘန်ကောက်တွင် မကြာမီကပြုလုပ်ခဲ့သည့် ရင်းနှီးမြှုပ်နှံသူများ၏ ဖိုရမ်ဆွေးနွေးပွဲတွင် ဝန်ကြီးချုပ်က "ကျွန်တော်တို့ အစိုးရဟာ ၂၀၁၁ အကုန်မှာ သက်တမ်းကုန်ဦးမှာ မဟုတ်ပါဘူး။ ဒါပေမဲ့ ဒီနှစ်ပထမနှစ်ဝက်မှာပဲ ပြဿနာသုံးမျိုးကို ဖြေရှင်းနိုင်မယ်ဆိုရင် အထွေထွေရွေးကောက်ပွဲကို ကျင်းပပေးသွားမှာပါ" ဟုပြောသည်။

ဗြိတိန်တွင် မွေးဖွားပြီး အောက်စဖို့ဒ် တက္ကသိုလ်တွင် ပညာသင်ယူခဲ့သည့် ဒီမိုကရက်တစ်ပါတီ တည်ထောင်သူ အဘီဆစ်သည် ယခုနှစ်ကုန်တွင် ၎င်း၏ရာထူးသက်တမ်းကုန်ဆုံးမည်ဖြစ်ကာ၊ ရွေးကောက်ပွဲတစ်ရပ်ကို မဖြစ်မနေ ခေါ်ယူကျင်းပပေးရမည်ဖြစ်သည်။

၎င်းက "အားလုံးအဆင့်သင့်ဖြစ်နေမယ်ဆိုရင် ရွေးကောက်ပွဲကို မြန်မြန်ခေါ်ယူကျင်းပပေးသွားမှာပါ။ ကျွန်တော့်ရဲ့ ရာထူးသက်တမ်းမပြီးသေးလည်း မလိုအပ်ပါဘူး" ဟု သတင်းထောက်များကို ပြောသည်။ ထိုင်းနိုင်ငံတွင် ၂၀၁၀ ဧပြီနှင့် မေလများက ဝန်ကြီးချုပ်ဟောင်းသက်ဆင်ကို ထောက်ခံသူ ရှပ်နီများ၏ ဆန္ဒပြမှုကြောင့် လူပ်ရှားသူများနှင့် စစ်တပ်အကြား ထိပ်တိုက်တွေ့ဆုံမှုဖြစ်ပွားကာ လူပေါင်း ၉၀ ခန့် သေဆုံးခဲ့ရသည်။ —*Ref: AFP*











7DAY NEWS JOURNAL
Vol.9, No.47 • FEBRUARY 17, 2011



## နိုင်ငံရေးအရ ချီတက်ဆန္ဒပြမှုများကို ထိန်းချုပ်ရန် အထူးဥပဒေများ ထိုင်းအစိုးရ ပြဋ္ဌာန်း

ဘန်ကောက်၊

ဖေဖော်ဝါရီ - ၈

ထိုင်းအစိုးရသည် မြို့တော် ဘန်ကောက်တွင် နိုင်ငံရေးချီတက်ဆန္ဒပြမှုများကို ထိန်းချုပ်နိုင်ရန်အတွက် အထူးလုံခြုံရေး ဥပဒေများကို ပြဋ္ဌာန်းသွားဖွယ်ရှိနေကြောင်း ပြောကြားလိုက်သည်။ အစိုးရပြောခွင့်ရ ပုဂ္ဂိုလ် ပန်နီတန်ဝတ်တနာယဂွန်က အစိုးရအဖွဲ့သည် ပြည်တွင်းလုံခြုံရေးဥပဒေကိုဘန်ကောက်ရှိ ခရိုင်ခုနစ်ခုတွင် ဖေဖော်ဝါရီ ၉ ရက်မှ ၂၃ ရက်အထိပြဋ္ဌာန်းသွားရန် အတည်ပြုခဲ့ကြောင်း သတင်းထောက်များအား ပြောကြားသည်။

၎င်းက "ဒီဧရိယာထဲမှာ အရေးကြီးတဲ့ နေရာတွေအများကြီးတည်ရှိနေပါတယ်။ မငြိမ်သက်မှုနဲ့ ပုန်ကန်မှုတွေ ဖြစ်လာနိုင်တာမို့ အစိုးရဟာ ဒါတွေကို ထိန်းချုပ်နိုင်ဖို့ လိုပါတယ်" ဟုပြောသည်။ အရေးပေါ် ဥပဒေထက် တင်းကျပ်မှုလျော့နည်းသော ယင်းအထူးလုံခြုံရေး ဥပဒေများသည် လုံခြုံရေးတာဝန်ရှိသူများအား အချို့သောနေရာများတွင် လူများစုရုံးနေပါက ရပ်တန့်စေပိုင်ခွင့် ပေးအပ်ထားသည်ဟု တာဝန်ရှိသူများက ပြောသည်။ ထိုင်းနိုင်ငံတွင် ယခုအခါ အမျိုးသားရေး ဝါဒီ "ရှပ်ဝါ" လှုပ်ရှားတက်ကြွသူများသည် မကြာသေးမီက ကမ္ဘောဒီးယားနှင့် ထိုင်းတို့ နယ်စပ် အငြင်းပွားမှုတွင် ဝန်ကြီးချုပ်အဘီဆစ်၏ ကိုင်တွယ်မှုကိုကန့်ကွက်သောအားဖြင့် အစိုးရအိမ်တော်အနီး ချီတက်ဆန္ဒပြခဲ့သည်။

အစိုးရဆန့်ကျင်ရေး လှုပ်ရှားတက်ကြွသူများ ဖြစ်သည့် ရှပ်နီများမှာလည်း ၂၀၁၀ ဧပြီ၊ မေလများက ဘန်ကောက်တွင် အကြီးအကျယ်ဆန္ဒပြခဲ့ပြီး မကြာသေးမီက လမ်းမများပေါ် ပြန်တွက်လာကာ ငြိမ်းချမ်းစွာစုဝေးခြင်းများနှင့် တစ်လလျှင် နှစ်ကြိမ်ချီတက်ဆန္ဒပြကြရန် စီစဉ်ထားကြောင်း သိရသည်။

—Ref: AFP



Leader's Profile

# လီနိုဗိုကွန်ပျူတာကုမ္ပဏီဥက္ကဋ္ဌ လျူချွမ်ဇီး

ရဲမင်း

လျူချွမ်ဇီးသည် တရုတ်နိုင်ငံသား စီးပွားရေးလုပ်ငန်းရှင်ကြီး ဖြစ်ပြီး တရုတ်နိုင်ငံ၏ နိုင်ငံတကာ ကွန်ပျူတာကုမ္ပဏီကြီး Lenovo ကို တည်ထောင်သူ တစ်ဦးဖြစ်ကာ ကုမ္ပဏီ၏ ဥက္ကဋ္ဌအဖြစ် ဆက်လက်တာဝန်ယူထားသူ ဖြစ်သည်။

လျူအား ၁၉၄၄ ခုနှစ် ဧပြီ ၂၉ ရက်တွင် တရုတ်နိုင်ငံ ရှန်ဟိုင်းမြို့၌ မွေးဖွားခဲ့သည်။ လျူ၏ ဖခင်မှာ ၁၉၄၉ ခုနှစ် မတိုင်မီက တရုတ်ဗဟိုဘဏ် အမှုဆောင်အရာရှိတစ်ဦး ဖြစ်သည်။ လျူသည် ၁၉၆၁ ခုနှစ်တွင် စီယန် စစ်ဘက်ဆက်သွယ်ရေး အင်ဂျင်နီယာကောလိပ်တွင် စတင်တက်ရောက်ခဲ့ပြီး ရေဒါစနစ်အထူးပြုဘာသာရပ်ဖြင့် ၁၉၆၆ တွင်ဘွဲ့ရရှိခဲ့သည်။

တရုတ်သိပ္ပံပညာ အကယ်ဒမီတွင် သုတေသနသမားအဖြစ် စတင်လုပ်ကိုင်ခဲ့သော်လည်း ၁၉၆၈ မှ ၁၉၇၀ ခုနှစ်အထိ နိုင်ငံပိုင်လယ်ယာမြေတွင် အလုပ်သမားအဖြစ်ဝင်ရောက် လုပ်ကိုင်ခဲ့ရသည်။ ၁၉၇၀ ပြည့်နှစ်တွင် သိပ္ပံပညာ အကယ်ဒမီပြန်လည်ဖွင့်လှစ်သောအခါ လျူလည်း အလုပ်ပြန်ဝင်ခဲ့ပြီး အုပ်ချုပ်သူ အင်ဂျင်နီယာအဖြစ် ဆက်လက်လုပ်ကိုင်ခဲ့သည်။

၁၉၈၀ ကျော်နှစ်များတွင် တရုတ်နိုင်ငံ ခေါင်းဆောင်ကြီး တိန့်ရှောင်ဖိန်က နိုင်ငံ၏ စီးပွားရေးအား ပြုပြင်ပြောင်းလဲမှုများ ပြုလုပ်ခဲ့ရာ ကွန်ပျူတာ ကုမ္ပဏီတစ်ခုတည်ထောင်ရန် လျူချွမ်ဇီးက အကြံရသည်။ ငွေကြေးအလွန်ခက်ခဲသော ကာလဖြစ်၍ တရုတ်သိပ္ပံအကယ်ဒမီက လျူနှင့်အခြားဝန်ထမ်း ၁၀ ဦး အားတရုတ် ယွမ်ငွေနှစ်သိန်း (ကန်ဒေါ်လာ ၂၄,၀၀၀) ခန့်သာ ထုတ်ချေးနိုင်ခဲ့သည်။

မူလက Legend Group ဟုအမည်ပေးခဲ့သော ကုမ္ပဏီကို ဘေးဂျင်းမြို့ရှိကိုက် ၂၀ ပတ်လည် အခန်းလေးထဲ၌ ၁၉၈၄ ခုနှစ်၌ လျူတို့က စတင်တည်ထောင်ခဲ့သည်။ Legend အုပ်စုသည် ၁၉၈၅ ပြည့်နှစ်တွင် ကွန်ပျူတာများတွင်တရုတ်စာလုံးများ သုံးနိုင်ရန်တီထွင်ခဲ့ပြီး ၁၉၉၀ ခုနှစ်တွင် တစ်ကိုယ်ရေသုံး ကွန်ပျူတာများ စတင်ထုတ်လုပ်ခဲ့သည်။ စီးပွားရေးသမားများ မဟုတ်သော လျူတို့အုပ်စုမှာ မှားလိုက်၊ ပြင်လိုက်နှင့်စီးပွားရေးလုပ်ငန်း လုပ်ကိုင်ပုံကိုလေ့လာသင်ယူခဲ့ပြီး လျူကိုယ်တိုင်မှာလည်း Hewlett-Packard နှင့် IBM စသောကွန်ပျူတာကုမ္ပဏီကြီးများ၏ အုပ်ချုပ်ရေး၊ ဖွဲ့စည်းပုံနှင့် နည်းလမ်းများကို လေ့လာခဲ့သည်။

လျူတို့ ကွန်ပျူတာ စတင်ထုတ်လုပ်သော ၁၉၉၀ ပြည့်နှစ်မှာပင် တရုတ်ဈေးကွက်အတွင်းသို့ နိုင်ငံခြား ကွန်ပျူတာထုတ်လုပ်သူများဝင်ရောက်ခြင်းကို အစိုးရက ခွင့်ပြုခဲ့ရာ လျူသည် ၎င်းတစ်ချိန်က နမူနာထား လေ့လာခဲ့သော ကုမ္ပဏီများနှင့် နဖူးတွေ့၊ ဒူးတွေ့ ဈေးကွက်ယှဉ်ပြိုင်ခဲ့ရသည်။ သို့သော်အခွန်အကောက်၊ သဘော်တင်ခနှင့် အခြားအခွန်အကောက်များမပေးဆောင်ရသော လျူတို့ကုမ္ပဏီက ပြိုင်ဘက်များအပေါ်တွင် အားသာချက်များ ရှိခဲ့သည်။


၁၉၉၆ ခုနှစ်တွင် Legend အုပ်စုကွန်ပျူတာ ရောင်းအားက တရုတ်ဈေးကွက်၌ IBM ကုမ္ပဏီအား ကျော်တက်သွားသည်။ ထိုအချိန်မှစ၍ လျူက ၎င်းတို့အုပ်စုအား ဈေးကွက်ခေါင်းဆောင်အဖြစ်ဆက်လက် ရပ်တည်နိုင်ရန် ကြိုးပမ်းခဲ့ပြီး ၁၉၉၀ နှောင်းပိုင်းတွင် Pentiun II ပရိုဆက်ဆာအား တရုတ်ဈေးကွက်သို့ စတင်မိတ်ဆက်သူ ဖြစ်လာခဲ့သည်။ လျူက အင်တာနက်ကို အသုံးချ၍လည်း ၎င်းတို့၏ ကွန်ပျူတာများ ရောင်းအားတက်အောင် စွမ်းဆောင်ခဲ့ပြီး ကွန်ပျူတာနှင့် ဆက်စပ်ဝန်ဆောင်မှုများ၊ ပစ္စည်းများကိုပါ ဈေးကွက်တင်နိုင်အောင် ကြိုးပမ်းခဲ့သည်။

လျူချွမ်ဇီးတို့၏ Legend အုပ်စုသည် ၂၀၀၆ ခုနှစ် အီတလီနိုင်ငံ၊ တူရင်မြို့၌ ပြုလုပ်သည့် ဆောင်းရာသီ အိုလံပစ်ပွဲတော်တွင်ပံ့ပိုးကူညီသူ စပွန်ဆာအဖြစ် ပါဝင်ခဲ့သည်။ Legend အမှတ်တံဆိပ်ကို ဗြိတိန်နှင့် ဂျာမနီနိုင်ငံတို့တွင် ပြိုင်ဘက်များက မှတ်ပုံတင်ထားပြီဖြစ်သောကြောင့် ကုမ္ပဏီ၏ နာမည်အား Lenovo အဖြစ်သို့ ပြောင်းလဲခဲ့သည်။

၂၀၀၅ ခုနှစ်တွင် IBM ကုမ္ပဏီ တစ်ကိုယ်ရေသုံး ကွန်ပျူတာ ထုတ်လုပ်ရေးလုပ်ငန်းအား ဝယ်ယူခဲ့သည့် Lenovo အုပ်စု၏ ဥက္ကဋ္ဌအဖြစ် တာဝန်ယူထားသူ မစ္စတာ လျူချွမ်ဇီးသည် အိမ်ထောင်သည် တစ်ဦးဖြစ်ပြီး သားသမီးသုံးဦးရှိသည်။

—Ref: Wikipedia, Internet

## တင်ပါးလှပရန် ဆေးထိုးပြီးနောက် အမျိုးသမီးတစ်ဦးသေဆုံး



ဖီလာဒဲလ်ဖီးယား၊

ဖေဖော်ဝါရီ - ၉

တင်ပါးလှပရန်အတွက် ဆေးထိုးသွင်းပြီးနောက် အမေရိကန်နိုင်ငံ ဖီလာဒဲလ်ဖီးယားလေဆိပ်အနီး ဟိုတယ်တစ်လုံးတွင် အသက် ၂၀ အမျိုးသမီးတစ်ဦး သေဆုံးသွားကြောင်းနှင့် ယင်းကိစ္စကို ရဲတပ်ဖွဲ့က စုံစမ်းစစ်ဆေးနေကြောင်း သိရသည်။

အဆိုပါ အမျိုးသမီးနှင့် အဖော်သုံးဦးသည် လန်ဒန်မြို့မှ ရောက်ရှိလာခဲ့ပြီး ၎င်းဟိုတယ်တွင်တည်းခိုနေခြင်းဖြစ်ကြောင်း ရဲစုံထောက်များက ပြောကြားသည်။ ၎င်းတို့ထဲမှ အမျိုးသမီးနှစ်ဦးမှာ နိုဝင်ဘာလကလည်း ယင်းနေရာသို့လာရောက်၍ တင်ပါးကြီးထွားရန် ကုသမှုကိုခံယူခဲ့ကြောင်း၊ ဖေဖော်ဝါရီ ၈ ရက်တွင် အမျိုးသမီးတစ်ဦးအား နောက်ဆက်တွဲ ဆေးထိုးကုသမှု ခံယူ၍ ကျန်တစ်ဦးမှာ တင်ပါးကြီးရန် ကုသမှုခံယူခဲ့ကြောင်း၊ နောက်ပိုင်းတွင် တင်ပါး၌ ဆေးထိုးကုသမှုခံယူခဲ့သောအမျိုးသမီးကို ဆေးရုံသို့ခေါ်ဆောင်သွားခဲ့သော်လည်း အမျိုးသမီးမှာ သေဆုံးသွားခဲ့ကြောင်း ရဲစုံထောက် ဂျိုးဆက်ဖ်မူရေးက ပြောကြားသည်။

အမျိုးသမီးသေဆုံးရခြင်း အကြောင်းအရင်းကို မူမသိရှိရသေးပေ။ တင်ပါးအလှအပပြုပြင်ကုသပေးခြင်းနှင့် ပတ်သက်၍ ရဲတပ်ဖွဲ့က လူနှစ်ယောက်အားရှာဖွေနေပြီး ယင်းကုသမှုများ ပြုလုပ်ရန် အင်တာနက်မှတစ်ဆင့် စီစဉ်ခြင်း ဖြစ်သည်ဟု ရဲတပ်ဖွဲ့က ယုံကြည်ကြသည်။

—Ref: AP

### နောက်ကျောဖုံး - ပါလက်စတိုင်း ဝန်ကြီးအဖွဲ့ နုတ်ထွက်မည်ဟုဆို မှ

နောက်ထပ် ပါလက်စတိုင်းဒေသတစ်ခုဖြစ်သော ဂါဇာကမ်းမြောင်ကို ဟားမားစ်အစ္စလာမ်မစ်အဖွဲ့က ထိန်းချုပ်ထားသည်။

လာမည့်စက်တင်ဘာလတွင် ဥပဒေပြုရေးနှင့် သမ္မတရွေးကောက်ပွဲများ ကျင်းပမည်ဟု ပါလက်စတိုင်း အာဏာပိုင်အဖွဲ့က ဖေဖော်ဝါရီ ၁၂ရက်နေ့က ကြေညာခဲ့သော်လည်း ၎င်းရွေးကောက်ပွဲတွင် ပါဝင်ယှဉ်ပြိုင်မည်မဟုတ်ဟု ဟားမားစ်တို့ကပယ်ချခဲ့သည်။

—Ref: Reuters



7DAY NEWS JOURNAL
Vol.9, No.47 • FEBRUARY 17, 2011



# ရုရှားမှာနိုင်ငံရေးအတိုက်အခံတွေတကယ်ရှိပါတယ်

## ရုရှားသမ္မတ မက်ဗီဒက်ဗ်နှင့် တွေ့ဆုံခြင်း

ကျော်မျိုး

ရုရှားသမ္မတ မက်ဗီဒက်ဗ်ဟာ သမ္မတဟောင်း ပူတင်အလွန် ရုရှားကိုပဲ့ကိုင်နေပြီး ရုရှားကို ကမ္ဘာ့အင်အားကြီး နိုင်ငံတစ်နိုင်ငံအဖြစ် ရပ်တည်နိုင်အောင် စွမ်းဆောင်လျက်ရှိနေပါတယ်။ ဒါ့ကြောင့် ဘလွန်းဘာ့ဂ်ရုပ်သံဟာ ဆွစ်ဇာလန်နိုင်ငံ၊ ဒါးဗို့စ်မှာ ပြုလုပ်ခဲ့တဲ့ ကမ္ဘာ့စီးပွားရေးဖိုရမ်ကို တက်ရောက်လာခဲ့တဲ့ သမ္မတ မက်ဗီဒက်ဗ်နှင့် တွေ့ဆုံမေးမြန်းဖြစ်ခဲ့ပါတယ်။ အဲဒီမေးမြန်းမှုများမှာ ဘလွန်းဘာ့ဂ်ရုပ်သံဟာ ရုရှားစီးပွားရေးအကြောင်း၊ နိုင်ငံတော်ကို ခေတ်မီတိုးတက်အောင် တည်ဆောက်ရေးအကြောင်း၊ ရုရှားနိုင်ငံရေးအကြောင်း မေးမြန်းထားတာကို ဖတ်ရှုရမှာဖြစ်ပါတယ်။ မေးမြန်းသူကတော့ ယင်းရုပ်သံမှ သတင်းထောက် ရိုင်ယန်ချီလ်ကော့တ်ဖြစ်ပါတယ်။

သမ္မတကြီးခင်ဗျာ။ အင်တာဗျူးပြုလုပ်ပေးတဲ့အတွက် အထူးကျေးဇူးတင်ပါတယ်။ ရုရှားမှာ မက်ဒေါ်နယ်(ဟမ်ဘာဂါ)ဆိုင်တွေရှိပြီ။ ရှော့ပင်းမောလ်ကြီးတွေရှိလာပြီ။ ဆူရှီဆိုင်တွေရှိလာပါပြီ။ ဘာတွေလွဲနေတာများရှိပါသေးသလဲ။

ဘာတွေလွဲနေ၊ ပျောက်နေသလဲတဲ့လား။ အများနဲ့ဆိုင်တဲ့ကိစ္စတွေဖြစ်ကြတဲ့ လမ်းပန်းအခြေခံအဆောက်အအုံတွေ၊ စီးပွားရေးအခြေခံ အဆောက်အအုံတွေ၊ စီးပွားရေးလုပ်ဆောင်ချက်တွေကို မှန်ကန်စွာ လည်ပတ်စေနိုင်ဖို့ ဥပဒေပြု အပိုင်းတွေကတော့ ပျောက်ဆုံးနေ၊ လွဲနေတုန်းပါပဲ။ တာဝန်ရှိသူတွေရဲ့ အပိုင်း၊ ဗျူရိုကရေစီအုပ်ချုပ်ရေး အပိုင်းကတော့ သင့်လျော်တဲ့ ဥပဒေပိုင်းသိနားလည်မှု အားနည်းနေပါတယ်။ ဒီတော့ ဖွံ့ဖြိုးတိုးတက်တဲ့ တရားစီရင်ရေးစနစ်က ပျောက်ဆုံးနေတာပေါ့။ ဒါတွေအားလုံး ကျွန်တော်တို့ ရသွားရင်တော့ အကျင့်ပျက်ခြစားမှုတွေ မရှိအောင် လုပ်နိုင်မှာပါ။ အဲဒါဆိုရင် ရုရှားဟာ ခေတ်မီဖွံ့ဖြိုးရေးလမ်းကြောင်းမှာချီတက်ဖို့ အဆင့်သင့်ဖြစ်ပြီလို့ ဆိုနိုင်ပြီပေါ့။

နိုင်ငံကိုခေတ်မီဖွံ့ဖြိုးအောင် လုပ်ရေးနဲ့ပတ်သက်လို့ သမ္မတကြီး လုပ်ထားတဲ့ စီမံကိန်းတချို့အကြောင်းမေးမြန်းချင်ပါတယ်။ ဥပမာ ရုရှားရဲ့ ဆီလီကွန်တောင်ကြား (နည်းပညာရပ်ဝန်း) အဖြစ်တည်ဆောက်ချင်နေတဲ့ Skolkovo နေရာအကြောင်း မေးချင်ပါတယ်။ ကျွန်တော်အဲဒီကိုရောက်ဖူးပါတယ်။ အဲဒီနေရာဟာ စတင်နေဆဲပဲရှိပါတယ်။ အဲဒီနေရာမှာ ဘယ်အချိန်လောက်ကျရင် လူတွေအနေနဲ့ နည်းပညာဆိုင်ရာတီထွင်မှု ထုတ်ကုန်တွေ ထုတ်လုပ်လာနိုင်မလဲ သိချင်ပါတယ်။

ခေတ်မီရေးကိစ္စကို ညွှန်းလို့တစ်ခုလုံး ခြုံပြောရမယ်ဆိုရင်တော့ကျွန်တော်တို့ဟာ သီးသန့်စီမံကိန်းတစ်ခုချင်းစီကိုပဲ အာရုံမစိုက်သင့်ဘူးလို့ ထင်ပါတယ်။ ဒါပေမဲ့ အဲဒါတွေကလည်း သိပ်အရေးကြီးပါတယ်။ ကျွန်တော်အမြဲပြောခဲ့တာကတော့ ခေတ်မီတိုးတက်ရေးဆိုတာ စိတ်ကူးဆန်းတဲ့ ဒြပ်မဲ့အရာတစ်ခု မဟုတ်ပါဘူး။ ဒါဟာ သီးသန့်တာဝန်တစ်ရပ်ဖြစ်ပါတယ်။ တစ်ချိန်တည်းမှာပဲ ခေတ်မီတိုးတက်ရေးကို ယေဘုယျအနေနဲ့ ဖွံ့ဖြိုးရေးလမ်းကြောင်းအဖြစ်ကျွန်တော်တို့ ပြောတာမှာ စီးပွားရေး ခေတ်မီတိုးတက်ရေးအပါအဝင် ယမန်နှစ်က ကျွန်တော်ထုတ်ဖော်ခဲ့တဲ့ အခြားဦးစားပေးကိစ္စ ငါးခုလည်း ပါဝင်ပါတယ်။ ဒီဦးစားပေး ကိစ္စတွေ နယ်ပယ်မှာ ကျွန်တော်တို့ဆက်လုပ်နေပါတယ်။ ကျွန်တော်ပြောတာ ကဆေးဝါးထုတ်လုပ်မှု အပိုင်း၊ နျူစွမ်းအင်၊ စွမ်းအင်ကို ထိရောက်စွာသုံးစွဲရေးနဲ့ အခြား အခြားသောအရာတွေပါ။ ဒါတွေအားလုံးဟာသိပ်အရေးကြီးပါတယ်။ ဒါပေမဲ့ အရေးကြီးဆုံးကိစ္စကတော့ စီးပွားရေးကို ခေတ်မီတိုးတက်အောင်လုပ်ရေးနဲ့ နည်းပညာသစ်တွေကို မိတ်ဆက်စေနိုင်ရေးပါ။ ဒါက အရေးကြီးပါတယ်။

သမ္မတကြီးပြောတာဟာ အစဉ်အလာချဉ်းကပ်ပုံလည်း ဖြစ်ချင်ဖြစ်ပါတယ်။ ဘာ့ကြောင့်လဲဆိုတော့ ရုရှားရဲ့ သဘာဝသယံဇာတတွေကိုကြည့်ပြီး ရိုးရိုးထုတ်ကုန်တွေထုတ်လုပ်ဖို့ သမ္မတကြီး ပြောဖူးတာလည်း ရှိတာကို။ ဥပမာ ရုရှားမှာဆို သိတဲ့အတိုင်းပဲ ရုရှားကထုတ်တဲ့ လူသုံးကုန်ပစ္စည်းဆိုတာကို ပြည်သူတွေရဲ့ အိမ်တွေမှာ သွားကြည့်လိုက်ရင် ရှိမှာမဟုတ်လို့ပါ။ ဒီတော့ ကျွန်တော်တို့စားသောက်ကုန်တွေအကြောင်း ပြောချင်ပါတယ်။ ဒီစားသောက်ကုန်ကဏ္ဍမှာ ထုတ်လုပ်မှုတွေ လုပ်မယ်ဆိုရင် ရုရှားဟာ ယခင်ဆိုဗီယက်ယူနီယံ နယ်မြေအတွင်းက ဈေးကွက်အကြီးကြီးကို ပြန်ရလာနိုင်မလား။

ကျွန်တော်လည်း ယုံကြည်ပါတယ်။ ကျွန်တော်တို့ဟာ လူသုံးကုန်ပစ္စည်းနဲ့ စက်မှုထုတ်ကုန်ပစ္စည်းတွေကို ခေတ်မီမီထုတ်လုပ်ခြင်းအားဖြင့် လူသုံးကုန်ပစ္စည်းဈေးကွက်တစ်ခုလုံး တိုးတက်အောင် စဉ်းစားလုပ်ဆောင်သင့်တယ်လို့ ယုံကြည်ပါတယ်။ အရင်ဆိုဗီယက်ခေတ်ကလို စီမံကိန်းအကြီးကြီးတွေကို ကျွန်တော်တို့ မလုပ်သင့်တော့ပါဘူး။ ဥပမာ လေယာဉ်တွေ ဒုံးပျံတွေထုတ်တာမျိုးပေါ့။ အဲဒါကတော့ မှားသွားမှာပါ။

အဆင့်မြင့်နည်းပညာတွေ မိတ်ဆက်ပေးခြင်းနဲ့ ပတ်သက်လို့ ပြောရရင်တော့ စက်ရုံအလုပ်ရုံတွေကို အဆင့်မြင့်တင်ပေးပြီးတာနဲ့ တစ်ပြိုင်နက် စက်မှုဇုန်ထုတ်လုပ်ရေးကဏ္ဍအတွက်ရော၊ လမ်းပေါ်က လူတွေအတွက်ပါ နည်းပညာ အကျိုးကျေးဇူးခံစားနိုင်တာမျိုး ဖြစ်စေသင့်ပါတယ်။ ဒီနည်းပညာတွေကိုလည်း တဆင့်ချင်းအားဖြင့် လူသုံးကုန်ပစ္စည်း စားသုံးသူတွေရဲ့ အဆင့်ကိုရောက်အောင်လုပ်ရပါမယ်။ ရုရှားပြည်တွင်းဖြစ် စားသုံးကုန်အမှတ်တံဆိပ်တွေဟာ ကျွန်တော်တို့ ရုရှားစတိုးဆိုင်တွေရဲ့ စင်တွေပေါ်မှာ ရှိသင့်ပါတယ်။ ဒါမျိုးကသာ ကျွန်တော်တို့ ရှာဖွေနေတဲ့ ခေတ်မီတိုးတက်ရေး မော်ဒန်နိုက်ဇေးရှင်းဖြစ်မှာပါ။

သမ္မတကြီးဟာ ဒါးဗို့စ်ကို ရောက်လာခဲ့ပြီဆိုတော့ ပွဲအတွက် ကြေညာချက်တွေ၊ အဆိုပြုချက်မူကြမ်းတွေရော ယူလာခဲ့ပါသေးသလား။

အချိန်လုပြီးတော့ ကျွန်တော် မလုပ်ချင်ပါဘူး။ အခုပါလာတဲ့ အဆိုပြုချက်တွေကို တစ်နာရီခွဲလောက်အချိန်အတွင်း ကျွန်တော်တင်ပြသွားမှာပါ။ ကျွန်တော်ဘာပြောရမလဲ။ လက်ရှိအခြေအနေမှာ ရုရှားစီးပွားရေးရဲ့ အလားအလာတွေနဲ့ အားသာချက်တွေ အကြောင်းပဲပြောရမှာပေါ့။ စီးပွားရေးကဏ္ဍအတွင်း ကျွန်တော်တို့ကြုံနေရတဲ့ စိန်ခေါ်မှုတွေနဲ့ ပြဿနာတွေအကြောင်းပဲပေါ့။ ပြောရရင်တော့ ကျွန်တော်နည်းနည်းတောင်တုန်လှုပ်မိတယ်ဆိုပါရစေ။ ဘာကြောင့်လဲဆိုတော့ ရုရှားမှာ အရာရာပြီးပြည့်စုံနေပါတယ်ဆိုပြီး ကမ္ဘာ့စီးပွားရေး ထိပ်တန်းခေါင်းဆောင်တွေကို ဆွဲဆောင်ဖို့ ကျွန်တော်ကြိုးစားမှာမဟုတ်လို့ပါ။ ဒါ့ကြောင့် ကျွန်တော်တို့ရဲ့ ရှေ့ခြေလှမ်းတွေအကြောင်းကိုပဲ ကျွန်တော်ပြောမှာပါ။ ပြည်တွင်းရော၊ ပြည်ပကပါ ပုဂ္ဂလိကရင်းနှီး မြှုပ်နှံမှုတွေကို ဆွဲဆောင်ဖို့ အစီအစဉ်တွေ ဖန်တီးနိုင်ရေးဆွေးနွေးသွားမှာပါ။

သမ္မတကြီးဟာ ရုရှားစီးပွားရေး ခေတ်မီ တိုးတက်ရေးအတွက် နိုင်ငံရေးအရ ယှဉ်ပြိုင်မှုတွေပိုလိုအပ်တယ်လို့ ပြောခဲ့တယ်နော်။ အတိုက်အခံစစ်စစ် မရှိတဲ့အနေအထားမှာ သမ္မတကြီးဟာအစိုးရအဖွဲ့အတွင်း ခြစားမှုတွေကို ဘယ်လိုတိုက်ဖျက်မှာလဲ။ တကယ်လို့ ရုရှားမှာ နိုင်ငံရေးအတိုက်အခံတွေကို ရပ်တည်ခွင့်မပေးဘူးဆိုရင်ပေါ့လေ။

အဲဒါဟာ မမှန်ပါဘူး။ ရုရှားမှာနိုင်ငံရေး အတိုက်အခံတွေတကယ်ရှိပါတယ်။ မေးခွန်းကအဲဒီအတိုက်အခံတွေ ဘယ်လောက်အင်အားကောင်းသလဲ မေးရမှာပါ။ ရုရှားပါလီမန်မှာ ကိုယ်စားပြုထားတဲ့ နိုင်ငံရေးပါတီလေးပါတီရှိနေပါတယ်။ ဒီပါတီတွေဟာ တစ်ခါတလေမှာဆို အာဏာရနိုင်ငံရေးပါတီက ဦးဆောင်နေတဲ့ အစိုးရအဖွဲ့ကိုတောင် ခြိမ်းခြောက်နိုင်စွမ်းရှိပါတယ်။ သူတို့ဟာ အစိုးရကို ဝေဖန်တယ်။ သဘောမတူတာတွေကို ဆန့်ကျင်ကြပြီး ကမ္ဘာမှာရှိတဲ့ အတိုက်အခံတွေအတိုင်းပဲ လုပ်ဆောင်နေကြတာပါ။

ခင်ဗျားမေးတဲ့ မေးခွန်းနဲ့ဆိုင်တဲ့နောက်တစ်ချက်ကတော့ ကျွန်တော်တို့ လက်ရှိမှာ ပါလီမန်တွေကိုထိန်းချုပ်ထားနိုင်တဲ့ အင်အားကြီးနိုင်ငံရေး အင်အားစုတစ်ခုထဲရှိနေလို့ပါ။ ဒါနဲ့ပတ်သက်လို့ အဆိုးမြင်တာတွေ ရှိသလို၊ အကောင်းမြင်ရတွေမှာလည်း အထင်အရှားရှိပါတယ်။ အဲဒါတွေက ဘာတွေဖြစ်မလဲ။ ၁၉၉၀ နှစ်များတုန်းကဆို သမ္မတဘောရစ်ယဲ့လ်ဆင်ဟာ ပါလီမန်မှာ ဘယ်ဥပဒေမှပြဋ္ဌာန်းနိုင်စွမ်း မရှိပါဘူး။ အကြောင်းက အတိုက်အခံကွန်မြူနစ်တွေ သို့မဟုတ် အခြားပါတီတွေက သူ့အဆိုပြုချက်ကို ကန့်ကွက်မှာမို့လို့ပါ။ အခုကျွန်တော်တို့ကတော့ ပုံမှန်ဥပဒေပြုရေးကိစ္စကိုလုပ်ဆောင်နေနိုင်ပါတယ်။ ဒါပေမဲ့အဲဒါက ကျွန်တော်တို့ ယူနိုက်ရုရှားပါတီ သို့မဟုတ် အခြားပါတီတစ်ခုခုက တစ်ကြိမ်အာဏာရတာနဲ့ အမြဲတမ်းအုပ်ချုပ်ခွင့် ရသင့်တယ်လို့ ဆိုလိုတာမဟုတ်ဘူးနော်။

သမ္မတကြီးက ၂၀၁၂ မှာနောက်တစ်ကြိမ် ရွေးကောက်ပွဲဝင်မှာလား။

ဘာတွေဖြစ်လာမလဲဆိုတာ ကျွန်တော်စောင့်ကြည့်ပါဦးမယ်။

တကယ်လို့ သမ္မတကြီး ပြန်အရွေးခံရရင် ဝန်ကြီးချုပ်ပူတင်ကိုလည်း ဝန်ကြီးချုပ်နေရာဆက်ခန့်ထားဦးမှာပါလား။

ဒီကိစ္စက အခြေအနေအကျိုးအကြောင်းတွေ အများကြီးပေါ်မှာ မူတည်ပါတယ်။ ကျွန်တော့်အနေနဲ့က လက်ရှိမှာ မစ္စတာပူတင်အကြောင်း မပြောချင်ပါဘူး။ အိုကေတယ်မလား။ သူက အခြားလူတစ်ဦးပါ။ ကျွန်တော့်မိတ်ဆွေ၊ ကျွန်တော့် လုပ်ဖော်ကိုင်ဖက်လေ။ ဒီတော့ သူ့အပိုင်းကိုကျွန်တော် မပြောချင်ပါဘူး။

ကျွန်တော့်အပိုင်းကို ပြောရရင်တော့။ ကျွန်တော့်ကိုယ်ပိုင်ဆုံးဖြတ်ချက်ကိုပဲ ကျွန်တော်ချရမှာပါ။ ဒီနှစ်ထဲမှာ ဆုံးဖြတ်ဖြစ်ပါမယ်။ ဘာလုပ်ရမယ်ဆိုတာကို ဆုံးဖြတ်ဖို့ ပြောတာပါ။ တိုင်းပြည်အတွက်၊ ကျွန်တော်တို့ရဲ့ နိုင်ငံရေးစနစ်အတွက်၊ ပြည်သူတွေအတွက်ရွေးကောက်ပွဲမှာ ကျွန်တော်ပါဝင်ဖို့မှန်ကန်တယ်ထင်ရင် လုပ်ရမှာပါ။ တကယ်လို့ ရွေးကောက်ပွဲမှာ ပါဝင်ဖို့ ကျွန်တော်ဆုံးဖြတ်ဖြစ်ခဲ့ရင် ဝန်ကြီးချုပ်နေရာနဲ့ပတ်သက်တဲ့ ဆုံးဖြတ်ချက်ကိုလည်း ထုတ်ပြောရမှာပါ။ ဒါဟာ အထင်အရှားပဲလေ။

*—Ref: Russian President Interview: Bloomberg*

7DAY NEWS JOURNAL

# Entertainment

Vol.9, No.47 • FEBRUARY 17, 2011



## ချစ်သူတွေကိုနာမည်ရင်းပဲခေါ်ခိုင်းတဲ့ လေဒီဂါဂါ

**လော့စ်အိန်ဂျလိစ်၊ ဖေဖော်ဝါရီ – ၉**

ပေါ့ပ်အဆိုတော် လေဒီဂါဂါသည် သူမ၏ချစ်သူရည်းစားများအား သူမနှင့် ဆက်ဆံရာတွင် နာမည်ရင်းစတက်ဖနီကိုသာ ခေါ်ဝေါ်အသုံးပြုစေကြောင်း ထုတ်ဖော်ပြောကြားလိုက်သည်။ စတတ်ဖနီဂျာမန်နော်တာဟု အမည်ရင်းရှိသည့် လေဒီဂါဂါက သူမသည် ချစ်သူက စင်ပေါ်တွင် ပရိသတ်ကခေါ်သည့်အမည် "လေဒီဂါဂါ"ကို ခေါ်ဝေါ်လိုက်ပါက တုန်လှုပ်တတ်ကြောင်း ဝန်ခံခဲ့သည်။

လေဒီဂါဂါသည် ယခုဝန်ခံချက်ကို 60 Minutes အစီအစဉ် အင်တာဗျူးတွင် ပြောကြားခဲ့ခြင်းဖြစ်သည်။ သူမက "ကျွန်မကို ဂါဂါလို့ခေါ်ပါ။ တချို့ကတော့ စတတ်ဖနီလို့ခေါ်ကြပါတယ်။ အထူးသဖြင့် ချစ်သူတွေကပေါ့လေ"ဟုဆိုသည်။ ပေါ့ပ်အဆိုတော် လေဒီဂါဂါသည် ယခုအခါ စားသောက်ဆိုင်မန်နေဂျာတစ်ဦးဖြစ်သူ လုကားရ်နှင့် တွဲခုတ်နေပြီး သူမ၏မိနစ်၆၀အင်တာဗျူးအစီအစဉ်ကို အမေရိကန်နိုင်ငံတွင် ထုတ်လွှင့်ပြသခဲ့သည်။

—Ref: Showbizspy

## ရေသန့်ဘူး လေသန့် ဆေးဘူးတို့ဖြင့် တီးခတ်ထားသည့် သီချင်းတစ်ပုဒ်တည်းပါ ရည်းစားစာ အခွေထွက်မည်

အေးသူစံ

**ရန်ကုန်၊ ဖေဖော်ဝါရီ ၁၀**

သီချင်းတစ်ပုဒ်တည်းဖြင့် Solo အယ်လ်ဘမ်ထွက်ရှိလာသော The Newspaper အဖွဲ့၏ 'ရည်းစားစာ' သီချင်းတွင် ရေသန့်ဘူးကြီး၊ Air Fresher စသည့် ပစ္စည်းကိရိယာများဖြင့် တီးခတ် ဖန်တီးထားကြောင်း အဖွဲ့မှ အဆိုရှင် ဒီက ပြောသည်။

ယခင်က သီချင်းနှစ်ပုဒ်၊ သုံး ပုဒ်၊ ငါးပုဒ် စသည့် စီးရီးများ ထွက်ရှိခဲ့ဖူးသော်လည်း သီချင်းတစ်ပုဒ်တည်းပါစီးရီးအဖြစ် The Newspaper အဖွဲ့၏ 'ရည်းစားစာ' စီးရီးသာ ပထမဆုံးအကြိမ်ထွက်ရှိလာခြင်းဖြစ်သည်။ 'ရည်းစားစာ'သီချင်းသည် အွန်လိုင်းတွင် ၂၀၀၄ ခုနှစ်တည်းက လူသိများခဲ့သောသီချင်းဖြစ်ပြီး ကလေးငယ်အသံအထူးပြုလုပ်ချက် အဖြစ် ဖန်တီးပျံ့နှံ့ခဲ့သော သီချင်းလည်းဖြစ်ကာ လက်ကိုင်ဖုန်းများတွင် Ring Tone ထည့်သွင်းအသုံးပြုမှုများပြားခဲ့သည့် သီချင်းလည်းဖြစ်သည်။ သမားရိုးကျဂီတပစ္စည်းများထဲက ကွဲထွက်၍ ၂၀ လီတာဆံ့ ရေသန့်ဘူး၊

စာ(၄၉)သို့

## စစ်မှုထမ်းရန်ရှိပေမယ့် ဘာလင် ႑ပ်ရှင်ပွဲကို တက်ရောက်မယ့် ဟွန်ဘင်

**ဆိုးလ်၊ ဖေဖော်ဝါရီ – ၁၀**

လတ်တလော တောင်ကိုရီးယားရဲ့အအောင်မြင်ဆုံးမင်းသားစာရင်းတွင် ထိပ်ဆုံးက ဦးဆောင်နေသော ဟွန်ဘင်သည်မတ်လအတွင်း စစ်မှုထမ်းရန် ရှိနေသော်လည်း ဖေဖော်ဂျာမနီနိုင်ငံ၊ ဘာလင်မြို့တွင်ကျင်းပမည့် ဘာလင်နိုင်ငံတကာ ရုပ်ရှင်ပွဲတော်ကိုအထူးခွင့်ပြုချက်နဲ့တက်ရောက်သွားမည်ဟု မင်းသားနဲ့ နီးစပ်သူတစ်ဦးကပြောသည်။

ဟွန်ဘင်သည် တောင်ကိုရီးယားနိုင်ငံသားတိုင်းလိုက်နာရမည့် စစ်မှုမထမ်းမနေရဥပဒေအရလာမည့် မတ်လ၇ရက်နေ့မှစတင်ကာ ၂နှစ်တာစစ်မှုတာဝန်များ ထမ်းဆောင်ရမည်ဖြစ်သော်လည်း ဖေဖော်ဝါရီလလယ်တွင် ဘာလင်ရုပ်ရှင်ပွဲတော်မှ အထူးဖိတ်ကြားလွှာရောက်လာသဖြင့် စစ်မှုထမ်းကော်မတီသို့ခွင့်တောင်းခဲ့ရာ ခွင့်ပြုလိုက်သဖြင့် ရုပ်ရှင်ပွဲတော်သို့တက်ရောက်ခွင့်ရခဲ့ခြင်းဖြစ်သည်။ တောင်ကိုရီးယားနိုင်ငံတွင် စစ်မှုထမ်းရမည့်သူသည်စစ်မှုထမ်းရက်မတိုင်မီ တစ်လအတွင်း ပြည်ပသို့ခရီးသွားလာခွင့်မရှိသဖြင့် ထိုသို့အထူးခွင့်ပြုချက်တောင်းခံရခြင်းဖြစ်သည်။

တရုတ်မီဒီယာများ၏ သတင်းထုတ်လွှင့်မှုများကြောင့် မင်းသမီးဆောင်းဟေးဂျိုနဲ့အချစ်ရေးကောလာဟလများထွက်ပေါ်နေချိန်မှာပင် ဖေဖော်ဝါရီ၉ရက်နေ့က ပြုလုပ်သော တွေ့ဆုံမေးမြန်းခန်းတစ်ခုမှာ သူ့ရဲ့ပုဂ္ဂိုလ်ရေးတွေကိုပရိသတ်ကို အသိပေးပြောကြားလိုခြင်းမရှိကြောင်း ပြောကြားသွားခဲ့သည်။ Ref ; KBS



## လက်တွေ့အသက်ဝင်လာသော မင်းသားနှစ်ဦး၏ ဖောင်ဒေးရှင်း

အေးသူစံ

ကျော်ကြားသူများတည် ထောင်သည့်ဖောင်ဒေးရှင်းအချို့ ယခုနှစ်ဆန်းပိုင်းတွင် ပေါ်ထွက်လာကြသည်။ အထူးသဖြင့် ပြည်သူလူထုအားပေးမှုကို ပိုင်ပိုင်နိုင်နိုင်နိုင်ရရှိထားသည့် ရုပ်ရှင်မင်းသားနှစ်ဦးက ဖောင်းဒေးရှင်းဟုအမည်တပ်ထူထောင်လိုက်ခြင်းသည် မြန်မာ့ရုပ်ရှင်အနုပညာနယ်ပယ်တွင် ပုံစံတစ်မျိုးဖြင့် ပြည်သူတွေစိတ်ဝင်စားဖွယ် လူထုနှင့် နီးစပ်သည့် အလှည့်အပြောင်းတစ်ခုဖြစ်လာသည်။ ထိုမင်းသားနှစ်ဦးကတော့ နှစ်ပေါင်းအတော်ကြာ ရုပ်ရှင်နယ်ပယ်တွင် အောင်မြင်မှု ရရှိရန်ကြိုးစားလာပြီး ယခုအချိန်တွင် နာမည်ကြီးအနုပညာရှင်တစ်ဦးအဖြစ်ရပ်တည်နိုင်နေသည့် ပြေတီဦးဖြစ်သည်။ နောက်တစ်ဦးက ဆာတိုရီထုတ်လုပ်ရေး၏ စင်တင်မင်းသားရဲတိုက်။

### ဖောင်ဒေးရှင်းနှစ်ခုအကြောင်း သိကောင်းစရာ

ပြေတီဦး ပညာရေးဖောင်ဒေးရှင်းကို ၂၀၁၀ခုနှစ် နိုဝင်ဘာ ၃၁ ရက်တွင် စတင်တည်ထောင်ခဲ့ပြီး ရဲတိုက်ဖောင်ဒေးရှင်းကို ၂၀၁၁ ခုနှစ်၊ ဇန်နဝါရီလ ၁ရက်က စတင်တည်ထောင်ခဲ့သည်။





ဓာတ်ပုံ – ဂျေမောင်မောင်(အမရပူရ)

### ဖောင်ဒေးရှင်း၏ လှုပ်ရှားမှုများ

ပြေတီဦး၏ မွေးနေ့အဖြစ် မျှော်စင်ကျွန်းတွင် ကျင်းပခဲ့သော ဖျော်ဖြေပွဲများကို ဗီစီဒီအဖြစ် ပြန်လည်ထုတ်လုပ်ခြင်းမှရရှိခဲ့သည့် ငွေကြေးအကျိုးအမြတ်ကျပ်သိန်း ၈၀ကို ပြေတီဦးက မတည်၍ စိန်ဧရာဗီဒီယိုထုတ်လုပ်ရေးနှင့်ခရေဖြူ ဗီဒီယိုထုတ်လုပ်ရေးတို့မှ ဆယ်သိန်းစီ စုပေါင်းပြီး စုစုပေါင်းသိန်း ၁၀၀ ဖြင့် ၂၀၁၀ ခုနှစ်၊ ဇူလိုင်လတွင် စတင် မတည်ထူထောင်ခဲ့သည်။ အခြေခံပညာအထက်တန်းအောင်မြင်ပြီး ဆေးတက္ကသိုလ်တက်ရန် အခက်အခဲဖြစ်နေသော ကျောင်းသား ၁၀ဦးကို ထောက်ပံ့ရန် ရည်ရွယ်ခဲ့သည်။

"ထောက်ပံ့သူအလှူရှင်၃၆ဦးထိရှိလာပါတယ်။ ၂၀၀၉-၂၀၁၀ ပညာသင်နှစ်ကနေစပြီး ထောက်ပံ့ခံကျောင်းသားတွေကို တစ်လကျပ်ငါးသောင်းနှုန်းနဲ့ နှစ်လစာအထိ ထုတ်ပေးထားပြီးပါပြီ။ ဆေးကျောင်းသားတစ်ဦးအတွက် တစ်လကျောင်းစရိတ်ကျပ်ငါးသောင်းဆိုတာ မလုံလောက်ပေမယ့်လည်း ကျွန်တော်တို့ဖောင်ဒေးရှင်းက တတ်နိုင်သလောက်ထောက်ပံ့ပေးဖို့ရည်ရွယ်တာပါ"ဟု ပြေတီဦးဖောင်ဒေးရှင်း၏ လှုပ်ရှားမှုအကြောင်းကို တည်ထောင်သူ အဖွဲ့ဝင်တစ်ဦးကပြောပြသည်။

ရဲတိုက်ဖောင်ဒေးရှင်းကို မင်းသားရဲတိုက်မှ၎င်း၏အနုပညာဝင်ငွေကျပ်သိန်းခုနစ်ဆယ်ဖြင့် မတည်တည်ထောင်ခဲ့ပြီး ဖေဖော်ဝါရီလ ၁ ရက်က ကုန်သည်ကြီးများဟိုတယ်တွင်

စာ(၄၉)သို့

7 DAY NEWS JOURNAL
Vol.9, No.47 • FEBRUARY 17, 2011

# နာမည်ကျော်အိန္ဒိယမင်းသား မြန်မာနိုင်ငံသို့ နှစ်ရက်ကြာလာရောက်

**အေးသူစံ**

**ရန်ကုန်၊ ဖေဖော်ဝါရီ- ၇**

အိန္ဒိယနိုင်ငံမှနာမည်ကြီးမင်းသား ရမ်ချာရမ်တေ့ဂျ်သည် မြန်မာနိုင်ငံသို့ နှစ်ရက်ကြာ လာရောက်ခဲ့သည်။

တလဂူလူမျိုး၊ အသက် ၂၅ နှစ်ခန့်ရှိ မင်းသားသည် မြန်မာနိုင်ငံလုံးဆိုင်ရာ အန်ဒရာဟိန္ဒူအဖွဲ့ချုပ်၏ နှစ်တစ်ရာပြည့် အထိမ်းအမှတ်ပွဲသို့ အဖွဲ့ချုပ်၏ ဖိတ်ကြားချက်အရ လာရောက်ခြင်းဖြစ်သည်။ ထိုအဖွဲ့ချုပ်က အမျိုးသားသွေးလှူဘဏ်၌သွေးလှူခြင်းကို တက်ရောက်ဂုဏ်ပြုသည့်အပြင်ဖေဖော်ဝါရီလ ၇ ရက်နေ့နေ့လယ်ပိုင်းကမြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံးတွင် မြန်မာရုပ်ရှင်အနုပညာရှင်များနှင့်တွေ့ဆုံခဲ့သည်။ ယင်းနေ့ညပိုင်းတွင် အဖွဲ့ချုပ်၏ ညစာစားပွဲတက်ရောက်ခဲ့ကာမြန်မာဘာသာစကားဖြင့် 'အားလုံးမင်္ဂလာပါ'ဟုနှုတ်ခွန်းဆက်သခဲ့သည်။

"အဖေတောင်းဆိုလို့ ဒီနေ့ဒီကိုကျွန်တော် ရောက်လာခဲ့ပါတယ်။ မြန်မာပြည်ကိုရောက်တော့ အန်ဒရာလူမျိုးတွေဒီလောက်အများကြီးရှိတာကိုကြည့်ပြီးဒီနိုင်ငံကိုငါဘာလို့အစောကြီးတည်းကမသိရတာလဲလို့ စိတ်မကောင်း ဖြစ်မိတယ်။ ခုလို မြန်မာနိုင်ငံမှာ အသင်းအနေနဲ့နှစ်တစ်ရာ ကြာကြာထိရှိနေလို့ ဝမ်းသာတယ်။ နောက်ဆို ဒီနိုင်ငံမှာ တလဂူရုပ်ရှင်တွေ ရုံတင်နိုင်အောင် နှစ်နိုင်ငံ ပူးပေါင်းနိုင်ဖို့ ကြိုးစားပေးပါ့မယ်။ နောင်နှစ်တွေမှာ မိသားစုနဲ့အတူထပ်လာဦးမယ်လို့ ကတိပြုပါတယ်"ဟု မင်းသားကတလဂူဘာသာစကားဖြင့် ပြောကြားခဲ့သည်။


ဓာတ်ပုံ - ဂျေမောင်မောင်(အမရပူရ)

မင်းသား၏ ဖခင်မှာလည်း နာမည်ကြီးရုပ်ရှင်မင်းသားချိုင်ရမ်ဂျီးဗီးဖြစ်ပြီး ၄င်း၏ ဖခင်အမည်ဖြင့် ဖောင်ဒေးရှင်းတစ်ခုကိုလည်း အိန္ဒိယနိုင်ငံတွင် ထူထောင်ထားသည်။ တစ်နှစ်တစ်ကားသာရိုက်ကူးသည့် မင်းသားမှာ ယခုအချိန်အထိ ရုပ်ရှင်ကားသုံးကား ရုံတင်ပြီးဖြစ်သည်။ ထိုဇာတ်ကားများမှာ Cheearu-ta, Megadheera နှင့် Orange တို့ဖြစ်သည်။ Megadheera မှာ အထူးအောင်မြင်ခဲ့ပြီး နောက်ဆုံးထွက်ရှိထားသော Orange ဇာတ်ကားမှာ အိန္ဒိယနိုင်ငံတွင် အောင်မြင်မှုရရှိနေကြောင်း မြန်မာနိုင်ငံလုံးဆိုင်ရာ ဟိန္ဒူအဖွဲ့ချုပ်မှ ဦးမောင်သိန်းကပြောသည်။ အိန္ဒိယမင်းသားသည် ဖေဖော်ဝါရီလ၈ ရက်နေ့ ည ၇နာရီ၄၀မိနစ်တွင် TG လေကြောင်း ဖြင့်ပင် ဘန်ကောက်မြို့မှတစ်ဆင့် အိန္ဒိယနိုင်ငံ ဘုံဘေမြို့သို့ ပြန်သွားသည်။






7DAY NEWS JOURNAL
Vol.9, No.47 • FEBRUARY 17, 2011



# စာ-၄၇၊ လက်တွေ့အသက်ဝင်လာသော မင်းသားနှစ်ဦး၏ ဖောင်ဒေးရှင်း မှ

ဖောင်ဒေးရှင်း မိတ်ဆက်ပွဲကျင်းပရာ စေတနာရှင်များ ထည့်ဝင်လှူဒါန်းသည့် အလှူငွေများကြောင့် စုစုပေါင်း ကျပ်သိန်းတစ်ရာကျော် ရရှိထားပြီးဖြစ်သည်။ "သဘာဝဘေး အန္တရာယ်ကျရောက်တဲ့ အရေးပေါ်အခြေအနေတုံ့ပြန်မှုတွေအတွက် ကူညီကယ်ဆယ်ဖို့၊ဒီဖောင်ဒေးရှင်းကိုတည်ထောင်တာပါ"ဟု ရဲတိုက်ဖောင်ဒေးရှင်း၏ ဖေ့စ်ဘွတ်စ်တွင် ဖော်ပြထားသည်။ ရဲတိုက်ဖောင်ဒေးရှင်း၏ အဓိကလုပ်ကိုင်သွားမည့် လုပ်ငန်းလေးခုမှာ ၁။ သဘာဝဘေးအန္တရာယ်ကျရောက်သော အရပ်ဒေသများသို့ ချက်ချင်းသွားရောက်၍ လိုအပ်သည့် အရေးပေါ်အကူအညီများကို တုံ့ပြန်ဆောင်ရွက်ပေးမှု၊ ၂။ လေလွင့်ကလေးသူငယ်များ အတွက် ပြန်လည်ထူထောင်ရေး လုပ်ငန်းများ ၃။ ပညာရေးနှင့် ၄။ ကျန်းမာရေးစောင့်ရှောက်မှုတို့ ဖြစ်သည်။ ကဏ္ဍတစ်ခုချင်းစီအတွက် ကူညီဆောင်ရွက်ပေးမည့်စိတ်ဝင်စားသူ ဗော်လန်တီယာများလည်း ဆက်သွယ်နိုင်ကြောင်း ဖေ့စ်ဘွတ်ခ်စာမျက်နှာတွင် ရဲတိုက်က ရေးသားထားသည်။

ဖောင်ဒေးရှင်းအနေနဲ့ ပထမဆုံးအနေနဲ့ လှူဒါန်းမယ့်ပုံစံနဲ့ နေရာဒေသ၊ အကြောင်းအရာကို လတ်တလောမှာရှာဖွေနေတာမရှိပါဘူး။ ဖောင်ဒေးရှင်းကနေ လှူဒါန်းသွားမယ့်အစီအစဉ်တွေနဲ့ ပတ်သက်ပြီး ပထမဆုံးအကြိမ် အစည်းအဝေးထိုင်ပြီးပါပြီ။ ဒုတိယတစ်ကြိမ် အစည်းအဝေးထိုင်ဖို့ ပြင်ဆင်နေပါတယ်" ဟု ဦးမျိုးဇော်ကပြောသည်။

**ဖောင်ဒေးရှင်းတွေကို ဘယ်လိုဆက်သွယ်နိုင်ကြမလဲ**

ပြေတီဦးပညာရေးဖောင်ဒေးရှင်းအတွက် တည်ထောင်သူအဖွဲ့ဝင်များဖြစ်ကြသည့် အလင်းတန်းဂျာနယ်၊ လျှပ်တစ်ပြက်ဂျာနယ်တို့မှတစ်ဆင့် ဆက်သွယ်နိုင်ပြီး ငွေလှူဒါန်းရန်ဖြစ်စေ၊ ပညာရေးအတွက် ထောက်ပံ့ကြေးလျှောက်ထားရန်ဖြစ်စေဆက်သွယ်နိုင်သည်။

ရဲတိုက်ဖောင်ဒေးရှင်း အတွက် အလှူငွေများ ဆက်သွယ်လှူဒါန်းလိုလျှင်ဖြစ်စေ၊ အကူအညီ တင်ပြတောင်းခံလိုလျှင်ဖြစ်စေ ဆက်သွယ်နိုင်သူများမှာ ဆာတိုရီ ရုပ်ရှင်ထုတ်လုပ်ရေး ဖုန်း-၃၈၇-၈၇၉၊ ၃၈၁၉၀၄ ဖြစ်သည်။ လူပုဂ္ဂိုလ်များအနေဖြင့် ဖောင်ဒေးရှင်း၏ ဘဏ္ဍာထိန်းအဖွဲ့များဖြစ်သည့် ဦးစိုးဝင်းငြိမ်း၊ ဆရာကျော်ရင်မြင့်၊ ဓာတ်ပုံဦးမျိုးမြင့်ဆွေတို့ထံသို့လည်း ဆက်သွယ်လှူဒါန်းနိုင်ပြီး ရုပ်ရှင်မင်းသမီး မို့မို့မြင့်အောင်ထံသို့လည်း ဆက်သွယ်နိုင်ကြောင်းသိရသည်။ ဆက်လက်ပြီး အလှူငွေလက်ခံနိုင်သည့် လူများ၏စာရင်းကိုဖောင်ဒေးရှင်းမှ အသေးစိတ် အတိအကျထုတ်ပြန်မည်ဟု ရဲတိုက်ဖောင်ဒေးရှင်း၏ အဖွဲ့ဝင်ဖြစ်သူ ဒါရိုက်တာရီဇော်ကပြောသည်။

**ဖောင်ဒေးရှင်းတည်ထောင်ကြသူတို့ရဲ့ရင်တွင်းစကား**

ဂျိုလီပစ် ဖောင်ဒေးရှင်း၊ ဘီလ်အန်မန်လင်ဒါဂိတ်ဖောင်ဒေးရှင်း၊ကလင်တန်ဖောင်ဒေးရှင်း၊ ချာရာဒေးဗီး ဖောင်ဒေးရှင်း စသဖြင့် ပြည်ပနိုင်ငံများတွင် နာမည်ကျော် အနုပညာရှင်၊ စီးပွားရေး လုပ်ငန်းရှင်များက လူမှုအကျိုးပြုလုပ်ငန်းများကို မိမိတို့ရရှိထားသော ငွေကြေးအကျိုးအမြတ်များထဲမှသိန်းသန်းချီသော ငွေပမာဏများဖြင့် ရင်းနှီးမြှုပ်နှံပြီး စေတနာထက်သန်စွာ လုပ်ကိုင်နေကြသည်။ ဖောင်ဒေးရှင်းအမည်မခံသော်လည်း နှစ်စဉ်လစဉ်ပင် လူမှုရေး လုပ်ငန်းများကို ငွေကြေးလှူဒါန်းနေသော နာမည်ကျော် ကြယ်ပွင့်များစွာရှိကြသည်။ အချို့က မိမိ၏တစ်နှစ်စာဝင်ငွေပေါ်မှ ရာခိုင်နှုန်းဖြင့် ပြန်လည်လှူဒါန်းကြသည်။ မြန်မာနိုင်ငံတွင်တော့ ဖောင်ဒေးရှင်းအမည်ခံပြီး ရေရှည်အကျိုးပြုလုပ်ငန်းကို ရဲရဲဝံ့ဝံ့ လုပ်ကိုင်ဝံ့သူ အနုပညာရှင်နှစ်ဦး ရှိလာပြီဖြစ်သည်။ ဖောင်ဒေးရှင်း တစ်ခုထူထောင်ခြင်းသည် တော်ရုံ စိတ်စေတနာဖြင့် လုပ်ကိုင်စွမ်းနိုင်ခြင်းမဟုတ်ပေ။ အကျိုးပြုလုပ်ငန်းတွေကို ထိရောက်စွာလုပ်ကိုင်နိုင်ရန် စီမံခန့်ခွဲမှုလိုအပ်သလို ဖောင်ဒေးရှင်းကြီးရေရှည်တည်တံ့ခိုင်မြဲရန်တည်ဆောက်သွားရမည့်စီမံကိန်းများကလည်းအရေးကြီးသည်။ "ကျွန်တော့်အသက် ၃၂ ကျော်လာလို့ မြန်မာတွေအယူအဆအရ ၃၃ နှစ်ထဲရောက်လာပါပြီ။ ပုံမှန်လူ့သက်တမ်းအရဆိုရင် ကျွန်တော်တို့ လောကကြီးမှာ နေဖို့ သက်တမ်းတစ်ဝက်လောက်ပဲကျန်ပါတော့တယ်။ အပြင်လောကမှာ မပြည့်စုံတဲ့၊ ဒုက္ခရောက်နေတဲ့သူတွေကမ္ဘာကြီးပေါ်မှာ အများကြီးပါ။ အဲဒီလူတွေကို ကူညီပေးတာကလည်း အဓိပ္ပာယ် ရှိတဲ့ အလုပ်တစ်ခုလို့ ကျွန်တော် အရင်တည်းက ခံယူထားပါတယ်။ ဒီအချိန်မှာ ကျွန်တော်လုပ်ချင်တဲ့ ပရဟိတလုပ်ငန်းတွေကို လုပ်ခွင့်ရလာတဲ့အတွက် အရမ်းဝမ်းသာပါတယ်။ဒီလုပ်ငန်းကို ဆထက်ထမ်းပိုးတိုးလို့ တတ်နိုင်သလောက် ကိုယ်စွမ်းဉာဏ်စွမ်း ရှိသရွေ့လုပ်သွားမှာပါ" ဟု ပြေတီဦးက ဖောင်ဒေးရှင်းတည်ထောင်ရခြင်း အကြောင်းကို ပြောသည်။

"ကျွန်တော်တို့က ရဲတိုက်လုပ်ချင်တာကို ဝိုင်းပြီး အကောင်အထည်ဖော်ပေးတာပါ။ ရဲတိုက်ကတော့ ဖောင်ဒါပါ။ ကျွန်တော်တို့က အဖွဲ့ဝင်တွေပါ။ ဖောင်ဒေးရှင်းတည်ထောင်ရတဲ့ ရည်ရွယ်ချက်အနေနဲ့ကတော့ ကျွန်တော့်ခံစားချက်ကို ပြောရရင် လိုအပ်နေတဲ့နေရာတွေကို ကိုယ်တတ်နိုင်တဲ့အင်အားနဲ့ဖြည့်ဆည်းဖို့ ကြိုးစားတဲ့အခါ အတွေ့အကြုံအရ အရေးပေါ်မှုလုပ်တွေအပေါ်



အားမလိုအားမရဖြစ်မိတယ်။ အဲဒီအခါ ဟိုအပြစ်တင်ဒီအပြစ်တင် လုပ်မယ့်အစား ထိုင်ပြီး နှစ်ပေါင်းများစွာဒေါသပွားနေခဲ့ရတာတွေ ဖြစ်မနေဘဲနဲ့ ကြိုတင်ပြင်ဆင်ထားမယ်ဆိုရင်အရေးကြုံတဲ့အခါ စနစ်ကျတဲ့ ကူညီမှုမျိုးပေးနိုင်မယ်ဆိုတဲ့ရည်ရွယ်ချက်လေးနဲ့ လုပ်ဖြစ်တာပါ" ဟု ရဲတိုက်ဖောင်ဒေးရှင်းမှ ဦးမျိုးဇော်က ပြောသည်။

**ဖောင်ဒေးရှင်းတည်မြဲဖို့ ရေရှည်စီးပွားရေးတွေကို ဘယ်လိုထူထောင်ကြမလဲ**

"ပြေတီဦးဖောင်ဒေးရှင်း အတွက် ရန်ပုံငွေရအောင်လို့ ကျောင်းသုံး ဗလာစာအုပ်တွေထုတ်လုပ်ရောင်းချဖို့ စာအုပ်ထုတ်ဝေသူတစ်ဦးက ကျပ်သိန်းငါးဆယ်လှူထားပါတယ်။ ကျွန်တော်တို့ဖောင်ဒါတွေအနေနဲ့လည်း အငြိမ့်တွေ၊ ပြဇာတ်တွေ ကဖို့ စီစဉ်ထားပါတယ်။ ဒါပေမဲ့ အငြိမ့်အစီအစဉ်မဖြစ်လိုက်ဘူးပေါ့။ ဒီကြားထဲမှာ ဖောင်ဒါတည်ထောင်သူ ပြေတီဦးက အူဝဲနဲ့မင်္ဂလာပွဲကို MRTV4 ရဲ့ ကူညီမှုနဲ့ ကြော်ငြာရှင်ရသွားခဲ့ပြီး အလှူခံပေးခဲ့လို့ ငွေပင်ငွေရင်း တော်တော်တိုးပွားလာပါတယ်" ဟု ပြေတီဦးဖောင်ဒေးရှင်းအတွက် ရန်ပုံငွေစီစဉ်ထားမှုများကို အဖွဲ့ဝင်တစ်ဦးကပြောသည်။ ရဲတိုက်ဖောင်ဒေးရှင်းက "ဖောင်ဒေးရှင်း ရေရှည်တည်တံ့ခိုင်မြဲဖို့အတွက် စီးပွားရေးလုပ်ငန်းစီစဉ်ထားတာတော့ မရှိသေးပါဘူး။ ရဲတိုက်အနေနဲ့တော့ သူ့ရဲ့ အနုပညာစွမ်းအားကို အရင်းအနှီးပြုပြီးတော့ ရန်ပုံငွေရှာမယ့် အစီအစဉ်တွေလုပ်ဖို့ရှိပါတယ်။ ဥပမာ ပရိုဂရမ် တစ်ခုခုတင်ဆက်ဖို့ ရှိပါတယ်။ နောက်ပြီး အနယ်နယ် အရပ်ရပ်က အလှူရှင်တွေကို အလှူခံဖို့ရှိပါတယ်" ဟု ဖောင်ဒေးရှင်း၏ အဖွဲ့ဝင်တစ်ဦးကပြောပြသည်။

ပြေတီဦးနှင့် ရဲတိုက်တို့ကဲ့သို့ ဖောင်ဒေးရှင်းအမည်ခံ လှုပ်ရှားသူများအပြင် ဖောင်ဒေးရှင်း အမည်မခံဘဲ လှူဒါန်းနေကြသော နာမည်ကျော်များထဲမှ မကြာသေးမီက အကယ်ဒမီဆုရှင်ဖြစ်သွားသည့် မင်းသားနေတိုးကလည်း ငွေကျပ်သိန်း ၆၀ ကျော် ကို ဇီဝိတဒါနသံဃာ့ဆေးရုံ၊ နှင်းဆီကုန်းဘိုးဘွားရိပ်သာ၊ ပရဟိတကျောင်း စသည့်နေရာများသို့ ဇန်နဝါရီလကုန်ပိုင်းက လှူဒါန်းခဲ့သည်။ ထို့ပြင်အလှူအတန်း ရက်ရောပြီး အလှူရေစက် လက်နဲ့မကွာရှိတတ်ခြင်းကြောင့် နိုင်ငံတော်က ပင် ဘွဲ့တံဆိပ်အပ်နှင်းခြင်းခံထားရသူ မင်းသား ခန့်စည်သူလည်း ရှိသေးသည်။ ပရိသတ် ပေးသည့် မေတ္တာနှင့်ငွေကြေးကို အကျိုးရှိစွာ၊ မှုတမှန်ကန်စွာ ပြန်လည်အသုံးချတတ်သော အထက်ပါမင်းသားများကဲ့သို့ အလှူရှင်များ၊ ဖောင်ဒါများတိုးပွားလာခြင်းက မြန်မာ့အနုပညာလောက အပေါ် အများပြည်သူ၏ ချစ်ခင် နှစ်လိုမှုများ ပိုမိုပေါက်ဖွားလာစေမည်မှာ မလွဲပင်။

## စာ – ၄၇၊ ရေသန့်ဘူး၊ လေသန့်ဆေးဘူးတို့နှင့် တီးခတ်ထားသည့် သီချင်းတစ်ပုဒ်တည်းပါရည်းစားစာအခွေထွက်မည် မှ

လေသန့်စင်ဆေး (Air Fresher)၊ စည်းနဲ့ဝါး၊ လင်း ကွင်း၊ ချင်းရိုးရာဗုံ၊ လက်ခုပ်သံစသည့် Music Gear များဖြင့် သီချင်းကို ဖန်တီးတီးခတ်ထားသည်။

" ဒီသီချင်းထဲမှာပါတဲ့ ပစ္စည်းတွေရဲ့အသံအစုံကိုရဖို့ အသံဖမ်းရတာ သုံးလလောက်ကြာပါတယ်။ ချင်းဗုံကို ဒရမ်နေရာမှာ ဘော်ဒီအဖြစ်ထားပြီးတီးတာပါ။ Air Fresher ကတော့ သီချင်းဆုံးခါနီးကျမှ ရှူးရှူးအသံလေး သုံးထားတာပါ။ စည်းနဲ့ဝါးကို အင်ထရိုမှာ တစ်ချက်၊ ဘော်ဒီမှာတစ်ချက် ထည့်ထားပါတယ်။ ဝါးကိုလည်း သီချင်းအဆုံးပိုင်း (Ending) ကျမှ 44 အပြည့်ယူပြီး တီးထည့်ထားတာ။ Gear တွေ အားလုံးကို Ending မှာ စုပြုံပြီးထည့်ထားတာ။ ဒီသီချင်းကို အရင်ဆုံးစတီးတုန်းက ဟော်လိုတစ်လုံးတည်းနဲ့ပဲ။ နောက်မှ ဗုံထပ်ထည့်လိုက်တာ။ နောက်မှ အိုင်ဒီယာထပ်ရတာပါ။ ကိုယ့်ရှေ့မှာ ပစ္စည်းတစ်ခုပြုတ် ကျတဲ့အသံ၊ ဘယ်ဘူးကို တီးရင် ဘယ်အသံမြည်တယ်ဆိုတာကအစ အဲဒါလေးတွေမှတ်ထားပြီး စုထားပြီးပြန်သုံးကြည့်လိုက်တာ" ဟု The Newspaper အဖွဲ့မှ အဆိုတော် ဒီက သီချင်းဖန်တီးထားပုံကို ပြောပြသည်။ ယင်းစီးရီးကို လသာတေးသံသွင်းမှ ဖေဖော်ဝါရီလ ၁၀ ရက်နေ့က ဖြန့်ချိခဲ့ပြီး နူးညံ့သော သီချင်းစာသားများကြောင့် ဗယ်လင်တိုင်းအမှတ်တရလက်ဆောင် ပေးလိုသူများအတွက် အဆင်ပြေသောစီးရီးလေးလည်းဖြစ်သည်။


# TOP 10 MOVIES IN AMERICA

**ယခုတစ်ပတ်အတွင်း အမေရိကန်တွင်ဝင်ငွေအကောင်းဆုံး ရုပ်ရှင်ကားများ**

| စဉ် | ဇာတ်ကားအမည် | ဖြန့်ချိသည့်ကုမ္ပဏီ | စုစုပေါင်းဝင်ငွေ (ကန်ဒေါ်လာ) | ပြသသည့် ရက်သတ္တပတ်ပေါင်း |
|---|---|---|---|---|
| ၁။ | The Roommate | Screen Gems | ၁၅,၀၀၂,၆၃၅ | ၁ |
| ၂။ | Sanctum | N/A | ၉,၄၄၇,၉၃၀ | ၁ |
| ၃။ | No Strings Attached | Paramount Pictures | ၅၁,၃၉၂,၇၀၅ | ၃ |
| ၄။ | The King's Speech | The Weinstein Company | ၈၃,၅၂၇,၅၄၄ | ၁၁ |
| ၅။ | The Green Hornet | Sony Pic: | ၈၇,၀၈၈,၆၂၂ | ၄ |
| ၆။ | The Rite | Warner Bros: | ၂၃,၇၀၁,၅၃၄ | ၂ |
| ၇။ | The Mechanic | CBS Films | ၂၀,၀၀၅,၅၁၉ | ၂ |
| ၈။ | True Grit | Paramount Pic: | ၁၅၄,၉၀၂,၅၄၁ | ၇ |
| ၉။ | Black Swan | Fox Searchlight | ၉၅,၈၆၀,၇၀၈ | ၁၀ |
| ၁၀။ | The Dilemma | Univeristy Pic: | ၄၅,၃၇၄,၀၂၅ | ၄ |

# Movie Review

## Vanishing on 7th Street



မည်သည့်အကြောင်းကြောင့်မှန်းမသိ အမှောင်ထုကြီးဖုံးလွှမ်းသွားသောအခါ ဒက်ထရိုက်မြို့ကြီးမှာ မှောင်နှင့်မည်းမည်းဖြစ်ကျန်ခဲ့သည်။ နေလုံးကြီးပြူထွက်လာသောအခါ မြို့ကြီးပေါ်တွင် လူအနည်းငယ်သာ ကျန်ရှိပါတော့သည်။ လူမရှိသော အဝတ်ပုံများ၊ ကားများနှင့် သရဲ၊ တစ္ဆေကဲ့သို့ အရိပ်များ ဖုံးလွှမ်းနေသော မြို့တွင် ကျန်ရှိသူ လူစိမ်းများမှာ နံ့ချာစုတ်ပြတ်နေသည့် အရက်ဘားတစ်ခုတွင်စုဝေးမိကြသည်။ ဓာတ်ဆီနှင့်လည်ပတ်သည့် ဂျင်နရေတာနှင့် အစားအသောက်များ စုဆောင်းထားသည့် ၎င်းဆိုင်လေးသာ လူသူကင်းမဲ့နေသည့် မြို့ကြီး၏ နောက်ဆုံးနားခိုစရာနေရာဖြစ်သည်။ အမှောင်ထုကိုယ်တိုင်က ရန်သူကြီးဖြစ်နေရာ ကျန်ရှိနေသူများ အသက်ရှင်ကျန်ရန်မည်သို့ ကြိုးစားကြမည်ဆိုသည်မှာ . . .

ထိတ်လန့်တုန်လှုပ်စရာ ဇာတ်ကားအား Brad Anderson ကရိုက်ကူးထားပြီး Hayden Christensen, Thandie Newton တို့ ဦးဆောင်ပါဝင်ထားကာ Magnet Releasing ကဖေဖော်ဝါရီလ ၁၈ ရက်တွင် ဖြန့်ချိမည်ဖြစ်သည်။

# လန်ဒန်အိုလံပစ် ခြေစစ်ပွဲအတွက် လေ့ကျင့်နေသော မြန်မာအိုလံပစ်အသင်းသားများကို စည်းကမ်းချက်များ တင်းကြပ်ထား

**ဗိုလ်ဗိုလ်ဝင်း**

ရန်ကုန်၊ ဖေဖော်ဝါရီ - ၁၂

၂၀၁၂ လန်ဒန်အိုလံပစ် ခြေစစ်ပွဲတွင် ယှဉ်ပြိုင်ကစားရန် စခန်းသွင်းလေ့ကျင့်နေသော မြန်မာအိုလံပစ်ဘောလုံးအသင်းသားများအား မြန်မာအိုလံပစ်အသင်းနည်းပြချုပ် ဇီဗာဒီနိုဗစ်က အသင်းသားများလိုက်နာရန်တင်းကျပ်သော စည်းကမ်းချက်များ ထုတ်ပြန်ထားပြီး လေ့ကျင့်ချိန် တစ်မိနစ်နောက်ကျလျှင် ဒေါ်လာ ၂၀ ပေးဆောင်ရန်သတ်မှတ်ထားကြောင်း သတင်းရရှိသည်။

လန်ဒန်အိုလံပစ်ပြိုင်ပွဲ ပထမအဆင့်ခြေစစ်ပွဲအဖြစ် မြန်မာအိုလံပစ်ဘောလုံးအသင်းသည် အိန္ဒိယအသင်းနှင့် ဖေဖော်ဝါရီလ ၂၃ ရက်တွင် အိန္ဒိယနိုင်ငံသို့ အဝေးကွင်းအဖြစ် သွားရောက်ယှဉ်ပြိုင်ကစားရမည်ဖြစ်ပြီး မတ်လ ၉ ရက်တွင် ရန်ကုန်မြို့၌ အိမ်ကွင်းအဖြစ် ယှဉ်ပြိုင်ကစားရမည်ဖြစ်သည်။

မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်သည် မြန်မာအိုလံပစ်အသင်းအားကိုင်တွယ်ရန် မကြာသေးမီကခန့်အပ်ထားသော ဆားဘီးယားလူမျိုး မီလန်ဇီဗာဒီနိုဗစ်အား တာဝန်ပေးထားပြီး ယခုလ ၈ ရက်မှစတင်ကာ ပဏာမလူငယ်လက်ရွေးစင် ၃၀ ဦးဖြင့်စတင်စခန်းသွင်းလေ့ကျင့်လျက်ရှိကြောင်း သိရသည်။

“နည်းပြချုပ်က သူ့အသင်းသားအားလုံးကို မည်သည့်ကိစ္စမဆိုသတ်မှတ်ချိန်ထက် တစ်မိနစ်နောက်ကျရင် ဒေါ်လာ ၂၀၊ နှစ်မိနစ်နောက်ကျရင် ဒေါ်လာ ၅၀၊ သုံးခါပျက်ကွက်ရင်တော့ အသင်းမှထုတ်ပယ်ပစ်မယ်လို့ အတိအကျစည်းကမ်းထုတ်ပြန်ထားပါတယ်” ဟု MFF မှတာဝန်ရှိသူတစ်ဦးက ပြောသည်။

၎င်းထုတ်ပြန်ထားသည့် စည်းကမ်းချက်များတွင် အသင်းခေါင်းဆောင်မှ ကစားသမားများ၏လက်ကိုင်ဖုန်းများကို ည ၉ နာရီတွင် လိုက်သိမ်းရန်၊ အဆောင်တွင်နေစဉ်တစ်လျှောက် ဘောလုံးအကြောင်းမှ လွဲ၍တခြားအကြောင်းမပြောရန်၊ စခန်းသွင်းလေ့ကျင့်နေချိန်အတွင်း မိတ်ဆွေ၊ ဆွေမျိုးသားချင်းများနှင့် မတွေ့ရန်စသည့်အချက်များလည်း ပါဝင်ကြောင်း MFF မှ တာဝန်ရှိသူကပြောသည်။



# အာရှဘောလုံးအဖွဲ့ချုပ်ဖိတ်ခေါ်ဖလား ဒုတိယအဆင့်ခြေစစ်ပွဲများ အိမ်ရှင်အဖြစ် မြန်မာလက်ခံကျင်းပခွင့်ရ

**ဗိုလ်ဗိုလ်ဝင်း**

ရန်ကုန်၊ ဖေဖော်ဝါရီ - ၁၁

လာမည့် မတ်လတွင် ကျင်းပမည့် အာရှဘောလုံးအဖွဲ့ချုပ် ဖိတ်ခေါ်ဖလား (AFC Challenge Cup 2012) ဒုတိယအဆင့် ခြေစစ်ပွဲစဉ်များကို မြန်မာနိုင်ငံက အိမ်ရှင်အဖြစ် လက်ခံကျင်းပခွင့်ရရှိခဲ့ကြောင်း သတင်းရရှိသည်။

“အာရှဘောလုံးအဖွဲ့ချုပ် (AFC) ကမြန်မာနိုင်ငံမှာ အိမ်ရှင်အဖြစ်လက်ခံကျင်းပခွင့်ပြုကြောင်း ကိုယခုလ ၁၀ ရက်က တရားဝင်အကြောင်းပြန်ကြားချက်ရရှိပါတယ်” ဟုမြန်မာနိုင်ငံ ဘောလုံးအဖွဲ့ချုပ် (MFF) မှတာဝန်ရှိသူကပြောသည်။

ဒုတိယအဆင့် ခြေစစ်ပွဲအတွက် အုပ်စုမဲခွဲမှုအရ မြန်မာအသင်းသည် အုပ်စု (က) ၌ဘင်္ဂလားဒေ့ရှ်၊ ပါလက်စတိုင်း၊ ဖိလစ်ပိုင် (သို့မဟုတ်) မွန်ဂိုလီးယားတို့ ပါဝင်ပြီး အဆိုပါအုပ်စုခြေစစ်ပွဲအားမတ်လ ၂၁ ရက်မှ ၂၅ ရက်အထိ ရန်ကုန်မြို့၊ သုဝဏ္ဏကွင်းတွင်ကျင်းပမည် ဖြစ်သည်။

အာရှဘောလုံးအဖွဲ့ချုပ်သည် လာမည့် ၂၀၁၂ AFC Challenge ပြိုင်ပွဲကို လက်ရှိချန်ပီယံ မြောက်ကိုရီးယားအသင်းအပါအဝင် အသင်းများအားလုံး ခြေစစ်ပွဲကစားစေမည်ဖြစ်ပြီး ဆီဒင်သတ်မှတ်ချက်အရ အောက်ဆုံးရှစ်သင်းဖြစ်သည့် မကာအို၊ တရုတ် (တိုင်ပေ)၊ ဘူတန်၊ မွန်ဂိုးလီးယား၊ အာဖဂန်နစ္စတန်၊ ကမ္ဘောဒီးယား၊ ဖိလစ်ပိုင်နှင့် လာအိုအသင်းများသည် ပထမအဆင့် ခြေစစ်ပွဲမှ စတင်ကစားရခြင်း ဖြစ်သည်။

ပထမအဆင့် ခြေစစ်ပွဲ (ရှုံးထွက်) ပထမအကျော့ပွဲစဉ်များကို ဖေဖော်ဝါရီလ (၉၊ ၁၀) ရက်များကစတင်ယှဉ်ပြိုင်ခဲ့ပြီး ဒုတိယအကျော့ပွဲစဉ်များကို ဖေဖော်ဝါရီလ (၁၅၊ ၁၆) ရက်များတွင် ဆက်လက်ယှဉ်ပြိုင်ကြမည် ဖြစ်သည်။

လက်ရွေးစင်အသင်းကြီးများ ပါဝင်ယှဉ်ပြိုင်ကြသည့် အဆိုပါပြိုင်ပွဲ၌ မြန်မာအသင်းသည် ပြီးခဲ့သည့် ၂၀၀၈ နှင့် ၂၀၁၀ ပြိုင်ပွဲများတွင် စတုတ္ထနေရာ ရရှိခဲ့သည်။



# ဆီးဂိမ်းဝင်မည့် မြန်မာတာဝေးအပြေးသမားများအတွက် ဂျပန်နည်းပြကို ငှားရမ်း

ဗိုလ်ဗိုလ်ဝင်း

ရန်ကုန်၊ ဖေဖော်ဝါရီ-၉

လာမည့် ဆီးဂိမ်းပြိုင်ပွဲများတွင် မြန်မာတာဝေးအပြေးအားကစားသမားများ အောင်မြင်မှုရရှိစေရန် ရည်ရွယ်၍ ဂျပန်လူမျိုးတာဆေး အားကစားနည်းပြတစ်ဦးကို ငှားရမ်းခေါ်ယူလိုက်ပြီဖြစ်ကြောင်း မြန်မာနိုင်ငံ ပြေးခုန်ပစ်အဖွဲ့ချုပ်မှ သတင်းရရှိသည်။

အဆိုပါ နည်းပြဆရာမှာ ၁၉၉၇ ခုနှစ်မှ ၂၀၀၄ ခုနှစ်အထိ ဂျပန်ပြေးခုန်ပစ်အဖွဲ့ချုပ်တွင် လက်ရွေးစင်နည်းပြအဖြစ် တာဝန်ထမ်းဆောင်ခဲ့ဖူးသော Mr.Shinetsu Murao ဖြစ်ပြီး၊ ၎င်းသည် ၂၀၀၅ ခုနှစ်မှ ၂၀၀၈ ခုနှစ်အထိ ကိုရီးယားနိုင်ငံ Samsung Electtronic Athletics Club တွင်လည်း တာဝေးနည်းပြအဖြစ် တာဝန်ထမ်းဆောင်ခဲ့ဖူးကြောင်း သိရသည်။

ထို့အပြင် Mr.Shinetsu Murao သည် ၁၉၈၇ ခုနှစ်၊ ကမ္ဘာ့တံခွန်စိုက် မာရသွန်ပြိုင်ပွဲ ဒုတိယ၊ ၁၉၈၈ ခုနှစ်၊ အိုလံပစ် မာရသွန်ပြိုင်ပွဲ ဒုတိယ၊ ၁၉၈၉ ခုနှစ် လန်ဒန်မာရသွန်ပြိုင်ပွဲ ပထမ၊ ၁၉၉၀ ခုနှစ်၊ ဓနသဟာယနိုင်ငံများအားကစားပြိုင်ပွဲ မာရသွန်ပြိုင်ပွဲ ပထမ၊ ၁၉၉၀ ခုနှစ် နယူးယောက်မာရသွန်ပြိုင်ပွဲ ပထမဆုများရရှိခဲ့သူ Douglas Wakiihuri ၏ နည်းပြအဖြစ်လည်း ဆောင်ရွက်ခဲ့ဖူးကြောင်း သိရသည်။

အဆိုပါ နည်းပြဆရာနှင့် မြန်မာနိုင်ငံ ပြေးခုန်ပစ်အဖွဲ့ချုပ်တို့၏ စာချုပ်သက်တမ်းသည် လာမည့်မတ်လ ၁ ရက်မှ နိုဝင်ဘာ ၃၀ ရက်အထိဖြစ်ပြီး ၎င်း၏လစာမှာ တစ်လလျှင် ကန်ဒေါ်လာ ၂၀၀၀ ဖြစ်ကြောင်း သိရသည်။ လစာငွေအား အားကစားဝန်ကြီးဌာနနှင့် မြန်မာနိုင်ငံပြေးခုန်ပစ်အဖွဲ့ချုပ်တို့မှ ထက်ဝက်စီကျခံခြင်း ဖြစ်ကြောင်းလည်း သိရသည်။

၂၀၁၁ ဆီးဂိမ်းပြိုင်ပွဲဝင် မြန်မာတာဝေးအပြေးသမားများ၏ အောင်မြင်မှု အခြေအနေပေါ်မူတည်၍ ၎င်းနည်းပြဆရာအား ဆက်လက်ငှားရမ်းရန် စီစဉ်သွားမည်ဖြစ်ကြောင်း မြန်မာနိုင်ငံပြေးခုန်ပစ်အဖွဲ့ချုပ်မှ တာဝန်ရှိသူတစ်ဦးက ပြောသည်။



# ဂျကာတာဆီးဂိမ်းတွင် အားကစားနည်း ၂၄မျိုး မြန်မာဝင်ရောက်ယှဉ်ပြိုင်မည်

ဗိုလ်ဗိုလ်ဝင်း

ရန်ကုန်၊ ဖေဖော်ဝါရီ-၈

(၂၆)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲ (ဆီးဂိမ်း) တွင် မြန်မာနိုင်ငံမှ အားကစားနည်း ၂၄ မျိုးဝင်ရောက်ယှဉ်ပြိုင်ရန် ပြင်ဆင်လျက်ရှိကြောင်း သတင်းရရှိသည်။

အဆိုပါ ပြိုင်ပွဲကို လာမည့် နိုဝင်ဘာလ ၁၁ ရက်မှ ၂၉ ရက်အထိ အင်ဒိုနီးရှားနိုင်ငံ၊ ဂျကာတာမြို့နှင့် ပလမ်ဘန်းမြို့တို့တွင် ကျင်းပသွားမည်ဖြစ်သည်။ အားကစားနည်း ၄၄ မျိုး ထည့်သွင်းကျင်းပမည့် ၎င်းပြိုင်ပွဲတွင် မြန်မာနိုင်ငံမှ ရေကူး၊ ဒိုင်ဗင်၊ မြားပစ်၊ ပြေးခုန်ပစ်၊ ဘီလီယက်/စနုကာ၊ လက်ဝှေ့၊ ကနူးလှေလှော်၊ စစ်တုရင်၊ စက်ဘီး၊ ဘောလုံး၊ ဂေါက်သီး၊ ဂျူဒို၊ ကရာတေးဒို၊ ပန်ကျပ်ဆီလက်၊ အနောက်တိုင်းလှေလှော်၊ ရွက်လှေ၊ ပိုက်ကျော်ခြင်း၊ သေနတ်ပစ်၊ စားပွဲတင်တင်းနစ်၊ တိုက်ကွမ်ဒို၊ တင်းနစ်၊ ရိုးရာလှေ၊ ဘောလီဘော၊ အလေးမနှင့် ဝူရှူး အားကစားနည်း ၂၄ မျိုး ဝင်ရောက်ယှဉ်ပြိုင်ရန် ပြင်ဆင်လျက်ရှိကြောင်း မြန်မာနိုင်ငံအိုလံပစ်ကော်မတီတွဲဖက် အထွေထွေအတွင်းရေးမှူးဦးခင်မောင်လွင်က ပြောသည်။

"လာမယ့် ဆီးဂိမ်းပြိုင်ပွဲမှာ ဆုတံဆိပ်ရရှိနိုင်မယ့် အားကစားနည်းတွေ ဝင်ရောက်ယှဉ်ပြိုင်ဖို့ ရည်ရွယ်ထားတာပါ။ အားကစားနည်း ၂၄ မျိုးလျာထားပါတယ်။ သက်ဆိုင်ရာ အားကစားအဖွဲ့ချုပ်တွေကလည်း ပြင်ဆင်နေကြပါပြီ"ဟု ဦးခင်မောင်လွင်ကပြောသည်။

အားကစားနည်း ၂၅ မျိုး ထည့်သွင်းကျင်းပခဲ့သည့် ပြီးခဲ့သည့်(၂၅)ကြိမ်မြောက် လာအိုဆီးဂိမ်းပြိုင်ပွဲတွင် မြန်မာနိုင်ငံမှ အားကစားနည်း ၁၈ မျိုး ဝင်ရောက်ယှဉ်ပြိုင်ခဲ့ပြီး ရွှေတံဆိပ် ၁၂ ခု၊ ငွေတံဆိပ် ၂၂ ခု၊ ကြေးတံဆိပ် ၃၇ ခုရရှိခဲ့သည်။

# ဖီဖာဥက္ကဋ္ဌ မြန်မာနိုင်ငံသို့ လာရောက်မည်

ဗိုလ်ဗိုလ်ဝင်း

ရန်ကုန်၊ ဖေဖော်ဝါရီ - ၁၁

ကမ္ဘာ့ဘောလုံးအဖွဲ့ချုပ် (ဖီဖာ) ဥက္ကဋ္ဌသည် လာမည့် မတ်လအတွင်း မြန်မာနိုင်ငံသို့ နှစ်ရက်ကြာ လာရောက်မည်ဖြစ်ကြောင်း မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်မှ သတင်းရရှိသည်။

"MFF ဥက္ကဋ္ဌရဲ့ ဖိတ်ကြားချက်အရ ဖီဖာဥက္ကဋ္ဌအနေနဲ့လာမယ့် မတ်လ ၁၅ ရက်မှ ၁၆ ရက်အထိ မြန်မာနိုင်ငံကို လာရောက်လည်ပတ်မှာ ဖြစ်ကြောင်းကို ဖီဖာအဆင့်မြင့် တာဝန်ရှိသူတစ်ဦးက ယခုလ ၁၀ ရက်က တရားဝင်အကြောင်းပြန်ကြားလာပါတယ်"ဟု MFF မှတာဝန်ရှိသူတစ်ဦးက ပြောသည်။




ဖီဖာဥက္ကဋ္ဌအနေဖြင့် မြန်မာနိုင်ငံသို့ ပထမဆုံးအကြိမ် တရားဝင်လာရောက်လည်ပတ်မည့် အဆိုပါခရီးစဉ်တွင် မန္တလေးမြို့ရှိ မြန်မာ့ဘောလုံး အကယ်ဒမီကို တရားဝင် ဖွင့်လှစ်သွားမည်ဖြစ်ပြီး အချိန်ရပါက လာမည့် ၂၀၁၃ တွင်ဆီးဂိမ်းပြိုင်ပွဲအား လက်ခံကျင်းပမည့်နေပြည်တော်ရှိ ဘောလုံးကွင်းများကိုပါ သွားရောက်ကြည့်ရှုဖွယ်ရှိကြောင်း (MFF) မှတာဝန်ရှိသူကပြောသည်။

ဖီဖာဥက္ကဋ္ဌ မစ္စတာဘလတ္တာသည်ယခုခရီးစဉ်အတွင်း မြန်မာနိုင်ငံသို့ မလာမီ မတ်လ ၁၄ ရက်တွင်အရှေ့တီမောနိုင်ငံသို့ ဝင်ရောက်လည်ပတ်မည်ဖြစ်ပြီး မြန်မာနိုင်ငံမှ အပြန်မတ်လ ၁၇ ရက်တွင်လာအို၊ မတ်လ ၁၈ ရက်တွင် မလေးရှားနိုင်ငံများသို့ ဆက်လက်သွားရောက်လည်ပတ်မည် ဖြစ်ကြောင်း သတင်းရရှိသည်။

# ၁၅ ကီလိုမီတာ အပြေးပြိုင်ပွဲများ မြို့ကြီး ၁၂ မြို့တွင် ကျင်းပမည်

ဗိုလ်ဗိုလ်ဝင်း

ရန်ကုန်၊ ဖေဖော်ဝါရီ - ၉

အားကစားဝန်ကြီးဌာနနှင့် မြန်မာနိုင်ငံပြေးခုန်ပစ်အဖွဲ့ချုပ်တို့ ပူးပေါင်း၍ ၁၅ ကီလိုမီတာ အပြေးပြိုင်ပွဲများကို လာမည့် မတ်လအတွင်း မြို့ကြီး ၁၂မြို့တွင် ကျင်းပသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

အဆိုပါပြိုင်ပွဲများကို မတ်လ ၂၀ ရက်တွင် ရန် ကုန်၊ မန္တလေး၊ မကွေး၊ မြစ်ကြီး နား၊ ပုသိမ်၊ မုံရွာ၊ တောင်ကြီး၊ လားရှိုး၊ ဘားအံ၊ လွိုင်ကော်၊ ပဲခူး၊ မော်လမြိုင်မြို့၌ နံနက် ၆ နာရီမှ စတင်ကျင်းပသွားမည်ဖြစ်ကြောင်းသိရသည်။

ပြိုင်ပွဲကျင်းပရာ ဒေသတစ်ခုစီတွင် အမျိုးသား/အမျိုးသမီး ပထမမှ ဆဋ္ဌမအထိ ဆုကြေးငွေများချီးမြှင့်သွားမည်ဖြစ်ပြီး၊ ပထမဆုအဖြစ် ချီးမြှင့်မည့်ဆုကြေးမှာ ကျပ်တစ်သိန်းဖြစ်ကြောင်းသိရသည်။

ပြိုင်ပွဲဝင်လိုသူများသည် အသက် ၁၄ နှစ်မှ ၂၀ နှစ်ကြားနှင့် ပြိုင်ပွဲကျင်းပရာ ပြည်နယ်နှင့်တိုင်းဒေသကြီးအတွင်း အမှန်တကယ်နေထိုင်သူများဖြစ်ရမည်ဖြစ်ပြီး၊ မြန်မာနိုင်ငံ ပြေးခုန်ပစ်အဖွဲ့ချုပ်တွင် လက်ရှိစခန်းသွင်းလေ့ကျင့်ထားသူများ ပါဝင်ယှဉ်ပြိုင်ခွင့်မပြုကြောင်းသိရသည်။

ပြိုင်ပွဲဝင်လိုသည့် အားကစားသမားများသည် သက်ဆိုင်ရာ ပြည်နယ်နှင့်တိုင်းဒေသကြီးများရှိ အားကစားနှင့်ကာယပညာဦးစီးဌာနရုံးများ၌(ဝင်ကြေးအခမဲ့)ဖြင့် စာရင်းပေးသွင်းနိုင်ကြသည်။ ၎င်းပြိုင်ပွဲများမှ အလားအလာရှိသည့် လူငယ်မျိုး ဆက်သစ် အားကစားသမားများအား လာမည့်ဆီးဂိမ်းပြိုင်ပွဲများအတွက် ရည်ရွယ်ကာ စခန်းသွင်းလေ့ကျင့်ပေးသွားရန် ရည်ရွယ်ထားကြောင်း မြန်မာနိုင်ငံ ပြေးခုန်ပစ်အဖွဲ့ချုပ်မှ တာဝန်ရှိသူတစ်ဦးက ပြောသည်။

# အာဆီယံ ယူ-၁၉ ပြိုင်ပွဲကြောင့် မြန်မာလိဂ်ပွဲများ ကွင်းပြောင်းရွှေ့ကစားမည်

ဗိုလ်ဗိုလ်ဝင်း

ရန်ကုန်၊ ဖေဖော်ဝါရီ- ၁၀

၂၀၁၁ အာဆီယံ ယူ-၁၉ ဘောလုံးပြိုင်ပွဲ (AFF U-19 Football Championship 2011)ကို မြန်မာနိုင်ငံတွင် အိမ်ရှင်အဖြစ် လက်ခံကျင်းပမည်ဖြစ်ရာ ယင်းကာလအတွင်း သုဝဏ္ဏကွင်း၌ ယှဉ်ပြိုင်ကစားရမည့် မြန်မာနေရှင်နယ်လိဂ်ပွဲစဉ်အချို့ကို အခြားဘောလုံးကွင်းများတွင် ပြောင်းရွှေ့ကျင်းပရန် စီစဉ်ထားကြောင်း မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ် MFF မှ သတင်းရရှိသည်။

အာဆီယံဘောလုံးအဖွဲ့ချုပ် အဖွဲ့ဝင်နိုင်ငံအသင်းများ ပါဝင်ယှဉ်ပြိုင်ကြမည့် အဆိုပါပြိုင်ပွဲအား လာမည့် စက်တင်ဘာပထမပတ်နှင့် ဒုတိယပတ်အတွင်း ရန်ကုန်မြို့၊ သုဝဏ္ဏဘောလုံးတွင် ကျင်းပသွားမည်ဖြစ်သည်။

"ဒီပြိုင်ပွဲကို လက်ခံကျင်းပနေချိန်မှာ ပွဲစဉ်ဇယားအရ သုဝဏ္ဏကွင်းမှာ ပြုလုပ်ရမယ့် MNL ပွဲစဉ်တွေကို အခြားကွင်းတွေမှာ ကျင်းပဖို့ စီစဉ်သွားမှာပါ။ လောလောဆယ်တော့ ပဒုမ္မာကွင်း၊ ဗထူးကွင်းနဲ့ ရန်ကုန်ယူနိုက်တက် အသင်းရဲ့ လေ့ကျင့်ရေးကွင်း(လှိုင်မြက်ခင်းတုကွင်း) တို့ကို လျာထားပါတယ်။ ဘယ်ကွင်းဖြစ်မလဲဆိုတာကတော့ မသိသေးပါဘူး"ဟု MFF မှ တာဝန်ရှိသူတစ်ဦးက ယခုလ ၁၀ ရက်က ပြောသည်။

MFF သည် အဆိုပါ အာဆီယံယူ-၁၉ ပြိုင်ပွဲသို့ ဝင်ရောက်ယှဉ်ပြိုင်ရန် U-19 ပဏာမမြန်မာလူငယ်လက်ရွေးစင်အသင်းအား ဂျာမနီနည်းပြဆရာနှင့် စခန်းသွင်းလေ့ကျင့်လျက်ရှိကြောင်း သိရသည်။




ထို့အပြင် MFF သည် လာမည့် မတ်လအတွင်း ကျင်းပရန်ရှိသည့် လက်ရွေးစင်အသင်းကြီးများ ဝင်ရောက်ယှဉ်ပြိုင်ရမည့် AFC Challenge Cup ခြေစစ်ပွဲ ပွဲစဉ်များကိုလည်း အိမ်ရှင်အဖြစ် လက်ခံကျင်းပနိုင်ရန် အာရှဘောလုံးအဖွဲ့ချုပ်(MFF )သို့ လျှောက်ထားကြောင်းလည်း သိရသည်။


INAX
Japan Inax
weight &
density
Japan Inax
INAX Showroom Address
TMW Complex
Tel - 01 - 544664, 545963, 556997
Tel - 01 - 640001, 642122 (Ext - 442)
Tel - 02 - 72581~4
Tel - 081- 22857
Tel - 067 - 420791, 420966, 421791


NELC
Don't Worry, Just Speak!
NIEC
For Better Education
Summer English Courses
Summer English Courses
GCE Curriculum
Ph: 01 516681, 01 523680, 01 256517.

7DAY NEWS JOURNAL
Vol.9, No.47 • FEBRUARY 17, 2011

# မော်စကိုလေဆိပ် ဗုံးခွဲမှုမှာ ၎င်းတို့လက်ချက်ဟု ချေချင်းညာခေါင်းဆောင်ပြော




မော်စကို၊ ဖေဖော်ဝါရီ - ၈
ရုရှားနိုင်ငံ၏ အကြီးဆုံးလေဆိပ်တွင်ယခင်လက ဖြစ်ပေါ်ခဲ့သော အသေခံဗုံးခွဲမှုမှာ ၎င်းတို့လက်ချက်ဖြစ်ကြောင်း ချေချင်းညာသူပုန်ခေါင်းဆောင် ဒိုကူအူမာရော့ဗ်ကပြောကြားထားသည့် ဗီဒီယိုခွေအားသူပုန်များနှင့် ဆက်စပ်နေသည့် အင်တာနက်ဝက်ဘ်ဆိုက်က ထုတ်လွှင့်ခဲ့ကြောင်း သိရသည်။ ရုရှားတပ်ဖွဲ့များ ချေချင်းညာဒေသမှမထွက်ခွာပါက နောက်ထပ်သွေးထွက်သံယိုမှုများရှိလာဦးမည်ဟုလည်း သူပုန်ခေါင်းဆောင်က ဗီဒီယိုထဲတွင် ခြိမ်းခြောက်ခဲ့ကြောင်း အေပီသတင်းက ဖော်ပြသည်။

ဇန်နဝါရီလ ၂၄ ရက်မော်စကိုမြို့ ဒိုမိုဒီဒိုဗိုလေဆိပ်တွင် ဖြစ်ပေါ်ခဲ့သည့် ဗုံးခွဲတိုက်ခိုက်မှုကြောင့်လူပေါင်း ၃၆ ဦးသေဆုံးခဲ့သည်။ အသေခံဗုံးခွဲသူမှာ ကော့ကေးဆပ်ဒေသမှ အသက် ၂၀ အရွယ်ယောက်ျားလေးတစ်ဦးဖြစ်ကြောင်း ရုရှားစုံစမ်းစစ်ဆေးရေးမှူးများက ပြောကြားသော်လည်း အသေးစိတ်အချက်အလက်များကိုမူ မထုတ်ပြန်ခဲ့ပေ။

ယင်းအထူးစစ်ဆင်ရေးကို ၎င်း၏ အမိန့်ဖြင့် ပြုလုပ်ခဲ့ခြင်းဖြစ်ကြောင်းနှင့် အနာဂတ်တွင်လည်း ယင်းသို့တိုက်ခိုက်မှုများ ထပ်မံဖြစ်ပေါ်ဦးမည်ဟု ချေချင်းညာသူပုန်ခေါင်းဆောင်က ပြောကြားခဲ့သည်။



ချေချင်းညာသူပုန်များသည် ၁၉၉၄ ခုနှစ်မှစ၍ ရုရှားတပ်ဖွဲ့များနှင့်နှစ်ကြိမ်တိုင်တိုင် စစ်ပွဲဆင်နွှဲခဲ့သည်။ ဒုတိယစစ်ပွဲ၏ အဓိကထိုးစစ်များမှာ လွန်ခဲ့သည့် ဆယ်စုနှစ်ခန့်ကတည်းက ပြီးဆုံးသွားခဲ့ပြီဖြစ်သော်လည်း ချေချင်းညာနှင့် အခြားကော့ကေးဆပ်နိုင်ငံများတွင်ပုန်ကန်ထကြွမှုများ ရှိနေဆဲဖြစ်သည်။

*—Ref: AP*

# ဆိုမာလီပင်လယ်ဓားပြများကြောင့် ကမ္ဘာ့ရေနံထောက်ပံ့မှုကို ထိခိုက်နိုင်

အေသင်၊ ဖေဖော်ဝါရီ - ၉
ဆိုမာလီယာ ပင်လယ်ဓားပြများက သင်္ဘောများအား ပြန်ပေးဆွဲနေမှုများသည် ကမ္ဘာ့ရေနံထောက်ပံ့မှုကို ထိခိုက်နိုင်ကြောင်း ရေနံတင်သင်္ဘောပိုင်ရှင်အုပ်စုတစ်စုကပြောကြားပြီး နိုင်ငံတကာအစိုးရများအနေဖြင့် ၎င်းတို့အား တိုက်ဖျက်ရေး ပိုမိုလုပ်ဆောင်ရမည်ဟု ပြောသည်။

ဆိုမာလီယာပင်လယ်ဓားပြများသည် ယခုအခါ ဖမ်းဆီးထားသောအနည်းဆုံးသင်္ဘော ၂၀ ခန့်ကို မိခင်ရေယာဉ်များအဖြစ် အသုံးချကာ တိုက်ခိုက်မှုများပြုလုပ်နေကြောင်း ရေနံတင်သင်္ဘောပိုင်ရှင်များအဖွဲ့ကပြောသည်။ နောက်ဆုံးဖြစ်ပေါ်နေသည့် ပြန်ပေးဆွဲမှုများတွင် ပင်လယ်ဓားပြများသည် ကန်ဒေါ်လာ သန်း ၂၀၀ တန်ကြေးရှိ ရေနံများတင်ဆောင်ထားသည့် အကြီးစားရေနံတင်သင်္ဘောတစ်စီးအား အိုမန်နိုင်ငံကမ်းလွန်ဒေသတွင် ပြန်ပေးဆွဲခဲ့ကြောင်းသိရသည်။ ၎င်း Irene SL သင်္ဘောမှာ ပင်လယ်ကွေ့မှ အမေရိကန်သို့ အသွားပြန်ပေးဆွဲခံရခြင်းဖြစ်သည်။

၎င်းပြန်ပေးဆွဲခံရသည့် သင်္ဘောတွင် တင်ဆောင်ထားသောရေနံပမာဏမှာ အမေရိကန်နိုင်ငံ နေ့စဉ်ရေနံလိုအပ်ချက်၏ ၂၀ ရာခိုင်နှုန်းရှိကြောင်း Inter tanko ရေနံတင်သင်္ဘောပိုင်ရှင်များအဖွဲ့ အကြီးအကဲ ဂျိုးအန်ဂျလိုကပြောကြားသည်။

ပင်လယ်ဓားပြမှုသည် အိန္ဒိယသမုဒ္ဒရာတစ်ခုလုံးတွင် အထိန်းအကွပ်မဲ့ ပျံ့နှံ့လာကြောင်း၊ ယင်းပြဿနာကို မဖြေရှင်းဘဲထားပါက သင်္ဘောလမ်းကြောင်းများကို ကြိုးကွင်းစွပ်ထားသလိုဖြစ်ကာ အမေရိကန်နှင့် အခြားကမ္ဘာ့နေရာများသို့ ရေနံတင်ပို့မှုကို ထိခိုက်နိုင်ကြောင်း မစ္စတာအန်ဂျလိုက ပြောကြားသည်။

*—Ref: BBC*



7 DAY NEWS JOURNAL
Vol.9, No.47 • FEBRUARY 17, 2011

# ဘရာဇီးမြို့တော် ဆင်းရဲသားရပ်ကွက်များအား ရဲတပ်ဖွဲ့ဝင်ရောက်စီးနင်း

ဆာအိုပေါ်လို၊ ဖေဖော်ဝါရီ - ၈ ဘရာဇီးရဲတပ်ဖွဲ့သည် ရေယိုးဒီဂျနေရိုးမြို့ရှိ မူးယစ်ဆေးရောင်းဝယ်သူများ ထိန်းချုပ်ထားသော ဆင်းရဲသားရပ်ကွက် ၉ ရပ်ကွက်အားဝင်ရောက် စီးနင်းခဲ့ကြောင်း သိရသည်။ ရဲတပ်ဖွဲ့၏ စီးနင်းမှုတွင်မည်သည့် ခုခံမှုမှ မတွေ့ရှိရသော်လည်း ဂျာမန်ဆရာဝန်အတု အယောင်တစ်ယောက်ကို ဖမ်းဆီးနိုင်ခဲ့ကြောင်းသိရသည်။

ရဟတ်ယာဉ်တစ်စင်း၊ လူတင်သံချပ်ကာယာဉ်များနှင့် ရဲတပ်ဖွဲ့ဝင်အင်အား တစ်ထောင်ခန့်သည် ရေယိုးဒီဂျနေရိုးမြို့လယ်ရှိဆင်းရဲသားရပ်ကွက်များကို အခုအခံမရှိ စီးနင်းနိုင်ခဲ့ကြောင်း၊ ယခုအခါ အာဏာပိုင်များသည် ယင်းဆင်းရဲသား ရပ်ကွက်များတွင် ရဲတပ်ဖွဲ့များချထား၍ လုံခြုံရေးရယူရန် စီစဉ်နေကြောင်း ရဲတပ်ဖွဲ့ပြောခွင့်ရ ပုဂ္ဂိုလ် ဟင်းနရစ်ဒီလီမာကက်စထရိုက ပြောကြားသည်။

ရဲတပ်ဖွဲ့ဝင်များက မူးယစ်ဆေးဝါးရောင်းဝယ်သူများ၊ လက်နက်များနှင့် မူးယစ်ဆေးဝါးရှာဖွေနေကြစဉ် ဘရာဇီးနိုင်ငံတွင် တရားမဝင် နေထိုင်နေသည့် ဂျာမန်အမျိုးသားတစ်ဦးကို တွေ့ရှိခဲ့သည်။ ဂျာမန်အမျိုးသားမှာ ဂျာမနီနိုင်ငံတွင် ဆေးပညာလေ့လာခဲ့သော်လည်း ဆရာဝန်ဘွဲ့မရရှိခဲ့ကြောင်းဗီဇာမှာ ၂၀၀၇ ခုနှစ် ကတည်းကကုန်ဆုံးခဲ့သော်လည်း ယင်းဒေသမှ လူများကို ငွေးကဆေးကုသပေးနေကြောင်း ရဲမှူးကြီးလီယိုနာဒိုကပြောကြားသည်။


ရေယိုးဒီဂျနေရိုးမြို့သည် အလွန်လှပသလို အကြမ်းဖက်ရမ်းကားမှုတွင်လည်း ကျော်ကြားသောမြို့ဖြစ်သည်။ ၂၀၁၄ ကမ္ဘာ့ဖလားဘော လုံးပွဲနှင့် ၂၀၁၆ အိုလံပစ်အားကစားပွဲတော်ကို ရေယိုးဒီဂျနေရိုးမြို့တွင် ကျင်းပရန်စီစဉ်ထားကြောင်း သိရသည်။


*—Ref: AP, AFP*









7 DAY NEWS JOURNAL
Vol.9, No.47 • FEBRUARY 17, 2011



# အီတလီဝန်ကြီးချုပ် ဘာလူစကိုနီအား လိင်မှုကိစ္စဖြင့် ရုံးတင်စစ်ဆေးရန် အစိုးရရှေ့နေများကြိုးပမ်း

ရောမ၊ ဖေဖော်ဝါရီ - ၉
အသက်မပြည့်သေးသူ မိန်းကလေးတစ်ဦးနှင့် အခပေးပျော်ပါးခဲ့ပြီးနောက်ပိုင်းတွင် ရဲတပ်ဖွဲ့အား မိန်းကလေးအား လွှတ်ပေးရန် ၎င်း၏ ဩဇာအာဏာကို အလွဲသုံးစားပြုခဲ့သည်ဟု စွပ်စွဲခံရသော နိုင်ငံဝန်ကြီးချုပ် ဘာလူစကိုနီအား ချက်ချင်းရုံးတင်စစ်ဆေးရေး အီတလီအစိုးရရှေ့နေများက တောင်းဆိုထားကြောင်း သိရသည်။



အစိုးရရှေ့နေများ၏ ယင်းတောင်းဆိုမှုမှာ ကနဦးကြားနာမှုများကို ကျော်လွှားရန် ၎င်းတို့တွင် အထောက်အထား အလုံအလောက်ရှိသည်ဆိုသည့် အဓိပ္ပာယ်ဖြစ်၍ အီတလီဝန်ကြီးချုပ်အပေါ် ဖိအားပိုများလာစေခဲ့ကြောင်း သတင်းကဖော်ပြသည်။

ဘာလူစကိုနီ (၇၄ နှစ်)သည် မိန်းကလေးငယ် တော်တော်များများနှင့် ပျော်ပါးခဲ့သည်ဆိုသည့် အထောက်အထားများ ၎င်းတို့တွင်ရှိကြောင်း မီလန်မြို့အစိုးရရှေ့နေများက ပြောကြားသည်။ ၎င်းပျော်ပါးခဲ့သည့် မိန်းကလေးများထဲတွင် မော်ရိုကိုနိုက်ကလပ်အကမယ် ကာရီမာလည်းပါဝင်ခဲ့သည်။ ကာရီမာမှာ ထိုစဉ်က အသက် ၁၈ နှစ်မပြည့်သေးဟုဆိုသည်။

နောက်ပိုင်းတွင် အခြားခိုးမှုတစ်ခုဖြင့် ကာရီမာ ဖမ်းဆီးခံရချိန်တွင်လည်း သူမအားလွှတ်ပေးရန်ဘာလူစကိုနီက ရဲတပ်ဖွဲ့အားဖိအားပေးခဲ့ကြောင်း အစိုးရရှေ့နေများကပြောသည်။

ဘာလူစကိုနီကမူ စွပ်စွဲမှုများကိုငြင်းဆန်ထားပြီး မည်သည့်အခါကမျှ အခပေးပျော်ပါးမှု မရှိခဲ့ကြောင်း ပြောကြားကာ လက်ဝဲယိမ်းအစိုးရရှေ့နေများသည် နိုင်ငံရေးအရ လှုံ့ဆော်ခံထားရပြီး ၎င်း၏ နိုင်ငံရေးသမားဘဝကို ဖျက်ဆီးပစ်ရန် ကြိုးစားခြင်းပင်ဖြစ်ကြောင်းပြောကြားသည်။

*—Ref: Reuters*

## ကျွန်းများကိစ္စအပေါ် ရုရှားနှင့် ဂျပန် စကားလုံးတိုက်ပွဲဆင်နွှဲ

မော်စကို၊ ဖေဖော်ဝါရီ - ၉
တောင်ကူရီးလ်ကျွန်းများသည် ရုရှားပိုင်ဖြစ်ပြီး ဂျပန်နိုင်ငံပိုင်မဟုတ်ကြောင်း ရုရှားသမ္မတမက်ဗီဒက်ကပြောကြားရင်း ၎င်းကျွန်းများသို့ ရုရှားတပ်ဖွဲ့များ ထပ်မံစေလွှတ်သွားမည်ဟု ဖေဖော်ဝါရီလ ၈ ရက်က ပြောကြားသည်။

ယင်းမတိုင်မီတစ်ရက်က ဂျပန်ဝန်ကြီးချုပ် နာအိုတိုကန်က တိုကျိုလူထုလှုပ်ရှားမှုတစ်ခုတွင် စကားပြောကြားရာ၌နိုဝင်ဘာလအတွင်း ရုရှားသမ္မတက ၎င်းကျွန်းများသို့ သွားရောက်လည်ပတ်ခြင်းကို ဝေဖန်ပြောကြားခဲ့သည်။

ကူရီးလ်ကျွန်းများမှာ ဂျပန်နိုင်ငံ ဟော်ကိုင်းဒိုးကျွန်းနှင့် ရုရှားနိုင်ငံ ကမ်ချက်ကာကျွန်းဆွယ်အကြားရှိ လူနေကျဲပါးသော မီးတောင်ကျွန်းစုများဖြစ်သည်။ ၁၉ ရာစု သဘောတူညီချက်တစ်ခုတွင် ၎င်းတောင်ပိုင်းကျွန်းလေးကျွန်းအား ဂျပန်နိုင်ငံသို့ ပေးအပ်ခဲ့သည်။ ဂျပန်နိုင်ငံတွင် မြောက်ပိုင်းနယ်မြေများဟု လူသိများသည်။ သို့သော် ဒုတိယကမ္ဘာစစ်အတွင်း ၎င်းကျွန်းများအား ရုရှားတပ်ဖွဲ့များက သိမ်းပိုက်ခဲ့ပြီးနောက် ပိုင်းအငြင်းပွားမှုများဖြစ်ပေါ်လာခဲ့သည်။

၎င်းကျွန်းစုတစ်ခုလုံးသည် ခွဲခြားမရသော ရုရှားပိုင်နက်ဟု မက်ဗီဒက်က ကာကွယ်ရေးနှင့် ဒေသဖွံ့ဖြိုးရေးဝန်ကြီးများအား ပြောကြားသည်။ တစ်ဆက်တည်းမှာပင် ရုရှားနိုင်ငံသည် အိမ်နီးချင်းနိုင်ငံများနှင့် ရင်းနှီးသော ဆက်ဆံရေးကို အလိုရှိကြောင်း၊ သို့သော် တောင်ကူရီးလ်ကျွန်းများ လုံခြုံရေးအတွက် လက်နက်ပစ္စည်းအလုံအလောက်ရှိရန်လိုကြောင်း ပြောသည်။

ဂျပန်ဝန်ကြီးချုပ် နာအိုတိုကန်ကလည်း မြောက်ပိုင်းနယ်မြေများနေ့ဟုခေါ်သည့် အခမ်းအနားတွင် ရုရှားသမ္မတသည် ၎င်း၏ အလည်အပတ်ခရီးအတွက် ခွင့်မလွှတ်နိုင်သော ရိုင်းပြမှုဖြစ်စေခဲ့သည်ဟု စွပ်စွဲပြောကြားသည်။ *—Ref: UPI*

## အရှေ့အလယ်ပိုင်းသို့ ကုလလုံခြုံရေးကောင်စီ၏ အထူးအဖွဲ့စေလွှတ်ရန် ရုရှားအဆိုပြု

ကုလသမဂ္ဂ၊ ဖေဖော်ဝါရီ - ၉
အစ္စရေးနှင့် ပါလက်စတိုင်းကြား ဆွေးနွေးညှိနှိုင်းမှုများ ပြန်လည်စတင်နိုင်ရန်အတွက် အရှေ့အလယ်ပိုင်းသို့ ကုလသမဂ္ဂ လုံခြုံရေးကောင်စီ၏ အထူးအဖွဲ့ကို စေလွှတ်သင့်ကြောင်း ရုရှားနိုင်ငံက အဆိုပြုတင်ပြခဲ့ကြောင်း ကုလသမဂ္ဂဆိုင်ရာ ရုရှားကိုယ်စားလှယ် ဗီတာလီချာကင်က ပြောကြားသည်။

"အဲဒီဒေသမှာ အခြေအနေကထိလွယ်ရှလွယ်ရှိနေဆဲပါပဲ။ ဒီအချိန်မှာပဲ နှစ်နိုင်ငံကြားဆွေးနွေးမှုဖြစ်ပေါ်ဖို့ ကြိုးပမ်းမှုတွေက အေးစက်နေပါတယ်" ဟုရုရှားကိုယ်စားလှယ်က ပြောကြားရင်း ၁၉၇၉ ခုနှစ်မှစ၍ ၎င်းဒေသသို့ ကုလအထူးကိုယ်စားလှယ်အဖွဲ့ စေလွှတ်ခြင်း မရှိတော့ကြောင်း ၎င်းက ဆက်လက်ပြောကြားသည်။

"လုံခြုံရေးကောင်စီရဲ့ အထူးအဖွဲ့က အခြေအနေကို တည်ငြိမ်အောင် ကူညီနိုင်ပြီး အစ္စရေး-ပါလက်စတိုင်း ဆွေးနွေးညှိနှိုင်းမှုများပြန်လည် ဖြစ်ပေါ်ရေး နိုင်ငံတကာရဲ့ ကြိုးပမ်းမှုကို တိုးတက်စေမယ်လို့ ကျွန်တော်တို့ ယုံကြည်ပါတယ်" ဟုရုရှားသံတမန်က ပြောသည်။

လွန်ခဲ့သော စက်တင်ဘာလက စတင်ခဲ့သည့် အစ္စရေး-ပါလက်စတိုင်း တိုက်ရိုက်တွေ့ဆုံဆွေးနွေးမှုမှာ အစ္စရေးကသိမ်းပိုက်ထားသော အနောက်ဘက်ကမ်းခြေတွင် အိမ်ရာဆောက်လုပ်မှုရပ်တန့်ရေး အစ္စရေး၏ ငြင်းဆန်မှုကြောင့် ဒီဇင်ဘာလတွင် ပျက်ပြားသည်။

ကုလသမဂ္ဂ၊ အမေရိကန်၊ ဥရောပ၊ ရုရှားနိုင်ငံတို့မှ ညှိနှိုင်းရေးမှူးများသည် အိမ်ရာဆောက်လုပ်မှုများအတွက် အစ္စရေးအပေါ် ပြင်းပြင်းထန်ထန် အရေးမယူခြင်းကိုစိတ်ပျက်မိကြောင်း ပါလက်စတိုင်းတို့က မကြာမီက ပြောကြားခဲ့သည်။

*—Ref: Novosti*

## ကမ္ဘာ့စားနပ်ရိက္ခာအပေါ် စိုးရိမ်မှုများရှိနေစဉ် အင်ဒိုနီးရှားက ဆန်သိုလှောင်မှုတိုးမြှင့်

ဂျကာတာ၊ ဖေဖော်ဝါရီ - ၉
ဆန်စပါး လက်ဝယ်ထားရှိမှုကို တိုးမြှင့်နိုင်ရန်အတွက် အင်ဒိုနီးရှားနိုင်ငံက ဆန်တင်သွင်းမှာယူမှု အမြောက်အမြားပြုလုပ်ခဲ့ရာ ယင်းမှာကမ္ဘာ့စားနပ်ရိက္ခာ စျေးနှုန်းမြင့်တက်မှုနှင့် ရရှိနိုင်မှုအပေါ် စိုး ရိမ်နေသော အစိုးရများသည် ကမ္ဘာ့စျေးကွက်သို့ အလျင်စလိုဝင်ရောက်၍ ငွေကြေးဖောင်းပွမှုကိုပိုမိုမြင့်မားစေမည့် လက္ခဏာဖြစ်ကြောင်း ရိုက်တာသတင်းကဖော်ပြသည်။



ဂျုံ၊ ပြောင်း၊ ပဲပုပ်နှင့် ဆီထွက်သီးနှံများ ဝင်ရောက်မှုလျော့နည်းလာ၍ ကမ္ဘာ့စားနပ်ရိက္ခာစျေးနှုန်းများ စံချိန်တင်မြင့်တက်လာကြောင်း သိရသည်။ ဆန်စပါးမှာမူ ကမ္ဘာပေါ်တွင် ထိပ်တန်းဆန်တင်ပို့သည့် နိုင်ငံနှစ်နိုင်ငံ ထိုင်းနှင့် ဗီယက်နမ်တို့တွင် ဆန်အမြောက်အမြား ရှိနေ၍ စိုးရိမ်စရာနည်းပါးသော်လည်း အာရှအစိုးရများသည် မကြာမီမှာပင် ဆန်လက်ဝယ်ထားရှိမှုကို တိုးမြှင့်ကြလိမ့်မည်ဟု ကုန်သည်များက ပြောကြားသည်။

တရုတ်နိုင်ငံကလည်း ယခုနှစ်တွင် ဆန်၊ ဂျုံ၊ ပြောင်း၊ နှံစားသီးနှံများ ထုတ်လုပ်မှု တိုးမြှင့်နိုင်ရန်ထောက်ပံ့ကြေးများ ပေးအပ်မည်ဟု နိုင်ငံပိုင်ရေဒီယိုဝက်ဘ်ဆိုက်တွင် ဖော်ပြထားကြောင်း သိ ရသည်။

ဩစတြေးနိုင်ငံတွင် ယာစီမုန်တိုင်းဝင်ရောက်ခဲ့၍လည်း စားနပ်ရိက္ခာ သီးနှံများအပေါ် စိုးရိမ်မှုများ ပိုများလာသည်။ ဩစတြေးလျကြံစိုက်သူများ ဥက္ကဋ္ဌက မုန်တိုင်းကြောင့် ကွင်းစလန်ပြည်နယ်မှကြံသီးနှံလေးပုံတစ်ပုံ ဆုံးရှုံးခဲ့ဖွယ်ရှိကြောင်း ပြောကြားခဲ့သည်။

သီးနှံများကို လောင်စာဆီထုတ်လုပ်ရာတွင် အသုံးပြုခြင်းအတွက်လည်း စားနပ်ရိက္ခာအပေါ်စိုးရိမ်မှုများ တိုးပွားလာသည်။ ဩစတြေးလျ ဂျုံထုတ်လုပ်မှု ပြဿနာနှင့် ပင်လယ်နက်ဒေသတွင်မိုးခေါင်ရေရှားမှု ဖြစ်ပေါ်ခဲ့၍လည်း စိုးရိမ်မှုများ ရှိနေကြောင်း သိရသည်။

—Ref: Reuters

7Day News Journal

# International

Vol.9, No.47 · FEBRUARY 17, 2011

## ကန့်ကွက်ဆန္ဒပြသူများအပေါ် ချုပ်တည်းမှုပြသရန် အယ်ဂျီးရီးယားအား အမေရိကန်တိုက်တွန်း

ဝါရှင်တန်၊ ဖေဖော်ဝါရီ - ၁၃

အစိုးရအပေါ် ဆန့်ကျင်ဆန္ဒပြမှုများဖြစ်ပေါ်နေစဉ် လူ့အခွင့်အရေးများကိုလေးစား၍ ချုပ်တည်းမှုပြသရန် အယ်ဂျီးရီးယားအာဏာပိုင်များအား အမေရိကန်နိုင်ငံက တိုက်တွန်းပြောကြားလိုက်ကြောင်း ကန်နိုင်ငံခြားရေးဝန်ကြီးဌာနကပြောကြားသည်။

"အယ်ဂျီးရီးယားမှာ ကန့်ကွက်ဆန္ဒပြမှုတွေဖြစ်ပေါ်နေတာ ကျွန်တော်တို့သတိပြုမိပါတယ်။ လုံခြုံရေးဌာနတွေဘက်က ကိုယ်ရှိန်သတ်ဖို့တောင်းဆိုပါတယ်"ဟု ကန်နိုင်ငံခြားရေးဌာန ပြောခွင့်ရပုဂ္ဂိုလ် ပီ၊ဂျေခရိုလီကပြောကြားသည်။

လူစုရုံးခွင့်နှင့် သဘောထားပြသခြင်းအပါအဝင် အယ်ဂျီးယားပြည်သူများ၏ လူ့အခွင့်အရေးကို ထောက်ခံကြောင်းပြောခွင့်ရပုဂ္ဂိုလ်ကပြောကြားပြီး ယင်းအခွင့်အရေးများကို လေးစားလိုက်နာရမည် ဟုပြောကြားသည်။

ဖေဖော်ဝါရီလ ၁၂ရက်၊ မြို့တော်အယ်ဂျီးယား လူထုချီတက်ဆန္ဒပြပွဲတစ်ခုတွင် ရဲတပ်ဖွဲ့က ဆန္ဒပြသူပေါင်း လေးရာကျော်အား ဖမ်းဆီးခဲ့သည်။ အီဂျစ်နိုင်ငံတွင် လူထုဆန္ဒပြမှုများကြောင့် သမ္မတမူဘာရက် ရာထူးမှ ဆင်းပေးခဲ့ပြီးနောက် အယ်ဂျီးရီးယား သမ္မတအဗ္ဗဒီအဇစ်ဘိုကီဖလီကာ နုတ်ထွက်ပေးရန် ဆန္ဒပြသူများ



ကတောင်းဆိုခဲ့ကြောင်း သိရသည်။

ချီတက်ဆန္ဒပြသူများက အကျင့်ပျက်ခြစားမှုများ အဆုံးသတ်ရေးနှင့် နိုင်ငံတွင် ၁၉ နှစ်ကြာ အရေးပေါ်အခြေအနေရုပ်သိမ်းရေး၊ အကျဉ်းထောင်များမှ ဆန္ဒပြသူများလွှတ်ပေးရေးတို့ကိုတောင်းဆိုခဲ့ကြသည်။ ချီတက်ဆန္ဒပြသူပေါင်း တစ်သောင်းခန့်ရှိပြီး အကြမ်းဖက်မှုများဖြစ်ပေါ်ခြင်းမှကာကွယ်ရန် ရဲတပ်ဖွဲ့ဝင် ၂၈,၀၀၀ ကိုချထားကြောင်းလည်း သိရသည်။

—*Ref: Ria Novosti*

## ဂျပန်စီးပွားရေးကျုံ့သွားသော်လည်း နိုင်ငံခြားတင်ပို့မှုများဖြင့် ပြန်လည်နာလန်ထူလာမည်ဟုမျှော်လင့်

တိုကျို၊ ဖေဖော်ဝါရီ - ၁၄

ဂျပန်နိုင်ငံ၏ စီးပွားရေးသည် ၂၀၁၀ ပြည့်နှစ် စတုတ္ထသုံးလပတ်တွင် အနည်းငယ်ကျုံ့သွားသော်လည်း တရုတ်နှင့် အခြားဖွံ့ဖြိုးနှုန်းမြန်ဆန်သည့် အာရှနိုင်ငံများသို့ ကုန်ပစ္စည်းတင်ပို့မှု မြင့်တက်လာ၍ ယခုနှစ်အတွင်း ပြန်လည်နာလန်ထူလာမည်ဟု ဆန်းစစ်လေ့လာသူများကပြောကြားသည်။

ဂျပန်နိုင်ငံတွင် စုစုပေါင်းပြည်တွင်းထုတ်ကုန်တန်ဖိုး (GDP) သည် အောက်တိုဘာ-ဒီဇင်ဘာ သုံးလအတွင်း ၀ ဒသမ ၃ ရာခိုင်နှုန်းကျုံ့သွားခဲ့ပြီး ယင်းမှာ သုံးလပတ် ငါးကြိမ်တွင် ပထမဆုံး GDP ကျုံ့သွားခြင်းဖြစ်သည်။

ယင်းမှာ နှစ်စဉ်နှုန်းနှင့်တွက်ချက်လျှင် ၁ ဒသမ ၁ ရာခိုင်နှုန်းကျဆင်းခြင်းဟု အဓိပ္ပာယ်သက်ရောက်ရာ ထိုအချိန်တွင် အမေရိကန်နိုင်ငံ၏ စီးပွားရေးမှ ၃ ဒသမ ၂ ရာခိုင်နှုန်းတိုးတက်ခဲ့သည်။

ပြည်တွင်းစားသုံးမှုလျော့ကျ၍ စီးပွားရေးအနည်းငယ်တန့်သွားသော်လည်း ယင်းအခြေအနေမှာ တာရှည်လိမ့်မည်မဟုတ်ဟုမျှော်လင့်ကြောင်း၊ ကုန်ထုတ်လုပ်မှုနှင့် နိုင်ငံခြားတင်ပို့မှုကိန်း



ဂဏန်းများကလည်း ယင်းအချက်ကိုညွှန်ပြနေကြောင်း ဒိုင်အိချိလိုက်ဖ်သုတေသနအင်တီကျုဒ်မှ အကြီးတန်းစီးပွားရေးပညာရှင် ယိုရှိကီရှင်ကေးကပြောသည်။

ယခု နောက်ဆုံးသုံးလပတ်ကိန်းဂဏန်းများအရ တရုတ်နိုင်ငံသည် ဂျပန်နိုင်ငံအား ကမ္ဘာ့ဒုတိယအကြီးမားဆုံးစီးပွားရေး နိုင်ငံအဖြစ် ကျော်ဖြတ်သွားခြင်းကို အတည်ပြုနိုင်ခဲ့ကြောင်းသိရသည်။

—*Ref: Reuters*

## ပါလက်စတိုင်းဝန်ကြီးအဖွဲ့ နုတ်ထွက်မည်ဟုဆို

ရာမာလား၊ ဖေဖော်ဝါရီ - ၁၃

ပါလက်စတိုင်းဝန်ကြီးအဖွဲ့သည် ဖေဖော်ဝါရီလ ၁၄ရက်နေ့တွင် နုတ်ထွက်လွှာတင်သွင်းမည်ဖြစ်ပြီး ၎င်းနောက်တွင် ဝန်ကြီးချုပ်ဆာလမ်ဖေယက်က သမ္မတမိုဟာမက်အဘတ်စ်၏ ညွှန်ကြားမှုကို ခံယူ၍ ဝန်ကြီးအဖွဲ့သစ် ရွေးချယ်မည်ဖြစ်ကြောင်း နိုင်ငံရေး သတင်းရင်းမြစ်များအား ကိုးကား၍ ရိုက်တာသတင်းကဖော်ပြသည်။

ယင်းသို့အပြောင်းအလဲများပြုလုပ်ရေးကို ဝန်ကြီးချုပ်ဖေယက်နှင့်မစ္စတာအဘတ်စ်၏ ဖာတာအုပ်စုမှ အချို့ခေါင်းဆောင်များက တောင်းဆိုထားခဲ့သည်မှာကြာပြီဖြစ်သည်။ လူထုအုံကြွမှုကြောင့် အီဂျစ်သမ္မတဟို့စနီမူဘာရက် ပြုတ်ကျပြီးနောက် အာရပ်ကမ္ဘာတွင် ပြုပြင်ပြောင်းလဲမှုများပြုလုပ်ရန် တိုက်တွန်းမှုများရှိနေစဉ် ပါလက်စတိုင်းတို့၏ အရေးယူဆောင်ရွက်မှု ပေါ်ထွက်လာခြင်းဖြစ်သည်။

"အစိုးရဖွဲ့စည်းပုံမှာ ပြောင်းလဲမှုအများအပြားရှိပါလိမ့်မယ်"ဟု အဘတ်စ်၏ ပါလက်စတိုင်းအာဏာပိုင်အဖွဲ့မှ လူများအမြောက်အမြားနုတ်ထွက်ခြင်းနှင့် ပတ်သက်၍ နိုင်ငံရေးသတင်းရင်းမြစ်ကပြောကြားသည်။ လက်ရှိဝန်ကြီးအဖွဲ့ကို ၁၉၉၃ ခုနှစ်တွင် အစ္စရေးတို့နှင့် ယာယီငြိမ်းချမ်းရေးသဘောတူညီမှုရရှိပြီးနောက် ဖွဲ့စည်းခဲ့ခြင်းဖြစ်သည်။

အစိုးရဖွဲ့စည်းနိုင်ရန် ဝန်ကြီးချုပ်ဖေယက်က အဖွဲ့ပေါင်းစုံမှ လူများနှင့် ဆွေးနွေးမှုများ ချက်ချင်းစတင်မည်ဖြစ်ကြောင်း အခြားသတင်းရင်းမြစ်တစ်ခုကလည်း ပြောကြားသည်။ ပါလက်စတိုင်းအာဏာပိုင်အဖွဲ့သည် အနောက်ဘက်ကမ်းခြေဒေသကိုသာ ထိန်းချုပ်ထားသည်။

စာမျက်နှာ(၄၅)သို့▶▶▶

